www.burmeseclassic.com

# Sixth Sense

No.26
March.2016

## ဆဋ္ဌမအာရုံ မဂ္ဂဇင်း



- မြန်မာ့ရိုးရာ အစွမ်းထက်အင်းကွက်
- ရိုးရာ အယူအဆများနှင့် တရုတ်နဂါး
- ငါးထောင့်ကြယ် အဆောင်အတွက် ရှားပါးမန္တန်
- မှော်အတတ်ဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း
- ကြောင်နက်အသုံးချ အမေးအဖြေနည်းလမ်း
- အလိုရှိတဲ့ သားသမီး ရွေးချယ်ရယူနည်း
- ငှက်တောင်မွေး အသုံးပြု မှော်အစီအရင်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဆဌမအာရုံစာပေမှတင်ဆက်သည့်

# သရဲတစ္ဆေလုံးချင်းဝတ္ထုသစ်



ပထမစာအုပ် "လူဖြစ်သွားတဲ့တစ္ဆေ" မှာပါဝင်ရှိခဲ့သည့် စောတန် ဓါနုဝိသယခြောက်သရဲ တစ္ဆေလုံးချင်းစာအုပ်ဖြစ်သည်။

"မကောင်းသန်နဲ့ကြောင်းဆန်အောင်ခြောက်မယ်" စာအုပ်မှာ ရွှေဦးတော်တွင် လူငယ် တစ်ယောက်၏ ရင်နှီးမြှုပ်နှံမှု တစ်ခုမှ ပေါက်ဖွားလာသည့် ကြောက် စရာကောင်းသော ဇာတ်လမ်း၊ ကောင်းသန်မရတဲ့ ကြောင်းဆန်မ သရဲ သရဲ အစစ်တွေနှင့် ကြုံတွေ့ရသည့် လူငယ်တစ်သိုက်၏ ဖြစ်ရပ်ဆန်းများကို ရေးဖွဲ့ ထားသည့်စာအုပ်ဖြစ်သည်။



# EDITOR's LETTER



ဆဌမအာရုံ မဂ္ဂဇင်းမှ အထူး အစီအစဉ်အနေဖြင့် အကောင်းဆုံး စာအုပ် (၆)အုပ် ထုတ်ဝေသွားပါမည်။ ယခု အမှတ်စဉ် (၂၆)မှ စတင်၍ (၃၁)အထိ ဖြစ်ပါသည်။

"ဂန္ထိရ အသိပညာများ တိုးပွားဖို့ ဆဌမအာရုံ မဂ္ဂဇင်း ဖတ်ကြစို့" ဆိုသည့် ဆောင်ပုဒ်ကို ရည်ညွှန်းမည်ဖြစ်ပြီး ဂန္ထိရ အတတ်ပညာ၊ ဗဟုသုတများကို ဖော်ညွှန်းသည့် စာအုပ်များ ဖြစ်မည်။

အထူး ဝယ်သိမ်း စာအုပ်ကောင်း ဖြစ်အောင် ဖန်တီး ထားပြီး ပရိသတ်များအနေဖြင့် လက်မလွှတ်ရလေအောင် လစဉ် လဆန်းတိုင်း စာအုပ်အရောင်းဆိုင်များတွင် မေးမြန်း ဝယ်ယူနိုင်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သုတ ဖြစ်ရပ်ဆန်း ကဏ္ဍသစ်

သိသင့်သိအပ်သော ကမ္ဘာ့ရဲ့ အသိပညာများ ပြန်လည် လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်၍ "ဆဌမအာရုံ" မဂ္ဂဇင်းမှ သုတ ဖြစ်ရပ်ဆန်း ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ပရိသတ်များထဲမှ ပါဝင် ရေးသားပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ ပရိသတ်များသာမက ကမ္ဘာ့နယ်ပယ်မှ မည်သူမဆို ပါဝင်ရေးသားနိုင်ပါသည်။ ရေးသားလျှင် စာမျက်နှာ တစ်မျက်နှာမှ အများဆုံး သုံးမျက်နှာထိ သုတအတွက် ရည်ညွှန်း၍ ရေးသားနိုင်သည်။

အကြောင်းအရာမှာ -

၁) ရေတွင်းဟောင်း ရေတွင်းပျက်များကို ပြန်လည် တူးဖော်သင့်မသင့်ကို မိမိတို့ သိသလောက် ရေးသား၍ ၂၀၁၉ မတ်လ(၁၀) ရက်နေ့ နောက်ဆုံးထား၍ မဂ္ဂဇင်းတိုက်သို့ အရောက်ပေးပို့ကြပါရန်။

———— ॥ ————

## ဂျူပီတာ အင်းပြား အဆောင်များ ဝယ်ယူနိုင်ပါပြီ

ဂျူပီတာ အင်းပြား အဆောင်များကိုလည်း ဆဌမအာရုံ မဂ္ဂဇင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။ လုပ်ငန်းများတွင် ထားရှိပါက လုပ်ငန်းများ တိုးတက်ကြီးပွားအဆင်ပြေခြင်း၊ လာဘ်လာဘ ရှင်လန်းခြင်း အန္တရာယ်ကင်းခြင်းများကို ရရှိနိုင်သည့် ဂျူပီတာ အင်းပြားအဆောင်များ ဝယ်ယူရရှိနိုင်ပါပြီ။



# ဆဌမအာရုံ

သိရှိလိုသည်များကို မေးမြန်းဆိုလိုပါက -

ဖုန်းနံပါတ် ၀၉ ၂၅ ၄၄၄ ၅၁၅၂ သို့ ဆက်သွယ်နိုင်ပါပြီ။

———— ॥ ————

## ပီးတောင့်ကြယ် အဆောင်များ "ဆဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်ယူနိုင်ပါပြီ



ပီးတောင့်ကြယ် အဆောင်နှင့် ဆွဲကြိုးကို "ဆဌမအာရုံ" စာပေတိုက်တွင် ဝယ်ယူရရှိနိုင်ပါပြီ။ အဆောင်ပစ္စည်းအား အစွမ်းသတ္တိ သိုက်သွင်းနည်းကိုလည်း "ဆဌမအာရုံ" မဂ္ဂဇင်း အမှတ်စဉ် (၂၆)တွင် ဖော်ပြထားပါသည်။ သင့်အတွက်ကံကောင်းခြင်းအဆောင် လက်ဆွဲတစ်ခုအနေဖြင့် ဆောင်နိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း" ကို**

**လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်**

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၀၄၀ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၂၀၀၀၀ ကျပ်

## (၁၂)လ ၄၀၀၀၀ ကျပ်

ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀ သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ် ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြား ပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြ ပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့် မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ
ဆက်သွယ်ရန် – ၀၉ ၇၃၁ ၇၆၆၅၀
စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ
ဆက်သွယ်ရန် – ၀၉ ၃၀၀ ၅၀ ၁၆၀



# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း စာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ် လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၊ ထွက်မည့်ရက်ကို လည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများ ဖြစ် ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း
အယ်ဒီတာ အဖွဲ့

Sixth Sense
Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**
အမှတ်(၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀



www.burmeseclassic.com

www.burmeseclassic.com

Contents



မီးခိုးရောင် လောကီပညာရပ် (၂၆) ၃၃
ခေတ်သစ်ကို

မြန်မာ့ရိုးရာ အစွမ်းထက် အင်းကွက် ၄၇
ဝေယံဘုန်းပြည့်

နမိတ်ကောက် အိမ်မြှောင်ကျ ၇၃
စိုးယဉ်ထွန်း

နိုရာအယူအဆများနှင့် တရုတ်နဂါး ၇၉
ခင်းသကာဝင်း

ဆံရှည်ချစ်သူ ၉၂
နတ်လူသစ်

အိမ်ရောင်းဖို့ အခက်တွေ့နေလျှင် ၁၁၃
သန်လျင် မောင်ကျောက်ခဲ

## ထူးဆန်းထွေလာ အံ့မှယ်စီရင်နည်းများ

ငါးထောင့်ကြယ်အဆောင်အတွက် ရှားပါးမန္တန် ၁၄
မော်အတတ်ဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း ၁၈
ငှက်တောင်မွေးအသုံးပြု မော်အစီအရင် ၂၂
အလိုရှိတဲ့ သားသမီး ရွေးချယ်ရယူနည်း ၂၆
ကြောင်နက်အသုံးချ အမေးအဖြေ နည်းလမ်း ၃၀



No.26, MARCH , 2016

မဖဲဝါ၏ ပရောဂျက် ၁၂၀
စိုးမိုးနိုင်

စုံထောက်ကြီး ဦးဘလှနှင့် စိတ်စွမ်းအင် ၁၃၄
ဘညိုကြီး

အလောင်းအစား ၁၅၄
ရေနံမြေ ခရေ

မပန်းချစ်ကို ချစ်မိသူ ၁၆၆
မောင်မောင်မိုးအောင်

သူငယ်ချင်း တာဝန်ကျေပါတယ် ၁၉၂
မောင်မြင့်မား (ဗိုလ်ကလေး)

မျောက်နှင့်တူသော လူ (လူမျောက်) ၂၀၂
မောင်လေးအောင် (သန်လျင်)

## သုတ / ရသ ဖြစ်ရပ်ဆန်းကြယ်

သံချောင်းထိုး မီးနင်း၊ ဓားနင်း၊ ရင်ထုပွဲများ ၆၆
တန်ခိုးအစွမ်းပြနိုင်တဲ့ သိဒ္ဓိ(၁၀)ပါး ၁၁၈
အိမ်မြှောင်အမြီးနှစ်ခွ အတက်အဆင်း အင်းစမ ၁၃၂
လှတိုစောင့်ရှောက်တဲ့ ကိုယ်စောင့်နတ်များ ၁၅၂
မြန်မာ့လောကီပညာနှင့် ဓာတ်သဘော ၁၆၄
ရွှံ့ပစ်လိမ့်မြှော်ခွံ့နှင့် ဆေးစွမ်းကောင်း ၁၉၀



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထား ပါသည်။ ကလောင်ရှင်သစ်များ ပါဝင်လက်စွမ်းပြရေးသားနိုင်ရန် နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း ၏ ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ခေါင်းပုဒ်ကို လက်ကိုင်ပြု၍ ထူးထွေ ဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက်ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာ သည့် ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

အစွမ်းထက်သည့် ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်၊ ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ် သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထု များ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမို ကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)



www.burmeseclassic.com


www.burmeseclassic.com

ဆဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး(တောင်ကြီး)
အကြံပေးအယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ
အမှုဆောင် အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်
အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်မြေရွှေလှိုင်
ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}
ပုံနှိပ်သူ
ဦးကျော်သင်း {(၀၀၆၂၆)}
(သံလွင်ဦး ပုံနှိပ်တိုက်)
မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး
ပန်းချီ သရုပ်ဖော်
ရဲရင့်နိုင်၊ မိုးအောင်၊ လှသစ်အောင်
ကွန်ပျူတာ
ဆဌမအာရုံ ပိုင်းတော်သားများ
ဖြန့်ချိရေး
ဆဌမအာရုံ စာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀။
တန်ဖိုး - ၂၀၀၀ကျပ်






www.burmeseclassic.com

www.burmeseclassic.com



# ငါးထောင့်ကြယ်အဆောင်အတွက် ရှားပါးမန္တန်



ငါးထောင့်ကြယ် ပဥ္စဂံကြယ်တံခွန် အဆောင်အကြောင်းကို ဆွေမအာရုံမငွေဖင်း၊ အမှတ်(၁၆)မှာ ဖော်ပြခဲ့ပြီးပါပြီ။ ဒီအဆောင်ဟာ မှော်အတတ်၊ မှော်အစီအရင်များကို အသုံးချရာမှာရော၊ ကိုယ့်အတွက် မှော်အဆောင်အဖြစ်ပါ ဆောင်နိုင်ကြောင်း ဖော်ပြထားပြီးပါပြီ။

အခုက ဒီငါးထောင့်ကြယ်အဆောင်ကို စွမ်းအားသွင်းနည်း ဖြစ်ပါတယ်။ အလွန် ရှားပါးတဲ့ မန္တန်နဲ့ လုပ်ဆောင်နည်း မှန်ကန်စွာ စွမ်းအားသွင်းနိုင်မှသာလျှင် အစွမ်းထက်တဲ့ အဆောင်တစ်ခု ဖြစ်ပါလိမ့်မယ်။ တခြား ဘယ်နည်းလမ်းနဲ့မှ အစွမ်းမထက်နိုင်ပါဘူး။

လောကီပညာရှင်များဟာ အဆောင်ပစ္စည်းတစ်ခုခုကို ဆောင်ချင်တယ်၊ သုံးချင်တယ်ဆိုရင် ဒီပစ္စည်းကို အရင်ဆုံး ကိုယ်တိုင် သိဒ္ဓိတင်ခြင်း (သို့မဟုတ်) စွမ်းအားသွင်းပြီးတော့မှ အသုံးပြုကြပါတယ်၊

ကိုယ်တိုင် အသုံးပြုမယ့်၊ ကိုယ်ဆွဲထားမယ့် အဆောင်ပစ္စည်းကို မိမိကိုယ်တိုင် စွမ်းအားသွင်းခြင်း (သို့မဟုတ်) သိဒ္ဓိတင်ရပါလိမ့်မယ်။ ဘယ်သူမှ ကိုယ်စား လုပ်ပေးလို့ မရနိုင်ပါ။

ငါးထောင့်ကြယ်ဆွဲကြိုး အဆောင်ကို စွမ်းအား သွင်းမယ်ဆိုရင်








လိုအပ်တဲ့ ပစ္စည်းများကတော့ -

၁) ငါးထောင့်ကြယ် မှော်စက်ဝိုင်း

၂) ငါးထောင့်ကြယ် စက်ဝိုင်း ဆွဲကြိုး

၃) အဖြူရောင် ဖယောင်းတိုင် နှစ်တိုင်

၄) ပန်းရောင်(သို့မဟုတ်) အနီရောင် ဖယောင်းတိုင်တို့ လိုအပ်ပါတယ်၊ အစီအရင်အတွက် ပစ္စည်းများရပြီဆိုရင် ကိုယ့်အခန်းထဲမှာပဲဖြစ်ဖြစ်၊ လူသူ မနှောင့်ယှက်နိုင်တဲ့နေရာမှာ ငါးထောင့်ကြယ် ပဥ္စဂံကြယ်တံခွန် မှော်စက်ဝိုင်းကို မြေဖြူတစ်ချောင်းနဲ့ ဆွဲလိုက်ပါ။

ပြီးရင် ပုံမှာ ဖော်ပြထားတဲ့အတိုင်း စက်ဝိုင်းရဲ့အရှေ့နဲ့ အနောက်ထိပ်မှာ အဖြူရောင် ဖယောင်းတိုင် တစ်ချောင်းစီကို စိုက်ပါ။ ထိပ်ဘက်ဖြစ်တဲ့ မြောက်ဘက်အရပ်မှာတော့ အနီရောင် ဖယောင်းတိုင်ကို စိုက်ပါ။

ဖယောင်းတိုင်များ စိုက်ပြီးရင် မီးမထွန်းခင် ကိုယ့်စိတ်တည်ငြိမ်အောင် အရင်လုပ်ပါ။ ကိုယ့်ခေါင်းထဲမှာ အတွေးအားလုံးကို ထုတ်ထားပြီး စွမ်းအား Power တစ်ခုတည်းအတွက် ဆိုတာကိုပဲ ခေါင်းထဲမှာ ထားပါ။

ပြီးမှ ဖယောင်းတိုင် သုံးတိုင်ကို အရှေ့၊ အနောက်၊ မြောက် အစဉ်လိုက် မီးထွန်းသွားပါ။ မီးထွန်းပြီးရင် ငါးထောင့်ကြယ် ဆွဲကြိုးကို ငါးထောင့်ကြယ် မှော်စက်ဝိုင်းကြီးရဲ့အတွင်းထဲကို ထည့်လိုက်ပါ။ ဒါဆိုရင် သင်ဟာ အစီအရင်ကို စတင်လိုက်ပါပြီ။

ပြီးရင် ရွတ်ဆိုရမယ့် ရှားပါးတဲ့ ငါးထောင့်ကြယ် စွမ်းအင်သွင်း မှော်မန္တန်ကတော့ -



www.burmeseclassic.com

www.burmeseclassic.com





"တဲဘဲ မ် ဟားတာဝ်စ်
မိယာ အက်(တ်) အာမီလမ်း
ဒီ ဘီနီဒီကမ် တီဘီ ဟာဘီးယပ်စ်
အင်ဗိုကာတိုး ဆီးနိုက်
အက်(တ်)ကီ ဒေအီယိုး
ဘိုင်းရက်(စ်) ထရီရာ တာဗီးယက်"
ကို ရွတ်ဆိုပါ။

(၃)ခေါက် ရွတ်ဆိုပေးပါ။ ဒီမန္တန်ကို အလွတ်ရအောင် ကျက်ပြီးမှ ရွတ်ဆိုပါ။ နောက်ပိုင်းမှာ ဒီမန္တန်ကို ငါးထောင့်ကြယ်နဲ့ ပတ်သက်တဲ့ အစီအရင်များမှာ မိမိ ဉာဏ်ရှိသလို အသုံးချနိုင်ပါတယ်။



ငါးထောင့်ကြယ်အဆောင်အတွက် အလွန် အစွမ်းထက်မြက်စေတဲ့ ရှားပါး မန္တန်ဖြစ်ပါတယ်။ မန္တန် ရွတ်ဆိုတာတွေပြီးရင် သင်ဟာ ထွန်းညှိထားတဲ့ ဖယောင်းတိုင်တွေကို မီးငြိမ်းသတ်ရပါမယ်။

ဒီနေရာမှာလည်း အရေးကြီးပါတယ်။ မီးမှုတ်ငြိမ်းတဲ့နေရာမှာ အရှေ့၊ အနောက်၊ မြောက်အရပ် ဖယောင်းတိုင် သုံးတိုင်စလုံးကို အစဉ်လိုက် အတိုင်း ကိုယ့်ပါးစပ်က ထွက်တဲ့ လေတစ်ချက်တည်းနဲ့ မှုတ်ငြိမ်းနိုင်အောင် လုပ်ရပါမယ်။

အသက်ဝအောင်ရှူပြီးတော့မှ လေတစ်ချက်ထဲနဲ့ မှော်စက်ဝိုင်းမှာ စိုက်ထားတဲ့ ဖယောင်းတိုင်တွေကို ပတ်လည်မှုတ်ငြိမ်းပါ။ ဖယောင်းတိုင်မှာ







မီးငြိမ်းသွားပြီဆိုရင် အဲဒီ တနေ အငွေ့တွေ လွင့်ပျံထွက်လာပါလိမ့်မယ်။

အဲဒီကအငွေ့တွေတိုစွမ်းအား Energy အဖြစ် သတ်မှတ်ပြီး ကိုယ့်စိတ်ထဲမှာ ဒီစွမ်းအားတွေဟာ ငါးထောင့်ကြယ် မှော်စက်ဝိုင်းထဲမှာ ထည့်ထားတဲ့ ကိုယ့်အဆောင် ငါးထောင့်ကြယ် ဆွဲကြိုးထဲကို စီးဝင်သွားပြီလို့ အာရုံပြု သတ်မှတ်ပါ။

အခုလို လုပ်နည်းမှန်ကန်စွာ လုပ်ဆောင်နိုင်မှသာလျှင် သင်ဆွဲမယ့် ငါးထောင့်ကြယ် ဆွဲကြိုးထဲကို တကယ့်စွမ်းအားစုတွေ စီးဝင်ပါလိမ့်မယ်။ ပြီးရင်တော့ ကိုယ့်ရဲ့သိဒ္ဓိပြီး မှော်ဆွဲကြိုးအဖြစ် ဆွဲနိုင်ပါပြီ။

ဒီနေရာမှာ သတိပြုရမယ့် အချက်လည်း ရှိပါတယ်။ သင်ဟာ ဒီဆွဲကြိုးကို ဆွဲမယ်ဆိုရင် ဆွဲထားပါ။ မဆွဲဘူးဆိုရင်လည်း မြင့်မြတ် လုံခြုံတဲ့နေရာမှာ ထားပါ။ ဒီဆွဲကြိုးကို ဘယ်သူ့လက်ထဲမှ မရောက်ပါစေနဲ့။

ဘာလို့လဲဆိုတော့ အကယ်၍ တစ်စုံတစ်ယောက် ရသွားခဲ့ပြီး ဒီဆွဲကြိုးကို အောက်လမ်းနည်းတွေမှာ အသုံးပြုနိုင်လို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






# မျက်အတတ်ဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း



သင်ဟာ ဆေးမှအောက်ရှမဂ္ဂဇင်း ဖတ်သူဖြစ်လျှင် လောကီအတတ်ပညာ၊ မှော်အတတ်ပညာများကို တီးမိခေါက်မိရှိနေပြီးဖြစ်သူလို့ ယူဆပါတယ်။ အခုအစီအရင်က မှော်အတတ်ဖြင့် လက်ဆွဲနှုတ်ဆက်နည်း ဖြစ်ပါတယ်။



လူတွေမှာ လက်ချောင်းတွေဟာ အလွန် အရေးပါပါတယ်။ ဒီ လက်ချောင်းတွေထဲကမှ လက်ညှိုးဟာ ပိုမိုပြီးတော့ အရေးပါပါတယ်။ လက်ညှိုး ထောက်ထောက်ထိုးတယ်တို့၊ လက်ညှိုးထိုးပြီး ရန်တွေ့တယ်၊ လက်ညှိုးထိုးပြီး စွပ်စွဲတယ်၊ လက်ညှိုးထိုးပြီး ညွှန်ပြတယ် စသည်တို့ကို ကြည့်ခြင်းအားဖြင့် ဒီလက်ညှိုးဟာ မိမိရဲ့ ရင်တွင်းက လိုအင်ဆန္ဒ၊ မိမိ ဖော်ပြချင်တဲ့ စိတ်ဆန္ဒ တစ်ခုခုကို အပြင်ထွက်အောင် လုပ်ဆောင်တဲ့ နေရာမှာ လက်ညှိုးဟာ အခရာ အကျဆုံး လက် တစ်ချောင်းဖြစ်နေတာကို တွေ့ရပါတယ်။



နောက် တစ်ချက် က ညာသန်ပဲ ဖြစ်ဖြစ်၊ ဘယ်သန်ပဲ ဖြစ်ဖြစ် လက်ညှိုးထိုးပြီဆိုရင် ညာဘက်လက်ညှိုးနဲ့သာ ထိုးလေ့ရှိပါတယ်။

လက်ဆွဲ နှုတ်ဆက်ကြပြီဆိုရင်လည်း ညာဘက်လက် အချင်းချင်းသာ လက်ဆွဲ နှုတ်ဆက်ကြပါတယ်။ အခုက ဒီလို လက်ဆွဲ နှုတ်ဆက်ရာမှာ သင်ဟာ မှော်အတတ်ဖြင့် လက်ဆွဲ နှုတ်ဆက်ခြင်းကို သုံးရင် ပိုပြီးတော့ ထိရောက်မှု ရှိတာကို တွေ့နိုင်ပါလိမ့်မယ်။

လူတွေဟာ တစ်ယောက် နဲ့ တစ်ယောက် အလုပ်ကိစ္စတစ်ခုခုကြောင့်ပဲ ဖြစ်ဖြစ်၊ တခြားကိစ္စ တစ်ခုခုကြောင့်ပဲ ဖြစ်ဖြစ် တွေ့ကြပြီဆိုရင် အရင်ဆုံး လက်ဆွဲနှုတ်ဆက်ကြပါတယ်။

ဒီနေရာမှာ ကျွန်ုပ် ညွှန်ပြသွားမှာကတော့ သင်ဟာ အလုပ်အကိုင်၊ အကြံအစည်တစ်ခုခုကို အောင်မြင်ချင်တဲ့အခါ ဒီလက်ဆွဲနှုတ်ဆက်မှုကို အသုံးပြုပါလို့ ဆိုချင်ပါတယ်။

ဥပမာအားဖြင့် သင်ဟာ လုပ်ငန်းရှင် သူဌေးတစ်ဦးနဲ့ အလုပ်တစ်ခု စတင်မယ်ဆိုပါစို့။

ဒီလုပ်ငန်းရှင်ဟာ သင့်အပေါ် ယုံကြည်လာဖို့၊ ဒါမှမဟုတ် ဒီလုပ်ငန်းရှင်က သင့်ကို ယုံကြည်စွာ အလုပ်အပ်ဖို့၊ အလုပ်ခန့်ဖို့အတွက် သူနဲ့ တွေ့တဲ့အခါ မဆွေးနွေးခင်ပဲ ဖြစ်ဖြစ်၊ ဆွေးနွေးအပြီးမှာပဲ ဖြစ်ဖြစ်၊ ခင်မင်မှုအနေဖြင့် လက်ဆွဲနှုတ်ဆက်ကြတဲ့အခါမှာ -






www.burmeseclassic.com

www.burmeseclassic.com






၁) သင်ဟာ ဖော်ပြပါ ပုံအတိုင်း လက်ညှိုးကို ဦးတည် ညွှန်ပြပြီး သူ့ဆီကို လက်ကမ်းပါ။ သူ့ဘက်က စတင်ပြီး လက်ကမ်းလာပြီဆိုရင်လည်း ကိုယ့်ဘက်က ဖော်ပြပါပုံအတိုင်း သူ့ဆီကို လက်ပြန်ကမ်းပါ။ လက်ညှိုးက သူ့ဆီ ဦးတည်ပြီးတော့ ထွက်နေရပါလိမ့်မယ်၊




၂) သူနဲ့ လက်ဆွဲနှုတ်ဆက်တဲ့အခါမှာ ကိုယ့်ရဲ့လက်ညှိုးဟာ သူ့ရဲ့ညာဘက်လက်မအောက် သွေးခုန်နှုန်းနေရာကို ကိုယ့်ရဲ့ညာလက်ညှိုးနဲ့ ထိပြီး အဲဒီကနေတဆင့် ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒ၊ သူက ကိုယ့်အပေါ် ယုံကြည်မှု ရှိစေချင်တာလား။ သူက ကိုယ်ကို အလုပ်အပ်စေချင်တာလား။ အလုပ်ခန့် စေချင်တာလား စသည်တို့ကို သူ့ရဲ့သွေးကြောကနေ တဆင့် ကိုယ့်ဆန္ဒကို သူ့ဆီရောက်သွားအောင် ညှို့ဓာတ်သွင်းပေးလိုက်ရမှာ ဖြစ်ပါတယ်၊







ဒါဟာဆိုရင် မှော်အတတ်ဖြင့် ကိုယ့်ဆန္ဒကို သူ့ဆီရောက်အောင် လက်ဆွဲ နှုတ်ဆက်နည်းပဲ ဖြစ်ပါတယ်။

တကယ်လို့ ကိုယ်က နှစ်သိမ့်မှု ပေးချင်တာ ဆိုရင်လည်း ကိုယ့်ရဲ့ ညာဘက် လက်ညှိုးကနေ တဆင့် သူ့ရဲ့သွေးခုန်နှုန်းဆီကို ထိလိုက်ပြီး ကိုယ့်ဆန္ဒ သူ့ဆီကိုရောက်အောင် ပို့လွှတ်နိုင်ပါတယ်၊ သူ့ဘက် တရိပ်မိလောက်အောင်တော့ လက်ကို တော့ အကြာကြီး ကိုင်မထားပါနဲ့၊

ဒီလို လက်ဆွဲမနှုတ်ဆက်ခင်မှာ ကိုယ့်ဘက်ကတော့ စိတ်တည်ငြိမ်မှု စွမ်းအားတစ်ရပ်ကို တည်ဆောက်ထားရမှာ ဖြစ်ပြီး သူ့ရဲ့ သွေးခုန်နှုန်းကို ထိမိတာနဲ့ သင်နဲ့ သူ့ရဲ့ဆက်နွယ်မှုဟာ ခုလို တစ်ချက်ထဲ ထိတွေ့လိုက်ရုံနဲ့ သူ့အတွက်တော့ လုံးဝဥသုံ ငြိသွားပြီဆိုတဲ့ ခံစားမှုကို ထားရှိရမှာ ဖြစ်ပါတယ်၊

သင်ဟာ သင့်ရဲ့ညာဘက်လက်ညှိုးကနေတဆင့် သူ့ရဲ့သွေးခုန်နှုန်းဆီကို နူးညံ့ညင်သာစွာ ထိတွေ့ပြီး ယုံကြည်မှု၊ အချစ်၊ နှစ်သိမ့်မှု စသည်ဖြင့် ကိုယ့်ရဲ့လိုအင်ဆန္ဒကို သူ့ဆီကိုရောက်အောင် ပန္နက်တင်လိုက်တာပဲ ဖြစ်ပါတယ်၊

ကြိုးစားကြည့်လိုက်ပါ။ သင့်ရဲ့စိတ်စုစည်းအား၊ စိတ်တည်ငြိမ်မှုအား၊ စိတ်စွမ်းအားတို့အပေါ်မှာ မူတည်ပြီး သင့်ဖြစ်ချင်တဲ့ဆန္ဒကို တစ်ဖက်က လူ့ဆီကို ပို့လွှတ်နိုင်တဲ့ ထူးထွေဆန်းပြားသော မှော်အတတ်ဖြင့် လက်ဆွဲနှုတ်ဆက်နည်း ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



# ငှက်တောင်မွှေးအသုံးပြု မှော်အစီအရင်



ဒီအစီအရင်ကတော့ ငှက်တောင်မွှေး အသုံးပြု အစီအရင် ဖြစ်ပါတယ်။ ငှက်တောင်မွှေးများတွေ့ရင် ဘယ်လို နမိတ် ကောက်ရတယ် ဆိုတဲ့အကြောင်းကို ဆဋ္ဌမအာရုံ မဂ္ဂဇင်း အမှတ်စဉ် (၂၃)မှာ ဖော်ပြခဲ့ပြီး ပါပြီ။

အခု အစီအရင်က ငှက်တောင်မွှေးများ၊ မြားသင်္ကေတများကို အသုံးပြုပြီး သင့်အတွက် ချစ်သူ (သို့မဟုတ်) သူငယ်ချင်း (သို့မဟုတ်) လိုအပ်သူ၊ လိုအပ်တာတွေကို ခေါ်ယူတဲ့ အစီအရင်ဖြစ်ပါတယ်။

Angel များရဲ့ စွမ်းအားနဲ့ ရှာဖွေ ခေါ်ယူမှာဖြစ်လို့ Angel များ ကြိုက်တဲ့ အမွှေးအကြိုင်လည်း လိုအပ်ပါတယ်။ ကောင်းကင်ဘုံကို ဆက်သွယ်ပြီး မိမိလိုအပ်တဲ့ အရာကို တောင်းဆိုနိုင်တဲ့ အစီအရင် ဖြစ်ပါတယ်။ ဒီအစီအရင်ကို (၃)ရက်လောက် ဆက်တိုက်လုပ်ပေးရင် သင် လိုအပ်တဲ့၊ သင်တောင်းဆိုတဲ့အရာတွေကို ရရှိလာမှာ ဖြစ်ပါတယ်။

မှော်စွမ်းအားနဲ့ ကိုယ်အလိုရှိတာကို ယတြာလုပ်တဲ့ အစီအရင် တစ်ခုပဲ ဖြစ်ပါတယ်။ ကိုယ် ကံမကောင်းတွေ၊ အလုပ်အကိုင် အဆင်မပြေ ဖြစ်နေတာတွေအတွက် အရောင်းအဝယ်တွေ ကောင်းလာအောင်၊ ကံ







ကြမ္မာတွေ ကောင်းမွန်လာအောင်လည်း တောင်းဆိုနိုင်ပါတယ်။

အစီရင်အတွက် လိုအပ်တဲ့ ပစ္စည်းများကတော့ -

၁) အဖြူရောင် ဖယောင်းတိုင် သုံးတိုင်

၂) အဖြူရောင် စာရွက်ပိုင်း (၃)ရွက်

၃) အဖြူရောင် ငှက်မွှေးသုံးချောင်း

၄) မြေဖြူ

၅) ဘောပင်

၆) နံ့သာဆီနဲ့ အမွှေးစပရေး တစ်ဘူး

၇) ကြွေပန်းကန်လုံး တစ်လုံးတို့ ဖြစ်ပါတယ်။

ပစ္စည်းများရပြီဆိုရင် ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်တဲ့နေရာ (သို့မဟုတ်) ကိုယ့်အခန်းထဲမှာ ပြုလုပ်ရပါလိမ့်မယ်။ ပြတင်းပေါက်ကို ဖွင့်ထားပါ။

လပြည့်ည (သို့မဟုတ်) အစီအရင်နေရာကို လရိပ်ကျနေရင် ပိုကောင်းပါတယ်။ အပြင်မှာ ထွက်လုပ်ဖို့ ပိုအဆင်ပြေတယ်ဆိုရင် မြေပေါ်မှာ စက်ဝိုင်းဝိုင်းဖို့အတွက် အုန်းတံမြက်စည်း (အသေး)တစ်ချောင်းနဲ့ စက်ဝိုင်းဆွဲပြီး ပြုလုပ်နိုင်ပါတယ်။ အုန်းတံမြက်စည်းက အသစ်ဖြစ်ရမယ်။

စက်ဝိုင်းရပြီဆိုရင် အဲဒီက စည်းနဲ့ထိပြီး အဖြူရောင် ဖယောင်းတိုင် သုံးတိုင်ကို တြိဂံပုံ စိုက်လိုက်ပါ။ စိုက်ရာမှာ အရှေ့ အနောက်၊ မြောက် အရပ်ဆိုပြီး အစဉ်လိုက် စိုက်ရပါလိမ့်မယ်။


ပြီးရင် ငှက်မွှေးသုံးချောင်းကို ပုံမှာ ဖော်ပြထားတဲ့အတိုင်း အမြီးပိုင်းက ဖယောင်းတိုင်အခြေမှာ ရှိပြီး ထိပ်ပိုင်းတွေကိုတော့ အလယ်ကို



www.burmeseclassic.com

www.burmeseclassic.com






ဦးတည်ထားပါ။ ငှက်မွေးရှုရာမှာလည်း အရှေ့၊ အနောက်၊ မြောက် အစဉ်တိုင်း ချပေးပါ။

အစီအရင်ဝစ္စည်းများရဲ့ အလယ်မှာတော့ ကြွေပန်းကန်လုံးကို ချထားပြီး အဲဒီထဲမှာ သင်တောင်းဆိုမယ့် ဆန္ဒကို ရေးသားမယ့် စာရွက်ပိုင်း (၃)ရွက်ကို ထည့်ထားပါ။ ပြီးရင်တော့ ဖယောင်းတိုင်သုံးတိုင်ကို မီးထွန်းလိုက်ပါ။ ဒါဆိုရင် သင့်ရဲ့ အစီအရင် စတင်ပါပြီ။


အဲဒီအချိန်မှာ ကိုယ့်စိတ်ထဲမှာ မလိုအပ်တဲ့ အတွေးတွေကို ရှင်းထုတ်ထားပြီး ကိုယ်တောင်းဆိုမယ့် ဆန္ဒတစ်ခုတည်းအပေါ်မှာသာ အာရုံကို စူးစိုက်ထားပါ။ ကိုယ် တောင်းဆိုချင်တာတွေကို အရင်ဆုံး စိတ်ထဲကနေ တောင်းဆိုနိုင်ပါတယ်၊

ပြီးရင် အလယ်ဗဟိုမှာ ရှိတဲ့ စာရွက်ပိုင်း (၃)ရွက်ကို ယူလိုက်ပြီး သင့်ဆန္ဒကို ရေးသားမယ့် ဘောပင်ကို စာမရေးခင် ထိပ်ပိုင်းကို နံ့သာဆီထဲမှာ အသာနှစ်လိုက်ပြီးမှ ရိုးရှင်းသော ဝါကျတစ်ကြောင်းတည်းနဲ့ ကိုယ့်ဆန္ဒကို စာရွက်ပိုင်း (၃)ရွက်ပေါ်မှာ ရေးသားလိုက်ပါ။ ဆန္ဒက တစ်မျိုးတည်း ဖြစ်ရပါမယ်၊

ရေးပြီးရင် စာရွက်ထောင့်နေရာများကနေ မြှားပုံလေးများကို ပုံမှာ ဖော်ပြထားတဲ့အတိုင်း ရေးဆွဲလိုက်ပါ။ မြှားပုံလေးများရဲ့ ဦးချွန်ဟာ သင့်ဆန္ဒရေးသားထားတဲ့ နေရာဆီကို ဦးတည် ညွှန်ပြနေပါစေ။







ပြီးရင် ဒီစာကို ကောင်းကင်ဆိုတဲ့ Angel များဆီ ပို့မှာ ဖြစ်လို့ ရေမွှေးအမွှေးဘူးလေးနဲ့ ဖြန်းလိုက်ပါ။ စာရွက်လေး မွှေးသွားသလို၊ ကိုယ့်ပတ်ဝန်းကျင်လည်း မွှေးသွားပြီဆိုရင်တော့ စာရွက်လေးကို သုံး၊ လေးခေါက်ခေါက်လိုက်ပါမယ်၊

စာရွက်ခေါက်တဲ့နေရာ မှာအရေးကြီးပါတယ်၊ စာရွက်ကို စာသားနဲ့ မြှားလေးများရှိတဲ့ အပြင်ဘက်ပေါ်အောင် အပြင်ဘက်ကနေထားပြီး ပုံမှာ ပြထားတဲ့အတိုင်း ခေါက်ပါ။ နောက်ဆုံး စာရွက်ခေါက်ပြီးတဲ့ အချိန်မှာ မြှားလေးတွေဟာ ပေါ်နေပါစေ၊

မြှားလေးတွေ ပေါ်နေပြီဆိုရင် မြှားလေးတစ်ဘက်ကနေ ကိုယ်အတိုင်ပြီး ကျန် မြှားတစ်ဖက်ရှိတဲ့ အခြမ်းကို ကြိုက်စိုက်ထားတဲ့အခြမ်း အရှေ့၊ အနောက်၊ မြောက်ဘက်ဆီကို တစ်ချက်စီ မီးတောက်နဲ့ တို့ပေးပါ။

မီးတောက်လောင်နေတဲ့ စာရွက်ပိုင်းတစ်ခုစီကို ကြွေပန်းကန်လုံးထဲသို့ထည့်ပါ။ စာရွက်ပိုင်း သုံးခုလုံး ကြွေပန်းကန်ထဲမှာ မီးတောက်လောင်နေပြီး အငွေ့လေးတွေ ထွက်လာပြီဆိုရင်တော့ သင့်စိတ်ထဲမှာ သင်အလိုရှိတာကို တောင်းဆိုလိုက်တဲ့ ဆန္ဒဟာ ငှက်မွေးများရဲ့ အစွမ်း၊ မြားသင်္ကေတများရဲ့ စွမ်းအားနဲ့ ကောင်းကင်ဘုံကို ပျံတက်သွားပြီလို့ စိတ်ထဲမှာ သတ်မှတ်ပါ။

မကြာမီမှာတော့ သင်တောင်းဆိုလိုက်တာတွေ ရလာပါလိမ့်မယ်။ မိမိလိုအပ်တာ မှန်သမျှ တောင်းဆိုနိုင်တဲ့ အစီအရင် ဖြစ်ပြီး ဥာဏ်ရှိသလို အသုံးချနိုင်ပါတယ်၊ ဝိညာဉ်လွှင့်အိပ်မက်အတိုင်း မြင့်မြတ်တဲ့ အလှူကို သွားချင်သူများ၊ အဲဒီကသူများနဲ့ ဆုံလိုသူများလည်း ကိုယ့်ဆန္ဒရှိတဲ့အတိုင်း လုပ်နိုင်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# အလိုရှိတဲ့ သား၊သမီး ရွေးချယ်ရယူနည်း



လူတွေမှာ ဖြစ်တတ်ပါတယ်။ ကိုယ်ဝန်ရှိလာတဲ့အခါ သန္ဓေသားကို တချို့က သားယောကျာ်းလေး လိုချင်တယ်၊ တချို့ကတော့ သမီးလေး လိုချင်တယ် စသည်ဖြင့် အလိုဆန္ဒတွေ မတူကြပါဘူး။

ဒီအစီအရင်ကတော့ ကိုယ်အလိုရှိတဲ့ သား(သို့မဟုတ်) သမီးကို ရွေးချယ်နိုင်တဲ့ အစွမ်းထက် အစီအရင်တစ်ခုပဲ ဖြစ်ပါတယ်။ ကိုယ်ဝန်စရှိစဉ်မှာ အခု အစီအရင်နဲ့ ကိုယ်အလိုရှိတဲ့ ကလေးကို ရွေးချယ်ရယူနိုင်ပါတယ်။



## သားလေး ရယူနိုင်မယ့် အစီအရင်

သားယောကျာ်းလေး ယူချင်သူများအတွက် လိုအပ်တဲ့ အစီအရင်ပစ္စည်းများကတော့ -

၁) ကော်ဖစ်အိတ် တစ်လုံး

၂) အပြာရောင် ကလေးပစ္စည်း တစ်ခုခု







၃) အပြာရောင် ဖယောင်းတိုင်

၄) နှင်းဆီပွင့်ဖတ် (၉) ဖတ်တို့ ဖြစ်ပါတယ်။

ဒီနေရာမှာ သုတ အနေနဲ့ ပြောချင်တာက သားယောကျာ်းလေးဆိုရင် အပြာရောင်ကို သုံးရတယ်၊ သမီးမိန်းကလေး ဆိုရင် ပန်းရောင်လေးကို သုံးရပါလိမ့်မယ်။

အခုက "သားယောကျာ်းလေး လိုချင်တယ်" ဆိုတဲ့ အတွက်ကြောင့် ဖယောင်းတိုင်ကို အပြာရောင် ဖယောင်းတိုင်ကို အသုံးပြုခြင်း ဖြစ်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများ ရပြီဆိုရင် ပထမဆုံး နှင်းဆီပွင့်ဖတ် (၉)ဖတ်ရယ်၊ အပြာရောင် ကလေးပစ္စည်း (ဥပမာ - ချိုလိမ်၊ ဦးထုပ်၊ အကျီ၊ ဘောင်းဘီ)တစ်ခုခုကို ပုံမှာ ပြထားတဲ့ ကော်ဖစ်ပါတဲ့ အိတ်မျိုးထဲကို ထည့်လိုက်ပါ။



ပြီးရင် ရှာဖွေ ရယူထားတဲ့ အပြာရောင် ဖယောင်းတိုင်ကို လေးပိုင်း၊ လက်နဲ့ ချိုးလိုက်ပြီး ကော်ဖစ်ပါတဲ့ အိတ်ထဲ ထည့်ပါ။


ပြီးတဲ့နောက် သင်အောက်က ရွတ်ဆိုရမှာက -



www.burmeseclassic.com

www.burmeseclassic.com





"ရင်သွေး ပေးစွမ်းတဲ့
နတ်မင်းကြီးရှင့်
ကျွန်ုပ် သင့်ထံကို သား
ယောကျ်ားလေး
လိုချင်ကြောင်း ဆုပန်ပါ
တယ်။
ကျွန်ုပ် အလိုရှိသော သား
ယောကျ်ားလေးကို
ဆောင်ကျဉ်းပေးပါ" လို့
(၃)ကြိမ် ရွတ်ဆို တိုင်တည်ပါ။

ရွတ်ဆိုနေချိန်မှာ ကိုယ်လိုချင်တဲ့ သားယောကျ်ားလေးရဲ့ ပုံရိပ် သဏ္ဌာန်ကိုလည်း စိတ်ထဲကနေ မြင်ယောင်ထားပါ။

ပြီးရင်တော့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တဲ့ သင့်အစီအရင်ကော်ဖစ်ပါတဲ့အိတ်လေးကို ကိုယ်အိပ်စက်တဲ့ မွေ့ရာအောက်မှာ ထားပြီး အိပ်ပါ။ ဒါဆိုရင် သင်အလိုရှိတဲ့ သားယောကျ်ားလေး ရပါလိမ့်မယ်။

## သမီးလေး ရယူနိုင်မယ့် အစီအရင်




သမီးမိန်းကလေး လိုချင်သူများအတွက် လိုအပ်တဲ့ အစီအရင် ပစ္စည်းများကတော့ -


၁) အနီရောင် ဖယောင်းတိုင် တစ်ချောင်း

၂) အဖြူရောင် ဖယောင်းတိုင် တစ်ချောင်း

၃) ပန်းရောင် စောင်လေးတစ်ထည်







(သို့မဟုတ်) နုးညံ့တဲ့ ပန်းရောင် ကလေးသုံး အဝတ်အထည်

၄) ဖလားအသေး တစ်လုံး (သို့မဟုတ်) ရေခွက်အသစ် တစ်လုံး

၅) ဘောပင်နဲ့ စာရွက် ဖြူ တစ်ရွက်တို့ ဖြစ်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ ပစ္စည်းများရပြီဆိုရင် အနီရောင် ဖယောင်းတိုင်နဲ့ အဖြူရောင် ဖယောင်းတိုင်တို့ကို ဘယ်၊ ညာ မျဉ်းပြိုင်အနေအထားဖြင့် ကိုယ့်ရှေ့မှာ စိုက်ပြီး မီးထွန်းညှိပါ။

ကိုယ်ကတော့ နုးညံ့တဲ့ ပန်းရောင်စောင်လေးအပေါ်မှာ ထိုင်ချလိုက်ပါ။ ပြီးရင် စာရွက်ဖြူ အပေါ်မှာ ကိုယ်လိုချင်တဲ့ ဆန္ဒကို ရေးချပါ။ ရေးပြီးရင် စာရွက်ကို စာသား အပြင်ဘက်ကနေထားပြီး အခေါက်လေး အဖြစ် ခေါက်လိုက်ကာ -

"ကျွန်ုပ် သမီးမိန်းကလေးသာ
လိုချင်ပါတယ်" ဆိုတာကို (၃)ကြိမ် ရွတ်ဆိုပါ။

ပြီးရင်တော့ မီးလောင်နေတဲ့ စာရွက်ခေါက်လေးကို ရေထည့်ထားတဲ့ ဖလားအသေး(သို့မဟုတ်) ရေခွက်ထဲကို ထည့်လိုက်ပါ။ ဒါဆိုရင် သင့်အစီအရင် အောင်မြင်စွာ ပြီးဆုံးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



# ကြောင်နက်အသုံးချ အမေးအဖြေနည်းလမ်း



ကြောင်နက်တွေဟာ မှော်အတတ်နဲ့ ဆက်နွှယ်နေတဲ့ သတ္တဝါဆန်းတွေ ဖြစ်ကြပါတယ်။ သူတို့ကို မေးမြန်းချင်တာတွေ၊ သိလိုတာတွေကို မေးလို့ရပါတယ်။ တစ်ခါတလေမှာ သူကတောင် ကိုယ့်ထက်ပိုပြီးတော့ မှော်အတတ်နဲ့ ပတ်သက်လို့ တတ်သိနေတာမျိုးတွေ ရှိပါတယ်။

ကြောင်တွေအကြောင်းကို ဆဋ္ဌမအာရုံ မဂ္ဂဇင်း အမှတ်စဉ်(၁၇)မှာ ဖော်ပြပြီးပါပြီ။ ကြောင်တွေမှာ ဆဋ္ဌမအာရုံနဲ့ ပတ်သက်ပြီး ရှေ့ဖြစ်တွေကို သိနိုင်စွမ်းရှိလို့ မှော်အတတ်ကို အသုံးချသူတိုင်းဟာ ကြောင် (သို့မဟုတ်) ကြောင်နက်တွေကို မွေးပြီး ရင်းနှီးအောင် လုပ်ထားကြပါတယ်။ ကြောင်နက်ရရင်တော့ အကောင်းဆုံးဖြစ်ပါတယ်။

အရင်ဆုံး ကြောင်နက်တစ်ကောင်ကို သင်ဟာ မွေးမြူရပါမယ်။ ဒီလိုမွေးပြီးရင် သူနဲ့ ရင်းနှီးအောင် လုပ်ရမယ်။ ယဉ်ပါးလာအောင်၊ သူနဲ့ကိုယ်နဲ့ အလျဉ်းသင့်လာအောင် လုပ်ပါ။ ရင်းနှီးအောင် လုပ်တဲ့အခါမှာ ပထမဆုံး ကိုယ်ပေါ်မှာ ထားပြီး ပွတ်သပ်ပေးခြင်း၊ သူနေရမယ့် နေရာကို ညွှန်ပြပေးခြင်း၊ သူနှစ်သက်တဲ့ အပြုအမူလေးတွေကို ဂရုတစိုက်နဲ့ ပြုလုပ်ပေးလိုက်ပါ။







သူဟာ ကိုယ်၊ ကိုယ်ဟာလည်း သူပဲလို့ တစ်သားတည်း ဖြစ်နေအောင် လုပ်ပါ။ သူ့ကို အချိန်မှန်မှန် အစာကျွေး။ သူနှစ်သက်တာတွေကို လုပ်ပေးပြီးရင် သူနဲ့ ကိုယ်ဟာ ရင်းနှီးမှု ရပါပြီ။ ရင်းနှီးမှုရပြီးတဲ့ အခါမှာတော့ ကြောင်နက်နဲ့ ကိုယ်ဟာ ဆက်သွယ်မှုတွေ လုပ်ရပါတော့မယ်။

ဆက်သွယ်တဲ့ နေရာမှာ လူသူလေးပါး အနှောင့်အယှက်ကင်းတဲ့ နေရာကို ရှာပါ။ ပြီးရင် ကြောင်နက်နဲ့ ကိုယ်ဟာ ဆက်သွယ်တော့မယ်၊ စကားပြောကြတော့မယ်လို့ စိတ်ကူးထားပါ။

သူကြိုက်တတ်တဲ့ အစာ (သို့မဟုတ်) အပြုအမူတစ်ခုခုကို လုပ်ဆောင်ပေးပြီးရင် ကြောင်နက်ရဲ့မျက်လုံးနဲ့ ကိုယ့်မျက်လုံးကို ဆုံအောင် စူးစူးစိုက်စိုက် ကြည့်ပေးပါ။ ကိုယ့်မျက်လုံးမှာ သူ့ကို ညှို့နေပြီဆိုတဲ့ ညှို့အတတ်ကို သွင်းထားပါ။ အဲဒီအချိန်မှာ ကိုယ့်စိတ်ဟာ (၁၀၀)ရာခိုင်နှုန်း အာရုံစူးစိုက်မှု အပြည့် ရှိပါမယ်။ ဒီလို စိုက်ကြည့်ပေးနေရင်းနဲ့ –

((( ကြွက်ရဲ့အမြီး၊ လင်းနို့တောင်ပံ )))
((( ကြွက်ရဲ့အမြီး၊ လင်းနို့ တောင်ပံ )))
((( ကြွက်ရဲ့အမြီး၊ လင်းနို့ တောင်ပံ )))
((( နင်နဲ့ ငါနဲ့ စရိုက်ကစပြီး )))
((( ချွတ်ချွတ် ချက်ချက် စကားပြောရအောင် )))
((( နင်နဲ့ ငါနဲ့ စရိုက်ကစပြီး )))
((( ချွတ်ချွတ် ချက်ချက် စကားပြောရအောင် )))
((( နင်နဲ့ ငါနဲ့ စရိုက်ကစပြီး )))
((( ချွတ်ချွတ် ချက်ချက် စကားပြောရအောင် )))

www.burmeseclassic.com

www.burmeseclassic.com





လို့ ရွတ်ဆိုပေးပါ။

တချို့စုန်းမတွေကတော့ -

"ဟဲ့ . . နင် ငါ့မျက်လုံးကို သေချာ ကြည့်စမ်း။

နင် ငါ့မျက်လုံးကို သေချာ ကြည့်စမ်း၊

နင် ကြွက် စားမလား၊ ကြွက် စားမလား၊

ကြွက်ရဲ့ အမြီး၊ လင်းနို့ တောင်ပံ၊


ကြွက်ရဲ့ အမြီး၊ လင်းနို့ တောင်ပံ၊ ငါ့မှာ ရှိတယ်၊ နင်နဲ့ ငါနဲ့ ဆက်သွယ်ရအောင်၊ နင်နဲ့ ငါနဲ့ စကားပြောရအောင်" စသည်ဖြင့် အရပ်စကားနဲ့လည်း ညှို့ခေါ်သွင်းကြပါတယ်၊

ဒါတွေဟာဆိုရင် ကြောင်(သို့မဟုတ်) ကြောင်နက် တစ်ကောင်နဲ့ အကောင်းဆုံး ဆက်သွယ်နိုင်တဲ့ နည်းလမ်းပဲ ဖြစ်ပါတယ်၊ ပြီးရင်တော့ ကြောင်နက်ကို ကိုယ် သိလိုတာတွေ မေးမြန်းလို့ ရပါပြီ။

ဥပမာအားဖြင့် ဒီကောင်လေး (သို့မဟုတ်) ဒီကောင်မလေးက ငါ့ကို ပြန်ကြိုက်မလား၊ ငါ စာမေးပွဲ ဖြေဆိုထားတာ အောင်မလား၊ ငါ အလုပ် လျှောက်ထားတာ ရမလား၊ ဒီကိစ္စကို ငါ လုပ်ထားတယ်၊ အောင်မြင်နိုင်မလား စသည်ဖြင့် ကိုယ် သိလိုတာတွေကို ကြောင်နက်နဲ့ အမေးအဖြေ လုပ်လို့ရပါပြီ။

ကြောင်ဘက်က ပြန်လည်အဖြေပေးတဲ့ ကြောင်အော်သံကို မှတ်သားထားပြီး တစ်ကြိမ် အော်ရင် ဖြစ်မယ်၊ နှစ်ကြိမ်အော်ရင် မသေချာဘူး၊ ဘာအသံမှ ထွက်မလာဘူးဆိုရင် ဒီကိစ္စဟာ မဖြစ်မြောက်နိုင်ဘူး စသည်၊ စသည်ဖြင့် နမိတ်ကောက်နိုင်ပါတယ်၊





www.burmeseclassic.com



# မီးခိုးရောင် လောကီပညာရပ် (၂၆)



ဝိညာဉ်လွှင့်နိုင်လာပြီဆိုရင် သင်ဟာ သင့်ရဲ့ရုပ်နဲ့ခန္ဓာဖြစ်တဲ့ Astral Body နဲ့ ဝိညာဉ်လောကကို လေ့လာရပါတော့မယ်၊ ဒီနေရာမှာ သင့်အနေဖြင့် သိထားသင့်တဲ့ အချက်များစွာ ရှိပါတယ်၊ အဲဒါတွေက -

၁) သင်ဟာ အရင်ထက်ပိုပြီး စိတ်အာရုံ စူးစိုက်နိုင်စွမ်းတွေ၊ စိတ်ကူးမြင်ယောင်နိုင်စွမ်းတွေ ရှိရပါမယ်။


၂) ဝိညာဉ်လွှင့်ပြီးတိုင်း ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ရေးမှတ်နိုင်ဖို့အတွက် စာအုပ်တစ်အုပ်ထားပါ။ ဝိညာဉ်လွှင့်ခရီးစဉ်ပြီးဆုံးတိုင်းမှာ ဖြစ်ပျက်မှုတွေကို အသေးစိတ် ရှင်းလင်း ပြတ်သားစွာ မှတ်သားလာနိုင်လေ၊ သင့်ရဲ့အဆင့်ဟာ တိုးတက်လေ ဖြစ်ပါလိမ့်မယ်။

၃) အများစုက ဝိညာဉ်လွှင့်နိုင်ပြီဆိုတာနဲ့ အရင်ဆုံး ကိုယ်နဲ့ သိကျွမ်းတဲ့လူတွေဆီကို သွားချင်ကြပါတယ်၊ ဒါက လူတိုင်းလိုလိုပါပဲ။ ဥပမာအားဖြင့် ကိုယ့်ရဲ့ချစ်သူ၊ မိတ်ဆွေ သူငယ်ချင်းဆီ သွားလိုတယ်။

ဒီလို သွားလာလို့ ရပါတယ်၊ ဒါပေမယ့် ဒီလို သွားနိုင်ဖို့ဆိုရင် သင့်မှာ သင်သွားလိုတဲ့ လူရဲ့ပုံရိပ်(သို့မဟုတ်) သွားလိုတဲ့နေရာရဲ့ပုံရိပ်ကို ကိုယ့်စိတ်ထဲမှာ ပြတ်ပြတ်သားသား ပေါ်ထွက်လာအောင် အာရုံပြုနိုင်တဲ့







စိတ်ကူးမြင်ယောင်နိုင်စွမ်း ရှိဖို့တော့ လိုအပ်ပါတယ်။

ဒီလို ပြုနိုင်ပြီဆိုရင် သင် သွားလိုတဲ့လူဆီ (သို့မဟုတ်) သွားလိုတဲ့ နေရာဆီကို ဝိညာဉ်လွှင့်ပြီးတာနဲ့ ချက်ချင်း သွားနိုင်ပါတယ်။

၄) ဝိညာဉ်လောကကို သွားမှာ ဖြစ်တဲ့အတွက် မကောင်းဆိုးဝါးတွေနဲ့လည်း ဆုံ ကောင်း ဆုံ နိုင်ပါတယ်၊ ဒီလိုဆုံရင် ကိုယ့်ကို သူတို့က မနှောင့်ယှက်နိုင်အောင် ကိုယ့်ရဲ့စိတ်ထဲကနေ ဝိညာဉ်ခန္ဓာ ပတ်လည်ကို အဖြူရောင် အလင်းတန်းနဲ့ ကာကွယ်ထားနိုင်ပါတယ်။

မကောင်းဆိုးဝါးတွေဟာ အလင်းရောင်ကို ကြောက်ပါတယ်၊ ဒါကြောင့် သူတို့ သင့်ဆီ လာရဲမှာ မဟုတ်တော့ပါဘူး။ အဖြူရောင် အလင်းတန်းဟာ လျှပ်စစ် သံကွန်ရက် ကာလိုက်သလိုမျိုးပါပဲ။

စိတ်ကူးမြင်ယောင်တဲ့နည်းကို အသုံးပြုပြီး ကိုယ့်ရဲ့တစ်ကိုယ်လုံးကို ငွေရောင်အလင်းတန်းနဲ့ လွှမ်းခြုံကာကွယ်နည်းကို သင်ဟာ ဝိညာဉ်လွှင့်ခရီးစဉ်မှာရော၊ ကိုယ့်ရဲ့ပြင်ပ လူ့လောကမှာပါ ယုံကြည်မှုရှိရင် အသုံးပြုနိုင်ပါတယ်။

ဒါဆိုရင် ပြင်ပလောကမှာရှိတဲ့ စိတ်ယုတ်မာရှိတဲ့ သင့်ရဲ့ပြိုင်ဘက်တွေပါ သင့်ကို ပြုစားနှောင့်ယှက်၊ အန္တရာယ်ပြုတာတွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါက သုတအနေဖြင့် ဖော်ပြတာ ဖြစ်ပါတယ်၊ တချို့က တော့ မကောင်းဆိုးဝါးတွေ ကြောက်ရွံ့တဲ့ အဆောင်၊ လက်ဖွဲ့တို့ကို ကိုယ်မှာ ဝတ်ဆင်ပြီးတော့လည်း ကာကွယ်ထားကြပါတယ်၊

၅) အကောင်းဆုံးကတော့ မကောင်းဆိုးဝါးနဲ့ မဆုံချင်ရင် သူတို့ အကြောင်းကို လုံးဝ မတွေးရပါပဲ၊ ဒါဆို သူတို့ကို မတွေ့နိုင်ပါဘူး။ သူတို့



www.burmeseclassic.com

www.burmeseclassic.com





ဟာ ကိုယ့်ဟာကိုယ် နေကြသူမျိုးတွေပါ။ သင့်ကို ဂရုစိုက်နေမှာ မဟုတ်ပါဘူး။ တကယ်လို့ မဆုံမဖြစ် ထိပ်တိုက်ကြုံရရင်လည်း သူတို့ကို ဂရုစိုက်ဟန် မပြပါနဲ့။ ဒါဆို သူတို့ ကိုယ့်အနား မကပ်ရဲပါဘူး။

ဒါမှမဟုတ်ဘဲ သင့်ဘက်ကနေ ကြောက်တတ်ဟန်၊ သူတို့ကို စိတ်ဝင်စားဟန်ပြနေရင်တော့ သူတို့က ဖြဲခြောက်ပါလိမ့်မယ်။ ဒီလို ခြောက်လှန့်လာခဲ့ရင်လည်း သင့်ဘက်က ကြောက်စရာ မလိုပါဘူး။ သူတို့က သင့်ကို ဘာမှ ထိခိုက်အောင် မလုပ်နိုင်ပါဘူး။

သူတို့ကို မကြောက်မလန့်နဲ့ ပြန်လည် ရင်ဆိုင်လိုက်ရင်၊ သူတို့ လုပ်ဆောင်သမျှကို ရဲရဲဝံ့ဝံ့ ကြည့်နေရုံနဲ့ သူတို့အနားက ခွာသွားပါလိမ့်မယ်။ အဓိက,က ကိုယ့်မှာ ကြောက်စိတ် မမွေးဖို့ရယ်၊ သူတို့အကြောင်းကို ခေါင်းထဲက ထုတ်ထားဖို့ပဲ ဖြစ်ပါတယ်။

၆) နောက်တစ်ချက်က ဝိညာဉ်လောကထဲမှာ ဆုံးပါးခဲ့ပြီးတဲ့ ကိုယ့်ရဲ့မိဘ၊ မိတ်ဆွေ သူငယ်ချင်း ရင်းနှီးသူ ဝိညာဉ်လောကသားများနဲ့လည်း ဆုံနိုင်ပါတယ်။ ကိုယ်က သူတို့နဲ့တွေ့ချင်ရင် တွေ့ချင်တယ်ဆိုပြီး စိတ်ကူးထားရုံနဲ့လည်း တွေ့နိုင်ပါလိမ့်မယ်။

ဒါပေမယ့် သူတို့ဟာ လူ့လောကမှာ လူ ပြန်ဝင်စားနေတယ်၊ ဒါမှမဟုတ် တခြား ဘုံနေရာတစ်ခုခုကို ရောက်နေပြီဆိုရင်တော့ တွေ့နိုင်မှာ မဟုတ်ပါဘူး။ ဒီလို ဆုံတွေ့ရာမှာ သင့်ဘက်က သတိထားဖို့က သူ







ဆိုတာ အစစ်အမှန်တွေ ဖြစ်နိုင်သလို၊ တစ်ခါတလေ မကောင်းဆိုးဝါးတွေက ကိုယ်နဲ့ ရင်းနှီးသူ၊ မိဘဆွေမျိုး အယောင်ဆောင်ထားတာမျိုးလည်း ရှိတတ်တယ်ဆိုတာကို သိထားဖို့ လိုပါတယ်။

၇) ဒီလို ကိုယ့်မိဘ၊ ဆွေမျိုးတို့နဲ့ တွေ့ရင် ကိုယ့်ဘက်က အများကြီး ယုံကြည်မှုထားဖို့ မလိုအပ်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ ကိုယ့်မိဘအရင်းဖြစ်နေရင်တောင် လူ့ဘဝတုန်းကလို လူ့စိတ်ဆိုတာမျိုး ရှိကောင်းမှ ရှိပါတော့မယ်။ သူတို့မှာ ပရလောကသား စိတ်တွေ ရှိနေပါပြီ။ ဒါကြောင့် အခင်ကလို "ကိုယ့်မိဘ၊ အဖေ အမေပဲ" ဆိုပြီး အပြည့်အဝ ယုံကြည်စိတ်ချလို့ မရနိုင်ပါဘူး။

၈) ဝိညာဉ်လွှင့်ရာမှာ စစချင်း Astral Plane ရုပ်နစခန္ဓာဘုံမှာ သင်ဟာ မိနစ် အနည်းငယ်လောက်သာ နေနိုင်ပြီး သင့်ရဲ့ရုပ်ကြမ်းခန္ဓာဆီ ပြန်ရောက်မှာ ဖြစ်ပါတယ်။ ဘာလို့ ဒီလိုပြန်ရောက်ရသလဲဆိုတော့ ရုပ်နစ်တို့ ခန္ဓာကိုယ်မှာ ဇီဝနာရီရှိနေလို့ အချိန်အကန့်အသတ်နဲ့သာ ဝိညာဉ်လွှင့်နိုင်မှာ ဖြစ်ပါတယ်။

ဝိညာဉ်လွှင့်တာကို အချိန်သိပ်မကြာအောင် ဇီဝနာရီက ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ ပြီးရင် ရုပ်ကြမ်းခန္ဓာရဲ့ဆွဲငင်အားကြောင့် သင့်ဝိညာဉ်ဟာ သင့် ကိုယ်ထဲ ပြန်ရောက်မှာ ဖြစ်ပါတယ်။ နောက်ပိုင်း ဝိညာဉ်လွှင့်တဲ့ အတွေ့အကြုံ များလာတော့မှ၊ တဖြည်းဖြည်း ရင့်ကျက်လာတော့မှသာ နာရီ တချို့အချိန်ကြာသည်အထိ သင် ဝိညာဉ်လွှင့်နိုင်လာမှာ ဖြစ်ပါတယ်။


၉) ဝိညာဉ်လွှင့်တဲ့ လူတစ်ယောက်အနေနဲ့ဆိုရင် ဝိညာဉ်လွှင့်



www.burmeseclassic.com

www.burmeseclassic.com





စဉ်မှာ ကြုံရမယ့် တုန်ခါမှု (Frequency) လှိုင်းနှုန်းများအကြောင်း ကိုလည်း သိဖို့ လိုပါတယ်။ ဝိညာဉ်လွှင့် ခရီးသွားတဲ့အခါ၊ အဆင့်မြင့် အလွှာတွေမှာ လှိုင်းနှုန်း အမြင့်တွေ ရှိသလို၊ အဆင့်နိမ့် အလွှာတွေမှာ လှိုင်းနှုန်းအနိမ့်တွေ ရှိပါတယ်။ ဒါကြောင့် နေရာအလိုက် တုန်ခါမှု အနည်းအများကို ကြုံရလိမ့်မယ်ဆိုတာကို သိထားရပါမယ်။

၁၀) ဝိညာဉ်လွှင့်နိုင်တဲ့ လူတွေဟာ အများအားဖြင့် အသက်ရှည်တတ်ကြပါတယ်။ အကြောင်းရင်းက သူတို့ဟာ – "စကြာဝဠာရဲ့ အသက်ဓာတ် စွမ်းအား" (သို့မဟုတ်) "အာကာသဓာတ်"ကို ဝိညာဉ်လွှင့်စဉ်မှာ စုပ်ယူခွင့် ရရှိလို့ ဒီအရာက ကိုယ့်ရဲ့ကျန်းမာရေးကို အထူးကောင်းမွန်စေပါတယ်။ ဝိညာဉ်မလွှင့်ခင်မှာ ဖြေလျှော့အနားယူတဲ့ လေ့ကျင့်ခန်းကလည်း ကိုယ့်ရဲ့ကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါတယ်။


၁၁) ဝိညာဉ်လွှင့်စဉ်မှာ ကျွန်ုပ်တို့ဟာ ကိုယ့်ရဲ့အနာဂတ်၊ အတိတ်တို့ကို ကြည့်နိုင်ပါတယ်။ ရှေ့ဖြစ်မယ့် အကြောင်းအရာမျိုးတွေကို တီးမိခေါက်မိ နိုင်ပါတယ်။ ဒါပေမယ့် အဲဒီအပိုင်းတွေဟာ နည်းနည်းတော့ ပြောရခက်ပါတယ်။

ကျွန်ုပ်တို့အားလုံးဟာ ကိုယ့်ရဲ့အနာဂတ်ကို ကြိုတင်ကြည့်လို့ ရပေမယ့် အဲ့ဒါတွေဟာ အရာခပ်သိမ်းတော့ ကိုယ်ကြည့်ခဲ့၊ သိခဲ့တဲ့အတိုင်း တကယ် ဖြစ်လာလိမ့်မယ်လို့တော့ ကျိန်းသေ မပြောနိုင်ပါဘူး။ အနာဂတ်ဆိုတာ လမ်းကြောင်း၊ လမ်းခွဲများစွာနဲ့ ဖြစ်ပါတယ်။ အနာဂတ်ကို ကြည့်နိုင်ပေမယ့် တဖေ့တစောင်းသာ ကြည့်ခွင့်ပေးမှာ ဖြစ်ပါတယ်။

၁၂) အနာဂတ်ကိုကြည့်လို့ရပေမယ့် အမြဲတစေတော့ ရနိုင်မှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ တစ်ဘက်မှာ ကံမွန်ိယာမ လို့ခေါ်







တဲ့ ကံတရားက ရှိနေလို့ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ်ဟာ ကိုယ့်ရဲ့ အနာဂတ်ကာလမှာ မကောင်းတာ တစ်ခုခုကို တွေ့ခဲ့မိပြီ ဆိုရင် ငါဟာ ဘာတွေ လုပ်ခဲ့လို့ ဒီလို အနာဂတ်မျိုးဆီ ဦးတည်နေရသလဲ ဆိုတာကို သုံးသပ်ပြီး ပစ္စုပ္ပန် ကာလမှာ အချိန်မီ ပြုပြင်နိုင်ရင်တော့ သင်တွေ့ရှိခဲ့တဲ့ အနာဂတ်ဟာ ပြောင်းလဲသွားပါလိမ့်မယ်။

ဒါပေမယ့် ဒါဟာလည်း အမြဲတစေ ပြောင်းလို့ရနိုင်မှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကံတရား (Kama) ရှိနေတဲ့အတွက် ပြင်ချိန်မရတဲ့၊ ပြင်ခွင့် မပေးတဲ့၊ မတွေ့လိုက်နိုင်တဲ့ အနာဂတ်မျိုးဆိုတာလည်း ရှိပါလိမ့်မယ်။

၁၃) ဝိညာဉ်လွှင့်ပြီး ကျွန်ုပ်တို့ဟာ တခြားသော ရင်းနှီးတဲ့ သူငယ်ချင်း၊ မိတ်ဆွေတွေဆီကို သွားရောက်လည်ပတ်နိုင်တယ်လို့ အရှေ့ပိုင်းမှာ ဖော်ပြခဲ့ပြီးပါပြီ။ ဒီလို သွားရောက်တဲ့နေရာမှာ ကျွန်ုပ်တို့ဟာ သူ့ရဲ့ အတွေးစိတ်ကူး၊ အိပ်မက်ထဲမှာ စကားသွားပြောလို့ ရပါတယ်။ အသိပေးလို့ ရပါတယ်။ ဒါပေမယ့် သူ့ရဲ့အတွေးအခေါ်၊ အိပ်မက်၊ စိတ်ကူးတွေကိုတော့ ချုပ်ကိုင်လို့ မရနိုင်ဘူးဆိုတာ သိထားရပါမယ်။

ပြီးတော့ သင်ဟာ ဝိညာဉ်လွှင့်ပြီး မိသားစုဝင်တွေ အိပ်ပျော်နေတာတွေကိုလည်း ကြည့်နိုင်ပါတယ်။ အဲဒီအချိန်တွေမှာ သူတို့ရဲ့ရုပ်ကြမ်းခန္ဓာရဲ့အပေါ် (၄၊ ၅)ပေအကွာမှာ ငွေကြိုးမျှင်နဲ့ ဆက်သွယ်ထားတဲ့ ဝိညာဉ်ခန္ဓာ လွှင့်နေတာကို တွေ့နိုင်သလို၊ တချို့ကျတော့ အိပ်မက် မက်ပြီး ရုပ်နအလွှာထဲမှာ ခရီးနှင်နေတာတွေကို တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် သင့်လို အသိစိတ်မကပ်တဲ့အတွက် သူတို့ဟာ ဝိညာဉ်လွှင့်နေမှန်း မသိကြတာ ဖြစ်ပါတယ်။

၁၄) ဝိညာဉ်လွှင့်ခရီးစဉ်မှာ သင်ဟာ ရုပ်နနယ်ပယ် Astral



www.burmeseclassic.com

www.burmeseclassic.com





Plane အကြောင်းကို ပိုမိုပြီး သိလာပါလိမ့်မယ်။ အမျိုး မျိုး ခေါ်ကြတဲ့ ရုပ်န နယ်ပယ် (သို့ မဟုတ်) လိပ်ပြာအလွှာဟာ ကျွန်ုပ်တို့ အသက်ရှင် ရပ်တည်နေတဲ့ ရုပ်ကြမ်းအလွှာနဲ့ တစ်ဆက်တစ်စပ်တည်း ပေါင်းစပ်တည်ရှိနေတာကို သင်သိလာပါလိမ့်မယ်။

ဒီအလွှာနှစ်ရကို ခွဲခြားဖို့ သတ်သတ်မှတ်မှတ် စည်းခြားထားတာမျိုး မရှိပါဘူး။ လူတို့ရဲ့ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ အလွှာပါးလေးနဲ့ ခြားထားလို့ လူတွေ မမြင်မတွေ့နိုင်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ကြမ်းအလွှာမှာ တည်ရှိနေတာတွေ အားလုံးကို လိပ်ပြာအလွှာမှာ မြင်တွေ့နိုင်သလို၊ ရုပ်နခန္ဓာဘုံအတွင်းမှာ ရုပ်ကြမ်းခန္ဓာဘုံထဲက လူတွေရဲ့ စိတ်ထဲမှာရှိတဲ့ စိတ်ကူး၊ အတွေးအခေါ်၊ အိပ်မက်တွေကိုပါ တွေ့မြင်နိုင်တာ ဖြစ်ပါတယ်။

တစ်ခါတရံမှာ ရုပ်ကြမ်းအလွှာဖြစ်တဲ့ လူ့လောကရဲ့ တချို့နေရာတွေမှာ ဝိညာဉ်တွေ၊ မကောင်းဆိုးဝါးတွေကို လူတွေအနေဖြင့် မြင်တွေ့ရတယ်ဆိုတာက ဒီအလွှာနှစ်ခုဟာ ပေါင်းစပ် တည်ရှိနေတယ်ဆိုတာကို ပြသတဲ့ သာဓကတစ်ခုပဲ ဖြစ်ပါတယ်။

၁၅) ဝိညာဉ်လွှင့်ရင်းနဲ့ သင်ဟာ ဆရာသခင် တွေ့နိုင်ပါတယ်။ "တပည့် အဆင်သင့်ဖြစ်ရင် ဆရာအရှင်ဟာ သူ့အလိုလို ပေါ်ထွန်းလာပါလိမ့်မယ်" ဒီအတွက် ပူနေစရာ မလိုပါဘူး။ သင့်ကို ကူညီမယ့် မိတ်ဆွေကောင်း၊ ဆရာသမားကောင်းတွေကို ဝိညာဉ်လွှင့်ခရီးစဉ်မှာ တွေ့နိုင်ပါတယ်။ ရုပ်ကြမ်းခန္ဓာရှိတဲ့ လူ့လောကအတွင်းမှာ ဘယ်တော့မှ ဆရာ မရှာပါနဲ့၊ အလိမ်အညာတွေပဲ ရှိပါတယ်။







၁၆) ဝိညာဉ်လွှင့်ခြင်းရဲ့ ကောင်းကျိုး နောက်တစ်ခုကတော့ သင်ဟာ ဝိညာဉ်လွှင့်တတ်လာရင် တစထက်တစ အသက်ရှင်နေထိုင်မှု အကြောင်းတွေကို ပိုပြီး လေးလေးနက်နက် နားလည်လာပါလိမ့်မယ်။ ကိုယ့်ရဲ့ ရုပ်ကြမ်းခန္ဓာကိုယ်ကြီးကိုလည်း အရင်ထက် ဂရုစိုက်လာလိမ့်မယ်။ ခန္ဓာကိုယ်ကြီးကို ထိခိုက်စေမယ့် အရက်သောက်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အစားအသောက်တွေကို အလွန်အမင်း စားသောက်တာတွေကို ရှောင်ကြဉ်လာပါလိမ့်မယ်။

၁၇) ဝိညာဉ်လွှင့်နည်းဟာ သင့်ရဲ့ လူ့လောကထဲက အလုပ်အကိုင်၊ အကြံအစည်များနဲ့ ပတ်သက်လို့ ကောင်းစွာ အကျိုးပြုစေတယ်ဆိုတဲ့ အချက်ကိုလည်း သိလာပါမယ်။

သင်ဟာ အနုပညာသမား တစ်ယောက်ဖြစ်ရင် ဝိညာဉ်လွှင့်တတ်လာပြီးတဲ့ နောက်ပိုင်းမှာ အနုပညာ ဖန်တီးမှုတွေ ပိုမို အားကောင်းလာမယ်။ စာရေးဆရာဖြစ်ရင် အတွေးအခေါ်ပိုင်းတွေ အရင်နဲ့ မတူတော့ဘဲ ထူးခြား ဆန်းသစ်လာမယ်။ စီးပွားရေးနဲ့ အလုပ်အကိုင်တွေမှာ ဆိုရင်လည်း ဝိညာဉ်လွှင့်ကြည့်ရှုတတ်ခြင်းဖြင့် ဒီလုပ်ငန်းဟာ ကိုယ်နဲ့ အကျိုးပေးမလား၊ မပေးဘူးလား၊ ဘယ်လို အောင်မြင်မှုတွေ ရအောင်လုပ်ရမလဲ စတဲ့ အချက်များကို ပိုမို နားလည်လာပါလိမ့်မယ်။

၁၈) နောက်တစ်ချက်ကတော့ ဝိညာဉ်လွှင့်တယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com





ဝိညာဉ်လွှင့်တယ်လို့ပဲ ယေဘုယျ နားလည်စေချင်ပါကယ်။ ဝိညာဉ်လွှင့်တာဟာ ဘာ တန်ခိုးသတ္တိမျိုးကိုမှ ရယူပိုင်ဆိုင်အောင် လေ့ကျင့်တာမျိုး မဟုတ်ပါဘူး။ ဝိညာဉ်လွှင့်တာဟာ တကယ်တော့ ကိုယ့်ရဲ့ ဒသသိပညာတွေကို တိုးတက်လာအောင် လုပ်ဆောင်တဲ့ အသိပညာရပ် တစ်မျိုးသာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ရှင်းရမယ်ဆိုရင် သင်ဟာ ဝိညာဉ်လွှင့်နိုင်လာခြင်းအားဖြင့် ကမ္ဘာလောကကြီးရဲ့အကြောင်းတွေကို ပိုမို နားလည်လာမယ်၊ လက်ရှိ ပစ္စုပ္ပန်နဲ့ အနာဂတ် ကာလတွေမှာ ဘာတွေကိုပြင်ဆင်ထားသင့်တယ်ဆိုတာတွေကို နားလည် သဘောပေါက်လာမှာ ဖြစ်ပါတယ်။ ပြီးတော့ လူ့လောက သက်တမ်းကုန်ပြီးရင် ဘယ်ဆီကို ဆက်သွားရမယ်ဆိုတာတွေကိုလည်း သိလာမှာ ဖြစ်ပါတယ်။

၁၉) သင်ဟာ ဝိညာဉ်လွှင့်နည်းကို သိထားရင် သာမန်လူတို့ကဲ့သို့ သေရမှာ၊ ဘဝတစ်ပါးကို ကူးပြောင်းရောက်ရှိမှာတွေကို ကြောက်လန့်နေတော့မှာ မဟုတ်ပါဘူး။ ဒါဟာ အလွန်ကောင်းတဲ့ အချက်ဖြစ်ပါတယ်။

ဝိညာဉ်လွှင့် အတွေ့အကြုံရှိထားရင် သင့်ရဲ့အသိစိတ်ထဲမှာ ငါဟာ ရုပ်ကြမ်းခန္ဓာကြီး မပါဘဲနဲ့လည်း ဆက်လက် ရပ်တည်နိုင်တယ်ဆိုတာကို နားလည် သဘောပေါက်ထားပြီး သင်ဟာ သံသရာ မပြတ်သရွေ့ ဘယ်တော့မှ မသေနိုင်သူဆိုတာ သိသွားပါလိမ့်မယ်။





၂၀) နောက်တစ်ချက်ကတော့ လူ့ဘဝကံကုန်၊ သေနေ့စေ့လို့ ခန္ဓာကိုယ်ကနေ အပြီးတိုင် ဝိညာဉ်ထွက်ခွာတာနဲ့ ဝိညာဉ်လွှင့်တာ မတူဘူးဆိုတာကိုလည်း သိရပါလိမ့်မယ်။ သေနေ့စေ့လို့ လူသေပြီဆိုရင် ရုပ်ကြမ်းခန္ဓာနဲ့ ဝိညာဉ်ခန္ဓာကြားက တွဲဆက်ထားတဲ့ ငွေရောင်ကြိုးမျှင်လေးဟာ လုံးဝ ပြတ်တောက် ပျောက်ကွယ်သွားပါပြီ။ ဒါဆိုရင် လူဟာ သေဆုံးခြင်းသို့ ရောက်ပါပြီ။

ဝိညာဉ်လွှင့်တာကတော့ အဲဒီငွေကြိုးမျှင်လေးဟာ မပြတ်ဘဲ သင့်ရဲ့ရုပ်ကြမ်းခန္ဓာနဲ့ တွဲဆက်နေတဲ့အတွက် သင်ဟာ ဝိညာဉ်လွှင့်ခရီးတို ဘယ်လောက်ဝေးဝေးကိုပဲ သွားသွား၊ သင့်စိတ် ရုပ်ကြမ်းခန္ဓာဆီ ပြန်ရောက်လိုက်တာနဲ့ အချိန်မရွေး ကိုယ့်ရဲ့ခန္ဓာအိမ်ထဲကို ပြန်ဝင်နိုင်ပါတယ်။

အဲဒီ ငွေကြိုးမျှင်လေးကို သင် ဝိညာဉ်လွှင့်စဉ်မှာ မကောင်းဆိုးဝါးတွေကလည်း လာမဖြတ်နိုင်ပါဘူး။ သင့်ရဲ့ကံတရားရှိတဲ့အတိုင်း ငွေကြိုးမျှင်လေးဟာ တည်ရှိနေမှာ ဖြစ်ပါတယ်။

ငွေရောင်ကြိုးမျှင် (Silver Cord) ဟာ သင်မွေးဖွားလာတဲ့အချိန်ကတည်းက ရုပ်ခန္ဓာနဲ့ ဝိညာဉ်ကို တွဲဆက်ပေးထားတဲ့ ကြိုးမျှင်အဖြစ်နိုင်မာစွာ ပါလာပြီးသားပါ။ သင်အသက်ရှင်သန်နေသမျှ ကာလပတ်လုံး ရှိနေမှာ ဖြစ်ပါတယ်။

၂၁) လူတချို့ဟာ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် တစ်ခုခု






www.burmeseclassic.com

www.burmeseclassic.com





ကြောင့်သော် လည်းကောင်း၊ တခြားသော ထိတ်လန့်စရာ တစ်ခုခုကို ကြုံလိုက်ရပြီး ခန္ဓာကိုယ်ကနေ ဝိညာဉ်လွင့်သွားတတ်ကြပါတယ်။ အဲဒီအချိန်မှာ သူ့ဝိညာဉ်ခန္ဓာဟာ ရုပ်ကြမ်းခန္ဓာကိုယ်ကနေ ခေတ္တ ခဏ ထွက်ခွာသွားပါတယ်။

ဒါကို သတိလစ်သွားတယ်၊ မေ့မြောသွားတယ်လို့ ဆိုကြတယ်။ အဲဒီအချိန်မှာ သူဟာ မျောသွားပြီး သူ့ကို စိုးရိမ်စွာ စောင့်ကြည့်နေတဲ့ လူတွေကို ပြန်မြင်တတ်ခြင်း၊ ဒါမှမဟုတ် ဝိညာဉ်လောကထဲမှာ သေဆုံးပြီး လူတွေကို မြင်တွေ့တတ်ပါတယ်။ ဒါတွေကို သူ ပြန်သတိရလာရင် ပြန်ပြောပြတတ်ကြပါတယ်။

အခုလို သူ သတိပြန်လည်လာတဲ့ အချက်က သူ့ခန္ဓာကိုယ်နဲ့တွဲဆက်ထားတဲ့ ငွေကြိုးမျှင် မပြတ်သေးတဲ့အတွက်ကြောင့် ဖြစ်ပြီး ဒါဟာ ဝိညာဉ်လွင့်လို့ ရတယ်ဆိုတာနဲ့ ပတ်သက်လို့ အကောင်းဆုံး သက်သေပြနိုင်တဲ့ ဥပမာတစ်ရပ် ဖြစ်ပါတယ်။

၂၂) နောက်တစ်ချက်ကတော့ သင်ဟာ ဝိညာဉ်လွင့် ခရီးသွားတဲ့ နေရာမှာ အဆင့်မြင့်အလွှာတွေကို သွားမယ်လို့ စိတ်ကူး ရည်မှန်းထားပါ။ အဆင့်နိမ့်အလွှာသွားမယ်လို့ စိတ်မကူးပါနဲ့။ မြင့်မြတ်တဲ့အလွှာမှာ အဲဒီက စွမ်းအင်တွေကို စုပ်ယူနိုင်ပါတယ်။

အဆင့်မြင့်အလွှာက သူတွေနဲ့လည်း ပျော်ရွှင်စွာ ကာမ ဆက်ဆံ







နိုင်ပါတယ်။ ဒီလို ဆက်ဆံလို့ သင့်မှာ ဘာ အန္တရာယ်၊ ဘာ ထိခိုက်မှုမျိုးမှ မရှိနိုင်ပါဘူး။ အဆင့် နိမ့် အလွှာမှာတော့ သင့်စိတ်ကို ချောက်ချားစေမယ့် အရာတွေပဲ ရှိပါလိမ့်မယ်။

၂၃) ဝိညာဉ်လွင့်တာကို သင်ဟာ ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်တဲ့ အချိန်တိုင်းမှာ အိပ်မက်ချင့်စဉ်နဲ့ လေ့ကျင့်လို့ ရပါတယ်။ ညဘက်မှ မဟုတ်ပါဘူး။ မနက် အစောပိုင်းနဲ့ နေ့လယ်ခင်းတွေမှာပါ လုပ်နိုင်ပါတယ်။

သင်ဟာ ဝိညာဉ်လွင့်မယ်ဆိုရင် အတွေးရှင်းရမယ်။ သိစိတ်ကို ထိန်းချုပ်နိုင်တဲ့ စွမ်းအားတစ်ရပ် ရှိရမယ်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေတဲ့ အချိန်မျိုးတွေမှာ လွင့်လို့ မရနိုင်ဘူး။ ပင်ပန်းပြီး အိပ်ပျော်သွားလို့ မရဘူး။ စိတ်လန်းဆန်းပြီး ခွန်အားအပြည့်ရှိတဲ့အချိန်မှာသာ ဝိညာဉ်လွင့်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက်ပေးနိုင်၊ ထိတ်လန့်သွားအောင် လာမနှိုးနိုင်၊ ကိုယ်တစ်ယောက်တည်း လွတ်လပ်စွာရှိတဲ့ အချိန်မျိုးတွေမှာ လုပ်ဆောင်ပါ။ ဘာလို့ ဒီလိုလုပ်ရမလဲဆိုတော့ ရှေးလူကြီးများ ပြောတတ်တဲ့ စကားတစ်ခွန်း ရှိပါတယ်။ အိပ်ပျော်နေတဲ့ လူတစ်ယောက်ကို နှိုးတဲ့အခါမှာ ကြမ်းကြမ်းတမ်းတမ်း လှုပ်မနှိုးမိစေနဲ့လို့ သတိပေးတတ်ကြပါတယ်။


ဒါဟာဆိုရင် အိပ်နေတဲ့လူတစ်ယောက်ဟာ အိပ်ပျော်ချိန်မှာ ဝိညာဉ်လွင့်နေတတ်ပါတယ်။ ရုတ်တရက် လှုပ်နှိုးလိုက်တဲ့အခါ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com





တွဲထွက်နေတဲ့ ဝိညာဉ်ခန္ဓာဟာ အထိတ်တလန့်နဲ့ ရုပ်ကြမ်းခန္ဓာထဲကို ရုတ်တရက် ပြန်လည် ပူးပေါင်းရတဲ့အတွက် အဆင်မပြေ၊ အသားမကျ တွေဖြစ်ပြီး လူဟာ လန့်နိုးလာတဲ့အခါတွေမှာ စိတ်တိုတတ်၊ မကျေမနပ် တွေ ဖြစ်ကြတာ ဖြစ်ပါတယ်။

၂၄) သင်ဟာ ဝိညာဉ်လွှင့်နိုင်လာခြင်းအားဖြင့် ကိုယ်နဲ့ ဆက်နွယ်နေတဲ့ ကိုယ့်မိသားစုဝင်တွေရဲ့ အနာဂတ်တွေကိုပါ ကြည့်ပြီး ထူးခြားတာ တစ်ခုခုရှိနေရင် သတိပေး ကာကွယ်မှုတွေ ပြုလုပ်နိုင်ပါတယ်။

ဝိညာဉ်လွှင့်ခြင်းက သင့်စိတ်တွေကို တည်ငြိမ်လာစေပါမယ်။ အေးချမ်းလာစေမယ်။ အရေးတကြီး ကိစ္စတစ်ခုခုကြုံရင်တောင် မှန်မှန်ကန်ကန်နဲ့ ဆုံးဖြတ်တတ်စေပါလိမ့်မယ်။ ဉာဏ်ပညာမြင့်မားပြီး တန်ဖိုးရှိတဲ့ ဘဝကို ရစေပါလိမ့်မယ်။


ကဲ . . ဒါကတော့ ဝိညာဉ်လွှင့် အတတ်ပညာပိုင်းနဲ့ ပတ်သက်လို့ရော၊ ဝိညာဉ်လွှင့်စဉ်မှာ သင်ကြုံဆုံရမယ့် ဝိညာဉ်လောကက အခြေအနေတွေကိုပါ ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ နောက်လမှာတော့ အိပ်မွေ့ချခြင်း အတတ်ပညာ၊ အချိန်နဲ့ ခရီးသွားခြင်း အတတ်ပညာတို့ကို ဖော်ပြပေးပါမယ်။

"God Bless You, See you again Next Month."

နောက်လမှာ ပြန်ဆုံကြပါမယ်။

❑






www.burmeseclassic.com

www.burmeseclassic.com





***အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်၊ မန္တရား***

မြန်မာ့ရိုးရာဗေဒင်ပညာနှင့် ဂမ္ဘီရပညာ၊ လောကီပညာရပ်များတွင် "အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်၊ မန္တရား" ဟူ၍ ရှိလေ၏။

၁) အကွက်ချပြီး သချာင်္ဂဏန်း၊ ကိန်းပြည့်များ ရေးထားသည်ကို "အင်း"ဟု ခေါ်လေသည်။

၂) အကွက်ချပြီး ဧ၊ ဓ ၊ ဗ၊ ဝ အက္ခရာနှင့် အခြားသော စမများ ရေးသားစီရင်ထားသည်ကို "အိုင်"ဟု ခေါ်၏။

၃) ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ထန်းရွက်၊ ပေရွက်များပေါ်တွင် သိဒ္ဓိဝင်စာများ ရေးသားထားပြီး ခါးတွင် ပတ်ထားသည်ကို "ခါးလှည့်"ဟု ခေါ်၏။

၄) အင်း၊ အိုင်များကို စနစ်တကျ ရေးချထားပြီး သိဒ္ဓိတင်ကာ လက်မောင်း၊ လည်ပင်းတွင် ချည်ဆွဲထားသည်ကို "လက်ဖွဲ့"ဟု ခေါ်၏။

၅) "ဦ"မခံ . . "သြောင်း"မပါ . . ရွတ်ဆို၊ မန်းမှုတ်သည့် သိဒ္ဓိဝင်စာကို "ဂါထာ" ဟု ခေါ်ပေ၏။

၆) "ဦ"ခံပြီး ရွတ်ဆိုသည်ကို "မန္တန်"ဟု ခေါ်၏။





၇) "သြောင်း"အစရှိပြီး ရွတ်ဆို၊ မန်းမှုတ်ခြင်းကို "မန္တရား" ဟု ခေါ်လေ၏။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၈ | | ၄ |
| ၇ | ၆ | ၅ |

***နရပတ်အင်း***

အင်း၏ လက်ဝဲဘက်ထောင့် အပေါ်ဆုံးမှစ၍ နာရီလက်တံအတိုင်း တစ်ပတ်လည်အောင် အင်းကွက်အတွင်း သချာင်္ဂဏန်းဖြည့်စွက်သော ပုံကို "နရပတ် အင်းကွက်"ပုံဟု သတ်မှတ်ခေါ်ဆိုလေ၏။

သချာင်္ဂဏန်း (၁)မှ (၈)အထိ အစဉ်အတိုင်း ဖြည့်ပြထား၏။ အထက်ပါနည်းအတိုင်း အင်းအဆံသွင်းသော ပုံစံကို "နရပတ်အင်းသွားပုံ"ဟု ခေါ်ဆိုလေ၏။

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | | ၂ |
| ၃ | ၈ | ၅ |

*** မြင်းသွားပုံ အင်း***

စစ်တုရင် ကစားသောအခါ မြင်းရွှေ့ပုံ၊ မြင်းသွားပုံအတိုင်း ရွှေ့လျားဂဏန်း ဖြည့်ခြင်း ဖြစ်ပေသည်။ အင်္ဂလိပ် အက္ခရာ L ပုံသဏ္ဍာန်နှင့် စပ်ဆင်ဆင် မြင်းသွားပုံ ဖြစ်သည်။ သချာင်္ဂဏန်း (၁)မှ (၈)အထိ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အတိုင်း (မြင်းသွားပုံ)နှင့် အင်းဖြည့်ပြထားလေ၏ ။ (၁မှ ၂ - ၂မှ ၃- ၃မှ ၄- ၄မှ ၅- ၅မှ ၆ - ၆မှ ၇ - ၇မှ ၈) ယင်းသည် မြင်းသွားပုံ ဖြစ်၏။

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

***မြင်းဆင်း၊ မြင်းတက်ပုံ အင်း***

အခေါ်အဝေါ် အမျိုးမျိုး ရှိလေ၏ ။ သို့သော် အင်းသွားပုံမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပေ၏ ။

ဂဏန်း(၁)မှ (၉)အထိ အကွက်သွင်းရာတွင် (၁)မှ (၂)၊ (၂)မှ (၃)သို့ မြင်းသွားပုံနှင့် သွားလေ၏ ။ ထို့နောက် (၃)ကိုတက်၍ ဖြည့်ကာ (၄)၊ (၅)၊ (၆)ကို ထောင့်တန်းဆင်း၏ ။ (၆)မှ (၇)ကို (၃)တည့်တက်ပြီး (၇)နှင့် (၈)၊ (၈)နှင့် (၉)ကို မြင်းသွားပုံနှင့် သွားလေ၏ ။

မြင်းသွားနှစ်ခါ (၃)တည့်တက်၊ ထောင့်ဖြတ်ဆင်း၊ (၃)တည့်တက်၊ မြင်းသွားနှစ်ခါ ဤပုံအတိုင်း သွားသော နည်း ဖြစ်လေ၏ ။

အဆိုပါ အင်းကွက်ပါ ဂဏန်းတို့ကို ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ၊ ဒေါင့်တန်းဖြစ်စေ ပေါင်းပါက (၁၅)ပင် ရပေလိမ့်မည်။

ယခု အင်းကွက်ကို ပလတ်စတစ်လောင်း၍ ကိုယ်နှင့်မကွာ ဆောင်ထားကြသည်များ ရှိနေကြလေ၏ ။ စီးပွားလာဘ်လာဘ ကောင်းခြင်း၊ အန္တရာယ်များ ကင်းပစေနိုင်သည်ဟု ဆိုကြလေ၏ ။

အဓိက တင်ပြလိုသည်မှာ "အင်း" အကြောင်းပါတည်း။

❖

***မြန်မာ့ရိုးရာ အင်းအတတ်ပညာ***

မြန်မာ့ရိုးရာ အင်းအတတ်ပညာသည် အလွန်နက်ရှိုင်းပြီး





ကျယ်ဝန်းလှပေ၏ ။ အင်း၏ မူလအခြေခံမှာ (၄)မျိုးရှိ၏ ။

က) ရထားပြေးအင်း

ခ) စရုပတ်အင်း

ဂ) မြင်းသွားပုံအင်း

ဃ) မြင်းဆင်း၊ မြင်းတက်အင်း တို့ပင် ဖြစ်၏ ။

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၃ | ၁၄ | ၁၅ | ၁၆ |

*** ရထားပြေးအင်း ***

နံပါတ်အစဉ်အတိုင်း အင်းကွက်အပေါ်ဆုံး လက်ဝဲဘက်ထောင့်မှ လက်ယာဘက်သို့ တစ်တန်းပြီး တစ်တန်း၊ စနစ်တကျ ရှောင့်တန်းစွာ ဖြည့်သောအင်း ဖြစ်ပါ၏ ။

ပထမတစ်တန်းဖြည့်ပြီး၊ ဒုတိယအတန်း၊ ပြီး တတိယ . . အသည်ဖြင့် ဖြည့်သောနည်းဖြစ်လေ၏ ။ ဥပမာအဖြစ် (၁)ဂဏန်းမှ (၁၆)ဂဏန်း အထိဖြည့်ပြထား၏ ။ ၎င်း အင်းသွားပုံကို "ရထားပြေး"ဟု ခေါ်လေ၏ ။

မြန်မာ့ရိုးရာ အင်းပညာတွင် (အဘယဇာတက အင်း)ဟု အညွှန်းရသော ကိန်းပြည့်သချာ်ဇယားကွက် ရှိလေ၏ ။ သမားရိုးကျတွေ့တဲ့ ထူးထူးခြားခြား စွမ်းပကားကို ပိုင်စိုးထားသော သချာ်ဇယားကွက်ကို "အင်း"ဟုခေါ်ပေရာ "အင်းတကာ အင်း"တို့အနက်မှ အဓိပတိ၊ အထွဋ်အထိပ်ဖြစ်သော ဤ အင်းတော်ကြီး အကြောင်းသည်ကား . .။

❖



www.burmeseclassic.com

www.burmeseclassic.com



## * အဘယဇာတက အင်းတော်ကြီး *

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

အဘယဇာတက ဘုရားရှိနိုးအတိုင်း ၁၆၊ ၉၊ ၆၊ ၃၊ ၅၊ ၄၊ ၁၅၊ ၁၀၊ ၁၁၊ ၁၄၊ ၁၊ ၈၊ ၂၊ ၇၊ ၁၂၊ ၁၃ ဂဏန်း (၁၆)လုံး ဖြည့်ရပါမည်၊ ဘုရားရှိနိုးကို ရွတ်ဆို၍ ဖြစ်တော်စဉ် ဘဝအခါ အရေအတွက် သချာ်ဂဏန်းကို အစဉ်အတိုင်း "ရထားပြေးအင်း" သွားပုံအတိုင်း ဖြည့်ရမည်ဖြစ်၏၊

ဗုဒ္ဓမြတ်စွာ ရှင်တော်မြတ်ဘုရား၏ ဘေးကင်းသော ဘဝဖြစ်စဉ်များကို အာရုံယူ၍ အတုမရှိသော ပါရမီတော်များကို ဦးခိုက်၍ မွေးနံ့အလိုက် သစ်သားပြား၊ မွေးနံ့နှင့် ပတ်သက်သော ရွှေ၊ ငွေ၊ ကြေး၊ ဓာတ်သတ္တုပြားတွင် ဖြည့်သည်ဟု ဆိုပေသည်၊

အဆိုပါ အင်းအတွင်းရှိ သချာ်ဂဏန်းများကို -

* ဒေါင်လိုက်၊ အတန်းလိုက် ပေါင်းပါက (၃၄)ရမည်၊

* အလျားလိုက် ပေါင်းပါကလည်း (၃၄)ရမည်၊

* နီးစပ်ရာအကွက် လေးကွက်အတွင်းရှိသော ဂဏန်းပေါင်းပါကလည်း (၃၄)ရပေလိမ့်မည်၊

ဤမျှ ထူးခြားသောအင်းကွက်တွင် သမာရိုးကျ ထူးခြားမှုသာမက ထူးခြားသော စွမ်းရည်၊ စွမ်းပကားများ နိုအောင်းလျက် ရှိနေပါလိမ့်မည်၊





## * အဘယဇာတက ဘဝ - ၁၃၆ *

ပါရမီအလုံးစုံ ဖြည့်ဆည်းတော်မူစဉ် ကာလအတွင်း ထူးထူးခြားခြား ဒေဝဒတ်၏ ဆန့်ကျင်နှောင့်ယှက် ရန်ဘေးအန္တရာယ်ကင်းသော အခြားသော ဘေးဥပါဒ် တစ်စုံတရာ ကျရောက်ခြင်းမရှိဘဲ အေးချမ်းစွာ၊ ငြိမ်းချမ်းစွာ၊ ပျော်ရွှင်စွာ၊ ဘေးဘယာတင်းဝေးပြီး ပါရမီ ဖြည့်ရသော ဘဝတစ်ရာ့သုံးဆယ့်ခြောက် (၁၃၆)ဘဝသာ ရှိခဲ့ပါ၏၊

ဤသို့ ထူးခြားရှားပါးသော (၁၃၆)ဘဝကို အဘယဇာတက (၁၃၆)ဘဝ ဟူ၍ သတ်မှတ်ထားရှိလေ၏၊

အဘယ ဇာတက (၁၃၆) ဘဝဟူသည်ကား -

| | | | |
|---|---|---|---|
| ၁၊ | ကြိုးကြာ | (၁၆) | ဘဝ |
| ၂၊ | ဟသာ် | (၉) | ဘဝ |
| ၃၊ | နို | (၆) | ဘဝ |
| ၄၊ | ကျေးညို | (၃) | ဘဝ |
| ၅၊ | ကရဝိတ် | (၅) | ဘဝ |
| ၆၊ | ကိန္နရီ | (၄) | ဘဝ |
| ၇၊ | စာမရီ | (၁၅) | ဘဝ |
| ၈၊ | မျောက် | (၁၀) | ဘဝ |
| ၉၊ | ဆင် | (၁၁) | ဘဝ |
| ၁၀၊ | နွား | (၁၄) | ဘဝ |
| ၁၁၊ | သိန္ဓဝ | (၁) | ဘဝ |
| ၁၂၊ | ကျွဲ | (၈) | ဘဝ |
| ၁၃၊ | ဥဒေါင်း | (၂) | ဘဝ |
| ၁၄၊ | သာလိကာ | (၇) | ဘဝ |
| ၁၅၊ | ကြွက် | (၁၂) | ဘဝ |
| ၁၆၊ | ဝက် | (၁၃) | ဘဝ |

ပါရမီတော်နုစဉ်ကာလ အထက်ပါ သတ္တဝါ(၁၆)မျိုးတို့၏ အမျိုးမျိုးနှင့် စုစုပေါင်း (၁၃၆)ဘဝသည် "အဘယဇာတက" ဘဝများဖြစ်ပါ၏၊ ဘေးဘယ်မရှိသော ဘဝများပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



## *အတုမရှိ (အစကြိုးကြာ ဘုရားရှိခိုး)*

" အစ ကြိုးကြာ ဆယ့်ခြောက်ခါ တည့်
ဟသာ် ကိုးဖြစ်၊ ခြောက်ဖြစ်ကား နို
ကျေးညို သုံးခါ၊ သံသာကျူးတိတ်
ကရဝိတ် ငါး၊ လေးပါး ကိန္နရီ
စာမရီ ဆယ့်ငါး၊ မျောက်ကား တစ်ဆယ်
ဆင်ဝယ် တစ်ဆယ့်တစ်၊ နွားဖြစ် ဆယ့်လေး
ကေး သိန္ဓဝ၊ ကျွဲအဌနှင့်
သံသာမြည်ောင်း၊ ဥဒေါင်း နှစ်ခါ
သာလိကာ သတ္တ၊ ဒွါဒသ ကြက်
ဝက်ကား ဆယ့်သုံး၊ ပေါင်းစုံများစွာ
တစ်ရာ့သုံးဆယ့်ခြောက် ဖြစ်ဝယ်၌
အနန္တရာယ်တစ်၊ ဘေးမရှိသည်
မုနိမြတ်လောင်း ဖြစ်တော်ပေါင်းကို
ညွှတ်ပျောင်းတုပ်ကွ၊ ပဏာမဖြင့်
ကြည်စွာသဒ္ဓါ ရှိခိုးပါ၏ ။ "

ဤသည်ကား ဗုဒ္ဓဘာသာဝင်တို့၏ အတုမရှိသော "အဘယ
ဇာတက" ဘုရားရှိခိုး ဖြစ်လေ၏ ။

### * ရှိခိုးကန်တော့ရခြင်းအကျိုး *

ရှိခိုးကန်တော့သောအခါတွင် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဘေးကင်းသော ဖြစ်စဉ်များကို အာရုံပြု၊ အသက်ကို ပဓာနမထားဘဲ ဖြည့်ဆည်းခဲ့သော ပါရမီအရပ်ရပ်သည် မိမိအပါအဝင် သုံးဆယ့်တစ်ဘုံ(၃၁)ဘုံ ကောင်းစေရန်အတွက် ဟူ၍ သိရှိစံယူကာ အတုမရှိသော ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ကျေးဇူးတော်ကိုအာရုံပြု၍ ရွတ်ဆိုပါ။

ထို့နောက် သစ္စာပြုပါလေ၊





" ဗုဒ္ဓ ရှင်တော်မြတ်ဘုရား
ကိုယ်တော်တိုင်သည်
ပါရမီတော်ဖြည့်စဉ်တွင်
မရေမတွက်နိုင်သော ဘဝများတွင်
ဒုက္ခဆင်းရဲကို စံခဲ့ရပါသည်၊
ဤပြဆိုခဲ့သော (၁၃၆)ဘဝတို့တွင်ကား
ဘေးဥပါဒ်ကင်း၊ အနှောင့်အယှက်ကင်း
ပါရမီတော်ဖြည့်ခဲ့ကြောင်း ရဲဝံ့စွာ
ပြောဆို၍ သစ္စာပြုပါသည်၊
ဤမှန်သော သစ္စာစကားကြောင့် ..."
ဆိုပြီး မိမိ လိုရာဆန္ဒပြုပါလေ၊

ထူးထူးခြားခြား အကျိုးအာနိသင်ကောင်းများ သစ္စာမှန်၍ ရခြင်း ကြုံပေလိမ့်မည်၊

### * ဂျူပီတာ အင်းပြား *

| | | | |
|---|---|---|---|
| 16 | 3 | 2 | 13 |
| 5 | 10 | 11 | 8 |
| 9 | 6 | 7 | 12 |
| 4 | 15 | 14 | 1 |

ဂျူပီတာအင်းပြားတွင် ပါရှိသော -

* ဒေါင်လိုက်ဂဏန်းများ ပေါင်းပါက (၃၄)ရ၏ ၊

* အလျားလိုက်တည်ရှိသော ဂဏန်းများ ပေါင်းပါကလည်း



www.burmeseclassic.com

(၃၄) ရ၏။

* ဒေါင့်ဖြတ်တွင်ရှိနေသော ဂဏန်းများ ပေါင်းပါလျှင်လည်း

(၃၄) ရရှိလေ၏။

* နီးစပ်ရာ အကွက်လေးခုတွင်ရှိသော ဂဏန်းများ ပေါင်းလျှင်

(၃၄) ရရှိ အကွက်ရှိသည်။ မရသောအကွက်လည်း ရှိပေ၏။

အဆိုပါ ဂျူပီတာ အင်းပြားကို အဆောင်အဖြစ် အသုံးပြုပါတဲ့ဘေးဥပါဒ် အန္တရာယ်ကင်းခြင်း၊ လာဘ်ပွင့်ခြင်း၊ တန်ခိုးစွမ်းအားကြီးမားခြင်းတို့ကို ဖြစ်စေတယ်လို့ ဂရိပညာရှင်ကြီး "ပိုက်သာဂိုးရပ်စ်" က ဆိုပါတယ်။


❖



(၁၅၁၄) ခုနှစ်တွင် ALBRECHT DURRER က အိပ်မက်အရ ရေးဆွဲသော MELENCOLIA - I အမည်ရှိသော ပန်းချီကားကြီး။ ပန်းချီကားတွင် ရိုက်ဆွဲထားသော "ဂျူပီတာ အင်းပြားကြီး" ကို တွေ့ရပေမည်။







ဤအင်းကွက်ကို အချို့ပညာရှင်များက Magic Square of Durer "ဒြူးရာ၏ အံ့ဩဖွယ် စတုရန်း" ဟု၍ အနောက်နိုင်ငံတွင် ထင်ရှားစွာ သုံးစွဲခေါ်ဝေါ်ကြလေ၏။

(၁၅၁၄) ခုနှစ်တွင် Albrecht Durrer အားလ်ဘရဲ ဒြူးရာ အမည်ရှိသော ဂျာမန်လူမျိုး၊ ပန်းပုလုပ်သား ပညာရှင်ကြီးက တွေ့ရှိ၍ ဖော်ထုတ်ခဲ့သော ယေားကွက်ဖြစ်သည်။

ထို့ကြောင့် ၎င်းအမည်နှင့် ယေားကွက်ကို တွဲဖက် ခေါ်တွင်ခဲ့လေ၏။ ဒြူးရာသည် ၎င်း၏ အိပ်မက်မြင်မက်မှုကြောင့် ရရှိထားသော ယေားကွက်ဖြစ်၏။

၎င်းအား ဂျူပီတာအမည်ရှိသော ကြာသပတေးဂြိုလ်၊ ရုနတ်မင်းကြီးက လူသားတို့အတွက် ပေးခဲ့သော "ဂျူပီတာ အင်းကွက်" ဖြစ်သည်ဟု ဝန်ခံ ပြောဆိုခဲ့လေ၏။ ထို့ကြောင့် Magic Square of Jupiter "ဂျူပီတာ အင်းပြား" ဟု ဂမ္ဘီရ လိုက်စားသော အနောက်တိုင်းသားတို့က ဆို၏။

အနောက်တိုင်း ဂမ္ဘီရဆရာများက ယခု ဂျူပီတာအင်းပြားကို ဆောင်ထားသော် အတိုက်အခိုက် အန္တရာယ်များ ကင်းရှင်းမည်။ အလုပ်တွင် ထားရှိပါက လုပ်ငန်းတိုးတက် အောင်မြင်မည်၊ စီးပွားတက်မည်။ အရောင်းအဝယ်ပွင့်လန်းမည်ဟု ဆိုသောကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ဂမ္ဘီရပညာလိုက်စားသူများက အဆောင်အဖြစ် ဆောင်ကြပါသည်။

တချို့က အင်းကွက်အတွင်း ကိန်းဂဏန်းများ ပေါင်းခြင်း (၃၄) ရရှိသောကြောင့် ဂျူပီတာ အင်းပြား နှင့် "အဘယ ဇာတက" အင်းတို့နှင့် တူညီသည်ဟု ယူဆသူများလည်း ရှိကြသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



## * တမူထူးခြားသော အဆောင်အင်းများ *

ဖော်ပြပါ အင်းလေးကွက်စလုံးသည် ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ၊ ကန့်လန့်ဖြစ်စေ၊ ဂဏန်းအားလုံးကို ပေါင်းကြည့်ပါက အဖြေသည် (၁၃၀) ရရှိလေ၏။

၎င်း အင်းကွက်လေးခုစလုံးသည် သူ့အကျိုးကို သူဖြစ်စေ၍ လူတိုင်းဆောင်ထားသင့်ပေ၏။

| | | | |
|---|---|---|---|
| ၁ | ၄၈ | ၃၁ | ၅၀ |
| ၃၀ | ၅၁ | ၄၆ | ၃ |
| ၄၇ | ၂ | ၄၉ | ၃၂ |
| ၅၂ | ၂၉ | ၄ | ၄၅ |

အင်းကွက်(က)

**အင်းကွက်(က)**

ဂန္ထဝင်ရလိုက်စားသူများ လာဘ်ပွင့်၍ ဆောင်ကြလေ၏။

| | | | |
|---|---|---|---|
| ၅ | ၄၄ | ၂၅ | ၅၆ |
| ၂၈ | ၅၃ | ၈ | ၄၁ |
| ၄၃ | ၆ | ၅၅ | ၂၆ |
| ၅၄ | ၂၇ | ၄၂ | ၇ |

အင်းကွက်(ခ)

**အင်းကွက်(ခ)**

ချစ်ခြင်းမေတ္တာအတွက် "ပီယအဆောင်"အဖြစ် ဆောင်ကြသော အင်းဖြစ်၏။





| | | | |
|---|---|---|---|
| ၃၃ | ၁၆ | ၆၃ | ၁၈ |
| ၆၂ | ၁၉ | ၁၄ | ၃၅ |
| ၁၅ | ၃၄ | ၁၇ | ၆၄ |
| ၂၀ | ၆၁ | ၃၆ | ၁၃ |

အင်းကွက်(ဂ)

**အင်းကွက်(ဂ)**

ရန်အတိုက်အခိုက်နှင့် ကံကောင်းစေရန် ဆောင်ကြလေ၏။

| | | | |
|---|---|---|---|
| ၉ | ၄၀ | ၂၁ | ၆၀ |
| ၂၄ | ၅၇ | ၁၂ | ၃၇ |
| ၃၉ | ၁၀ | ၅၉ | ၂၂ |
| ၅၈ | ၂၃ | ၃၈ | ၁၁ |

အင်းကွက်(ဃ)

**အင်းကွက်(ဃ)**

ဉာဏ်အတတ်ပညာ ထူးခြားစေရန် ဆောင်ကြလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



ပယောဂ ပြုတ်အင်း

| | | | |
|---|---|---|---|
| ၂ | ၃ | ၇ | ၂ |
| ၇ | ၀ | ၀ | ၃ |
| ၃ | ၀ | ၀ | ၇ |
| ၂ | ၇ | ၃ | ၂ |

* ပယောဂပြုတ်အင်း *

သိမ်ဝင်သပိတ်ကွဲတွင် ဤအင်းကို ချ၍ ပြည်ဝင်အိုးအသစ် မြေအိုးမှာ ရေအပြည့်ထည့်၍ ပြုတ်ပြီး စုန်းရှူး နတ်ရှူးတို့ကို တိုက်နိုင်ပါသည်၊ အဖျားနှင့် ဖျဥ်းဆွဲသူတို့ကိုလည်း တိုက်နိုင်ပါ၏ ။

| | | |
|---|---|---|
| ၁၀ | ၁၇ | ၁၂ |
| ၁၅ | ၁၃ | ၁၁ |
| ၁၄ | ၉ | ၁၆ |

ဈေးခေါ်အင်း

| | | |
|---|---|---|
| ၆ | ၁၃ | ၈ |
| ၁၁ | ၉ | ၇ |
| ၁၀ | ၅ | ၁၂ |

ကုန်ရောင်းအင်း

* ဈေးခေါ်အင်းနှင့် ကုန်ရောင်းအင်း *

ဤ ဈေးခေါ်အင်းနှင့် ကုန်ရောင်းအင်းတို့ကို အမွှေးနံ့သာ စိမ်ပြီး မိမိရောင်းမည့် ပစ္စည်းပေါ် ပက်ဖျန်းပေးပါက အမြန်ရောင်းထွက်ပါလိမ့်မည်၊





* ဘေးအန္တရာယ်ကင်းစေဖို့ နံပေါ် နဝင်းတော်အင်း *

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |

တနင်္ဂနွေသားသမီးများအတွက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |

တနင်္လာသားသမီးများအတွက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |

အင်္ဂါသားသမီးများအတွက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |

ဗုဒ္ဓဟူးသားသမီးများအတွက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |

ကြာသပတေးသားသမီးများအတွက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |

သောကြာသားသမီးများအတွက်

www.burmeseclassic.com

www.burmeseclassic.com



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

စနေသားသမီးများအတွက်

ခုနစ်ရက်သားသမီးများအတွက် အဆောင်အဖြစ် ဆောင်ထားနိုင်ဖို့ နံပေါ်၊ နဝင်းတော်အင်းကို ဖော်ပြလိုက်ရပေသည်။

အကျိုးအာနိသင်မှာကား - အသက်ရှည် ကျန်းမာ၍ မီးဘေး ရေဘေး၊ လေဘေး၊ မိုးသူဘေး စသည့် ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်စေခြင်း၊ ဘေးအန္တရာယ် ကင်းစေခြင်း၊ ဘေးအန္တရာယ် အမျိုးမျိုး ကင်းပစေ၍ ချမ်းသာသုခ အကျိုးရရှိစေပါလိမ့်မည်။

## *အထူးယတြာ ပြုလုပ်ရန်*

မိမိနေ့နံအလိုက် ဖော်ပြပါယေားကို ကူးယူ၍ အခက်အခဲ အမျိုးမျိုးနှင့် အချုပ်အနှောင် ဘေးအမျိုးမျိုး၊ ရောဂါဝေဒနာဖြစ်ပါက ဤနဝင်းတော်အင်းကို မိမိခေါင်းအုံးအောက်တွင် တစ်ရက်ထား၍ အိပ်ပြီး နောက်တစ်နေ့တွင် သန့်ပြန့်သောနေရာတွင် စွန့်ပစ်ပေးပါ။ (၃)ရက်တိုင်တိုင် ပြုလုပ်ပေး၍ လိုရာဆုတောင်းနိုင်ပါသည်။





| ၃၆ | ၃၆ | ၃၆ | |
|---|---|---|---|
| ၉ | ၁၆ | ၁၁ | ၃၆ |
| ၁၄ | ၁၂ | ၁၀ | ၃၆ |
| ၁၃ | ၈ | ၁၅ | ၃၆ |
| ၃၆ | | | |

(ဝိယသိဒ္ဓိ အင်း)

## *ဝိယသိဒ္ဓိအင်း*

ဤအင်းကို ရွှေပြား၊ ငွေပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်သော် ဝိယအရာတွင် ထူးကဲစွာ ချစ်ခင်၊ နှစ်သက် စွဲမြဲစေ၏။

(ယောဆရာကြီး ဦးဇေသိန်းမှ ၁၃၀၂- ခုနှစ်တွင် အသင့် စီရင်ထားခဲ့ပါသော ဝိယသိဒ္ဓိ အဆောင်အင်းဖြစ်၏။ ပွဲတော့အင်းလည်း ခြစ်သည်ဟု ဆို၏။)

## *အံ့ဖွယ်ထူးခြား အကွက်ယေား*

(အံ့ဖွယ်ထူးခြား အကွက်ယေား)

| | | |
|---|---|---|
| 4 | 9 | 2 |
| 3 | 5 | 7 |
| 8 | 1 | 6 |

ဂဏန်း(၁)မှ (၉)အထိကို ယေားကွက်တွင် ဒေါင်လိုက်၊ ဘန့်လန့်၊ ဘေးတိုက်ပေါင်းသော် (၁၅)ဂဏန်းကို ရသည်။



www.burmeseclassic.com

www.burmeseclassic.com



* ၄+၉+၂=၁၅　　* ၉+၅+၁=၁၅
* ၃+၅+၇=၁၅　　* ၂+၇+၆=၁၅
* ၈+၁+၆=၁၅　　* ၄+၅+၆=၁၅
* ၄+၃+၈=၁၅　　* ၂+၅+၈=၁၅




အရှေ့ဖျား စာပေ ယဉ်ကျေးမှုတို့၏ ဖခင်ကြီး ဖုဆီ (Fuhsi)မှ မြစ်ဝါမြစ်အတွင်းက ပေါ်ထွက်လာသော လိပ်ကြီးတစ်ကောင်၏ ကျောအထက်မှ သချာ် ဂဏန်းများမှ တဆင့် ထူး ဂမ္ဘီရအစွမ်းကို ရခဲ့သည်ဟူ၏။

ဖုဆီ တွေ့ခဲ့သော လိပ်ကျောခွံမှ သချာ် ဂဏန်းကွက်ကို ယနေ့တိုင် "အံ့ဖွယ် စတုရန်းများ" အကြောင်း Magic- Square ရေးရာတွင် မပါမဖြစ်ထည့် သွင်း ရေး သားထားကြလေ၏။ ၎င်းဇယားကွက်ကို အနောက်တိုင်းတွင် "ဂဏန်း ဗေဒင် ဟောကွက်"အဖြစ် ဟောကြလေသည်။


မြန်မာနိုင်ငံတွင် ဆရာကြီး ဦးမိုးနင်း ရေးခဲ့သော ဂဏန်းဗေဒင် စာအုပ်တွင်လည်း ဤထူးခြားသော စတုရန်းကွက်ကို အခြေခံသည့် ဂဏန်းဗေဒင် ဟောကိန်းကို ပြန်ဆိုရေးသားခြင်း ဖြစ်သည်။

၎င်းဇယားကွက်ကို "တမူထူးခြားသော အဆောင်အင်း" အဖြစ် အသုံးပြုကြသည်များရှိသည်။ ဤဇယားကွက်ကို ဉာဏ်ရှိ သုံးစွဲနိုင်ပါက ဤစကြာဝဠာ၏ လျှို့ဝှက်မှု ပေါင်းများစွာကို ရရှိမည်ဟု ဖုဆီ (Fuhsi)က ဆိုခဲ့ပါလေသတည်း။

ဝေယံဘုန်းပြည့်








www.burmeseclassic.com



## သံချောင်းထိုး၊ မီးနင်း၊ ဓားနင်း၊ ရင်ထုပွဲများ



ဟိန္ဒူ၊ တမီးလ်၊ မဂိုလ်လူမျိုးတို့သည် ဘာသာရေး ကိုးကွယ်ယုံကြည်မှုတွင် စိတ်ရော၊ ခန္ဓာကိုယ်ပါ နှစ်၍ ယုံကြည်လက်ခံ လိုက်နာကြ၏။

လက်ခံယုံကြည် လိုက်နာ ကျင့်သုံးသော အကျင့် လုပ်ဆောင်မှုများကို "ဂန္ဓာရီ အတတ်" ဟုပြောကြပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တော်ကပင် အရှိန်အဝါ ကြီးမား ထွန်းကားခဲ့သည့် ပညာရပ် ဖြစ်သည်။

အယူတရား၏ လက်ခံယုံကြည်မှု ဖြစ်သည်၊ သုတ်သီလက္ခန်ပါဠိတော်၊ ကောဝဋ္ဋသုတ်တော်၌ "အတ္ထိခေါ် သောဂန္ဓာရီ နာမ ဝိဇ္ဇာ" ဟု အစရှိသော ဒေသနာတော်ဖြင့် အောက်ပါအတိုင်း အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်။

"ဂန္ဓာရီမည်သော အတတ်သည် ရှိ၏။
စိန္တာမဏိမန္တန်သည်လည်း ရှိ၏။
ထိုမန္တန်သည် အထူးထူး အပြားပြားသော
တန်ခိုးတို့ကိုလည်း ဖန်ဆင်းနိုင်သည်၊
သူတစ်ပါးတို့၏ စိတ်ကို သိနိုင်သည်သာတည်း"

ဗုဒ္ဓဘုရားရှင်လက်ထက်ကပင်ရှိခဲ့သော ဂန္ဓာရီအတတ်သည်








စိတ်နှင့်သက်ဆိုင်သည်ဟူသည်မှာ အမှန်ဟု လက်ခံရပေမည်။

ဟိန္ဒူ လူမျိုး၊ တမီးလ် လူမျိုးတို့၏ စိတ်တန်ခိုးနှင့် သက်ဆိုင်သည့် ပွဲမှာ မီးနင်းပွဲပင် ဖြစ်သည်။ မီးခဲရဲရဲပေါ်တွင် ဖြတ်သန်း ကြပေသော် စိုးစဉ်းမျှ ခန္ဓာကိုယ်ကို အပူလောင်ခြင်း မရှိကြပါ။

ထိုမီးနင်းပွဲတွင် အဓိဋ္ဌာန်ပြု၍ နင်းသူများသည် ခန္ဓာကိုယ်တွင် သံချောင်း (အပ်)ထိုးခြင်း၊ သံချိတ် ချိတ်ခြင်း၊ လျှာကိုအပ်စိုက် (သံချောင်းထိုး)ခြင်း၊ ပါးပြင်ကို ထုတ်ချင်းပေါက် သံချောင်းထိုးခြင်း ပြုရာတွင် လိုက်နာ ကျင့်ကြံရမှုများ ရှိသည်။

ထိုအချက်များကို သုတအနေဖြင့် ဖော်ပြပါမည်။ သံချောင်းထိုး (အပ်စိုက်)ပြီး မီးပုံနင်းသူတို့ လိုက်နာကြရသည့် အချက်များမှာ -

၁) အရက်၊ ဆေးလိပ် မသောက်ရ၊
၂) အသားစားရှောင်၍ အသက်သတ်လွတ် စားရသည်၊





www.burmeseclassic.com

www.burmeseclassic.com





၃) နံနက်စာကိုပဲ စားသုံးပြီး ညစာကို ရှောင်ရသည်၊
၄) မည်သည့် ပုဆိုး၊ အကျႌကိုမှ မဝတ်ရပါ၊
၅) ရေဖျော် နနွင်းဆိုးထားသော ပိတ်အဖြူကိုသာ ဝတ်ရသည်၊
၆) ကိုယ်အပေါ်ပိုင်းတွင် အကျႌမဝတ်ရပါ
(ပိတ်အဖြူ နနွင်းဆိုး၍ ပတ်)
၇) အိပ်ရာခင်းနှင့် မအိပ်ရပါ။ ခေါင်းအုံး၊ စောင် မသုံးရပါ။
၈) ဖိနပ် မစီးရ၊
၉) သားမယားနှင့်အတူ အအိပ်အနေ မပြုရပါ၊
၁၀) ထိုကဲ့သို့ (၁၁)ရက် ပြုလုပ်ရသည်၊ (အဓိဋ္ဌာန် ပြုရသည်)

အဓိဋ္ဌာန် အောင်မြင်လျှင် အပ်စိုက်သော ဆရာ (သီးခြား)တ
အဓိဋ္ဌာန်ဝင်ထားသူများကို နတ်ဆရာမှ မန်းမှုတ် ရွတ်ဖတ် ခြင်းများ ပြုလုပ်
ပေးပြီးလျှင် အပ်များကို စိုက်ရသည်။ အပ်စိုက်ခံရသူကို နတ်ဆရာက
မယ်တော်ပင့်ပေးခြင်း၊ သက်ဆိုင်ရာ အစောင့်အရှောက် ပုဂ္ဂိုလ်များကို
ပင့်ပေးခြင်း၊ မေတ္တာပို့ ဆုတောင်းပေးခြင်းများ ပြုလုပ်ပေးသည်။

အပ်စိုက်ခံသူ၊ အဓိဋ္ဌာန်ဝင်သူများသည် သန့်ရှင်းစင်ကြယ်ရန်
အထူး လိုအပ်သလို၊ အပ်စိုက်ပေးသူနှင့် နတ်ဆရာကိုယ်တိုင်ပါ ဤအချိန်
တွင် သန့်ရှင်းအောင် အဓိဋ္ဌာန် ပြုထားကြရသည်။







မီးနင်းရန် အဓိဋ္ဌာန်ထားသူ၏ ကိုယ်မှာ သံချောင်း (အပ်) စိုက်ရာတွင် (၁၀၈)ချောင်းထက် မပိုရဘဲ လျှော့လျှင် စုံဂဏန်းဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ အပ်စိုက်ရာတွင် ခန္ဓာကိုယ်၌ အပ်စိုက်၍ ပန်းကြိုး အလှဆင်ခြင်း၊ လျှာကို ထိုးခြင်း၊ ပါးကို နစ်ဖောက်ပေါက်ထိုးခြင်း၊ ကျောနှင့် ရင်ဘတ်တို့တွင် ချိတ်စွဲသော သံချောင်းနှင့် တွဲ၍ ဆွဲ ယူသော အလေးချိန်မှာ မိမိ၏ဆွဲအား ရှိသလောက် အလေးချိန်ကို ဆွဲရသည်။

## မီးအိုးခေါင်းရွက် ဓားနင်းပွဲ

ဓားနင်းခြင်းမှာ နတ်ဆရာကိုယ်တိုင်နှင့် မီးနင်းသူထဲမှ အဓိဋ္ဌာန် ယူထားသူတို့က ဓားနင်းကြသည်။

ဝါးကို လှေခါးအဖြစ် ပြုလုပ်ပြီး နင်းတက်ရသော လှေကားဆံ (ခြေနင်းတန်း)ကို ဝါးကို နှုတ်ယူပြီး ဓားကို အစားထိုးထည့်ထားခြင်း (ဓား



www.burmeseclassic.com

www.burmeseclassic.com





များမှာ အဖျားကောက်၍ အလွန်မှ ထက်သော ဓားမကြီးများ ဖြစ်သည်)

ထို ဓားသွားအပေါ်တွင် သံပုရာသီးများကို ဓားသွား အနည်းငယ် မြုပ်အောင် လုပ်၍ တင်ထားသည် (ဓားများသည် ပက်လက် ဖြစ်သည်)

ဓားနင်းသူသည် ခေါင်းပေါ်တွင် မီးအိုးကို ရွက်ထားပြီး ဓားလှေကားပေါ်ကို ပြေး၍တက်သည်လည်း ရှိသည်၊ အနားမှကပ်၍ တက်သူလည်း ရှိသည်) ဓားပေါ် တက်နင်းလိုက်သည်နှင့် ဓားသွားပေါ်မှ သံပုရာသီးများသည် ထက်ခြမ်းဖြစ်၍ ကျကန်သည်၊

ဓားတစ်လက်ပေါ်တွင် သံပုရာသီးများမှာ နှစ်လုံးမှ လေးလုံးအထိ တင်ထားသည်၊ ဓားကိုလည်း လှေကားတစ်စင်းတွင် လေးချောင်းမှ ခြောက်ချောင်း (ဓားကို နှစ်စင်း၊ လေးစင်း၊ ခြောက်စင်းအထိ တတ်ထား










၏)။ ဓားတွင် တင်ထားသော သံပုရာသီးက ထက်ခြမ်းကွဲ၍ ကျလာလျှင် သေးလူတို့က အလုအယက် ကောက်ယူပြီး ဆောင်ကြ၏။

မီးအိုးပိုက်၍ ဓားနင်းသူများကို ကျန်းမာရေး၊ စီးပွားရေးကိစ္စ၊ အလုပ်အကိုင် အကြံအစည်များ အောင်မြင်မည်၊ မအောင်မြင်မည်ကို မေးမြန်းနိုင်သည်၊ လူမျိုးတစ်မျိုး၏ ဓလေ့၊ ဘာသာ၊ ယုံကြည်မှု အယူအဆတို့တွင် အာရုံ၏ဖြစ်တည်မှုတွင် အံ့သြစရာ ကောင်းလွန်းသည့် ယုံကြည်ရန် ခဲယဉ်းပြီး မျက်မြင် ကိုယ်တွေ့အဖြစ်အပျက်များကို မီးနင်းပွဲ၊ ဓားနင်းပွဲများတွင် မြင်နိုင်သည်၊

နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေကြ ဟိန္ဒူရိုးရာ မီးနင်းပွဲများကို ရန်ကုန်မြို့ရှိ နေရာတော်တော်များများမှာ မတ်လနဲ့ ဧပြီလတို့မှာ ပြုလုပ်လေ့ရှိပြီး ရန်ကုန်တိုင်း၊ သန်လျင်မြို့တွင် မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး မီးနင်းပွဲကြီး ရှိကြောင်း သိရသည်၊

## မဂိုလ်လူမျိုးတို့၏ ရင်ထုပွဲ

နောက်လူမျိုးတစ်မျိုးကတော့ မဂိုလ်လူမျိုးတို့၏ ရင်ထုပွဲပင်ဖြစ်၏ ။ ထိုပွဲတော်က သွေးထွက်သံယို အနာတရ ရှိသည်၊ အမျိုးသမီးများပါ ပြုလုပ်ကြသည်၊ ထိုရင်ထုပွဲသည် ဘာသာရေးပွဲတော် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ ယုံကြည်လက်ခံမှု မိုးရာဝေလေ့ပွဲတော်လည်း မဟုတ်ပါ။

ထရို့နိုင်ငံများတာ လူမျိုးအချို့တို့က မဂိုလ်ရင်ထုခြင်းကို လက်ခံကြပါ။ အကြောင်းရင်းမှန်မှာ တိုင်းပြည်အတွက်၊ လူမျိုးအတွက် အသက်ပေး စွန့်လှူသွားသော စစ်မြေပြင်တွင် ကျဆုံးသူ မျိုးချစ်ရဲဘော်များတို့ လွမ်းဆွတ် ဂုဏ်ပြုပွဲ ပြုလုပ်ခြင်းသာ ဖြစ်သည်။

ရှေး မဂိုလ်ဘုရင်များက သူ၏ စစ်သည်တော်များ၊ ရှေ့တန်း စစ်မျက်နှာတွင် ကျဆုံးကုန်ကြသည်ကို အောင်းမေ့သတိရစွာဖြင့် ဂုဏ်ပြုပွဲ ပြုလုပ်ခြင်းသာ ဖြစ်သည်။ ထိုပွဲကို မပါမနေရ အမိန့်ထုတ်ပြန်၍ ပြုလုပ်ခဲ့သဖြင့် ထိုပွဲတော်မှာ ရှေးအခါက အလွန် စည်ကားခဲ့သည်။

ရင်ဘတ်ကို လက်ဝါး၊ လက်သီးတို့ဖြင့် ရိုက်ပုတ်ထုခြင်းသည် အနည်းငယ် နာကျင်ရုံပင် ဖြစ်သည်။ ဂုဏ်ပြုပွဲနှင့်တူအောင် ပြုလုပ်ရမည်ဟု ဘုရင်၏အမိန့်က ထပ်မံထွက်လာသဖြင့် ယခင်က အမျိုးသမီးများပါ ပါဝင်ဆင်နွှဲနေရာမှ အမျိုးသမီးများ မပါတော့ဘဲ အမျိုးသားများပင် ဆင်နွှဲရာ၌ သံချွန်၊ သံပြား၊ ဓားသွားများကို လက်တွင် ကိုင်ပြီး ရင်ဘတ်ကို ထုရိုက်ကြသဖြင့် သွေးများထွက်ပြီး ဒဏ်ရာ အနာတရများ ဖြစ်ကြသည်။

ထို့အပြင် ကျောကုန်းကိုပါ သံကြိုးကွင်းများ၊ ချိန်းကြိုးများဖြင့် ရိုက်ပုတ်လာကြသည်။ ထိုအချိန်မှ အစပြုခဲ့သော မဂိုလ်လူမျိုးတို့၏ ရင်ထုကျောထုပွဲ(ရင်ထုပွဲ)မှာ ယနေ့ခေတ်ကာလတိုင် ရောက်ရှိလာပြီး ကျင်းပပြုလုပ်နေကြသေးသည်။ သို့သော် ခေတ်မီလာသော ခေတ်ပညာတတ် မဂိုလ်လူငယ်တို့က ယနေ့ခေတ် မဂိုလ်ရင်ထုပွဲကို အားပေးခြင်း မပြုကြတော့ပေ။ တချို့သော နိုင်ငံကြီးများကလည်း လက်မခံကြတော့ပါ။

ကမ္ဘာပေါ်ရှိ လူမျိုး အသီးသီးတို့တွင် ဟိန္ဒူ၊ တမီးလ်၊ မဂိုလ် လူမျိုးတို့၏ မီးနင်းပွဲ၊ ဓားနင်းပွဲများ၊ ရင်ထုပွဲကဲ့သို့ အံ့သြစရာ ကောင်းလှသော ရိုးရာအလိုက်ပွဲများ ရှိကြောင်း သိမှတ်ထားနိုင်ဖို့ သုတ ဖြစ်ရပ်ဆန်း အဖြစ် ဖော်ပြလိုက်ပါသည်။



# နှမိတ်ကောက် အိမ်မြှောင်ကျ

စိုးယဉ်ထွန်း





www.burmeseclassic.com

www.burmeseclassic.com





။

"အိမ်မြှောင်ကျတာကို
နမိတ်ကောက်မယ်ဆိုရင်
ယောကျ်ား မိန်းမ မရွေး
ကျရောက်တဲ့နေရာ၊ ကိုယ်အစိတ်အပိုင်း
ဘယ်နေရာကို ကျရောက်သလဲဆိုတာသာ
အရေးကြီးပါတယ်"

တစ်နေ့ နံနက်ပိုင်းတွင် အိမ်မှ အပြင်မထွက်တော့ဘဲ စာရေးမည်ဟု အတွေးနှင့် စာအုပ်စင်မှ စာအုပ်များထဲတွင် မွှေမွှေနှောက်နှောက်နှင့် ရှာဖွေနေမိသည်။ လက်က စာအုပ်နှစ်အုပ်ကို ကိုင်မိလိုက်ချိန် ..

"ဆရာစိုး .. ဘယ်မှ မသွားဘူးလား"

မေးသံနှင့် အိမ်ပေါ်ကို တက်လာသော ကိုအောင်မြင့်၊ လေတပ် (ငြိမ်း)ကြောင့် စာအုပ်စင်နားမှ ခွာ၍ လက်ထဲမှ စာအုပ်နှစ်အုပ် ကိုင်ထားလျက် ..

"လာ .. ကိုအောင်မြင့်၊ ဒီနေ့ စာရေးဖို့အတွက် ဖတ်မလို့ဗျာ"

"ဘာကို ရေးဖို့၊ ဘာကို ဖတ်မှာလဲဗျ"

"အဲ .. ဟို .. ဘာရယ်လို့ မဟုတ်ပါဘူး၊ ဖတ်ရင်းနဲ့ အတွေးပေါက်တာလေး ရေးမလို့ပါ"

"လက်ထဲက ဘာစာအုပ်လဲ ဗျ၊ ထူထူနဲ့ ပါးပါးပါလား"

ကိုအောင်မြင့်က ပြောရင်းနှင့် လက်လှမ်းသဖြင့် စာအုပ်စင်မှ ဆွဲထုတ်လိုက်သော စာအုပ်နှစ်အုပ်ကို လှမ်းပေးလိုက်သည်။

ကိုအောင်မြင့်က စာအုပ်ကိုယူ၍ ကြည့်ပြီး ..

"ဟ .. ဆရာစိုးရဲ့ .. ဓာတ်ရိုက် ဓာတ်ဆင် ဝါ ဘုရင်နဲ့ ဟနုမန်





စရိတကျမ်း ဆိုပါလား။ စာရေးဆရာကနေပြီး ဓာတ်ဆရာ၊ အဓါပေး ဆရာများ လုပ်ဦးမလို့လား"

"ဟာဗျာ .. မဟုတ်ပါဘူး ကိုအောင်မြင့်ရယ်၊ စာရေးဆရာဘဝနဲ့တော့ ဘယ်ဘဝကိုမှ မလဲနိုင်ပါဘူးဗျာ"

ကိုအောင်မြင့်ရဲ့ရယ်သံနှင့်အတူ ဟနုမန် စရိတ ကျမ်းဆိုသည့် စာအုပ်ကို စာရွက်များ လှန်လိုက်သည်။

"အဲဗျ .. ဆရာစိုးရေ .. တိရစ္ဆာန် ကျခြင်းနဲ့ ပတ်သက်ပြီးရောအသံ၊ အနံ့၊ အပြုအမူ မြင်တွေ့ထိမှုတွေအကြောင်းကို နမိတ်ဖတ်တဲ့ အကြောင်းပဲဗျ၊ ဒါဆိုရင်တော့ အတော်ပဲဗျာ၊ ကျွန်တော့်အိမ်မှာ ပက်လက်ကုလားထိုင်နဲ့ ထိုင်ရင် ကိုယ်ပေါ်ကို အိမ်မြှောင်ကျ,ကျလာတယ်။ အမြဲတမ်း မဟုတ်သလို၊ ကျွန်ုပ်တစ်ယောက်တည်းရဲ့ကိုယ်ပေါ်ကို ကျတာလည်း မဟုတ်ပါဘူး၊ အိမ်သားတွေနဲ့ လာလည်တဲ့ ဧည့်သည်တွေပါ အကျခံရတယ် ဗျာ။ လုပ်စမ်းပါ ဆရာစိုးရယ်"

ကိုအောင်မြင့်က ဟနုမန် စရိတကျမ်းစာအုပ်ကလေး လှမ်းပေးရင်းနှင့် သူသိချင်တာကိုပါ မေးလာသည်။

"အင်း .. ခင်ဗျားက အတိတ်၊ နမိတ်၊ တဘောင်တွေ ယုံတော့လည်း ပြောပြရတာပေါ့ဗျာ။ ရှေးက လူကြီးတွေက သေသေချာချာ လေ့လာပြီး မှတ်တမ်းမှတ်ရာနဲ့ စာနဲ့ပေနဲ့ ထားခဲ့လို့ ခင်ဗျားတို့ ကျုပ်တို့လို နောင်းလူတွေ သိရတာပ"

"ဟုတ်ပါတယ် ဗျာ .. အခုလို ရိုးရာ ဓလေ့ယဉ်ကျေးမှုပါ ပျောက်ပြီး ခေတ်ရောယောင်လူစားမျိုးတွေကတော့ တန်ဖိုးမသိ၊ မှတ်သားရမှန်း မသိတဲ့သူတွေ များလာတော့ ပျောက်ပျက်သွားမှာစိုးလို့ ဆင့်ပွား ရေးသင့်ပါ တယ်"

"ကဲ .. ကဲ အိမ်မြှောင်ကျခြင်း အကြောင်းလေးကိုပဲ ကျွန်တော် လေ့လာမိသလောက် ပြောပြမယ် .. ခင်ဗျားက





www.burmeseclassic.com

www.burmeseclassic.com





လိုက်မှတ်ပေါ့"

"ဟုတ်ပါပြီ ဗျာ.."

"အိမ်မြှောင်နဲ့ ပတ်သက်ပြီး အရင်ဆုံး သတိထားရမှာက အိမ်မြှောင်ရဲ့ချေး သေး(မစင်၊ ကျင်ငယ်ရည်)တို့က လူကို သေစေတယ်ဗျ။ ကြောက်စရာကောင်းတဲ့ သဘာဝ အဆိပ်တစ်မျိုးပဲ၊ အိမ်မြှောင် အမြီးနှစ်ခွ တို့၊ အိမ်မြှောင်ဖြူတို့ဆိုရင် ဆေးဘက်ဝင်တယ်၊ ပီယဆေးဘက်မှာလည်း ထည့်သုံးနိုင်တယ်။

ဗျာနဲ့ ဖင်ကပ်အောင် စီရင်ပြုလုပ်နည်းမှာ အိမ်မြှောင်အသေကို ထည့်ပြီး ဆေးအသုံးပြုလုပ်ကာ အဖျော်လုပ်ပြီး ဗျာမှာ သုတ်လိမ်းထားရင် အဲဒီဗျာကို ထိုင်မိသူဟာ ဗျာနဲ့ တင်ပါး တစ်သားတည်း ကပ်နေပော့တာပဲဗျ။ တချို့နယ်ဘက်တွေမှာ အဲ့လို သုံးမှုတွေ ရှိပါတယ်။ အိမ်မြှောင်ကျခြင်းနဲ့ ပတ်သက်ပြီး လေ့လာစူးစမ်းမိရင် ပိုပြီး သိရှိလာကြမှာပါ"

"ဟုတ်ကဲ့..ပြောပါ..ဆရာစိုး"

"အိမ်မြှောင်ကျတာကို နမိတ်ကောက်မယ်ဆိုရင် ယောကျ်ား၊ မိန်းမ မရွေး ကျရောက်တဲ့နေရာ၊ ကိုယ်အစိတ်အပိုင်း ဘယ်နေရာကို ကျရောက်သလဲဆိုတာသာ အရေးကြီးပါတယ်။

၁) အိမ်မြှောင်ဟာ လူရဲ့မျက်နှာပေါ် ကျခဲ့ရင် ပစ္စည်း တစ်ခုခု ရတတ်ပါတယ်။

၂) ကိုယ့်ရဲ့ဦးခေါင်းပေါ်ကို ပြုတ်ကျခဲ့ရင် လက်ရှိ အခြေအနေထက် တိုးတက်လာတော့မယ်လို့ မှတ်ယူနိုင်ပါတယ်။

၃) မေးစေ့ကို ထိမယ်၊ ကျမည်ဆိုရင် ဂုဏ်သတင်း တိုးတက်ကျော်ကြားမယ်။

၄) ကိုယ့်ရဲ့နားပေါ်ကို ကျလျှင်သော် လည်းကောင်း၊ ထိမိလျှင်သော်လည်းကောင်း ရွှေငွေ ရတနာပစ္စည်း ရတတ်တယ်။







၅) မျက်ခုံးပေါ် ဖြစ်စေ၊ မျက်လုံးပေါ်ကိုဖြစ်စေ အိမ်မြှောင်ကျခဲ့ ရင် ငယ်ပေါင်းမိတ်ဆွေများနဲ့ ကြုံဆုံရမယ်၊

၆) နှာခေါင်း၊ နှာယောင်ပေါ်ကို ကျခဲ့ရင် ရေမွှေး၊ မွှေးပျံ့သော ရနံ့ ရှိတဲ့ ပစ္စည်းများ ရတတ်ပါတယ်၊

၇) ပါးစပ်ပေါ် ကျခဲ့ရင် အရသာရှိတဲ့ အစာ အဟာရများတို စားသုံးရမယ်၊

၈) လည်ပင်းပေါ်ကို ကျခဲ့ရင် ကြံစည် လုပ်ကိုင်ထားသမျှ ကိုယ့်အလုပ်အကိုင်၊ အကြံအစည်တို့ဟာ အောင်မြင်လိမ့်မယ်၊

၉) ရင်ဘတ် (သားမြတ်)ပေါ်ကို ကျခဲ့ရင် ကာမဆန္ဒတွေ ပြည့်ဝလိမ့်မယ်၊

၁၀) ရင်ဘတ်(သားမြတ် ကိုမထိ) ပေါ်ကို ကျခဲ့ရင် စီးပွားတိုးတက်မယ့် နမိတ်လက္ခဏာ ဖြစ်တယ်၊

၁၁) ကျောကုန်းပေါ်ကို ကျခဲ့ရင် မြေယာ၊ ခြံ ဝင်တတ်တယ်၊

၁၂) ရင်ဘတ်ဘေး (နံစောင်း)ပေါ်ကို ကျလျှင် မိတ်ဆွေကောင်းနှင့် တွေ့ရမယ်၊

၁၃) ခါးပေါ်ကိုကျလျှင် ဝတ်ကောင်းစားလှများ ရရှိတတ်တယ်၊

၁၄) ဖင် (စအို)ပေါက်နှင့် နီးကပ်စွာ အိမ်မြှောင်ကျလာလျှင် ဘေးဆိုး အန္တရာယ်များနှင့် တွေ့ရတော့မယ့် နမိတ်ဖြစ်တယ်၊

၁၅) ပေါင်ပေါ်ကို ကျလာရင် စက်တတ်ယာဉ် ဂ္ဂိရိယာ ရတတ်ပါတယ်၊ (ဥပမာ - ကား၊ ယာဉ် စသည်ဖြင့်ပေါ့)

၁၆) ဒူးခေါင်းပေါ်ကို ကျရင်တော့ စီးပွားပျက်တတ်တယ်။ အထူး သတိပြုမိဖို့ လိုတယ်၊

၁၇) ခြေသလုံးသားပေါ် အိမ်မြှောင်ကျရင်လည်း အလုပ်အကိုင်



www.burmeseclassic.com

www.burmeseclassic.com



များ ပျက်စီးရတတ်တယ်။

၁၈) ခြေနံ့ပေါ်ကျခဲ့ရင်တော့ ခရီးများများ သွားရ၊ ထွက်ရတတ်ပါတယ်။

ကဲ . . ဒီလောက်ဆိုရင် အိမ်မြှောင်ကျခြင်းနဲ့ ပတ်သက်လို့ အတော်အသင့် ပြည့်စုံပါပြီနော် . . ကိုအောင်မြင့်ရေ"

"ပြည့်စုံပါပြီဗျာ . . ကျွန်တော် မကြားဘူးတာတွေ၊ မသိသေးတာတွေ အများကြီးပါတယ် ဆရာစိုးရေ . . ကျေးဇူး . . ကျေးဇူး"


"အဟဲ . . ဒီလို ကျေးဇူးလောက်နဲ့တော့ မရဘူးဗျာ၊ ကိုအောင်မြင့်ကို ကျွန်တော်က လက်ဖက်ရည်ပါ တိုက်ပါဦးမယ်"

"ဗျာ . ."

"အဟဲ . . ထမင်းလည်း ကျွေး၊ လမ်းစရိတ်လည်း ပေးတဲ့ ဗျာ"

"ဟား . . ဟား . . ဟား . . ကောင်းပါဗျာ၊ ကောင်းပါ့ . ."

ရိုးရာ မပျောက်ပျက် အသိဖက်နိုင်ကြပါစေ
စိုးယဉ်ထွန်း



www.burmeseclassic.com





တရုတ်နိုင်ငံတွင် ဟန်မင်းများခေတ်က ကျော်ကြားခဲ့သော စာရေးဆရာကြီး ဝန်ဖူးက အာရာရီတအုပ် (၁၁၀၀-ဘီစီ)ထဲတွင် နဂါးပုံသဏ္ဌာန်ကို သရုပ်ဖော်ရေးသားခဲ့လေ၏။

နဂါးဦးခေါင်းသည် ဒရယ်ချိုကဲ့သို့ ရှိ၏။ ဦးခေါင်းသည် ကုလားအုပ်ခေါင်းနှင့် တူ၏။ မျက်လုံးမှာ နတ်မိစ္ဆာမျက်လုံးနှင့် တူ၏။ လည်ပင်းမှာမူ မြွေနှင့်တူ၍ ဝမ်းဗိုက်သည် ခုံးခွံနှင့်တူ၏။ အကြေးခွံသည် ငါးကြင်းကဲ့သို့ ရှိ၏။ လက်မှာမူ လင်းယုန်ငှက်၏ လက်သည်းမျိုး ဖြစ်ပြီး ဖဝါးသည် ကျားဖဝါးကဲ့သို့ ဖြစ်၏။ နားရွက်မှာမူ နွားနားရွက်နှင့် ဆင်‚ဆင်တူသည် ဟူ၏။

ရှေးနှစ်ပေါင်း (၃၅၀၀)ကျော်ကာလက "ခန်း" မင်းဆက်တွင် နဂါးပုံ ကြေးသွန်းအရုပ်များကို တွေ့ရှိခဲ့ရလေ၏။ ထိုအချိန်အခါမှစ၍ နဂါးကို တရုတ်လူမျိုးများက အထိမ်းအမှတ်အဖြစ် အသုံးပြုခဲ့ကြသည်ဟု ယူဆရ၏။

❖

မျက်မှောက်ခေတ်ကာလတွင် တရုတ်နိုင်ငံ၌ ပန်းချီ၊ ပန်းပု၊







အဝန်းထိုး၊ ပုံနှိပ်၊ တံဆိပ်ခေါင်း၊ တံဆိပ်တုံး၊ သဘော်ယာဉ်များ၊ ထုရိယာပစ္စည်း၊ ပရိဘောဂ၊ ကြွေထည်၊ မြေထည်နှင့် ငွေအကြွေစေ့ တို့တွင် အသုံးပြုထားသည်ကို မြင်တွေ့ရလေ၏။

လွန်ခဲ့သောနှစ်ပေါင်းသန်း (၅၀၂၅၀) ခန့်က "ကောင်းလွှန်" အမည်ရှိသော သတ္တဝါ ပေါ်ခဲ့ဖူးသည်၊ ကောင်းလွှန်သည် ဒိုင်နိုဆော ဖြစ်သည်၊ နဂါး၏ပုံကို ဖော်ရာတွင် မြွေပုတ်သင်နှင့်မိချောင်းတို့ကို လူ၏ စိတ်ကူးဖြင့် စပ်ဟပ်ယူထားသည်ဟု ဆိုလို၏။

အစောဆုံး ပေါ်ပေါက်ခဲ့သော တရုတ် ဒဿနပညာရှင် ချီဝန် (အေဒီ-၁၀၀)က "နဂါးသည်အကြေးခွံရှိတဲ့သတ္တဝါတွေရဲ့ဘုရင်ဖြစ်၏။ မြင်လိုက မြင်စေနိုင်၏။ ခန္ဓာကိုယ်ကို ကြီးစေနိုင်၏။ နွေဦးရာသီတွင် မိုးပေါ်ကို ပျံဝဲတတ်၏၊ ဆောင်းဦးရာသီတွင် မြေပြင်ထက်ကို ဆင်းသက်နိုင်၏။" ဟူ၍ ဖော်ပြ ညွှန်းဆိုထားလေ၏။ ချင်မင်းဆက် (ဘီစီ ၂၂၀-၂၀၇)တွင် နဂါးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖော်ပြထားသည်။

ကိုင်ရိုကျွန်းနန်းတော် (ယခုပြတိုက်)တွင် ရှိသော ခန်းမဆောင်တွင် တိုင်(၇၂) တိုင်ရှိသည်၊ ထိုတိုင်များသည် ရွှေနဂါးနှင့် ရာဇပလ္လင်ကို ဝိုင်းရံထားကြသည်၊ ပလ္လင်နှင့်အနီးဆုံး တိုင်ခြောက်ခုမှာ နဂါးပတ် ရုပ်လုံးကြွတွေကို လှပစွာ ထွင်းထုပြုလုပ်ထားရှိခဲ့၏။

မျက်နှာကျက်သည် ရွှေရောင်ယွန်းထည် ဖြစ်သည်၊ လှပသောသစ်ထွင်းနဂါးများသည် ဖောင်းကြွရုပ်လုံးများက အသက်ဝင်နေသည်ဟု ထင်မှတ်ရသည်၊ နန်းတော်ကြီးတစ်ခုလုံးသည် နဂါးတွေနှင့် လွှမ်းမိုးနေ၍ "ရွှေနဂါးနန်းတော်" ဟူ၍ ခေါ်ဆိုထိုက်သည်။


"နဂါးသည် တိမ်ကို ရွေ့လျားစေပြီး မိုးကို ရွာစေနိုင်သည်" ဟု



www.burmeseclassic.com

www.burmeseclassic.com





ယုံကြည်ကြသည်၊ ရာသီဥတု ကောင်းမွန်စေရန်၊ ကောက်ပဲသီးနှံများ ရှင်သန်စေရန် တောင်သူလယ်သမားများသည် နဂါးဘုရင် ဘုံကျောင်းကို နှစ်စဉ် ဦးတိုက်ကာ ဆုတောင်းပွဲ၊ ပူဇော်ပွဲတွေ ကျင်းပလေ့ရှိကြ၏။

❖

တရုတ်လူမျိုးတို့သည် နဂါးကို လွန်စွာ နှစ်သက်ကြလေ၏။ တစ်ခါတရံ သူတို့ကိုယ်သူတို့ နဂါးမျိုးနွယ်မှ ဆင်းသက်လာသည်ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ့ရှိသည်ဟူ၏။

တရုတ်အမျိုးသားတို့အဖို့ နဂါးသည် ဂုဏ်ယူစရာ မင်္ဂလာလာဘ်ခေါ်၊ အန္တရာယ်ကင်းပြီး တန်ခိုးကြီးမြတ်သော အကောင်အဖြစ် သဘောထားကြလေ၏။ ထို့ကြောင့် တရုတ်နှင့်နဂါးသည် လက်တွဲဖြုတ်၍ မရနိုင်ပါ။


တရုတ်ကျေးလက် ဒဏ္ဍာရီပုံပြင်နှင့် သီချင်း၊ ကျေးလက်လက်မှု အနုပညာ ပန်းချီ၊ ပန်းပုများတွင် နဂါး မပါလျှင် မပြီးခဲ့ပါ။ နဂါးသည် နန်းတော် တံစက်မြိတ်တွင် တွဲလျားခိုလျက်ရှိနေလေ၏။

နဂါးကို တရုတ် ဘုန်းတော်ကြီးကျောင်းတွေ၏ နံရံပေါ်တွင်လည်း မြင်တွေ့နိုင်သလို၊ ဘုရားကျောင်းကြီးတွေ၏ နံရံကြီးတွေပေါ်တွင် ရစ်ပတ်လျက် ရှိနေလေ၏။ လူ့အသုံးအဆောင် ပစ္စည်းလေးတွေကအစ နဂါးမပါလျှင် မပြီးပါချေ။

နှစ်သစ်ကူး မင်္ဂလာအချိန်တွင် နဂါးရုပ်အကြီးကြီး ပြုလုပ်၍ လူ(၁၄)ယောက်၊ (၁၅)ယောက် ဝင်ကာ ကပြလေ့ရှိကြလေ၏။ တရုတ်ပြက္ခဒိန်တွင် နဂါးနှစ်သစ်သည် မင်္ဂလာအရှိဆုံး ဖြစ်၏။ တရုတ် ဗိသုကာတွင် ခြူးပန်း၊ ခြူးနွယ်၊ ရွှေနန်းလိမ်၊ ငွေနန်းလိမ်၊ ငွေခြည်ထိုးများ၌







ဉာဏ်ကွန့်မြူးထားသော နဂါးရုပ်ပုံအမျိုးမျိုးကို မြင်တွေ့နိုင်ပေ၏။

ထို့ပြင်လည်း နဂါးမီးပုံး၊ နဂါးလှေ၊ နဂါးပန်းကန်၊ နဂါးတူ၊ နဂါးတံဆိပ်ခေါင်း စသော နဂါးအကြောင်းများကား ပြော၍ မဆုံးနိုင်လောက်အောင်ကို များပြားလှချေဘိတော့။

❖

မျက်မှောက်ခေတ်၊ တရုတ်နိုင်ငံတွင် ရေဘုံဘိုင်ခေါင်းကို ရေထွက်လာသော နဂါးဦးခေါင်းဟု ခေါ်ဝေါ်သုံးစွဲကြသည်၊

သားယောကျ်ားလေး မွေးဖွားသောအခါ (နဂါး)ဟု အမည် ရှေ့တင်ပေးလေ့ရှိသည်၊ သို့ဖြင့် သားယောကျ်ားလေးသည် ပညာကောင်းမွန်ခြင်း၊ ပါးနပ်ခြင်း၊ အသိပညာ အလိမ္မာ ကြွယ်ဝခြင်း၊ ခွန်အားကြီးခြင်း၊ ဖျတ်လတ်ခြင်းရှိမည်ဟု အသည်းစွဲအောင်ကိုပင် ယုံကြည်ကြလေ၏။

တရုတ်ပြက္ခဒိန် ပထမ (သို့မဟုတ်)ရက် ညနေတွင် တရုတ်လူမျိုးတို့သည် နဂါးအဝတ်များ၊ နဂါးမီးပုံးများ ဝတ်ဆင်ကိုင်တွယ်ကြပြီး လမ်းလျှောက်ထွက်ကြ၏။ ဗင်ကို ခေါက်၊ လင်းကွင်းကို ခတ်၊ ပုံးကို တီးကြသည်၊ တံခွန်တိုင်အလံများကို ထောင်ကာ စက္ကူမီးပုံးတွေကို ကိုင်ဆွဲကြသည်၊


ဆိုင်များရှေ့သို့ ရပ်သည့်အခါ ဆိုင်ရှင်တို့က အမွှေးတိုင် ထွန်း၊ ဗျောက်အိုး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ နဂါးမီးပုံးကို ကြိုဆိုကြလေ့ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com





ဟန်မင်းဆက်၌ ကျောက်တုံးနံရံတို့မှာ နဂါးအကများကို မြင်တွေ့ရသည်။ နဂါးအကနှင့် နဂါးလှေပြိုင်ပွဲသည် တရုတ်နိုင်ငံမှတဆင့် ယခုအခါ အရှေ့တောင်အာရှဘက်ကို ရောက်ရှိလာခဲ့လေပြီ။


"နဂါး"နှင့် ပတ်သက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့မှ (၁၉၉၁ - ခုနှစ်) စက်တင်ဘာလက ထုတ်ဝေပြဌာန်းခဲ့ပါသော (မြန်မာအဘိဓာန် ချုပ် စာမျက်နှာ ၁၈၆ )တွင် "နဂါး"ဟူသည်ကား ရှေးကျမ်းဂန်လာ မြွေကြီး တစ်မျိုး (ပါဠိနာဂ)ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

တဖန် စာမျက်နှာ(၁၈၇)၌မူကား "နရား"နှင့် ပတ်သက်ပြီး အနက်အဓိပ္ပာယ် ဖွင့်ဆိုရာ၌ "နရား"ဆိုသည်မှာ ခြေလေးချောင်း ပါရှိသော နဂါးမျိုးစိတ်၊ အုတ်တိုင် စသည်တို့တွင် အလှအပ၊ မွမ်းမံထုလုပ် လေ့ရှိသဖြင့် တိုင်ဆင့်နရားဟု ခေါ်သည်ဟု ပြဆိုထားရှိသည်။

ရှေးခေတ်တွင်သာမက ယခုခေတ်တွင်ပင် တရုတ်လူမျိုးတို့သည် အထူးသဖြင့် ယနေ့ မျက်မှောက်ကာလဝယ် ပင်လယ်ရပ်ခြား နိုင်ငံရပ်ခြားဒေသများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်တိုင်ပေ(ထိုင်ဝမ်)၊ ဟောင်ကောင်၊ အာရှ၊ အရှေ့တောင်အာရှတို့တွင် "နရား"ကို လာဘ်ကောင်အဖြစ်ဖြင့် ကိုးကွယ် လျက် ရှိကြလေ၏။







တရုတ်လူမျိုးတို့ ကိုးကွယ်ဝတ်ပြုသော ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းများ၏ ခေါင်မိုးပေါ်၌သော် လည်းကောင်း၊ တရုတ် ဘုရားကျောင်း၊ တရုတ်ဘုံကျောင်းတို့၏ အဝင်ဝပေါက် တံခါးမကြီး၊ တံခါးရွက်ကြီးပေါ်၌သော် လည်းကောင်း၊ ဘုရားကျောင်း၏ အုတ်နံရံပေါ် ၌သော် လည်းကောင်း၊ နရားရုပ်ပုံ ထုလုပ်ရေးဆွဲပြီး ရွှေရည်၊ ရွှေဆေး (ရွှေဆီဆေး) သုတ်လိမ်းထား၏ ။

တရုတ်ဘုရားရှိခိုးကျောင်း၊ တရုတ်ဘုံကျောင်း အသီးသီးတို့၏ ခေါင်မိုးပေါ်တွင် ရွှေရည်၊ ရွှေဆီဆေး သုတ်လိမ်းကျံထားသော နရား ရုပ် ထု,ထုလုပ်တည်ဆောက် ကိုးကွယ်ထားရှိထားလေရာ နေရောင်အောက် တွင် တဝင်းဝင်း၊ တလက်လက်ဖြင့် လွန်စွာ ကြည်ညိုဖွယ် ကောင်းလှ ပေ၏ ။

(မှတ်ချက် - တရုတ် လူမျိုးတို့အနေဖြင့် နရားကို ဘုရား တစ်ဆူ သဖွယ် ကိုးကွယ်ခဲ့၊ ကိုးကွယ်လတ္တံ့ဖြစ်ပါသည်။)

❖

ရှေးခေတ် နှစ်ပေါင်း များစွာက နဂါးနှင့်နရားသည် အထက် ကောင်းကင်တွင် ဈာန်ကြွပျံသန်း၍ ကောင်းကင်ခရီးဖြင့် မြို့နယ် ရွာများ သို့လှည့်လည်ကာ အပူဇော်ခံ ထွက်လေ့ရှိသည်ဟူ၏ ။

ယင်းသို့ အပူဇော်ခံထွက်သောအခါ တရုတ်လူမျိုးများက



www.burmeseclassic.com

www.burmeseclassic.com





အရက်၊ ဝက်သား၊ ကြက်သား၊ ဘဲသား ဟင်းသီးဟင်းရွက်များ ချက်ပြုတ်ပြီး သစ်သီးဝလံမျိုးစုံ တည်ခင်း၍ ဆီမီး ဖယောင်းတိုင်၊ အမွှေးတိုင်များတို့ဖြင့် ရှိခိုး ကန်တော့ကြသည်ဟု ဆိုကြလေ၏။

ယင်းသို့ နဂါး၊ နရားကို ဆီမီးတို့ ဖြင့် ပူဇော်ကန်တော့လျှင် ကြီးပွားချမ်းသာ လာဘ်လာဘရှင်၏။ ကုန်သည်များ ဈေးရောင်း ကောင်း၏။ ဘေးရန် ကင်းရှင်း စေ၏။ မကောင်းဆိုးဝါးများ အနား မကပ် ဝံ့။ သားသမီး ထွန်းကား၏။ သက်ရှည် ကျန်းမာ၏။ ရောဂါ ဟူသမျှ ကင်းဝေး၏ ဟူ၍ အယူအစွဲရှိကြ၊ ယုံကြည်ကြလေ၏။

တရုတ်လူမျိုးတို့က နဂါး၊ နရား ကို လာဘ်ကောင်အဖြစ် သတ်မှတ်ကြသည်။ တရုတ် ဘာသာစကား ဖြင့် ဆိုရသည်ရှိသော် နဂါး၊ နရားဟူသည်မှာ "အပ်စွာ" ဖြစ်၏။ အနက် အဓိပ္ပာယ်သည်ကား "ဘေးကင်း လာဘ်ရှင်"ဟု ဆိုလိုပါသည်။

❖

တရုတ်လူမျိုးတို့သည် နဂါး၊ နရား အပေါ် သက်ဝင်ယုံကြည် ကြသည့် အားလျော်စွာ နဂါး၊ နရားကို အကြောင်းပြု၍ ဘုရားတည် ကိုးကွယ်ကြသည်။

တရုတ်ပြည်ရှိ အာနန္ဒာ လှိုဏ်ဂူဘုရား(ဝါ) နဂါး၊ နရား ကျောက်ဂူဘုရားသည် တရုတ်ပြည်တွင် တန်ခိုးကြီး ဘုရားတစ်ဆူ ဖြစ်သည့် အားလျော်စွာ ကမ္ဘာလှည့်ခရီးသည်များ စဉ်ဆက်မပြတ် လာ ရောက် ဖူးမြော် ကြည်ညိုလျက် ရှိနေပေသည်။

ယင်း နဂါး၊ နရား ကျောက်ဂူဘုရားသည် တရုတ်ပြည် ရှေးခေတ်ဟောင်း မြို့တစ်မြို့ဖြစ်သော "လော့ယန်မြို့" LOYANG ၏ တောင်ဘက် မိုင်(၂၀)ကျော် အကွာအဝေးတွင် တည်ရှိပေ၏။ (နဂါး၊ နရား ရုပ်ပုံပါရှိသော ဘုရားစေတီ၊ ရုပ်ပွားတော်များ ဖြစ်ပါ သည်။)

မှတ်ချက် - နဂါးသည် ခြေလက်မပါ၊ မြွေကြီး သဏ္ဍာန် ကဲ့သို့ ရှိ၏။ နရားမှာ ခြေလက်များ ပါရှိ၏။

❖

နဂါးနှင့်ဆက်နွယ်၍ ဇာတ်သုတဖြစ်ဖွယ် ဖော်ပြပါဦးမည်။

နဂါးတို့နေရာမှာ သမုဒ္ဒရာများနှင့် တောင်ကြီးတို့ အောက်ခြေ ဌာနေတွင် ဖြစ်ပါသည်။ ဝိနည်းပိဋက၊ ပါရာဇိကဏ်၊ အဋ္ဌကထာ၊ တေ့ဘ္ဘူပါ ရာဇိက တပေါ်ဒေါ ဝတ္ထုအဖွင့်၌ ဝေဘာရတောင်၏ အောက် တွင် မြေနေနဂါးတို့၏ နဂါးပြည်သည် ယူဇနာ (၅၀၀)ရှိ၍ နတ်ပြည် နှင့် တူ၏။

ယင်းနဂါးတို့ ပျော်မြူးရာဖြစ်သော ရေအိုင်သည် ကြည်လင် အေးမြ မြိန်မြက်သော ရေရှိ၏။ ရေမှော်၊ ရေညှိ ကင်းလေ၏။ တောင်းမွန်သော ရေဆိပ်ရှိ၏။ ပျော်ရွှင်ခြင်းကို ဖြစ်စေ၏။ လှည်းဘီး ပမာဏရှိသော ဒေမှာကြာတို့ ပွင့်ကုန်၏။

ငါးလီပ်များစွာတို့ တည်ရှိကြ၏။ ထိုရေအိုင်မှ ထွက်သော တပေါဒါမြစ် သည် ငရဲကြီးနှစ်ရပ် အကြားမှ စီးဆင်းခဲ့ပြီး နောက် ရာဇ ဂြိုဟ်ပြည်ကို လှည့်ပတ်စီး ဆင်း၏ဟု ဖွင့်ဆိုထားသည် ကို တွေ့ရသည်။






www.burmeseclassic.com

www.burmeseclassic.com





ငါးရာ့ငါးဆယ်အဝင် စတုတ္ထနိပါတ် ဒဒ္ဒရဇာတ်၌ ဟိမဝန္တာတော၊ ဒဒ္ဒရတောခြေရင်းတွင် မြေနဂါးတို့ပြည် ရှိကြောင်း သိရ၏။

နဂါးသည် များသောအားဖြင့် ရေနဂါး၊ ကုန်းနဂါး၊ တောင်နေနဂါးဟူ၍ သုံးမျိုးရှိသည်၊ သို့သော် အကျယ်အားဖြင့် ပွားသော နဂါးမျိုးပေါင်း (၁၀၂၄)မျိုးရှိကြောင်း ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် အဋ္ဌကထာ နာဂ သံယုတ် အဖွင့်၌ ရှိ၏။

❖

ဆက်လက်၍ နဂါးမျိုးများနှင့် နဂါး၏ အစွမ်းသတ္တိများကို ဖော်ပြရသည် ရှိသော် -

**၁) ကဋ္ဌမုခ နဂါးမျိုး**

အကိုက်ခံရသော် ကိုယ်သည် ထင်းချောင်းကဲ့သို့ မကွေးမညွှတ်နိုင်အောင် တောင့်တင်းသွားစေနိုင်၏။

**၂) ပုတိမုခ နဂါးမျိုး**

အကိုက်ခံရသော် ကိုယ်သည် အမှည့်လွန်၍ ပုတ်သော သစ်သီးအလား အရည်ယိုစီးထွက်၏။

**၃) အဂ္ဂိမုခ နဂါးမျိုး**

အကိုက်ခံရသော် ကိုယ်သည် မီးလောင်သည်နှင့်မခြား ပူလောင်၍ ဖရိုဖရဲ ပျက်စီးလေ၏။





**၄) သတ္ထမုခ နဂါးမျိုး**



အကိုက်ခံရသော် ကိုယ်သည် မိုးကြိုးစက်မိသလို၊ ကွဲပြတ်ပျက်စီးလေ၏။

ယင်း လေးမျိုးအပြင် ကိုက်ရုံမျှဖြင့် အထက်ပါ သဘောမျိုးကို ဖြစ်စေတတ်သော ဒဋ္ဌဝိသ နဂါးမျိုး၊ နှာခေါင်း လေမှုတ်ရုံမျှဖြင့် အထက်ပါသဘောလေးမျိုးကို ဖြစ်စေသော ဖဿဝိသမျိုး၊ ထိရုံမျှဖြင့် အထက်ပါသဘောလေးမျိုးကို ဖြစ်စေသော ဒိဋ္ဌဝိသနဂါးမျိုးဟူ၍ အဆိပ်ထန်လေးမျိုး ဖြစ်ပြန်သောကြောင့် ယင်းလေးမျိုးဖြင့် အထက်ပါ လေးမျိုးမြှောက်လေသော် နဂါးမျိုး(၁၆) ဖြစ်လေ၏။

အထက်ပါ(၁၆)မျိုးသော နဂါးတို့သည် အဆိပ် လျှင်မြန်စွာနှံ၏။ အဆိပ်မပြင်းထန်သော အာဂတ ဝိသနဃောရဝိ နဂါး၊ အဆိပ်ပြင်းသော်လည်း လျှင်မြန်စွာ မလာသော ဃောရဝိသ နဂါး၊ နဃောရဝိသ နဂါးဟူ၍ လေးမျိုးရှိပြန်သောကြောင့် နဂါးမျိုး(၆၄)မျိုး ဖြစ်သည်၊

တဖန် ဥ၌ဖြစ်သော အဏ္ဍဇနဂါး၊ ကလလ ရေကြည်၌ ဖြစ်သော ဇလာဗုဇနဂါး၊ အညှိကို စွဲ၍ဖြစ်သော သံသေဒဇနဂါး၊ ကိုယ်အင်္ဂါများဖြစ်လာသော ဩပပါတိက နဂါးဟူ၍ ပဋိသန္ဓေ နေပုံအားဖြင့် လေးမျိုးစီရှိသောကြောင့် (၆၄ × ၄ = ၂၅၆)မျိုး ဖြစ်ပြန်၏။

ထိုမှတဖန် ရေနဂါး၊ ကုန်းနဂါးနှစ်မျိုး ဖြစ်ပြန်သဖြင့် . .

(၂၅၆ × ၂ = ၅၁၂ )မျိုး ဖြစ်သည်၊


ယင်း (၅၁၂)မျိုးတွင် ကာမဂုဏ်ခံစားသော မရူပိနဂါးမျိုး၊ ကာမဂုဏ် မခံစားသော အကာမရူပိနဂါး ဟူ၍ နှစ်မျိုးရှိပြန်သောကြောင့် (၅၁၂ × ၂ = ၁၀၂၄) ဖြစ်လေရာ နဂါးမျိုးပေါင်း (၁၀၂၄)မျိုး ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com





❖

ရိုးရာ အယူ
အစွဲ များနှင့် သမိုင်း
ကြောင်းလာ အရေးရေး
ဒဏ္ဍာရီ ပုံပြင်လာအရေး
ရေးပါရှိနေသည့် နဂါး
သည် နှစ်သက်ဖွယ်ရာ
ရှိသလို၊ အာဏာနှင့်
တန်ခိုးသည် လည်း
ရုပ်ပုံတွင် ထင်ဟပ်နေ
လေ၏။ နှစ်လိုဖွယ်ရာ ဖြစ်စေ၊ ကြောက်မက်ဖွယ်ရာ ဖြစ်စေ၊ နဂါးသည်
ဒဏ္ဍာရီလာ သတ္တဝါဆန်းဖြစ်နေလေ၏။


တရုတ်အမျိုးသားတို့၏ နှလုံးသည်းပွတ်ကို အဆိုပါ သတ္တဝါ
ဆန်း နဂါးသည် ဆွဲကိုင် လှုပ်ရမ်းမှု ရှိနေသည်ကတော့ ကေန် အမှန်ပါ
တည်း။ နဂါးနှင့် တရုတ်၊ တရုတ် နှင့်နဂါးတို့သည် ခွဲ၍မရ၊ တွဲ၍သာ
အတူနေကြလေ၏။



ဂျပန်ဝေါဟာရ တတ်ဆု
(Tatsu)ဟူ၍ ခေါ်သော နဂါးနက္ခတ်
နှစ်တွင် ဖွားမြင်သူများသည် တရုတ်
အမျိုးသားများအတွက် အကောင်းဆုံး
နှစ်ပင် ဖြစ်သည်။ ထီးသုံး၊ နန်းသုံး
အမှတ်အသားလည်း ဖြစ်နေလေ၏။
ကောင်းကင်ဘုံအထိ အမြင့်ဆုံးသွား
နိုင်သကဲ့သို့ ရေပြည်ထိလည်း ဆင်း
နိုင်သော သတ္တဝါလည်း ရှိသည်။ ချစ်ခ
ခင်သူ ပေါ်များသည်၊ ထို့တွက်ကြောင့်
အိမ်ထောင်ဘက်လည်း များနိုင်၏။








ရည်မှန်းချက် မြင့်မား
သလောက် အောင်မြင်မှုရအောင်
ရှမ်းဆောင်နိုင်သူ ဖြစ်သည်၊ စိတ်
သဘောထား ဖြောင့်မတ်သည်၊
အားတိုးရသူများ ဖြစ်သည်၊

ဖက်ရှင် အလှဘက်တွင်
အမြင်ရှိသည်၊ အလင်းရောင် နည်း
သော နေရာကို နှစ်ခြိုက်ကြသည်၊
သန္ဓါတရား ထက်သန်သောသူ ဖြစ်
သည်။

စိတ်လွတ်၊ ကိုယ်လွတ်
နေတတ်သည်၊ ရိုးသား ပွင့်လင်း
သည်၊ အကြံကောင်း၊ ဉာဏ်ကောင်း တွေးခေါ် စဉ်းစားတတ်သည်၊
သူများ၏ လျှို့ဝှက်ချက်ကို မြင်လွယ်သော အရည်အချင်းများရှိသည်
ဟူ၍ နဂါးနှစ် မွေးဖွားသူများအတွက် အဟောပညာရပ်က ဆိုထားသည်၊

နဂါးနှစ်တို့သည်ကား -

၁၉၀၄၊ ၁၉၁၆၊ ၁၉၂၈၊ ၁၉၄၀၊ ၁၉၅၂၊ ၁၉၆၄၊ ၁၉၇၆၊ ၁၉၈၈၊
၂၀၀၀၊ ၂၀၁၂၊ ၂၀၂၄ တို့ပင်တည်း။

မင်းသက်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



# ဆံရှည်ချစ်သူ

နတ်လူသစ်

www.burmeseclassic.com

www.burmeseclassic.com





'အား! ..'

'အား! ..'

ကောင်မလေး အသံကုန်

အော်တော့သည်။

ထိုမိန်းမက

သရဲသံ အစ်အစ်ကြီးဖြင့် -

'ငါ့ ဆံပင်တွေပြန်ပေး..

ငါ့ဆံပင်တွေပြန်ပေး' ဟူ၍သာ

လူသားတိုင်းမှာ တန်ဖိုးအထားဆုံးအရာ တစ်ခုစီတော့ ရှိကြစမြဲ၊ ဒါပေမယ့် တစ်ယောက်နှင့်တစ်ယောက် တူညီကြသည် မဟုတ်။ လက်တောင်မှ အတိုအရှည်ရှိသေးသည် မဟုတ်လော၊

## (၁)

သူမ နာမည်က နေခြည် ..၊ သူမ ဘဝမှာ အမြတ်နိုးဆုံးနှင့် တန်ဖိုးအထားဆုံးအရာကို ပြပါဆိုလျှင် ဆံပင်ကို ပြရပါလိမ့်မည်၊ သူမ ဆံပင်က လေဘာတီ မပြရင်လို ဆံပင်တစ်ရပ်၊ လူတစ်ရပ်၊ နောက်ပြီး ဆံပင်ရှည် ထားတယ်ဆိုတာက မိန်းကလေးတစ်ယောက်ရဲ့ အလှထက် ကျက်သရေရှိမှုကို ဖော်ပြနေသည် မဟုတ်လော၊

ယခုဆိုလျှင် ဆံပင်က ခြေမျက်စိနားထိအောင် ရောက်နေပြီ၊ ဆံပင်ကိုလည်း အုန်းဆီမွှေးမွှေးနှင့် သံလွင်ဆီကလွဲ၍ တခြား ဘာမှ မလိမ်း၊ အဲဒါ ပိုးဝယ်ဝယ်လေးကတည်းကနေ အခု အသက် (၃၀)ပြည့်သည် အထိပင်၊

လမ်းသွားလျှင်ပင် ပုရိသ ယောကျာ်းသားများအဖို့ မကြည့်ဘဲ မနေနိုင်အောင် လုပ ရှည်လျားလွန်းလှသည့် ဆံပင်မျိုး၊ မိန်းမသား





အချင်းချင်းဆို ပြောမနေတော့နှင့်၊ သူမ ဆံပင်ကို ချီးကျူးလို့ မဆုံး၊ ဒါကြောင့်လည်း ဒီဆံပင်ကို သူမ မြတ်နိုး၊ တန်ဖိုးထားရတာ မမှားနိုင်ပေ၊

နေ့တိုင်း ရေမိုးချိုးပြီးသည်နှင့် မှန်တင်ခုံရှေ့ထိုင်၊ မျက်နှာကို အလှပြင်တာထက် ဆံပင်ကို အုန်းဆီရွှဲရွှဲလိမ်းပြီး ယုယုယယ လုပ်ရတာသည်း သူမ မငြီးငြူနိုင်၊ ဘာကြောင့်လည်းဆိုတော့ ဒီဆံပင်က သူမဘဝ အတွက် တန်ဖိုးအထားဆုံးနှင့် အရေးအကြီးဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်နေသောကြောင့်ပင်၊

တစ်နေ့ ..

နွေရာသီဆိုတော့ အတော့်ကို ပူပြင်းလွန်းလှသည်၊ အိုက်စပ်စပ်ရှိလှသည်မို့ နေခြည်တစ်ယောက် ရေချိုးခန်းထဲဝင်ပြီး ရေကို စိမ်ပြေ၊ နပြေ ချိုးလိုက်တော့သည်၊ တလက်စတည်း ခေါင်းကိုပါ လျှော်ချလိုက်သည်၊

ရေမိုးချိုး၊ ခေါင်းလျှော်ပြီးသည်နှင့် ဆံပင်ကို Hairdryer နှင့် မှုတ်ရန်လုပ်တော့ Dryer ပျက်နေသဖြင့် ပန်ကာကို နံပါတ်(၃) အထိ တင်ပြီး ပန်ကာလေနှင့် ဆံပင်ကို အခြောက်ခံနေလိုက်သည်၊

ဆံပင်က အတော်ရှည်သည်မို့ စိတ်ရှည်ရှည်နှင့် အခြောက်ခံနေရသည်၊ ထိုအခိုက်မှာပင် ဖြန့်ချထားသည့် ဆံပင်စများက ပန်ကာ အတွင်း ဝင်ရောက်သွားပြီး ဆံပင်များကို ပန်ကာဒလက်များက အားဖြင်းပြင်းနှင့် ဆွဲယူ ရစ်ပတ်သွားလေရာ နေခြည်တစ်ယောက် ရူးရူး မဲ့ဝါး နာကျင်စွာဖြင့် အော်လေတော့သည်၊


အမှတ်မထင် ဖြစ်ပျက်သွားသည်မို့ ဆံပင်တွေကို ဘယ်လို ဆွဲထုတ်ရမှန်း မသိ၊ အနားမှာလည်း အိမ်သူအိမ်သားတွေ မရှိ၊ ကြောက်ကြောက်လန့်လန့်နှင့် ပန်ကာခလုတ်ကိုလည်း ပိတ်ဖို့ သတိ မရ၊

ပန်ကာက ကြီးလည်းကြီးသလို၊ သံထည်ဒလက်များနှင့် အရှိန်ကလည်း နံပါတ်(၃)ဆိုတော့ အားက တော်တော်ကို ပြင်းလွန်းလှပြီး နောက်ဆုံး ခေါင်းတစ်ခုလုံး ဆောင့်ဆွဲခြင်း ခံရကာ ဦးရေပြားပါ ခွာလန်ပြီး နေခြည်တစ်ယောက် ငြိမ်ကျသွားလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com





(၂)

အခေါင်းတွင်းမှာ
တော့ နေခြည် အလောင်းက
မလှုပ်မယှက်၊ နေခြည် မိသ
တွေခမျာလည်း သမီးဖြစ်သူ
၏ အဖြစ်ဆိုးကို ယူကြုံးမရ
ဖြစ်နေတော့သည်၊ ထင်မှတ်
မထားတဲ့ အက်ဆီးဒင့်ကနေ နေခြည်တစ်ယောက် အသက်ပါ ပါသွား
သည့် အားလုံးက စိတ်မကောင်း ဖြစ်နေကြသည်၊

နေခြည် တစ်ယောက် ဦးရေပြားလန်ပြီး သေဆုံးခဲ့ရသည်မို့ သူမ အမြတ်တနိုးနှင့်ယုယလာခဲ့သည့် ဆံပင်ရှည်ကြီးတွေကတော့ သွေးအလိမ်းလိမ်းနှင့် နေခြည် အလောင်းဘေးနားမှာ နေရာယူလျက်သား၊ နေခြည်ခေါင်းကိုတော့ဖြင့် ခေါင်းတုံးပုံစံမျိုး ခေါင်းစွပ်တစ်ခုကို စွပ်ထားလေသည်၊

ဖခင်ဖြစ်သူက ဒီဆံပင်တွေကြောင့် သူ့သမီး သေခဲ့ရတာဆိုပြီး သွေးအလိမ်းလိမ်းနှင့် ဆံပင်ရှည်ကြီးကို ယူကာအဝေးသို့ လွှင့်ပစ်လိုက်လေတော့သည်၊

"ဒူ..ဝေ..ဝေ..ဝေ..ဝေ"

အသုဘချရန် ကြေးစည်သံကြီးက ထွက်ပေါ်လာရာ နေခြည် အလောင်းကို အဖုံးပိတ်ပြီး မီးသဂြိုဟ်စက်ထဲ ထည့်လိုက်ကြလေတော့သည်၊ အသုဘပို့ ပြီးဆုံးပြီးနောက် သချိုင်းတစ်ခုလုံးလည်း ခြောက်ကပ် တိတ်ဆိတ်သွားပြန်သည်၊

မီးခိုးခေါင်းတိုင်မှာတော့ နေခြည် အလောင်းကို မီးရှို့ပြီး ထွက်ပေါ်လာသည့် မီးခိုးငွေများ တလူလူနှင့်၊ ဩော်..သနားစရာ၊ တစ်နေ့လှတိုင်း ဒီ မီးခိုးခေါင်းတိုင်ထဲမှာ ဇာတ်သိမ်းကြရမည် မဟုတ်ပါလော၊

(၃)

ညနေ(၆)နာရီထိုးသည်နှင့် မီးသဂြိုဟ်စက်လည်း ပိတ်သွား





၂

**မာမီစိုး သူ့လက်နက်ကြီးကို ထုတ်သုံးလေပြီ။ ယူထားသည့် ဆံပင်ရှည်ကြီးကို ကောင်မလေးဆံပင်တွေမှာ ဖြတ်သင့်တာ ဖြတ်၊ ညှပ်သင့်တာ ညှပ်၊ ဆက်သင့်တာ ဆက်ပေးလိုက်လေတော့သည်။**

ခဲ့လေသည်၊ ဒီအချိန်ကျမှ ဘယ်မသာကိုမှ ချလို့မရတော့၊ မီးသဂြိုဟ်စက် ဝန်ထမ်းတွေလည်း တာဝန်ချိန်ပြီးဆုံးသည်နှင့် အသီးသီး ပြန်ကုန်ကြလေရာ နောက်ဆုံး ကျန်ရစ်ခဲ့သူက မီးသဂြိုဟ်စက်မှာ ဝေယျာဝစ္စ လုပ်ပေးနေသည့် သန့်ရှင်းရေး မိန်းမကြီးတစ်ယောက်ပင် ဖြစ်လေတော့သည်၊

ထို မိန်းမကြီးသည် သူ့တာဝန်ပြီးဆုံး၍ ပြန်အလာ မီးသဂြိုဟ်စက်ရှေ့နားရောက်တော့ –

"ဟင်!.."

ဆိုပြီး အံ့ဩဝမ်းသာ သွားလေတော့သည်၊

အကြောင်းမှာ သူမ မြင်တွေ့လိုက်သည်ကား အင်မတန်မှ ရှည်လျားလွန်းလှသည့် ဆံပင်ရှည်ကြီး၊ ဆံပင်အုံကြီးကလည်း ကောင်းလွန်းလှသည်မို့ သူမ အတိုင်းမသိ ဝမ်းသာ သွားတော့သည်၊

"ကောင်းချက်တော်..ဒီလိုဆံပင်မျိုး ငါ့နှယ် တစ်ခါမှ မတွေ့ဖူးဘူး၊ အယ်..ဆံပင်က သွေးတွေနဲ့ပါလား"

ဟု ဆိုကာ ဆံပင်မှာ စွန်းထင်းပေကျံနေသည့် သွေးများကို ကိုင်မိပြီး ပြောလိုက်ခြင်းပင် ဖြစ်သည်၊

"အို!..သွေးပေတာ ဘာဆန်းလို့လဲ၊ သေချာ ဆေးကြောပြီး ပြန်ရောင်းရင် ဈေးကောင်းရမှာပဲ အဟီ"

မိန်းမကြီးက တစ်ယောက်ထဲ သဘောတွေကျကာ ဆံပင်ရှည်ကြီးကို အိမ်သို့ ယူဆောင်သွားခဲ့သည်၊ အိမ်ရှိသည့်အုတ်ကန်မှာ အသေအချာ သန့်စင် ဆေးကြောပစ်လိုက်သည်၊ ရေနှင့် သေအချာ ဆေးကြောပြီးသည်နှင့် စောစောက သွေးများလည်း ဆံပင်မှာ လုံးဝမရှိတော့၊



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကျမှ သွားရောင်းရမယ်"

ဟု ဆိုကာ ဆံပင်ရှည်ကြီးများကို အခြောက်ခံထားသည်။

ထိုမိန်းမကြီးသည် မီးသဂြိုဟ်စက်တွင် ဝေယျာဝစ္စ သန့်ရှင်းရေးလုပ်ငန်းအပြင် အားလပ်တဲ့အချိန်တိုင်း ရပ်ကွက်တွေထဲ ဝင်ပြီး ဆံပင်တွေ လိုက်ဝယ်သည့် အလုပ်ကိုလည်း လုပ်ကိုင်သေးသည်။ ဝယ်လို့ရလာသည့် ဆံပင်တွေကို သူ့ဖောက်သည် အလှပြင်ဆိုင်သို့ တဆင့် ပြန်ရောင်းခြင်းဖြင့် အပိုဝင်ငွေ ရှာလေ့ရှိသည်။

သူ့ဖောက်သည် အလှပြင်ဆိုင်ကတော့..

**"မာမီစိုး"**
**ဆံပင်နှင့်မိတ်ကပ် အလှပြင်ဆိုင်**

**(၄)**

"ဟယ်..ကောင်းလိုက်တဲ့ ဆံပင်ကြီး ဟယ်..ကဲ..ဖြော အန်တီကြီး..များတို့..ဘယ် ဈေးပေးရမလဲ"

မာမီစိုးက ဆံပင်ရှည်ကြီးကို ကြည့်ပြီး ဈေးစကား ပြောစိုင်းလေတော့သည်။ မိန်းမကြီးက -

"ဟင်း..ဟင်း..အချင်းချင်းတွေပဲ မာမီစိုးရယ်..မာမီပဲ ကြည့်ပေးပေါ့"

ဟု ဆိုလိုက်ရာ မာမီစိုးက နှစ်ဦးနှစ်ဘက် မနစ်နာစေရန် -

"(...)ဈေးပေးမယ်လေ၊ များက..ကြိုက်လွန်းလို့နော်"

"မဆိုးပါဘူး၊ ကဲ..ဒါဆို"

"ရော့ပါရှင်..ဟောဒီမှာ နောက်လည်း ခွင်(ဂွင်)လေး၊ ဘာလေး ရှိရင် ဖန်ခဲ့ဦးနော်"

"စိတ်ချ၊ ကဲ..အန်တီ သွားပြီနော်"

"ဟုတ်ကဲ့ပါ ရှင်"

မိန်းမကြီးက သူ ရသင့်သည့်ဈေးကို ရပြီး ပြန်သွားတော့သည်။

မာမီစိုးကလည်း ဆံပင်ရှည်ကြီးကို အရှုံးအရောင်းဈေးဖြင့် တန်တန်ကြီး ရလိုက်သဖြင့် အလွန် ကျေနပ်လျက်ရှိသည်။





ဆံပင်ရှည်ကြီးကို စပရေးဖျန်း၊ အမွှေးနံ့သာများ ဖျန်းပြီး သန့်ရှင်းရေးလုပ်ကာ သိမ်းထားလိုက်တော့သည်။

"ဒီဆိုင်မှာလေ..ဆံပင် ဆက်လို့ ရလားရှင့်"

ဟု ဆိုကာ မာမီစိုးဆိုင်ထဲ ဝင်လာပြီး မေးလိုက်သူက ကောင်မလေး တစ်ယောက်၊ တိတိကျကျ ဆိုရလျှင် ခေတ်ဆန်သည့် သမီးပျို စတီလေးပေါ့။

"ရတာပေါ့..သမော်တကီး (သမီး)လေးရယ်..ဟိုဘက်တောင် လွန်သေး"

"မာမီ..သမီး ဆံပင်တွေကလေ ပါးတယ် မာမီရဲ့..ခဏ..ခဏ လည်း ကျွတ်တော့ ဆံပင်က ရှည်ကိုမလာဘူး၊ သမီးမှာ ဆံပင်နဲ့ပတ်သက်ပြီး အရမ်း စိတ်ညစ်ရတာပဲ"

ဟု ကောင်မလေးက သူ့ဆံပင်လေးတွေကို ကိုင်ပြီး ဝမ်းနည်းသံလေးဖြင့် ပြောရှာလေ၏။

"ဒါများ..သမော်တကီးလေးရယ်..ရှေ့စိတ်တော် မငြိုးပါနဲ့၊ မာမီ တစ်ယောက်လုံး ရှိပါတယ်၊ မာမီ..အကောင်းဆုံး ကြည့်လုပ်ပေးပါ့မယ်၊ သမီးတို့ အစစ်မတွေ သိပ်လှချင်ကြတာ မာမီတို့က အတွင်းသိ..အတွင်းသိ"

ဟု မာမီစိုးက အဲဒီလိုပြောလိုက်ရာ ကောင်မလေးမျာ မျက်လုံးလေးများ ဝင်းလက်သွားပြီး ပျော်သွားလေတော့သည်။

စပါပြီ။

မာမီစိုး သူ့လက်နက်ကြီးကို ထုတ်သုံးလေပြီ၊ တခြားတော့ မဟုတ်၊ မကြာသေးခင်ကမှ လာရောင်းသွားသည့် မိန်းမကြီးဆီက ဝယ်ထားသည့် ဆံပင်ရှည်ကြီးကို ကောင်မလေးဆံပင်တွေမှာ ဖြတ်သင့်တာ ဖြတ်၊ ညှပ်သင့်တာ ညှပ်၊ ဆက်သင့်တာ ဆက်ပေးလိုက်လေတော့သည်။

အချိန်အတော်ကြာမှ ပြီးစီးသွားကာ မာမီစိုးက -

"ကဲ..သမော်တကီး..ဘယ်လိုလဲ ကြည့်လိုက်ပါဦး"

ဟုပြောလိုက်ရာ ကောင်မလေးက မှန်ထဲမှာ သူ့ဆံပင်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးနောက် –

"ဟယ် !.. လှ .. လှလိုက်တာ မာမီရယ် .. ဒါကြောင့် မာမီကို ယုံကြည်လို့ လာခဲ့တာပေါ့။ ခု ဆံပင်တွေ ရှည်ပြီး ကြည့်ကောင်းသွားပြီ"

အားရဝမ်းသာစွာဖြင့် ပြောလေတော့သည်။

မှန်ပါသည်။ ဆံပင်များမှာ အတော်ကို ရှည်လျားသွားပြီး အရင်ကနှင့် ဘာမှ မဆိုင်အောင်ကို လှပသွားတော့သည်။

မာမီစိုးက စပရေး တစ်ချက် ဖျန်းလိုက်ပြီး –

"ကြိုက်ရဲ့လား .. သမီး၊ အဲဒါ .. မာမီ့ လက်စွမ်းကုန် သုံးထည့်လိုက်တာ"

မာမီဖြစ်သူက ကိုယ့်ကိုကိုယ် ချီးမွမ်းခန်း ဖွင့်လိုက်သေး၏။

"ကြိုက်တာမှ ဟိုဘက်တောင်လွန်သေး .. မာမီရယ် ကျေးဇူးတင်ပါတယ်ဆို၊ ဒါနဲ့ .. ဘယ်လောက်ကျလဲ ဟင် မာမီ"

"(...) ပဲပေးပါ သမီးရယ် .. ဆံပင်ကိုတော့ ဂရုစိုက်ပြီး လျှော်နော်"

"ဟုတ်ကဲ့ .. မာမီ"

ကောင်မလေးက ကျသင့်ငွေကို ရက်ရက်ရောရော ရှင်းပေးပြီး မာမီစိုး ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။ ဒီနေ့ဟာ သူမဘဝအတွက် အပျော်အရွှင်ဆုံးနှင့် ဝမ်းသာရဆုံး နေ့တစ်နေ့ပင် မဟုတ်လော။

## (၅)

"လှ .. လှလိုက်တာ နှင်းရယ် .. ဆံပင်တွေက ရှည်ပြီး နက်မှောင်နေတာပဲ၊ ဒီဆံပင်ရှည်နဲ့ဆိုတော့ နှင်းက လုံးဝကို ဂန္ဓဝင် ဆန်သွားပြီကွာ"

ပြောလာသူက တာရာ၊ သူက နှင်းရဲ့ချစ်သူလေ။

အရင်တုန်းကဆိုရင် နှင်းရဲ့ဆံပင်တွေကို ကြည့်ပြီး တာရာ အရမ်း စိတ်ပျက်ခဲ့ရဖူးသည်။ ဆံပင်ကပါးပြီး ခဏ၊ ခဏ ကျွတ်သည်မို့ ချစ်သူကို ဖက်လိုက်တာနှင့် ပုခုံးမှာ ဆံပင်တွေက ကပ်ပြီးသား။

ခေါင်းလေးကို ပွတ်လိုက်တာနှင့် ဆံပင်တွေက ကျပြီးသား။







ပေါ့ .. အခု တာရာ လုံးဝကို မယုံနိုင်အောင် ဖြစ် သွားခဲ့လေပြီ။ နှင်းရဲ့ဆံပင်တွေက အရင်လို မဟုတ်တော့၊ ဆံပင်က အရှည်နှင့်မို့ ခန္ဓာကိုယ် စတိုင်ပါ လုံးဝ လုံးဝ ပေါ်ဆန်သူ တစ်ယောက် ဖြစ်ခဲ့လေပြီတည်း။

နှင်းက သူမ ဆံပင်တွေကို ဆိုင်မှာ ဘယ်လို ဘယ်ပုံ လုပ်ခဲ့တာကို တာရာကို ရှင်းပြပေးသည်။ ဒီတော့မှ တာရာ သဘောပေါက်သွားသည်။

"အို .. ဘယ်လိုပဲဖြစ်ဖြစ်၊ နှင်း .. ဒီဆံပင်ပုံနဲ့ အရမ်းလိုက်တယ်၊ အရမ်းမိုက်တယ်။ ကိုယ်တော့ နှင်းကို အရင်ကထက်ကို ပိုကြွေသွားပြီကွာ .. ဂယ်ကြီး ပြောတာ"

"အပိုတွေ .. သွားပါ၊ အရင်တုန်းက ဒီလေသံမျိုး မဟုတ်ပါဘူးနော် ဟွန်း"

နှင်းက လှပသော မျက်စောင်းလေးထိုးပြီး ချစ်သူကို စိတ်ဆိုးဟန်ပြသည်။ တာရာက ဘာမှ ပြန်မပြောတော့ဘဲ နှင်းရဲ့ဆံပင်လေးတွေကို လက်ဖြင့် ယုယုယယ ကိုင်ရယ်ကစားရင်း ဆံပင်လေးတွေကို အားရပါးရ နမ်းရှိုက်လိုက်လေတော့သည်။

"ဟင် !.."

ခနဲ အံ့ဩပြီး –

"ဝေါ့ !.."

ခနဲ ထိုးအန်မလို ဖြစ်သွားခဲ့သည်။

"ကိုကို .. ဘာဖြစ်တာလဲ ဟင် .. ဘာဖြစ်လို့လဲ"

နှင်းက စိုးရိမ်စွာ မေးလေတော့ တာရာဖြေဖို့ အခက်တွေ့နေလေပြီ။ ဘယ်လို ပြန်ဖြေရပါမည်နည်း။ အော့အန်ချင်စရာ အနံ့ကြီး၊ ဒီဆံပင်တွေက ရလိုက်တာလို့ ချစ်သူကိုတော့ မပြောရက်သေး။



www.burmeseclassic.com

www.burmeseclassic.com





"ဘာ . . ဘာမှ မဖြစ်ပါဘူး . . နှိုင်းရယ် . . ကိုကို အစာမကြေ ဖြစ်သွားလို့ပါ"

ဟု လိမ်ပြောလိုက်သည်။ ထို့နောက် ချစ်သူရဲ့ဆံပင်ကို မငဲ့မရဲနှင့် ကိုင်ကြည့်ပြီး နောက်တစ်ကြိမ် ထပ်နမ်းကြည့်လိုက်ပြန်သည်။

"အေ့"

"ဝေါ့ . ."

ဒီတစ်ခါမှာတော့ ဟန်မဆောင်နိုင်တော့၍ အန်ချလိုက်သည်။

ထို့နောက် ချစ်သူကိုလည်း မပြောချင်၍ -

"ကို . . ကိုယ် . . ပြန်တော့မယ် . . နှိုင်း"

ဟု ဆိုကာ တာရာတစ်ယောက် နှိုင်းရဲ့ဘေးနားကနေ ခပ်သုတ်သုတ် လစ်ထွက်လာခဲ့တော့သည်။

"ကို . . . ကို . . နေဦးလေ . . ကိုယ်"

နှိုင်းက နောက်မှနေ တစာစာ အော်ခေါ်သံကိုလည်း တာရာ မကြားချင်တော့။ အဘယ်ကြောင့်နည်း။

တာရာတစ်ယောက် နှိုင်းဆံပင်ကို နမ်းတုန်းက ရရှိလိုက်သည့် အနံ့က အပုပ်နံ့ကြီးဖြစ်နေသောကြောင့်ပင်။ သေချာအောင် ဒုတိယအကြိမ် ထပ်နမ်းပြန်တော့လည်း အပုပ်နံ့ကြီးပဲ ရနေပြန်တာကိုး။

နံတာမှ လူသေကောင် အပုပ်နံ့ကြီးလို စူးစူးဝါးဝါးကို နံလိုက်တာမှ ဟန်မဆောင်နိုင်အောင် ထိုးအန်တာက သက်သေပဲမဟုတ်လော။

အပြန်လမ်းမှာတောင် အပုပ်နံ့လိုလို၊ သွေးညှီနံ့လိုလိုတွေက ရလာပြန်သည်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ တာရာ လုံးဝကို မစဉ်းစားတတ်။ သူပဲ နှာခေါင်းရောဂါ ရနေသလား။ မနက်ဖြန်ခါကျမှ ဆေးရုံမှာ သွားပြကြည့်ရဦးမည်။





နား၊ နှာခေါင်းဆေးရုံမှာ သွားပြကြည့်တော့လည်း ဘာရောဂါမှမရှိ။ အကုန်လုံး (Normal) အတိုင်းပင်။ တစ်ခုခုတော့ လွဲနေပါပြီ။ တာရာ စဉ်းစားပြီး အဖြေထုတ်မရ။ ထူးတော့ ထူးဆန်းသည်။ ဒီအပုပ်နံ့ကြီးက သူတစ်ယောက်ပဲရပြီး နှိုင်းက ဘာကြောင့် မရသနည်း။ တကယ်ဆို နှိုင်းက တာယကံရှင်ပဲလေ။

(၆)

နှိုင်းတစ်ယောက် တာရာဆီကို ဖုန်းခေါ်တာ ခေါ်လို့မရ။ စက်ပိတ်ထားသည်ဆိုတာချည်းပဲ လာလာတိုးနေသည်။ မတတ်နိုင်။ မနက်ဖြန်ကျမှ ဆုံနေကြနေရာမှာ စောင့်နေမည်ဟု မက်ဆေ့ချ် ပို့ထားလိုက်တော့သည်။ ယခု လုပ်စရာရှိတာက ရေမိုး ချိုး၊ ဆံပင်လျှော်ဖို့။

ရေချိုးခန်းထဲဝင် . . ရေချိုး၊ ဆံပင်တွေကို အသေအချာ လျှော်ပြီးနောက် ပြန်ထွက်လာကာ တဘက်နှင့်ဆံပင်တွေ ရေခြောက်အောင် သုတ်ပစ်လိုက်သည်။ ဆံပင်တွေ ရေသုတ်ပြီး အလှပြင်ရန် မှန်တင်ခုံရှေ့ထိုင်လိုက်တော့ နှိုင်း ပါးစပ်အဟောင်းသားနှင့် နေရာထင် ကြက်သေသေသွားသည်။ အော်ဖို့ အသံပင် ထွက်မလာတော့။

အကြောင်းမှာ . .

မှန်ထဲ၌ သူ့အရိပ် ပေါ်ရမည့်အစား ဆံပင်အရှည်ကြီးနှင့် မိန်းမတစ်ယောက်ရဲ့ရုပ်ပုံက ပေါ်လာသောကြောင့် ဖြစ်သည်။ မျက်နှာကိုလည်း သေချာ မမြင်ရ။ ဆံပင်များက ဖုံးအုပ်ထားလေသည်။ ကြည့်ရင်းမှ အဲဒီမိန်းမရဲ့ခေါင်းကနေ သွေးများစီးကျလာလေရာ မျက်နှာကို လက်နှင့်ကာပြီး နှိုင်း လန့်အော်လိုက်မိလေသည်။

"အား !. ."

နှိုင်း အော်သံကြောင့် မိဘနှစ်ပါးလည်း ပြူးတူးပျာတာနှင့် ရောက်လာပြီး -

"သမီး နှိုင်း . . ဘာဖြစ်လို့လဲ ဟင်၊ ဒယ်ဒီကို ပြောစမ်း"

ဖခင်က မေးလေတော့ နှိုင်း မှန်ပြင်ကို လက်ညှိုးထိုးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ..သမီး၊ မှန်က ဘာဖြစ်လို့လဲ..သမီး..ဘာမြင်လို့လဲ"

နှိုင်း လက်ကိုဖယ်ပြီး မဝံ့မရဲနှင့် မှန်ကို ကြည့်လိုက်မိသည်။ စောစောက အမျိုးသမီးပုံရိပ် မရှိတော့၊ နှိုင်းတို့ သားအမိ၊ သားအဖ သုံးယောက်ပုံသာ မှန်ထဲမှာ ပေါ်နေသည်ကို နှိုင်း တွေ့မြင်ရသည်။ ထူးဆန်းလှချည်လား။

မိဘနှစ်ပါးကို နှိုင်း မြင်သမျှ အကုန်ပြောပြတော့ -

"သမီး စိတ်ထင်လို့ပါ၊ အခု ဒီမှာ ကြည့်လေ..ဘာပေါ်လာလို့လဲ၊ မှန်ထဲ..ဒယ်ဒီတို့ ပုံပဲပေါ်နေတာ သမီး အမြင်ပဲလေကွယ်"

ဟု ဖခင်က နှိုင်းကို အားပေးပြီး -

"ဘုရားရှိခိုး အိပ်..သမီး"

ဟု ပြောပြီး နှိုင်း အခန်းထဲမှ ပြန်ထွက်သွားကြတော့သည်။ ဘယ်လိုကြောင့် ဒယ်ဒီတို့က မမြင်ရတာလဲ၊ အံ့သြစရာ ကောင်းလှသည်။ ဒါ..ဒါဆို ဒီအမျိုးသမီးပုံရိပ်ကို သူ သူတစ်ယောက်တည်းသာ မြင်ခဲ့ရသည်ပေါ့၊ ဘုရား...ဘုရား။

နှိုင်း ဘုရား တချေပြီး၊

## (၇)

အချိန်အားဖြင့် ည သန်းခေါင်ကျော် (၁)နာရီ၊ ကောင်းကင်ပေါ်ရှိ လမင်းရဲ့ အလင်းရောင်က အမှောင်ထုကို ထိုးဖောက်နိုင်စွမ်း မရှိ ၊ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်မဲလျက်ရှိကာ ပုရစ်သံ၊ ပုဇဉ်းရင်ကွဲအသံများမှလွဲ၍ အခြား မည်သည့်အသံမှ မကြားရ။

ထိုအခိုက် -

"အူ..အူ..အူ..အူ"

"ဝူ..ဝူ..ဝူ..ဝူ"







ခွေးအူသံကြီးက ချောက်ချားဖွယ်ရာ ထွက်ပေါ်လာလေရာ ကြောက်ထိတ်သူများအဖို့ အားငယ်စရာ ကောင်းလွန်းလှသည်။ နှိုင်း အိပ်ကောင်းနေတုန်း ရှိသေး၊ ဆံပင်ကို တစ်စုံတစ်ယောက်က လာရောက် ဆောင့်ဆွဲနေသဖြင့် လန့်နိုးသွားပြီး ဘယ်သူလဲဟု ကြည့်လိုက်သည်။

"ဟင်!.."

နှိုင်း မျက်လုံးများပါ ကျယ်သွားသည်။ မိန်းမတစ်ယောက် သူ့အခန်းထဲမှာ ဘယ်က ဘယ်လို ရောက်နေသလဲ မသိ၊ အခန်းတွင်း၌ မီးက ပိတ်ထားသဖြင့် မည်သူမည်ဝါမှန်းတော့ သေချာမသိ၊ ဒါပေမယ့် အဲဒီမိန်းမက ဆံပင်ရှည်ကြီးနှင့်ဆိုတော့ မိန်းမတစ်ယောက် ဖြစ်မှန်းတော့ နှိုင်း အသေအချာကို သိသည်။

"ဘယ်..ဘယ်သူလဲ"

နှိုင်း မေးလိုက်သည်။

"........"

ပြန်ဖြေသံ မကြားရ၊

"မေး..မေးနေတယ်လေ၊ ဘယ်သူလဲလို့"

"........"

အသံပင် ထွက်မလာ၊ ထိုမိန်းမက တရွေ့ရွေ့နှင့် နှိုင်း ခုတင်နားကို လက်ကြီးနှစ်ဘက် ဆန့်တန်းပြီး လာနေရာ နှိုင်း လက်ကိုင်ဖုန်း အလင်းရောင်ကိုဖွင့်ပြီး ကြည့်လိုက်သည်။


"ဟင်!.."



www.burmeseclassic.com

www.burmeseclassic.com





မှန်ထဲက အမျိုးသမီး၊ သူမ သူပါပဲ၊ မျက်နှာကိုလည်း ဆံပင်ရှည်များက ဖုံးအုပ်ထားပြီး ထိုဆံပင်များကနေ သွေးများကလည်း စီးကျလာလေသည်၊ အမျိုးသမီးသည် နိုင်း ခုတင်နားမှာ ရပ်တန့်သွားပြီး ခေါင်းကို တဖြည်းဖြည်း မော့လာလေသည်၊ ထို့နောက် လက်ကြီး ဆန့်တန်းလာတော့ -

"အား !. . အား !. ."

နိုင်း လန့်ပြီး ဘေးဘီဝဲယာကို ကြည့်လိုက်သည်၊ ဘာမှ မရှိ၊ အိပ်မက်မက်နေတာပါလား၊ ဘုရား . . ဘုရား ကြောက်စရာကောင်းလိုက်တဲ့ မျက်နှာကြီး၊ မျက်နှာတပြင်လုံးလည်း မီးလောင်ကျွမ်း ထားရပြီး တော်တော်ကို ရုပ်ပျက်ဆင်းပျက်ရှိလှသည့် မျက်နှာမျိုး၊

နိုင်း အိပ်မက်ကို ပြန်ပြီး ပုံမဖော်ရဲတော့လောက်အောင် ဖြစ်နေသည်၊ ဆက်အိပ်လို့လည်း ရမည် မဟုတ်၊ နာရီကို ကြည့်လိုက်တော့ မနက်(၄)နာရီ ထိုးနေပြီ၊ ထပြီး မျက်နှာသစ်၊ သွားတိုက်နင့် ရေချိုးခန်းထဲ ဝင်လိုက်တော့သည်၊

(၈)

ထိုင်နေကြ ခုံတန်းလေးမှာ နိုင်း ထိုင်နေပြီး တာရာ အလာကို စောင့်နေလိုက်သည်၊ တာရာမလာခင် မိတ်ကပ်လေး နည်းနည်း ပွတ်ဦးမှဟု စိတ်ကူးကာ အိတ်ထဲမှ ကရင်မ်ပတ်ကို ထုတ်ပြီး ဖွင့်လိုက်သည်၊

"ဟင် !. ."

နိုင်း လန့်ပြီး ကရင်မ်ပတ်ပါ ပြုတ်ကျသွားသည်၊ ကရင်မ်ပတ် မှန်ထဲ ဟိုအမျိုးသမီးပုံက ပေါ်လာသဖြင့် ဘေးဘီဝဲယာကို နိုင်း ကြည့်လိုက်မိသည်၊ မည်သူမှ မရှိ၊





။

'ဟင် ! . . အပုပ်နံ့ကြီးက ငါ့ဆံပင်တွေကနေ ရတာပါလား'

ရင်ထဲမှပင် ပျို့တက်လာသည်။ ဆံပင်က ဘာကြောင့် အပုပ်နံ့ကြီး ရနေသနည်း။ အပုပ်နံ့မှ လူသေကောင်အပုပ်နံ့ကြီးမျိုး။

"နိုင်း ရောက်နေတာ ကြာပြီလား"

ဟု အသံကြားတော့မှ တာရာ ရောက်လာသည်၊

"မကြာသေးပါဘူး . . ကိုရယ်"

ဟု ဆိုကာ တာရာ ရင်ခွင်ထဲ ခေါင်းဝင်ပြီး ချစ်သူရဲ့ရင်ခွေ့ကို ခိုလှုံလိုက်သည်၊ တာရာ နှာခေါင်းရှုံ့ပြီး -

"ရပြန်ပြီ . . ဒီအနံ့ကြီး"

ဟု ဆိုကာ နိုင်းဆံပင်တွေကို နမ်းကြည့်လိုက်ပြန်သည်၊ ဟုတ်ပါတယ်၊ အပုပ်နံ့က ဒီဆံပင်တွေက နေရတာ၊

"နိုင်း . . မင်းဆံပင်တွေကနေ ဘာအနံ့မှ မရဘူးလား"

"မရပါဘူး . . ကို ဘာဖြစ်လို့လဲ ဟင်၊ နိုင်း . . သံလွင်ဆီပဲ သိမ်းတာပါ"

ဆိုပြီး ပြန်ဖြေလိုက်သည်၊

"တစ်ခုခုတော့ လွဲနေပြီ . . နိုင်း၊ ကိုယ်တော့ မင်းဆံပင်တွေကို သိပ်မသင်္ကာချင်ဘူး"

"ကို စိတ်ထင်လို့ နေမှာပါ"

"ဒီဆံပင်တွေကို မင်းဘယ်ဆိုင်မှာ ပြုပြင်ခဲ့သလဲ နိုင်း"

ဟု တာရာက မေးလိုက်ရာ -

"မာမီစိုး ဆိုင်မှာပါ"

ဆိုပြီး နိုင်း ဖြေလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



(၉)

"ဟယ် .. သားရယ် မာမီလည်း ဘယ်သိမှာလဲလို့၊ ဆံပင်တွေရောင်းတဲ့ မိန်းမကြီးတစ်ယောက်ဆီက ဝယ်ခဲ့တာလေ၊ သူ ဘယ်ကလဲဆိုတာ မာမီ ဘယ်လိုသိမှာလဲလို့"

မာမီစိုးက တာရာအား ရှင်းပြသည်၊ ဒါဆို ဒီ ဆံပင်ဖစ်မြစ်က ဘယ်ကလာသနည်း။

"ဒါဆို မာမီ ..တကယ် မသိတာပေါ့"

"အော် .. သားရယ်၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကြီးနဲ့လား မေးနေရတယ်၊ မာမီကို လာမဝုန်းနဲ့နော် ..ဟွန်း ဆွဲစားပစ်လိုက်မယ်"

လူငယ်လေး တာရာ အနည်းငယ် တွန့်သွားသည်၊ ဆက်ပြောနေလို့လည်း အကြောင်းထူးမှာ မဟုတ်၊ မာမီစိုး ဆိုင်ထဲကနေ တာရာ လစ်ထွက်လာခဲ့လိုက်သည်၊

နှိုင်း ရေမိုးချိုးပြီးတာတောင် မှန်တင်ခုံရှေ့မှာ မထိုင်ရဲတော့၊ မှန်ကြည့်ရမှာ ကြောက်ရွံ့ထိတ်လန့်လာသည်၊ ဆံပင်တွေကို တဘက်နှင့်သာ အခြောက်သုတ်ပစ်လိုက်သည်၊ ထိုစဉ် -

"ဘယ်က အပုပ်နံ့ကြီးပါလဲ"

နှိုင်း .. နှာခေါင်း တရှုံ့ရှုံ့လုပ်ရင်း အပုပ်နံ့ကို လိုက်ရှာသည်၊ ကြွက်သေတွေလည်း မရှိ၊ အနံ့ကြီးက စူးစူးဝါးဝါးနှင့် အော်ဂလီဆန်ချင်စရာ ကောင်းလွန်းလှသည်၊ နှိုင်း အဖြေရှာတာ ရှာလို့မရ၊

နောက်ဆုံးမှ -

"ဟင် ! .. အပုပ်နံ့ကြီးက ငါ့ဆံပင်တွေကနေ ရတာပါလား"

ဟု ဆိုကာ ဆံပင်ကို အသေအချာ နမ်းကြည့်လိုက်သည်၊

"အေ့ .."

ရင်ထဲမှပင် ပျို့တက်လာသည်၊ ဆံပင်က ဘာကြောင့် အပုပ်နံ့ကြီး ရနေသနည်း။ အပုပ်နံ့မှ လူသေကောင်အပုပ်နံ့ကြီးမျိုး။

ဒါဆို ..ဒါဆို တာရာပြောတာ အမှန်ပေါ့၊ ငါ့ ဆံပင်တွေက အပုပ်နံ့ရတယ် ဆိုတာ၊ နှိုင်း တစ်ယောက်ထဲ ပဟေဠိ အဖြေညှိရင်း





ညအိပ်တော့ ဆံပင်ကို အဝတ်တွေနှင့် စည်းပြီး ဖြန့်ချထားလိုက်သည်၊ အဲဒီ အပုပ်နံ့ကြီးနှင့် အိပ်လို့လည်း ရမည်မဟုတ်၊ နှိုင်း ဟိုဟိုဒီဒီ တွေးတောရင်း မျက်လုံးများ မှေးစင်းလာကာ အိပ်ပျော်ချင်သလိုလို ဖြစ်လာလေသည်၊



"ရှပ် .. ရှပ် .. ရှပ်"

အသံကြား၍ နှိုင်း မျက်လုံးဖွင့်ကြည့်လိုက်သည်၊ မျက်နှာကျက်မှာ ဟို အမျိုးသမီး၊ နှိုင်း ထမလို့ ဟန်ပြင်တော့ ဖိအားတစ်ခုခု သူမအပေါ်ကို ဖိစီးထားလေရာ လှုပ်လို့ပင်မရ၊ မျက်လုံးကြီး ပြူးလျက်သားသာ ကြည့်နေရသည်၊

ဟို အမျိုးသမီး မျက်နှာကျက်ကနေ ခန္ဓာကိုယ်ကို လှန်ချိုးပြီး လေးဖက်ထောက်ပုံစံကြီးဖြင့် ဆင်းလာချေပြီ၊

"ငါ့ ဆံပင်ရှည်တွေ ပြန်ပေး၊ ငါ့ဆံပင်ရှည်တွေ ပြန်ပေး"

ဟု ဆိုပြီး တောင်းလေရာ -

"မသိဘူး .. မသိဘူး .. ဘယ်က ဆံပင်ရှည်လဲ၊ အား ! .."

နှိုင်း လန့်နိုးလာသည်၊ အိပ်မက် ..တော်သေးသည်၊ အိပ်မက်မို့လို့သာပဲ၊ တကယ်ဆိုရင် အသက်ထွက်ရချည်ရဲ့၊

(၁၀)

မနက်ရောက်တော့ နှိုင်း Breakfast ပင် မစား၊ သင်တန်းသို့ အမြန် ထွက်လာခဲ့လိုက်သည်၊ လမ်းမှာ ခေါင်းထဲက ယားယံလာ၍ ခေါင်းကို တစ်ချက်ဖွတ်လိုက်သည်၊ ဘုရား၊ ဘုရား ဆံပင်တွေ ကျွတ်ထွက်လာမှ နည်းတာ မဟုတ်၊ ခေါင်းထဲမှာလည်း သန်းတွေ ပြေးလွှားနေ

www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး တရွရွ၊ တစိစိနှင့် ယားလိုက်တာမှလွန်ရော။

နေရင်း၊ ထိုင်ရင်းကို ဆံပင်တွေက သူ့အလိုလို ကျွတ်ကျလာပြန်သည်။ မဖြစ်ချေဘူး။ တာရာဆီကို ဖုန်း အမြန် ခေါ်လိုက်သည်။

မကြာပါ .. တာရာ ရောက်လာသည်။ တာရာက နှိုင်းဆံပင်တွေကို ကြည့်ပြီး -

"ဒီဆံပင်တွေရဲ့ဖြစ်မြစ်ကိုတော့ ကိုယ် သိလာခဲ့ပြီ နှိုင်း၊ ကိုယ့်ဘကြီး တစ်ယောက်က အဲဒီလိုဆံပင်မျိုးကို ချက်ချင်း ခေါင်းတုံး တုံးပစ်လိုက်မှ ရတာတဲ့"

ဟု တာရာက ရှင်းပြသည်။

"နှိုင်း .. နှိုင်း ကတုံး မတုံးချင်ဘူး ကို"

"မဝိုက်စမ်းပါနဲ့ နှိုင်းရယ်၊ နှိုင်း ဒုက္ခရောက်မှာ စိုးလို့ပါ"

နှိုင်း တွေဝေနေရပြီ။ မတတ်နိုင်၊ နှိုင်း တစ်ယောက် ဆံပင်ရှည်တာ မြတ်နိုးတတ်ပေမယ့် ..။

နှိုင်း သီလရှင် ဓာဏ ဝတ်လိုက်ရပါတော့သည်။ သူ မြတ်နိုးခဲ့တဲ့ ဆံပင်ရှည်များဖြစ်တာကြောင့် နမြောစိတ် ဖြစ်မိပြီး အလုံးအထည် မပျက် တမ်း ဖြတ်ပစ်ကာ တာရာကို ပေးလိုက်သည်။

တာရာကတော့ နှိုင်းရဲ့ဆံပင်တွေကို နှိုင်းအတွက် ယတြာချေတဲ့အနေနဲ့ကော၊ အပြီးတိုင် အစီအရင်အဖြစ်နဲ့ပါ သချိုင်းအတွင်းမှာ ဆံပင်ရှည်တွေကို ကြွတ်ကြွတ်အိတ်နှင့် ထည့်ပြီး မြေမြှုပ်ပစ်လိုက်လေတော့သည်။

အားလုံး ပြီးစီး၍ တာရာလည်း ပြန်သွားလေပြီ။

ဇာတ်လမ်းက ဒီမှာပြီးပြီလားဆိုတော့ မပြီးသေး၊ ဆက်လက်ရှုစားကြည့်ပါဦး။

(၁၀)

"ဟဲ့ .. ဟိုခွေး ဘာတွေ ဖော်နေတာတုံးဟ"

သချိုင်းအစောင့်က ခွေးတစ်ကောင် ကျင်းတစ်ခုကို ဖော်ပြီး တစ်ခုခုကိုဆွဲနေတာ မြင်ပြီး ဝေါက်လိုက်ခြင်း ဖြစ်သည်။ ခွေးက ဖော်





ပြီး သချိုင်းအစောင့်နား လာရောက်ချထားသဖြင့် အစောင့်ကယူပြီး ကြည့်လိုက်သည်။

"ဟင် ! .. ကြွတ်ကြွတ်အိတ်နဲ့ ထည့်ထားတဲ့ ဆံပင်ရှည်ကြီးတွေပါလား၊ အကောင်းအသန့်တွေပါလား၊ နိပ်ဟ .. မိန်းမကို သွားရောင်းခိုင်းရမယ်၊ ဒါဆို ငါ့အတွက်လည်း အရက်ဖိုးရမှာ"

ဟုဆိုကာ သူ့မိန်းမကို အဲဒီဆံပင်ထုတ်ကို ပေးပြီး သွားရောင်းခိုင်းလိုက်သည်။ သူ့မိန်းမ သွားရောင်းသည့်ဆိုင်က -

"ဆံပင်တွေက ကောင်းလို့ ကျွန်မက ပြန်ဝယ်တာနော်၊ နောက်ပြီး အရှပ်အရှင်းကင်းဖို့လည်း လိုတယ်"

ဟု ပြောလိုက်သူက အလှဖန်တီးရှင် မာမီစိုးပင်။

"စိတ်ချ .. ဒီဆံပင်တွေက သန့်ပြီးသား"

"ကျွန်မရဲ့အိမ်ရှင် ကောင်မလေးက သီလရှင်ဝတ်လို့ သူ့ဆံပင်တွေကို မပစ်ရက်လို့ ကျွန်မကို ပေးလိုက်လို့ လာရောင်းတာပါ"

"ကောင်းပါပြီ ရှင်၊ အရှပ်အရှင်း ကင်းရင် ပြီးတာပါပဲ။ ကဲ .. ပြော ဘယ်လောက်ပေးရမလဲ"

"(....) ပဲ ပေးပါ"

"ဟယ် ! .. များလိုက်တာ၊ (....) ပဲ ပေးမယ်"

"သဘောပဲ ရှင်"

ဆံပင် အရောင်းအဝယ် တည့်သွားပြီ၊ မာမီစိုးက ငွေရှင်းပေးလိုက်တော့ မိန်းမကြီးလည်း ပြန်သွားသည်။ မာမီစိုးလည်း လာရောင်းခဲ့သည့် ဆံပင်တွေကို သထားလိုက်သည်။

မကြာပါ၊ ညနေစောင်းလောက်မှာ အသက် (၂၀) ကျော် အလန်းဇယားလေး တစ်ယောက် မာမီစိုးဆိုင်ထဲ ရောက်လာပြီး -

"မာမီ .. ဆံပင်ဆက်လို့ ရမလားရှင်"

ဟု မေးလိုက်ရာ -

"အရှည် ဘယ်လောက်လိုချင်လဲသာ ပြောလိုက် .. သမီး၊ ဆံပင်ကိုပြောတာနော် .. ဟိဟိ"

"ခါးအထိပါ မာမီ၊ မဟုတ်ရင် သမီးဆံပင်တွေက ပုံလွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဆံပင်မကောင်းတော့ ရည်းစားကလည်း ခါနေတယ်"

"စိတ်ချ..မာမီနဲ့တွေ့ရင် လန်းသွားစေရမယ်"

ဟု ဆိုကာ မိန်းမကြီး လာရောင်းသွားသည့် ဆံပင်များနှင့် ကောင်မလေးဆံပင်တွေကို ဆက်ပေးလိုက်ပြန်သည်။

အားလုံးပြီးစီး၍ ကောင်မလေးက သူ့အိမ်ပြန်၊ ရေချိုးစန်း ထဲဝင်ပြီး ရေချိုး၊ ခေါင်းလျှော်ပစ်လိုက်သည်။ ရေချိုးပြီး အလှပြင်ရန် မှန်ရှေ့ထိုင်၊ မှန်ကို ကြည့်လိုက်ရာ မိန်းမတစ်ယောက် သူ့နောက်မှာ ရပ်ပြီး လက်နှစ်ဘက်ကိုလည်း ဆန့်တန်းထားသေးသည်၊

မျက်နှာကိုတော့ မမြင်ရ၊ ဆံပင်ရှည်ကြီးများနှင့် ဖုံးအုပ် ထားသောကြောင့် ဖြစ်သည်၊ ထိုမိန်းမက မျက်နှာကို တဖြည်းဖြည်း မော့လာရာ ကောင်မလေးက အဲဒီမိန်းမ၏ မျက်နှာကို သေချာ မြင်တွေ့ လိုက်တော့သည်၊

"အား!.."

"အား!.."

ကောင်မလေး အသံကုန် စွတ်အော်တော့သည်၊ အော်လည်း အော်ချင်စရာပင်၊ မျက်နှာကြီးက မီးလောင်ကျွမ်းထားသည့် မျက်နှာ မျိုးနှင့်ဆိုတော့ ကောင်မလေးလည်း အော်ပြီး နေရာမှာတင် တစ်ခါ တည်း မေ့လဲသွားတော့သည်၊

ထိုမိန်းမက သရဲသံ အစ်အစ်ကြီးဖြင့် -

"ငါ့ ဆံပင်တွေပြန်ပေး..ငါ့ဆံပင်တွေပြန်ပေး"ဟူ၍သာ၊

နတ်လူသစ်

❑



# အိမ်ရောင်းဖို့ အခက်တွေ့နေလျှင်

သန်လျှင်

မောင်ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com





။

"အိမ်ကို
လာတော့ကြည့်ပါတယ်..
ဦးလေး။ ဈေးအလျှော့အတင်း
ရှိတယ်လို့ ပြောတာတောင်
ဈေးမဆစ်ဘဲ
ပြန်သွားတယ်.. ဦးလေးရယ်"

အမိဋ္ဌာန် ပုတီးစိတ်သည့် (၄၅)ရက် အမိဋ္ဌာန် အောင်မြင်စွာ ပြီး၍ ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပြီးနောက် ဆံတော်ရှင် ကျိုက်ခေါက် စေတီတော်မြတ်ကြီးအား လကျာ်ရစ် တစ်ပတ် ကြည်ညို ဖူးမြော်၍ အရှေ့ဘက်၊ ဘုရား စောင်းတန်းမှ ဆင်းလာခဲ့သည်။

အိမ်ပြန်ရန် ကားမှတ်တိုင်သို့ အသွားတွင် နောက်မှ ခေါ်သံ ကြား၍ လှည့်ကြည့်လိုက်ရာ မတွေ့တာကြာပြီဖြစ်သည့် အစ်ကိုဝမ်းကွဲ အစ်ကိုဌေး ဖြစ်နေသည်။ ကျွန်ုပ်မှ -

"ဟာ !..အစ်ကိုဌေး။ မတွေ့တာ ကြာပြီ။ ဝမ်းသာတယ် အစ်ကို လာ..လက်ဖက်ရည်ဆိုင် သွားမယ်"

"ဆိုင်မသွားပါနဲ့ ညီလေးရာ..အစ်ကို့အိမ်ကို လိုက်ခဲ့၊ ဒီနေ့ အိမ်မှာ မုန့်ဟင်းခါး ချက်စားကြတယ်။ ကဲ..အခု တစ်ခါထဲ လိုက်ခဲ့နော်"

ဝမ်းသာအားရ ကျွန်ုပ်လက်အား ဆွဲ၍ ခေါ်နေသည်။

အစ်ကိုဌေးတို့ ဘုရားရှေ့ ဝါးကျောင်း ဘုန်းတော်ကြီးကျောင်း အနားမှာ နေသည်မှာ နှစ်အတော်ကြာပေပြီ။ ကျွန်ုပ် မရောက်သည်မှာ (၃)နှစ်ပင် ကျော်လေပြီ။ အစ်ကိုဌေးခေါ်ရာသို့ နှစ်ယောက်သား စကား ပြောရင်း လျှောက်လာရာ ဘယ်ချိုး၊ ညာချိုးဖြင့် အစ်ကို့အိမ်သို့ ရောက် ခဲ့သည်။

အိမ်ရောက်လျှင် တူမများ ကျွန်ုပ်အား တွေ့လျှင် -





"ဦးလေး..မျက်စိလည်လာတယ် ဟော့၊ ညီမလေးရေ..မုန့် ဟင်းခါး ထည့်ခဲ့ပါ။ အကြော်ပါ ထည့်နော်..ဦးလေး - မမတို့ နေကောင်း ရဲ့လား။ ကြီးမေကြီးရော"

အစ်ကို့သမီး အကြီးမက ဝမ်းသာအားရ မေးနေသည်။ ကျွန်ုပ် တို့ သမီးကြီးက ပိုခင်သည်။

"အားလုံး နေကောင်းပါတယ်၊ အိမ်မှာ လူစုံနေကြပါလား.. အစ်ကို့သားသမီးမြေးတွေ စုံနေပါလား။ အားလုံး ဘယ်နှစ်ယောက်လဲ" ဟု မေးလျှင် -

"ဟုတ်တယ်..ညီလေးရေ၊ မြေးကိုးယောက် အားလုံး ငါ့အိမ် ဗို ထားတယ်၊ သူတို့ကတော့ အေးဆေးပဲ..ငါ့မှာ အိမ်စောင့် မြေးထိန်း ပေါ့ကွာ၊ မင်းရော.."

"ကျွန်တော်က မြေး ငါးယောက်ပါ။ အားလုံး အဝေးမှာပဲ..မြေး နှစ်ယောက်က ချင်းပြည်နယ်မှာ၊ သုံးယောက်က ရန်ကုန်မှာ၊ ကျောင်း ပိတ်မှပဲ လာကြတယ်"

ကျွန်ုပ်က ပြောပြလျှင် -

"အေးပေါ့..ညီလေးရာ၊ ကိုယ်က ကိုယ့်ဒုက္ခ ကိုယ်ရှာတာကိုး။ ဘယ်တတ်နိုင်ပါ့မလဲ..သမုဒယ အမျှင်လေးတွေပေါ့ကွာ၊ အော်..ဒါနဲ့ ညီလေး ဗေဒင်ဟောနေတယ်ဆို" ဟု မေး၏။

"အစ်ကို..ဘယ်က ကြားတာလဲ"

"ဟာ !..မခင်စိန်ကို ညီလေး ယတြာပေးလိုက်တာ၊ အားလုံး အစဉ်ပြေသွားလို့ ညီလေးကို လကုန်ရင် ကန်တော့ရမယ်လို့ ငါ့ကို ပြော တာကွ"

"ဟုတ်တယ်..အစ်ကို၊ သူ့ယောကျာ်း အရက်ပြတ်အောင် လုပ်ပေးလိုက်ရတယ် အစ်ကို"

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် စကားပြောနေစဉ် အနားမှ နားထောင်နေကြသော တူ၊ တူမများထဲက အစ်ကို့ချွေးမက ကျွန်ုပ် အား -

"ဦးလေးက ဗေဒင်၊ ယတြာ ပေးတယ်ဆိုတော့ သင်းတို့ အခက်

www.burmeseclassic.com





အခဲကိုလည်း ကူညီပေးပါနော်"

"တူမကြီးတို့က စီးပွားရေး အဆင်ပြေနေသားပဲ၊ ဘာအခက် အခဲရှိလို့လဲ"

ကျွန်ုပ် စကားဆုံးလျှင် အစ်ကိုဒွေးမှ -

"ဟုတ်တာပေါ့ .. သမီး သမီး အခက်အခဲကို သေသေချာချာ ပြောပြလိုက်လေ"

ထိုအခါ တူမမှ သူ့အခက်အခဲကို ပြောပြသည်၊

"သမီး အခက်အခဲက အိမ်ရောင်းချင်တာပါ ဦး။ သမီးတို့ အရင်က ရွှေပြည်သာမှာ နေတယ် ဦးလေး၊ အခု အင်းစိန်၊ ပေါက်တောဝကို ပြောင်းလာတာ (၆)လလောက်ရှိပြီ၊ ရွှေပြည်သာက အိမ်ကိုရောင်းနေတာ အဆင်မပြေဘူး ဖြစ်နေတယ်"

"ဈေးကလည်း အများကြီး ခေါ်မထားပါဘူး၊ အခုခေတ် ပေါက်ဈေးပါပဲ၊ သမီးတို့အိမ်နဲ့ သုံးလေးအိမ်ကျော်က အိမ်က တည့်သွားပြီ၊ သမီးတို့အိမ်နဲ့ တန်ဖိုး မကွာပါဘူး၊ အိမ်ကိုလာတော့ ကြည့်ပါတယ် .. ဦးလေး၊ ဈေးအလျှော့အတင်း ရှိတယ်လို့ ပြောတာတောင် ဈေးမဆစ်ဘဲ ပြန်သွား တယ် .. ဦးလေးရယ်"

"အိမ်ကလည်း အကွက်အကွင်း ကျပါတယ်၊ လမ်းမကြီး နောက်လမ်းပါ၊ လမ်းထောင့်နဲ့ တစ်အိမ်ကျော်ပါ၊ အိမ်က မြောက်ဘက် မျက်နှာ လှည့်ပါ၊ ရေ၊ မီး၊ အစုံပါ၊ ဂရမ်လည်း ရှိပါတယ် ဦးရယ်၊ အဲဒီအိမ်လေး အဆင်ပြေပြေ ထွက်သွားရင် သားလေးတွေကို ကျောင်းပိတ်ရင် ရှင်ပြုပေးဖို့ပါ၊ အိမ်ရောင်းမထွက်တာ အနှောင့်အယှက်များ ရှိလို့လား မသိပါဘူး ဦးရယ်၊ သမီးတို့ကို ဦးလေး ကူညီပေးပါနော်"

အစ်ကို့ချွေးမသည် သူတို့အခက်အခဲကို ကျွန်ုပ်အား အစအဆုံး ပြောပြသည်၊ လူ့သဘာဝအလျောက် လုပ်သမျှ အဆင်မပြေရင် နတ်လိုလို၊ စုန်းလိုလို၊ ဘာညာ ထင်တတ်ကြသည်၊ တူမလေးအား နားလည်အောင် ရှင်းပြရသည်၊





"ဥပါဒ်ဒန်ကြောင့် ဥပါဒ်မရောက်ဖို့ ဘုရား ရှစ်ခိုး၊ မေတ္တာပို့ပါ သမီး" ဟု ပြောပြီးလျှင် -

"သမီး အခက်အခဲကို ဦးလေး ကူညီပေးမယ် .. သမီး ရည်ရွယ်ချက်က မှန်မြတ်ပါတယ်၊ သား ရှင်ပြုဖို့ပဲလေ .. သမီးလုပ်ရမယ့် ယကြာက အိမ်ဘုရားမှာ လုပ်ရမှာ .. နံ့ပြား ထောပတ်သုပ်၊ ဒါမှမဟုတ် ဒံပေါက်လှူပြီး ထွက်လိုတဲ့ အရာဝတ္ထုကို ကသစ်ညွန့် (၈)ညွန့်ဖြင့် (၈)ချက်ရိုက်ရမယ် သမီး" ဟုပြောလျှင် -

"ဦးလေး .. သမီး နားလည်အောင် ပြောပါ၊ အရာဝတ္ထု ဆိုတာက .."

"ထွက်လိုတဲ့ အရာဝတ္ထုက ရောင်းချင်တဲ့ သမီးအိမ်ပေါ့"

"သိပြီ .. သိပြီ၊ အဖေတို့ အိမ်မှာ ည မအိပ်တော့ဘူး၊ ကဲ .. ယောကျာ်း ချက်ချင်းပြန်မယ်၊ အိမ်ရောက်တာနဲ့ လုပ်မယ်၊ ဒီက တစ်ခါထဲ ကသစ်ရွက် .. အဲ မှားလို့ .. ကသစ်ညွန့် ရှာသွားမယ်၊ မြန်မြန်လုပ် .. ယောကျာ်း"

ဟု အမြန်ပြောပြီး ပြောရန် ပြင်ဆင်သည်၊ ကျွန်ုပ်မှ တူမအား -

"သမီး .. ပြန်ဖို့ ပြင်တာ ပြင်တာပေါ့ .. လုပ်ရမှာကိုလည်း နားထောင်ဦး၊ ကသစ်ညွန့်နဲ့ ရိုက်ရမှာက တစ်ရက် မဟုတ်ဘူး၊ (၈)ရက်ထိတိ ရက်မပျက်၊ ဆက်တိုက် လုပ်ရမှာနော်"

"အိမ်ဘုရားမှာ နံ့ပြားထောပတ်သုပ် (ဝါ) ဒံပေါက်ကပ်လှူပြီး အိမ်ကို ကသစ်ညွန့်(၈)ညွန့်ဖြင့် (၈)ချက်ရိုက်၊ (၈)ရက်တိတိနော်၊ ပြီးရင် အမြန်ဆုံး အိမ်ရောင်းထွက်ပါစေလို့ လေးလေးနက်နက် ဆုတောင်းပါ၊ ဟုတ်ပြီလား .. သမီး"

"ဟုတ်ကဲ့ .. ဦးလေး ပြောတဲ့အတိုင်း သမီးလုပ်ပါ့မယ်၊ လောလောဆယ် ဦးလေးကို ကန်တော့ပါတယ်" ဟု ပြောလည်း ပြော၊ ထိုင်၍ ကန်တော့နေတော့သည်၊

ဘဝအမောများ ပြေပါစေ

သန်လျင်မောင်ဒွေးချောက်ခဲ




www.burmeseclassic.com

www.burmeseclassic.com



## တန်ခိုးအစွမ်းပြနိုင်တဲ့ သိဒ္ဓိ(၁၀)ပါး



လူ့လောကအတွင်းမှာ တန်ခိုးအစွမ်းပြနိုင်တဲ့ သိဒ္ဓိ(၁၀)ပါး ရှိပါတယ်။ သိဒ္ဓိ(၁၀)ပါးရှိတယ်ဆိုတာကို သိကြပေမယ့် ဘယ်လို သိဒ္ဓိမျိုးတွေလဲ၊ ဘယ်လို အစွမ်းသတ္တိတွေ ရသလဲဆိုတာကိုတော့ သိသူ နည်းပါးပါလိမ့်မယ်။

ဒါကြောင့် သိဒ္ဓိ(၁၀)ပါးအကြောင်းကို သုတ ဖြစ်ရပ်ဆန်းကြယ် အဖြစ် ဖော်ထုတ်ပြရရင်တော့ ..

၁) ယောဇွန သိဒ္ဓိ - အိုမင်းသော ရုပ်ကို လွန်မြောက်နိုင်တဲ့ သိဒ္ဓိစွမ်းအင် ဖြစ်ပါတယ်၊

၂) အာရောဂျ သိဒ္ဓိ - အနာရောဂါကို ကင်းရှင်းစေတဲ့ သိဒ္ဓိထူး တစ်မျိုး ဖြစ်ပါတယ်၊

၃) အာယု သိဒ္ဓိ - အသက် အရမ်းရှည်တဲ့ သိဒ္ဓိ ဖြစ်ပါတယ်။ ဒီသိဒ္ဓိကိုရရင် အသက်ရာတန်းကနေ ထောင်သောင်းထက် ပိုလွန်ပြီး အသက်ရှည်ပါတယ်။

၄) ဓန သိဒ္ဓိ - ရွှေငွေ မဟုတ်တဲ့ ဓာတ်ကို ရွှေ၊ ငွေအဖြစ်ပြုလုပ်နိုင်စွမ်း တဲ့ ဓနသိဒ္ဓိ စွမ်းအင်ထူး ဖြစ်ပါတယ်၊







၅) ဗီယ သိဒ္ဓိ - သတ္တဝါအပေါင်း ကြည်ညို ချစ်ခင်စေတဲ့ သိဒ္ဓိထူး ဖြစ်ပါတယ်။ လူ သား အပေါင်း တိုယ့်နောက်ကို တ ကောက်ကောက် လိုက်စေမယ့် သိဒ္ဓိဖြစ်တယ်၊

၆) ကာယ သိဒ္ဓိ - ဒီနေ့ခေတ်မှာ တော့ တုတ်ဖြီး၊ ဓားဖြီးတာကို "ကာယ သိဒ္ဓိ"လို့ ခေါ်နေကြပါပြီ၊ လက်နက်မျိုးစုံ ထိုးမဝင်၊ ခုတ်မရ၊ ထိမနာစေဘဲ မီးနဲ့ အဆိပ်မျိုးစုံ ငြိမ်းစေတဲ့ တန်ခိုးသိဒ္ဓိ ဖြစ်ပါတယ်၊

၇) ပထဝီ သိဒ္ဓိ - မြေတောင်တို့ကို ဖောက်ထွင်း သွားလာနိုင်ခြင်း၊ မြေကြောကို ရှုနိုင်တဲ့ ပထဝီ သိဒ္ဓိတန်ခိုး ဖြစ်ပါတယ်၊

၈) အာကာသ သိဒ္ဓိ - ကောင်းကင်မှာ ပျံသန်း သွားလာနိုင်တဲ့ တန်ခိုးစွမ်းအား ပြနိုင်တာကို အာကာသ သိဒ္ဓိလို့ ခေါ်ပါတယ်။

၉) ဥဒက သိဒ္ဓိ - ရေပြင်ရေးကို ကောင်းစွာ သွားလာနိုင်တဲ့ တန်ခိုးကိုတော့ ဥဒက သိဒ္ဓိလို့ ခေါ်ပါတယ်။

၁၀) ဣန္ဒိဝိဓ သိဒ္ဓိ - ကိုယ်ပျောက်စေနိုင်ခြင်း၊ မိမိ အလိုရှိတဲ့ ရုပ်ကလာပ်ကို ဖန်ဆင်းနိုင်ခြင်း စတဲ့ တန်ခိုး အမျိုးမျိုးကို ပြနိုင်တဲ့ သိဒ္ဓိကို ဣန္ဒိဝိဓ သိဒ္ဓိလို့ ခေါ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါ၏ ပရောဂျက်

မိုးမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com





။

"အဟင်း.. ဟင်း.. ဟင်း..
လာလေ ကိုကိုရဲ့ .. ဟင်း..
ဟင်း..ကြည့်စမ်းပါဦး..
မှိန်းကားနေလိုက်တာ၊
သူများ မလှဘူးလားလို့ ကြည့်ပါဦး"
မိန်းမပျိုမှ ညုတုတု လေသံဖြင့်
အမှုနားအား ပေါ်ကြီးမြေမှ
သားကောင်အား ညို့မှု ဖမ်းစားသကို
ခေါ်ငင်နေ၏ ။

ကျွန်မ အိပ်ရာမှ လန့်နိုးလာခဲ့သည်၊ စင်စစ် လန့်နိုးလာသည်ဆိုခြင်းထက် အိပ်မက်ဆိုးတစ်ခုကြောင့် လန့်နိုးလာခဲ့ခြင်း ဖြစ်သည်။ ကျွန်မ ခန္ဓာကိုယ်အနှံ့ ချွေးစေးများ ပျံ့နှံ့စိမ့်ထွက်နေလျက် မောဟိုက်နှမ်းနယ်နေသည်၊

အိပ်မက်အကြောင်းကို စဉ်းစားမိလိုက်တော့ အိပ်မက်ထဲတွင် နက်မှောင်သော ဆံပင်ရှည်ကို ဖားလျားချလျက်နဲ့ အသက် (၃၀)အရွယ်ခန့် ရုပ်ရည်ပြေပြစ်သော အမျိုးသမီးတစ်ဦး၊ အဝါရောင် ချည်ဝမ်းဆက်ကို ဝတ်ဆင်ထားသည်၊ ထိုအမျိုးသမီး၏အရပ်က (၁၀)ပေခန့် မြင့်မားသည်ဟု ထင်မိသည်၊

သူမက -

"ညီမလေး..ညီမလေး၊ ဒီနေရာကနေ အမြန်ဆုံး ထွက်ပြေးတော့.. ညီမလေးကို သူသတ်ဖို့ ပြင်နေပြီ"





"ဘယ်သူ့ကို ပြောနေတာလဲ အစ်မ"

"ဘယ်သူရှိရမလဲ .. ညီမလေး ရည်းစားဆိုတဲ့သူပေါ့"

"သူ .. သူက ... အ .. အခု ဘယ်မှာလဲ"

"သူက အခု ညီမလေးကို သတ်ဖို့ မီးဖိုချောင်ထဲမှာ ဓား သွေးနေတယ်လေ"

"ရှင် ! .."

"ဒီနေရာမျိုးမှာ ညီမလေး တစ်စက္ကန့်တောင် မနေသင့်တော့ဘူး။ အခုပဲ ပြေးတော့ .. ညီမလေးရေ"

"ဟုတ် .. ဟုတ်ကဲ့"

ထိုစဉ် အိပ်ခန်းနောက်ဖေး မီးဖိုချောင်ဘက်ဆီမှ ဓားသွေးသံများကြောင့် ကျွန်မ လန့်နိုးလာပါတော့တယ်။

"ရှီ .. ရှီ .. ရှီ"

ပထမ အိပ်မက်ထဲကလာသော အသံများလားဟု ထင်မှတ်မိနေသော်လည်း အိပ်မက်မှ လန့်နိုးပြီး အသေအချာ နားစွင့်နေမိလိုက်တော့ အပြင်တွင် တကယ်ပင် တစ်စုံတစ်ယောက်မှ ဓားသွေးနေသည့် အသံများကို ကျွန်မ ကြားနေရသည်။

ကျွန်မ အိပ်ရာမှ ကပျာကယာ ထလိုက်မိသည်၊ တိုက်၏ နောက်ဖေးမီးဖိုချောင်ရှိရာသို့ အသာချောင်းကြည့်လိုက်မိသည်၊

ထိုအခါ -

"အို ! .."

အံ့ဩဖွယ်ရာ အိပ်မက်ထဲမှမိန်းမပျို သတိပေးသည့်အတိုင်းပင်၊ မီးဖိုခန်းထဲ၌ လူတစ်ယောက် အရှည်(၆)လက်မခန့် ရှိသော (လွှားပုံ သဏ္ဍာန်) ဓားတစ်ချောင်းကို ဓားသွေးကျောက်ပေါ်တွင် မြနေအောင် သွေးနေသည်ကို သွေးပျက်ဖွယ် မြင်တွေ့နေရသည်၊

ထိုအခါ ကျွန်မမှာ ဘာကိုမှ စဉ်းစားမနေနိုင်တော့၊ မည်သည့်ပစ္စည်းကိုမှလည်း ယူမနေတော့၊ ကျွန်မအတွက် အချိန်က "ရွှေအလား အရမ်း ရှားပါးနေပြီလေ၊ တိုက်ခန်း၏ လှေခါးထစ်တွေအတိုင်း အောက်သို့ ပြေးဆင်းလာခဲ့တော့၏ ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ပြေးလွှားနေရင်းမှ အာရုံထဲတွင် ချစ်သူဖြစ်သော ကိုအပွနားနှင့် စတွေ့ခဲ့ရပုံများကို ပြန်စဉ်းစားနေမိ၏။

ကျွန်မနာမည် ချယ်ရီမေ ဖြစ်ပါသည်။

ချစ်သူ ကိုအပွနားနှင့် Facebook ထဲတွင် Friend ဖြစ်ကြပြီး Viber မှတဆင့် ကျွန်မတို့ ရင်းနှီး ကျွမ်းဝင်ခဲ့ကြသည်။ နောက်ဆုံး အတိုချုံးပြောရလျှင် ကျွန်မတို့ ချစ်သူရည်းစားတွေ ဖြစ်ခဲ့ကြသည်ပေါ့။

ကိုအပွနားက ရုပ်ရည်မချောမောသော်လည်း ချမ်းသာသည်။ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည်။ စကားအပြောအဆိုလည်း ကောင်းသည်။ ကျွန်မတို့လို မိန်းမချောလေးတွေ ကျ(ကြိုက်)လောက်အောင် ပြောတတ်ဆိုတတ်သူပင်တည်း။

တစ်နေ့ သူက Viber မှတဆင့် ကျွန်မကို ချိန်းတွေ့၏။ ကျွန်မတို့ တွေ့ဆုံကြသည့်နေရာက တာမွေမြို့နယ်ထဲရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဖြစ်သည်။ သူက ကျွန်မကိုပြောလာသည်မှာ -

"ဒီမှာ ညီမလေး အစ်ကို ပြောမယ်။ ညီမလေးဘဝက ဒီအတိုင်း နေလို့ကတော့ ဒီထက် ချမ်းသာလာဖို့ လမ်းမမြင်ဘူး၊ ဟုတ်တယ် မဟုတ်လား။ အဲဒီတော့ စိတ်ကူးမလွဲပါနဲ့ ညီမလေးရယ်၊ ခေါင်းလေး တစ်ချက် ညိတ်လိုက်ရုံနဲ့ ငွေသိန်း(၅၀)ကြီးတောင်ရမှာနော်၊ အစ်ကို ပြောတဲ့အတိုင်းသာ လုပ်လိုက်စမ်းပါ အဟင်း..ဟင်း"

သူ့စကားတွေ သူ့မျက်လုံးတွေကြောင့် ကျွန်မမှာ ဒွိဟစိတ်များဖြင့် အချိန်အတန်ကြာ တွေဝေနေခဲ့မိသည်။ ခက်သည်က ကျွန်မက မျိုးရိုးစဉ်ဆက် မြန်မာလူမျိုး ဗုဒ္ဓဘာသာစစ်စစ်။

တစ်ဘက်က ကြည့်ပြန်တော့လည်း အမေဖြစ်သူ ဈေးတောင်း ခေါင်းရွက်၍ အရပ်တကာလှည့်ကာ ဈေးရောင်းချရခဲ့သော ဒုက္ခတွေကြောင့် စိတ်ထောင်းကိုယ်ကြေကာ နာမကျန်း ဖြစ်နေသည်။

အဖေဖြစ်သူကလည်း မိသားစု၏ စားဝတ်နေရေးကို ဆိုက်ကား နင်းကာ ဖြေရှင်းခဲ့ရသူမို့ ပင်ပန်းမှုကို ကာကွယ်ရန် အရက်သေစာ သောက်စားရင်း အရက်၏ ကျေးကျွန်ဖြစ်နေရသူ၊ ယခုအချိန်တွင် အသည်းရောဂါဖြင့် ဆေးရုံတင်ထားရ၏။







ဒီလို ပြဿနာတွေကို ဖြေရှင်းဖို့ ကိုအပွနားမှ ဆော်လုံးပေးလာသော သိန်း(၅၀)ဆိုသည်မှာ နည်းသည့် ငွေကြေးလား။

နောက်ဆုံးတွင်တော့ "နောင်ခါလာ နောင်ချေး" ဟူသော စိတ်အမှတ်ဖြင့်သာ မျက်လုံး စုံမှိတ်၊ အံကိုကြိတ်ကာ လက်ခံလိုက်တော့သည်။

နောင်မှ မိမိအား အမျိုးဖျက်မ၊ သာသနာဖျက်မ၊ စန်းပြူးမဟူ၍ မည်သို့ပင် သတ်မှတ်ပါစေ၊ ခေါင်းငုံ၍သာ ခံလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။ နောက်တော့ သူတိုက်သည့် လက်ဖက်ရည်ကို သောက်ပြီး ခေါင်းတွေ မူးဝေလာသည်၊ အရမ်း အိပ်ချင်လာသည်။

သည့်နောက်ပိုင်း ဖြစ်ပျက်သမျှတွေတော့ ကျွန်မ ဘာတစ်ခုမှ မသိတော့၊ ယခု အိပ်မက်ဆိုးမက်၍ လန့်နိုးလာချိန်တွင်မှတော့ ကျွန်မ တစ်ခါမှ မရောက်ဘူးသော တိုက်၏ အခန်းတစ်ခန်းထဲမှ မွေ့ရာ ခုတင်အထက်သို့ ရောက်ရှိနေမှန်း သိရှိရခြင်း ဖြစ်သည်။

"ဖုန်း!.."

"ဝုန်း!.."

"အမယ်လေး!.."

အပြင်သို့ ထွက်သည့်အပေါက် လှေကားအောက်ဆုံး တစ်နေရာ ရှိသော အမှိုက်ပုံးတစ်ခုကို ကျွန်မအရှိန်ဖြင့် ဝင်တိုက်လိုက်မိသော အသံက တိုက်အတွင်း ပဲ့တင် မြည်ဟိန်းသွားသည်။

ကျွန်မ၏ အတွေးစတို့သည်လည်း သားရဲတွင်းပမာ ကြောက်စရာကောင်းလှသော လက်ရှိပစ္စုပ္ပန်ဆီသို့ ပြန်လည် ရောက်ရှိသွားကြ

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

ထိုအချိန်တိုလေးအတွင်းမှာပင် ကျွန်မ နားနှစ်ဘက်အနားသို့ တစ်စုံတစ်ယောက်မှ တိုးမျှင်းသလောက် ပီသလှသောအသံဖြင့် သတိပေး ပြောကြားလာပြန်၏။

"ပြေးလေ . . ညီမလေး . . ဆက်သာပြေး၊ ဘာမှ မကြောက်ပါနဲ့၊ ကျန်တဲ့ကိစ္စ အစ်မ ကြည့်ရှင်းထားလိုက်မယ်"

မူလအသံပိုင်ရှင် အသံကို တစ်ဖန် ပြန်ကြားလာရပြန်ပြီမို့ ကျွန်မ အရမ်း အားတက်သွားမိသည်၊ သည်တစ်ခါကြားရသည့် ကယ်တင်ရှင် မိန်းမပျို၏အသံက အပြင်မှာ တကယ်ကြားရခြင်းဖြစ်သည်။

ထို့နောက် လူစည်ကားရာ ကားလမ်းမကြီး၏ ဘေးတလျှောက်၌ ခြေလှမ်းတို့ကို မရပ်သေးဘဲ ဆက်၍ ပြေးလွှားနေမိသည်၊ လမ်းဘေး ဝဲယာမှ များပန်းစက်မှု လှုပ်ရှားသွားလာနေကြသော လူတချို့က ပြေးလွှားနေသော ကျွန်မအား အထူးအဆန်းသတ္တဝါတစ်ကောင်သဖွယ် ငေးမော ကြည့်ရှုနေကြသည်။

ကျွန်မ၏ ရှုပ်ထွေးနောက်ကျိနေသော အာရုံထဲ၌ နောက်ဆုံးကြားရသည်က ဂျာနယ်စာစောင်များကို လက်ပွေ့ရောင်းချနေသော ကောင်လေးတစ်ယောက်၏ အသံများသာ ဝေး၍ ဝေး၍ ကျန်ခဲ့ပါတော့သည်။

"မှုခင်း ဂျာနယ်တွေ ရမယ်နော် . . မှုခင်းဂျာနယ်တွေ . . ချစ်သူ တိုက်တိုင်းလည်း မသောက်နဲ့၊ ချစ်သူခေါ်တိုင်းလည်း မလိုက်နဲ့၊ နယ်စပ်ကို ရောင်းစားခံရလိမ့်မယ်၊ အသည်းတွေ၊ ကျောက်ကပ်တွေ ထုတ်ပြီး ရောင်းစားခံရလိမ့်မယ်၊ လင်ကောင်မပေါ်ဘဲ ကလေးရလိမ့်မယ်၊ အဆိုးဆုံးက မရဏလမ်းကို ကြွမြန်းရလိမ့်မယ်"

တိုက်အောက်ဆီမှ အမှိုက်ပုံး လဲပြိုသံ၊ မိန်းကလေးတစ်ဦး၏ အထိတ်တလန့် အော်သံတို့ကို တိုက်အမှတ်(၁၁၃)၊ (စ)လွှာရှိ အခန်းထဲမှ မီးဖိုချောင်ထဲတွင် ဓားသွေးနေသော အပွနားမှ အသံစုံ သဲ့သဲ့ ကြားလိုက်မိသည်။

သူသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ အိပ်ဆေးခပ်၍ ခေါ်





လာသော မိန်းကလေးတစ်ဦးအား သတ်၍ အသည်းတွေ၊ ကျောက်ကပ်တွေ ထုတ်ရောင်းစားရန် ဓားသွေးနေခြင်း ဖြစ်သည်။



သူသည် ထိုမိန်းကလေးအား စင်စစ်တွင် ချစ်လည်း မချစ်၊ နှစ်လည်း မနှစ်သက်ပါ၊ ထိုမိန်းကလေးဆီမှ ကာမနှင့် နောက်ဆက်တွဲ နယ်စပ်ဒေသမှ ဝယ်လက်များဆီမှ ပေးလာမည့် ဒေါ်လာငွေများကိုသာ အရယူလိုခြင်း ဖြစ်သည်၊ ထိုမအဆင့် မိန်းမပျိုဆီမှ ကာမကိုတော့ သူ အရယူပြီးပြီ၊ ဆက်လက်၍ သူ၏ မျက်လုံးထဲတွင် ဒေါ်လာငွေထုတ်ကြီးကိုသာ ပြေး၍ မြင်ယောင်နေမိ၏။

ထို့နောက် အပွနားမှ သွေးလက်စဓားကို အသာချထားပြီး အသံထွက်ပေါ်လာရာဆီသို့ ခေါင်းကို အနည်းငယ် ငဲ့ကြည့်လိုက်၏။ ပြီးမှ မိန်းမပျိုကိုထားရှိရာ အိပ်ခန်းဘက်ဆီသို့ မသင်္ကာစိတ်ဖြင့် ချဉ်းကပ်သွားလိုက်၏။

"ဟွ . ."

"ဟင် ! . ."

နဂိုကမှ ပြူးနေသော အပွနားမျက်လုံးအစုံ တို့ ပို၍ ပြူးကျယ်သွားတော့သည်၊ အခန်းထဲရှိ ခုတင်ထက်တွင် သူခေါ်လာသော မိန်းမပျိုလေးကို လုံးဝမတွေ့ရတော့၊

"အဟင်း . . ဟင်း . . ဟင်း"

ပို၍ ထူးဆန်းနေသည်မှာကား . .။

ရုတ်တရက် ပျောက်ဆုံးသွားသော မိန်းမပျိုလေး၏ နေရာတွင် မိန်းမပျိုလေးထက် ဆယ်ဆမက ချောမောလှပသော နောက်ထပ် မိန်းမပျိုလေးတစ်ဦး ထပ်မံ ရောက်ရှိနေခြင်းပင်။

ယခုရောက်ရှိနေသော မိန်းမပျိုကား အဝါရောင် ချည်ထည်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဆက်ကို ကပိုကရို ဝတ်ဆင်ထားသည်။ လစ်လှပ်နေသော နေရာများမှ သူ့အသားအရေက ရွှေလို ဝင်းဝါနေသည်။ ထိုသူမသည် သူ့အား ညို့ယူ ဖမ်းစားနိုင်စွမ်းရှိသော မျက်လုံးရွဲကြီးများဖြင့် စူးစိုက်ကြည့်နေသည်။

အပွနားတစ်ယောက် တမဟုတ်ချင်းပင် အဆိုပါ အဝါရောင် မိန်းကလေးအနားသို့ ရောက်ရှိသွား၏။ သူခေါ်လာသော "ချယ်ရီမေ" ဆိုသည့် မိန်းကလေး ပျောက်ဆုံးနေခြင်းကိုပင် သတိမရတော့။

"အဟင်း . . ဟင်း . . ဟင်း . . လာလေ ကိုကိုရဲ့ ဟင်း . . ဟင်း ကြည့်စမ်းပါဦး . . စိမ်းကားနေလိုက်တာ . . သူများ မလှဘူးလားလို့ ကြည့်ပါဦး"

မိန်းမပျို့မှ ညုတုတု လေသံဖြင့် အပွနားအား စပါးကြီးမြွေမှ သားကောင်အား ညို့ယူ ဖမ်းစားနေသလို သူမရှိရာသို့ ညို့ယူခေါ်ငင် နေပြန်၏။ အိုင်တွေ့တိုင်း ခြေဆေး၊ မိန်းမပျိုတွေ့တိုင်း ခြေတော်တင် နေသော အပွနားမှာ "ဗလမရှိသော်လည်း၊ ဇရိသူပီပီ" ထိုမိန်းမပျိုအနီးသို့ တမဟုတ်ချင်း ရောက်ရှိသွားလေတော့၏။

"အို ! . . ဘာကြည့်နေတာလဲလို့ . . သူများတို့ ချစ်ကြမယ်လေ၊ လာပါ . . လာလေ၊ အဟင်း . . ဟင်း"

ထို့နောက် နတ်သမီးတမျှ လှပသော မိန်းမပျိုနှင့် ချစ်တင်းနှောရန် ကာမဘီလူး အပွနားမှာ အသင့်ပြင်ပြီးသည့် အချိန်မှာတော့-

"အား ! . . ဘာကြီးလဲဟ"

ယခုမှ သူမမျက်နှာကို အနီးကပ် မြင်တွေ့လိုက်ရသည့် အပွနားတစ်ယောက် အပျော်ကြူးမည့် ရမ္မက်ဘီလူးအိပ်မက်တို့ ကြက်ပျောက်၊ ငှက်ပျောက် ကွယ်ပျောက်ကုန်ကြလေပြီ။

"အမလေး . . ကြောက်စရာကြီး . . ကယ်တော်မူကြပါဗျို့"

"အဟင်း . . ဟင်း . . ဟင်း . . ခုနတုန်းကတော့ သူများကို ချစ်ပါတယ်ဆို၊ အခုမှ ဘာကြောက်နေတာလဲ အစ်ကိုရဲ့ ဟား . . ဟား . . ဟား"

တစ်သက်မမေ့စရာ သူမ၏ မျက်နှာပုံပန်းသဏ္ဌာန် ဆိုးရွားလှ







ဆံပင်ကြီးက မည်သည့်စာဆိုမှ ရေးဖွဲ့နိုင်မည်မထင်။ ကြည့်ပါဦး . . မကြာခင် အချိန်လေးတုန်းက နတ်သမီးတမျှ လှပသော သူမ၏ ချောမောပြေပြစ်နေသော မျက်နှာလေးသည် ယခုအခါ ရုတ်ချည်း မျက်နှာညီပြလိုက်သလိုပင်။

၁) လက်ဖက်ရည် ပန်းကန်လုံးအရွယ်မျှ ကြီးမားပြူး ထွက်နေသော သူမ၏ နီနီရဲရဲ မျက်လုံးကြီးနှစ်လုံး။

၂) တစ်တောင်ခန့် ရှည်လျား၍ အပြင်သို့ထွက်၍ ကျနေသော ညီညစ်ညစ် လျှာပြားကြီးတစ်ခု။

၃) ငှက်ပျောသီးတစ်လုံးအရွယ်မျှ ကြီးမားပြီး တစ်ထွာခန့် ရှည်လျားသော ဖြူဖြူဖွေးဖွေး အစွယ်ကြီးနှစ်ချောင်း။

၄) တစ်ထွာခန့် ရှည်လျား၍ ချွန်ထက်နေကျသော လက်ချောင်း (၁၀)ချောင်း။

၅) အဆိုးဆုံးက မူလအရပ်ပေ အရွယ်အစားမှ တဖြည်းဖြည်း မြင့်တက်လာရာ (၁၀)ကျော်၊ (၁၅)ပေမျှ ရှိလာသော အရပ်ရှည်ရှည်ကြီးက သူ့အပေါ်ကို တဖြည်းဖြည်းနှင့် အုပ်မိုး၍ လာနေချေရာ နှာကိုယ်အနံ့ ဖောရွှေးများ စိမ့်ထွက်လာနေသော အပွနားမှာ ဆူညံ ပွတ်လောရိုက်နေသော အတွေးများနှင့်အတူ ပြေးပေါက်ရှာနေမိတော့၏။

"အား ! . . အမယ်လေး ! . . ကယ်ကြပါဦးဗျို့ . ."

"အော် . . အော် . . ကြိုက်သလောက် အော်စမ်း၊ အမျိုးကောင်း သမီးလေးတွေကို ငွေနဲ့မျှားပြီး လိုက်ဖျက်ဆီးနေတဲ့ အမျိုးယုတ်၊ ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



တော့ နင်နဲ့ငါ တွေ့ကြပြီပေါ့၊ ဩော် .. နင် အသေဆိုးနဲ့ ကာလနာ မတိုက်ခင် ငါ့ရဲ့နာမည်ကိုလည်း မှတ်သွားဦး။ ငါ့နာမည်က သချိုင်း မှန်သမျှကို အစိုးရတဲ့ သချိုင်းအရှင်သခင်မ မဖဲဝါဆိုတာ ငါပဲ ဟော့"

"ငါက အခု .. နင်တို့ ပြောပြောနေကြတဲ့ ပရောဂျက် Project အစီအစဉ်တစ်ခုကို လုပ်နေတယ်၊ အဲဒါကတော့ ဒီမြန်မာပြည်ကြီးရဲ့ မြေပေါ်၊ မြေအောက်က လောကကြီးရဲ့အလှတရားကို ဖျက်ဆီးနေကြ တဲ့ နင်တို့လို မသမာသူတွေကို .. တစ်ယောက်ပြီး တစ်ယောက် အမှည့် ခြွေခြွေတဲ့ လုပ်ငန်းကို စတင်နေပြီလေ၊ နင်ကတော့ ငါ့ရဲ့ပထမဦးဆုံး ဖောက်သည် နံပါတ်(၁)၊ ပညာပေးရမယ့်သူပေါ့"

"အား ! .. အမယ်လေး .. မလုပ်ပါနဲ့ ကြောက်ပါပြီဗျ .."

သွေးပျက်စွာ အော်ဟစ်၍ အကူအညီတောင်းရင်း ခြေလှမ်းတို့က ပိတ်ထားသော အခန်းတံခါးဆီသို့ ဦးတည်နေ၏ ။ ထို့နောက် တံခါး လက်ကိုင်ဘုကို လှည့်ဖွင့်ကြည့်၏ ။ မရ၊ ထပ်မံ အားစိုက်၍ ဖွင့်ကြည့် ပြန်၏ ။ တံခါးက ထူးဆန်းစွာ ဖွင့်မရတော့ချေ။

ထိုအချိန်တွင် မဖဲဝါမှ သူ့ကိုသတ်ရန် လက်ကြီးနှစ်ဘက်တို့ ဆန့်တန်း၍ တရွေ့ရွေ့နှင့် ချဉ်းကပ်လာနေချေပြီ။ ထို့ကြောင့် ကြံရာမရ သည့်အဆုံး ပြူတင်းပေါက်ရှိရာသို့ ခြေကုန်သုတ် ပြေးရပြန်လေပြီ။

"အား ! .. မလာနဲ့ .. မလာနဲ့ .. ငါ့အနား မလာနဲ့"

"သွား ! .. သွား ! .."

ပြူတင်းပေါက်ပေါင်ပေါ် ခြေအစုံရပ်ရင်း သွေးပျက်ချောက်ချားစွာ အူတုန်သည်းတုန်ဖြင့် အော်ဟစ်နေမိ၏ ။

"အဟီး .. ဟီး .. အီး .. လူယုတ်မာကောင်"

"သေပေတော့"

"အား ! .."

"ဝုန်း ! .."

ကားလမ်းမကျယ်ကြီး နံဘေး၌ လူအုပ်ကြီးတစ်စုက တစ်နေရာကို ရပ်ကြည့်နေကြရင်း တစ်ယောက်တစ်မျိုး ဝေဖန်နေကြ၏ ။ မှုခင်း သတင်းထောက်များက ထိုအရာကို ဓာတ်ပုံတဖျတ်ဖျတ်နှင့် ရိုက်





နေကြပြီး မှုခင်း ရဲအရာရှိများကတော့ သေမှုသေခင်းကို စုံစမ်းစစ်ဆေး နေကြ၏ ။

"ဒီလူ ကြည့်ရတာ ဆေးစွဲနေပုံရတယ်ဗျ၊ ဒါကြောင့်လည်း ဆေးကြောင်ကြောင်ပြီး (၈)ထပ်တိုက် အမြင့်ပေါ်က ခုန်ချပြီး သတ်သေ လိုက်တာ နေမှာပေါ့ဗျာ"

"ဖြစ်နိုင်တာပေါ့ဗျာ .. သူ့အခန်းထဲမှာလည်း သူကလွဲပြီး ဘယ်သူမှ ရှိမနေတဲ့ဥစ္စာ ဖြစ်နိုင်ပါတယ်လေ"

"ဒါပေမယ့် ဒီက ရဲအရာရှိတွေရဲ့စကားအရတော့ ဒီလူက မိန်းမ တော်တော်မြူးပွေတဲ့လူ၊ လူရှုပ် တစ်ယောက်လို့တော့ သိရတယ် ဗျ"

"ဒီလိုဆိုရင်လည်း မိကောင်းဖခင် သမီးပျိုလေးတွေအတွက် စိတ်အေးသွားရတာပေါ့"

မည်သို့ပင် ဆိုကြပါစေ၊ ထိုလူအုပ်ကြီးထဲတွင် အဝါရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားသော မိန်းမပျိုလေးတစ်ဦးပါ အများနှင့် အတူ ရောနှော၍ ရပ်ကြည့်နေသည်ကိုတော့ မှုခင်းကိုသာ စိတ်ဝင်စား နေကြသော ထိုလူအုပ်ကြီးနှင့် ရဲများမှ မည်သို့မျှ ဂရုတစိုက်နှင့် သတိ ထားကြည့်နေကြမည် မထင်ပေ၊ အမှုမဲ့၊ အမှတ်မဲ့ပင် နေကြပေလိမ့် မည်။

သို့သော် စာရေးသူ ကျွန်ုပ်နှင့် စာဖတ်သူ မိတ်ဆွေအပေါင်းတို့ သိနေကြသော ထိုမိန်းမပျိုလေး၏ အမည်ကား .. ။

ဤလောကတစ်ခွင် မကောင်းသူပယ်၍၊ ကောင်းသူ ကယ် တင်နေသော သချိုင်းအရှင်သခင်မ ..

"သချိုင်းတစ်ရာ .. မဖဲဝါ" ပင်တည်း။

စိုးမိုးနိုင်




www.burmeseclassic.com

www.burmeseclassic.com



# အိမ်မြှောင်အမြီးနှစ်ခွ အတက်အဆင်း အင်းစမ



မြန်မာ့လောကီပညာမှာ အင်းစမ အမျိုးမျိုးရှိရာမှာ အခု အင်းစမကတော့ ရှေးမြန်မာကြီးများ အသုံးပြုခဲ့ကြတဲ့ တန်ခိုးကြီးမားတဲ့ အင်းစမ ဖြစ်ပါတယ်။ အခု အိမ်မြှောင် အမြီးနှစ်ခွ တက်/ဆင်း အင်းစမကိုတော့ ပေါင်မှာ ရေးထိုးလေ့ ရှိကြပါတယ်။

အစွမ်းကား . . အိမ်မြှောင်တစ်ကောင်ကဲ့သို့ အမြင့်ကို တွယ်တက်၊ တွယ်ဆင်းရာမှာ လျှင်မြန်ပေါ့ပါး သွက်လက်စေပါတယ်။ အခု အင်းစမကို ရှေးခေတ်က မိုးသူ အများစုရဲ့ ပေါင်မှာ ရေးထိုးထားတာကို တွေ့ရပါတယ်။

အမြင့်တွေကို တက်ချင်ရင် ပေါင်မှာ ရေးထိုးထားတဲ့ အိမ်မြှောင် အမြီးနှစ်ခွ အတက်ပုံကို လက်နဲ့ ပုတ်ပြီး အိမ်မြှောင် တက်/ဆင်း မန္တန်ကို ရွတ်ဆိုကာ တက်ကြသလို၊ အုတ်တံတိုင်း (သို့မဟုတ်) အမြင့်ကနေ တွယ်ဆင်းမယ် ဆိုရင်လည်း ပေါင်မှာ ရေးထိုးထားတဲ့ အိမ်မြှောင် အမြီးနှစ်ခွ အဆင်း အင်း စမပုံကို လက်နဲ့ပုတ်ပြီး မန္တန်ကို ရွတ်ဆိုကာ ဆင်း







ရင် လွယ်လင့်တကူ ဆင်းနိုင်တဲ့ အစွမ်းသတ္တိတွေ ရှိပါတယ်။

အိမ်မြှောင်တစ်ကောင်ကဲ့သို့ အမြင့်တွေကို တက်/ဆင်းရာမှာ လွယ်ကူစေတဲ့ အင်းစမ ဖြစ်ပါတယ်။

အိမ်မြှောင် အမြီးနှစ်ခွ တက်/ ဆင်း အင်းစမ အနီးမန္တန်ကား -

"ဦ၊ . . ရတန္တ ၊ ဗု၊ နေဗ္ဗ္ဗာ ကောဟော ကောဟော့ -

လမ္ဗု၊ နဖ္ဗုံ၊ ဗြော် ဟာစွာဝိဟော (တက်/ ဆင်း) ဖြစ်ပါတယ်။

အိမ်မြှောင် အမြီးနှစ်ခွ အတက်/ အဆင်းပုံကို ဆေးမှင် ရေးထိုးရာမှာ ဖော်ပြထားတဲ့ ပုံအတိုင်း ရေးထိုးရာ၌ အတက်ကို ညာဘက်ပေါင်၊ အဆင်းကို ဘယ်ဘက်ပေါင်မှာ ရေးထိုးကြပါတယ်။ မန္တန်ကို အိမ်မြှောင် အမြီးနှစ်ခွပုံရဲ့ ဘေးပတ်ချာလည်မှာ ပတ်ပေးရမှာပဲ ဖြစ်ပါတယ်။

မိမိဉာဏ်ရှိသလို ချဲ့ထွင်ပြီးလည်း အသုံးချနိုင်ပါတယ်။ ရှေးလူကြီးတွေ ထားရှိခဲ့တဲ့ မြန်မာ့လောကီပညာရပ်များ ပျောက်ကွယ်သွားမှာစိုးတဲ့အတွက် သုတ ဖြစ်ရပ်ဆန်းကြယ်ကဏ္ဍကနေ အိမ်မြှောင်အမြီးနှစ်ခွ အတက်အဆင်း အင်းစမကို ဖော်ပြ ရခြင်း ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



# စုံထောက်ကြီး ဦးဘလှနှင့် စိတ်စွမ်းအင်

ဘညိုကြီး

www.burmeseclassic.com

www.burmeseclassic.com





၂။

စုံထောက်ကြီး ဦးဘလုက ၎င်း၏အိတ်ထဲမှ တစ်ခုံတစ်ခုကို ထုတ်ကာ -

'အို.. အို.. အို'

ဟု ဆိုကာ ပစ်ကျွေးလိုက်သဖြင့် စုံထောက်ကြီး ဦးဘလုကို ဟောင်နေသော ခွေးမှာ အမြီးလေးနှံ့ကာ ကောက်စားလိုက်လေတော့၏ ။

တစ်နေ့သ၌ ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလုတို့သည် နံနက်စာအဖြစ် ထမင်းကြော်နှင့် ကော်ဖီတို့ကို မြိန်ယှက်စွာ စားသောက်ပြီးနောက် အိမ်ရှေ့ဧည့်ခန်းတွင် စာအုပ်တစ်အုပ်ဖြင့် လွန်စွာမှ ဖိမ်ကျလို့ နေလေ၏ ။

ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်သောကြောင့် ကျွန်ုပ် အလုပ်တိုက်သို့ သွားစရာမလို၍ စာအုပ်ဖြင့် အချိန်ဖြုန်းနေရ၏ ။ စုံထောက်ကြီး ဦးဘလုမှာမူ ကျွန်ုပ်ကဲ့သို့ စာအုပ်တစ်အုပ်ကို ဖိမ်ခံ၍ ဖတ်ရှုနေရ၏ ။ ၎င်းဖတ်သော စာအုပ်မှာ အင်္ဂလိပ်စာအုပ်တစ်အုပ် ဖြစ်လေ၏ ။

"ဗျို့ .. ဦးဘအေးရေ .. တိရိစ္ဆာန်တွေရဲ့စိတ်စွမ်းအင်ဟာ အတော့်ကို ထူးဆန်းအံ့ဩဖွယ်ကောင်းတယ်ဗျ"

ဟု ဆိုကာ အင်္ဂလိပ်စာအုပ်ဖတ်နေရင်းက စုံထောက်ကြီး ဦးဘလုက ကျွန်ုပ်အားမကြည့်ဘဲ အထက်ပါ စကားကို ပြောလိုက်၏ ။

"ဟုတ်လားဗျ .. ဘယ်လိုများ ထူးဆန်းနေလို့လဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီးဦးဘလုက -

"ဒီလိုလေဗျာ .. အိမ်မှာ မွေးထားတဲ့ ခွေးတစ်ကောင် ဆိုပါတော့၊ တစ်နေ့မှာ ခွေးတစ်ကောင် မွေးထားတဲ့ပိုင်ရှင်က သူ့ရဲ့အချစ်တော်





ခွေးလေးတစ်ကောင်ကို ကားပေါ်တင်ပြီး သူတို့နေတဲ့မြို့နဲ့ လွန်စွာမှ ဝေးလံတဲ့မြို့ကို လမ်းမှာတင် (၃)ရက်လောက် ကြာအောင် ခရီးသွားခဲ့ရတယ်ဗျ"

ဟု ပြောလိုက်ပြီးနောက် အသင့်ငုံထားသည့် ရေနွေးကြမ်းကို မော့သောက်လိုက်လေ၏ ။ ထို့နောက် ၎င်းက ဆက်လက်ပြီး -

"ခွေးပိုင်ရှင်ဟာ အဲဒီမြို့မှာ(၂)ရက်ခန့် နေပြီးတော့ သူတို့မြို့ကို ပြန်လာတဲ့အခါ သူတို့နေထိုင်တဲ့ မြို့ရောက်ဖို့ အတော်ကြီး လိုသေးတဲ့ နေရာ၊ တောရွာလေး တစ်ခုကိုတွေ့တာနဲ့ ကားရပ်ပြီး ဈေးဆင်းဝယ်တယ်၊ ကားပေါ်မှာတော့ သူတို့ရဲ့အချစ်တော်ခွေးလေးကို ကားစောင့်အနေနဲ့ ထားခဲ့ပြီး သူကချက်ချင်းပဲ သိပ်မကြာဘူး၊ အလွန်ဆုံးရှိမှ မိနစ်ပိုင်းလောက်ပဲ ကြာတာ၊ ပစ္စည်းတစ်ခု ဝယ်ပြီးတာနဲ့ ကားဆီကို ပြန်လာတဲ့အခါမှာတော့ .."

ဟု ပြောလိုက်ပြီး စုံထောက်ကြီး ဦးဘလုမှာ ရေနွေးငုံ၍ သောက်ပြန်၏ ။

စုံထောက်ကြီး ဦးဘလုသည် တစ်ခွက် သောက်သည်နှင့် အားမရနိုင်သဖြင့် နောက်ထပ်(၂)ခွက်ကို မှုမှုလောင်လောင်ကြီး မှုတ်သောက်လိုက်ပြီးနောက် ဆေးတံကို ဆေးသားတွေနှင့် သိပ်ထည့်လိုက်ပြီး မီးညှိကာ သောက်လိုက်ပြန်၏ ။ သုံး၊ လေးဖွာလောက် ဖွာလိုက်ပြီးသည့်အခါ -

"ကားပေါ်မှာ သူ့အချစ်တော် ခွေးလေးကို မတွေ့ရတော့ဘူးတဲ့" ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ -

"ဟာ .. ဘယ်ရောက်သွားလို့လဲ .. စုံထောက်ကြီး ဦးဘလုရ" ဟု မေးလိုက်ရလေ၏ ။

"ဘယ်ရောက်သွားသလဲဆိုတာ ခွေးပိုင်ရှင့်လည်း မသိဘူး၊ ခွေးပိုင်ရှင်ကလည်း ဟိုရှာ .. ဒီရှာ၊ ဟိုမေး .. ဒီမေး၊ မေးပေမယ့် ဘယ်သူ့ကိုမှ မေးလို့မရဘူး၊ အဲဒီမှာ အချိန်တော်တော် ကုန်သွားပေမယ့် ခွေးလေးကို လုံးဝ ရှာမတွေ့ဘူးတဲ့၊ ခွေးပိုင်ရှင်ဟာလည်း လွန်စွာမှ စိတ်မကောင်း ဖြစ်မိတယ်၊ နောက်ဆုံးတော့ လက်လျှော့ပြီး သူနေထိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မြို့ကို ဝမ်းနည်းစွာနဲ့ပဲ ပြန်လာခဲ့ရတယ်"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ နားထောင်နေတဲ့ ကျွန်ုပ်မှာ လွန်စွာမှပဲ ရင်ထဲဆို့သွားရသည်။

"အဲဒီလိုနဲ့ပေါ့ .. အချိန်တွေ အတော်ကြာသွားပြီး မေ့မေ့ ပျောက်ပျောက်ဖြစ်နေတဲ့ ဆောင်းညချမ်းကာလမှာ တဂျစ်ဂျစ်နဲ့ မြည်သံ ကြားရတဲ့အသံကြောင့် ခွေးပိုင်ရှင်ဟာ လန့်နိုးလာခဲ့တယ်၊ အပြင်မှာ လည်း ရေခဲတမျှ အေးစိမ့်နေတဲ့လေဟာ ပြတင်းပေါက်ကြားမှ ခုန်ပေါက် မြူးတူးပြီး ဝင်လာတယ်"

"ဒါနဲ့ .. ခွေးပိုင်ရှင်ဟာ မှန်အိမ်ကလေး အလင်းရောင်နဲ့ နာရီ ကို လှမ်းကြည့်လိုက်တာ နံနက်(၄)နာရီခန့် ရှိနေပြီ၊ နောက် သူဟာ အိပ်ရာမှ ထလိုက်ပြီး ချောင်းတစ်ချက် ဟန့်လိုက်တယ်၊ ဒါပေမယ့် .. အိမ်ရှေ့က တံခါးဝမှာ တဂျစ်ဂျစ် ခြစ်နေတဲ့အသံက ရပ်မသွားဘူးတဲ့၊ ဒီတော့ ခွေးပိုင်ရှင်ဟာ တောကောင် တစ်ကောင်များ ဖြစ်နေရော့ သလား၊ သူတို့ ယာတောကို မကြာခဏ တောကြောင်များ မျက်စိလည် လမ်းမှားသလား၊ ဒါမှမဟုတ် ကျားသစ်များပင် ရောက်လာတတ်သလား လို့ စဉ်းစားနေရင်းက ခွေးပိုင်ရှင်ဟာ .. "

ဟု ပြောလိုက်ပြီး စုံထောက်ကြီး ဦးဘလုသည် ရေနွေး တစ် ခွက်ကို သောက်လိုက်ပြန်၏။ ထို့နောက် ဆေးတံကိုမီးညှိ၍ သောက် လိုက်ပြန်၏။

"ခွေးပိုင်ရှင် စဉ်းစားလိုက်တာက .. တောကောင် တစ်ကောင် ကောင်ဆိုရင် လူ့သံကြားတာနဲ့ ရှောင်ပြေးသွားလေ့ရှိတယ်၊ အခုတော့ သူရဲ့အိမ်ခေါင်မိုးပေါ် တဖြောက်ဖြောက်ကျနေတဲ့ နှင်းရည်တို့အသံ မှ တစ်ပါး တစ်စုံတစ်ရာ အသံတွေ မကြားရချေ၊ သူနေတဲ့ အိမ်နဲ့ မလှမ်း မကမ်းဆီက ခွေးဟောင်သံကြားရပြန်တယ်၊ ပြီးတော့ ကြက်တွန်သံ ဟာလည်း ပျံ့လွင့်လာတယ်၊ အိမ်ရှေ့တံခါးဆီက တဂျစ်ဂျစ် ကုတ်ခြစ် တဲ့ အသံနဲ့အတူ ငြီးသံတစ်သံကြားတော့ ခွေးပိုင်ရှင်ဟာ လွန်စွာ စိတ်ဝင်စားသွားတယ်"

ဟု ဆိုကာ ရေနွေးကြမ်းသောက်လိုက်၏။ ပြီးလျှင် ဆေးတံကို





မီးညှိလိုက်ပြန်၏။ ထို့နောက် စုံထောက်ကြီး ဦးဘလုက -

"ခွေးပိုင်ရှင်ဟာ သူလွန်စွာမှ စိတ်ဝင်စားရတဲ့ အကြောင်းက တော့ ပြီးခဲ့တဲ့ (၁)နှစ်ကျော်၊ (၂)နှစ်ကျော် နီးပါးခန့်က ပျောက်ဆုံးသွား တဲ့ သူ့အချစ်တော် ခွေးရဲ့အသံနဲ့ သိပ်တူတာပဲလို့ အထင်နဲ့ စိတ်ဝင်စား တာ၊ နောက်တော့ ခွေးပိုင်ရှင်ဟာ တံခါးဝမှာ တဂျစ်ဂျစ် ကုတ်ခြစ်နေတဲ့ တံခါးကို ဖွင့်ကြည့်လိုက်တယ်"

"ဒါပေမဲ့ .. ခွေးပိုင်ရှင်ဟာ တံခါးလက်ကိုင်ကို ကိုင်ရင်း မဖြစ် နိုင်ဘူး၊ ငါ့ခွေးလေးဟာ ဟိုး .. အဝေးကြီးမှာ ပျောက်ဆုံးသွားတာ၊ ကွဲကွာ သွားတာလည်း (၂)နှစ်ပြည့်တော့မယ်လို့ စဉ်းစားပြီး လှည့်ကာ အိမ်ထဲ ပြန်ဝင်မယ်လို့ အပြုမှာ တဂျစ်ဂျစ် ကုတ်ခြစ်နေရာကနေ ဟောင်သံ (၂)ချက် ပေါ်ထွက်လာတာကြောင့် ခွေးပိုင်ရှင်ဟာ တံခါးကို တကယ် ဖွင့်လိုက်တယ် ဆိုရင်ပဲ .. "

ဟု ဆိုလိုက်ပြီး စုံထောက်ကြီး ဦးဘလုသည် ရေနွေးကို ထပ် သောက်လိုက်ပြန်၏။ ဆေးတံမှ ဆေးသားများ ထပ်သိပ်လိုက်ပြီး မီးညှိ သောက်လိုက်ပြန်၏။

"(၂)နှစ်နီးပါးခန့် ကွဲကွာနေသော ခွေးလေးဟာ သူ့သခင် အပေါ်ကို အားရပါးရ ခုန်တက်လိုက်တယ်"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ -

"ဟာ .. အတော့ကို အံ့ဩဖို့ ကောင်းတာပဲဗျား၊ (၂)နှစ်နီးပါး ကြာအောင်နေပြီးမှ သူ့သခင်အိမ်ကို နေရာမနေ ပြန်လာတာပဲနော်၊ အဲဒီ အတောအတွင်း သူ့ကို ဘယ်သူ အစာ အစားတွေ ကျွေး ထားလဲ မသိဘူး"





www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ကရုဏာသက်စွာဖြင့် ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှက -

"ဒါကတော့ဗျာ .. တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့ ဆန်းကြယ်တဲ့ စိတ်စွမ်းအင်ပဲဗျ .. ဦးဘအေးရ"

ဟု ပြောလိုက်လေ၏။

"အင်း .. ဒါကြောင့်လည်း မရမနေ သူ့သခင် နေအိမ်ကို ရောက်အောင် တောအထပ်ထပ်၊ တောင်အသွယ်သွယ် ဖြတ်ပြီး ရောက်အောင် လာခဲ့တာပဲနော်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှက -

"အဲဒီလိုမျိုး တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့ စိတ်စွမ်းအင်နဲ့ ပတ်သက်ပြီး ရှိသေးတယ်ဗျ .. ဦးဘအေးရ"

ဟုပြောလိုက်ပြန်၏။

"ဟုတ်လားဗျ .. ပြောစမ်းပါဦးဗျာ .. ကျွန်တော်ဖြင့် ဒါမျိုး တစ်ခါမှ မကြားဘူးပေါင်ဗျာ"

ဟု ကျွန်ုပ်က တောင်းဆိုလိုက်သဖြင့် စုံထောက်ကြီး ဦးဘလှက ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပြီး ဆေးတံကို မီးညှိဖွာရှိုက်လိုက်ပြီးနောက် -

"အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ယာတောတစ်ခုမှာ ကြုံတွေ့ရတဲ့ တိရိစ္ဆာန်တို့ရဲ့ ထူးဆန်းတဲ့ စိတ်စွမ်းအင်ပဲဗျ။ ယာတောပိုင်ရှင်တစ်ယောက် မွေးမြူထားတဲ့ ကြောင်ကြီးတစ်ကောင်ဟာ ဘယ်တော့မှ သူ့သခင်အိမ်ကြီးကို စွန့်ပြီး သွားလေ့ သွားထ မရှိဘူးဗျ။ တစ်နေ့မှာ ကြောင်မကြီးဟာ သူ့ရဲ့သားသမီးတွေဖြစ်တဲ့ ကြောင်ပေါက်ကလေး(၄)ကောင်ကို တစ်ကောင်ပြီးတစ်ကောင် ကိုက်ချီပြီး တစ်နေရာကိုထွက်သွားတယ်"

ဟု ကျွန်ုပ်ကပြောလိုက်ပြီး စုံထောက်ကြီးဦးဘလှ ရေနွေးကြမ်း သောက်နေစဉ် ကျွန်ုပ်က -

"အလိုဗျာ .. မိမိ သခင်အိမ်ကို ခင်တွယ်တဲ့ ကြောင်မကြီးက ဘယ်လိုစိတ်ကူးမျိုးနဲ့ သူ့ကလေးတွေကို တစ်ကောင်ပြီးတစ်ကောင်







ကိုက်ချီသွားရတာလဲ၊ ရှုးများနေလားဗျာ"

ဟု မေးလိုက်ရလေ၏။

"ကြောင်မကြီးက ရူးဘူးဗျ။ ထူးတာ .. ထူးတာမှ အတော့ကို ထူးဆန်းနေတာ။ အဲဒီလို ကြောင်မကြီး ထွက်သွားပြီး (၂)ရက်ခန့် အကြာမှာတော့ လေပြင်းမုန်တိုင်း ကျပြီး ယာတောအိမ်ကြီး လည်း ပြိုကျပျက်စီးသွားခဲ့တယ်၊ မိသားစု အချို့မှာလည်း ထိခိုက် ဒဏ်ရာရသူက ရပေါ့ဗျာ၊ အဲဒီလို .. ဖြစ်ရပ်ဆန်းကြယ်မှုတွေနဲ့အတူ ကြောင်မကြီးက သူ့သားသမီး (၄)ကောင်ကို ကိုက်ချီပြီး သွားတာကို သတိရကြတော့တယ်"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေ၏။

"ဟုတ်ပါ့ဗျာ .. ထူးခြားတဲ့ ကြောင်မကြီးရဲ့အပြုအမူကို ဘယ်သူကမှ နားမလည် .. ကြိုတင်ကျရောက်တော့မယ့် ကြမ္မာဆိုးကို သိရှာရော့သလား၊ ထူးတော့ .. အတော့ကိုထူးဆန်းတဲ့ တိရိစ္ဆာန်တွေရဲ့ စိတ်စွမ်းအင်ပဲဗျာ"

ဟုဆိုကာ ကျွန်ုပ်မှာ လွန်စွာမှ အံ့သြရလေတော့၏။

နယူးယောက်မြို့တက္ကသိုလ်ပါမောက္ခ ဒေါက်တာ အာရီစတိုက်အက်ဆာဆိုသူနဲ့ အဖွဲ့ကလည်း တိရိစ္ဆာန်တွေရဲ့ထူးခြားတဲ့ ဖြစ်စဉ်ဖြစ်တဲ့ အာရုံ (ဆဋ္ဌမအာရုံ)ကို စနစ်တကျ စမ်းသပ်သုတေသန ပြုခဲ့ကြသေးတယ်ဆိုပဲဗျ" ဟု စုံထောက်ကြီး ဦးဘလှက ပြောရာ ကျွန်ုပ်မှာ လွန်စွာမှ စိတ်ဝင်စားသဖြင့် ပြောပြစေရန် တောင်းဆိုလိုက်ရပြန်၏။

"(၁၉၆၃)ခုနှစ်မှာ ယူဂိုဆလားဗီးယားနိုင်ငံမှာ လွန်စွာမှ ပြင်းထန်တဲ့ ငလျင်ကြီး လှုပ်ခဲ့ဖူးတယ်၊ လူတွေလည်း အတော့ကို သေကြတယ်ဆိုပဲဗျ။ အိုးမဲ့၊ အိမ်မဲ့ဘဝတောင် ရောက်ခဲ့ကြတယ်၊ ပြီးတော့ တိရိစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



အတော်များများလည်း သေကြေပျက်စီးကြတယ်၊ အဲဒီလို ပြင်းထန်လှတဲ့ လျှောင်ကြီးမလှုပ်ခင် (၂)ရက်၊ (၃)ရက်လောက်မှာ အချို့သော တိရိစ္ဆာန်တွေဟာ နေရာပြောင်းကြပြီးတော့ ခွေးတွေဟာ နေ့ရော၊ ည အူကြတယ်၊ ကျီးတွေ ပြိုကြတယ်၊ မြွေတွေ တွန်တယ်"

"ပြီးတော့ စကေ့(ပ)ချေးမြို့ကလေးမှာရှိတဲ့ တိရိစ္ဆာန်ရုံမှ တိရိစ္ဆာန်တွေ အားလုံးဟာ လျှောင်မလှုပ်မီ အချိန်လေးမှာ လှုပ်လှုပ်ရှားရှားဖြစ်တဲ့ လက္ခဏာမျိုး နမိတ်ပြတယ်ဗျ၊ အမှန်ကတော့ တိရိစ္ဆာန်များ အားလုံးလိုလို ထူးခြားတဲ့ စွမ်းအင် ရှိကြတာ၊ ဒါကြောင့်လည်း အမေရိကန် ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ်က ပါမောက္ခကြီး ဒေါက်တာ ရောဘတ်မောရစ်က ထူးခြားတဲ့အာရုံ (ဆဋ္ဌမအာရုံ) ဟာ တိရိစ္ဆာန်လောကမှာ အများဆုံး တွေ့ရတယ်လို့ ထုတ်ဖော်ပြော တာပဲဗျ . . ဦးဘအေးရ"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေတော့၏။

"တိရိစ္ဆာန်တွေရဲ့ ထူးခြားတဲ့ စိတ်စွမ်းအင်ကတော့ဗျာ . . ပုံပြင်တွေ၊ ဒဏ္ဍာရီတွေ၊ နိပါတ်တော်တွေမှာတောင် သူတို့ရဲ့ကျေးဇူးသိတတ်ပုံ၊ သူတို့ရဲ့သခင်ကို ကာကွယ်ကြပုံ၊ လိမ္မာပါးနပ်မှုတွေကြောင့် ဓိ အများရဲ့တရားခံကို ခြေရာခံမိပုံတွေကို ကျွန်တော်စာတွေထဲမှာ ဖတ် တယ်ဗျ"

ဟု ဆိုကာ ကျွန်ုပ်ကလည်း မိမိဖတ်ဖူး၊ မှတ်သားဖူးတာ တွေကို လှုတတ်ကြီး လုပ်လိုက်ရလေတော့၏။ ထိုအချိန်၌ -

"ဒေါက် . . ဒေါက် . . ဒေါက် . . ဒေါက်"

ဟူသော တံခါးခေါက်သံ ပေါ်ထွက်လာသဖြင့် စုံထောက် ဦးဘလှက -

"ဗျို့ . . ဦးဘအေးရေ စုံထောက်အင်စပက်တော် ကိုသက် တံခါးခေါက်တယ်၊ အမှုတစ်ခုခုတော့ ဖြစ်ပြီနဲ့တူတယ်၊ ကျုပ်လည် အမှု မလိုက်ရတာ ကြာပြီဗျ၊ ကြာပြီဆိုတာ အငြိမ့်မင်းသမီး လှလေး အမှုပြီးကတည်းက ဆိုပါတော့၊ ကျုပ်လည်းပျင်းနေတာနဲ့ အဓ ပဲ ၊ ကိုသက်ပြင်းကို တံခါး ထဖွင့်ပေးလိုက်ပါဗျာ"





ဟုဆိုကာ ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုင်ရာမှထ၍ တံခါး ဖွင့်လိုက်ရာ အမှန်ပင် စုံထောက်အင်စပက်တော် ကိုသက်ပြင်း ဖြစ်လို့ နေလေတော့၏။

> **စုံထောက်ကြီး ဦးဘလှနှင့် အငြိမ့်မင်းသမီး**
> **လှလေးစိန် ပျောက်မှု ဝတ္ထုတိုကို**
> **'ရဲမှုခင်းမဂ္ဂဇင်း' တွင်**
> **ရှာပွေ၍ ဖတ်ရှုပါလေ။**
> **(စာရေးသူ)**

စုံထောက်အင်စပက်တော် ကိုသက်ပြင်းသည် ကုလားထိုင် အလွတ်တစ်ခုတွင် ဝင်ရောက်ထိုင်လိုက်ပြီးနောက် -

"စုံထောက်ကြီး ဦးဘလှရေ . . မဂျစ်လမ်း (ယခု သမိန်ဗရမ်း လမ်း)က သူဌေးကြီးဦးလှမျိုးအိမ် အဖောက်ခံရလို့ပါဗျာ၊ ဘယ်သူ့ လက်ချက်ဆိုတာတော့ မသိရပေမယ့် တာမွေက ဖောက်ထွင်းဝိဇ္ဇာ (၃) ယောက်ကိုတော့ ခဏ ခေါ်ထားရတယ်"

ဟု စုံထောက်အင်စပက်တော် ကိုသက်ပြင်းက ပြောလိုက် သ၏။

"ကိုသက်ပြင်း ခဏ ခေါ်ထားတဲ့သူတွေက ဘယ်သူတွေများ လဲဗျ"

ဟု စုံထောက်ကြီး ဦးဘလှက မေးလိုက်ရာ -

"ဖိုးအော်ရယ်၊ ငကျယ်ရယ်၊ မောင်ကို ဆိုတဲ့ ဖောက်ထွင်း ဝိဇ္ဇာ (၃)ယောက်ပါ"

ဟု စုံထောက်အင်စပက်တော် ကိုသက်ပြင်းက ပြောလိုက် သ၏။

"ကဲ . . ဦးဘအေးရေ . . ကျုပ်တို့ ဦးလှမျိုးအိမ်ကို သွားကြည့်ရ အောင်ဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့သည် စုံထောက်အင်စပက်တော် ကိုသက်ပြင်း နှင့်အတူ ဖောက်ထွင်းခံရသည့် ဦးလှမျိုးအိမ်သို့ ထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြလေတော့၏။

❖

ကျွန်ုပ်တို့ ဦးလှမျိုးအိမ်သို့ ရောက်သည့်အခါ အိမ်ထဲမှ သူဌေးကြီး ဦးလှမျိုးထွက်လာရာ -

"စုံထောက်ကြီးတို့ ကြွပါ . . ကြွပါ"

ဟု ၎င်း၏ အိမ်ထဲသို့ ဖိတ်ခေါ်လေတော့၏။ သူဌေးကြီး ဦးလှမျိုး၏ အိမ်သည် လွန်စွာမှ သေသပ်လှပသော တိုက်ပုကလေး ဖြစ်လေ၏။ ခြံနှင့်၊ ဝန်းနှင့်ဖြစ်ကာ ပန်းအလှမျိုးစုံကိုလည်း စိုက်ပျိုးထားသည်ကို တွေ့ရလေ၏။စုံထောက်ကြီး ဦးဘလုသည် အိမ်ထဲသို့မဝင်ဘဲ ခြံထဲမှ ပန်းမျိုးစုံကို လျှောက်ကြည့်ပြီးနောက် အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

အိမ်ထဲသို့ ရောက်သည်နှင့် အိမ်နောက်ဖေးသို့ တန်းတန်းမတ်မတ် သွားသဖြင့် ကျွန်ုပ်အပါအဝင် စုံထောက်အင်စပက်တော် ကိုသက်ပြင်းနှင့် သူဌေးကြီး ဦးလှမျိုးတို့မှာ ၎င်းနောက် လိုက်သွားကြတော့၏။

"ဖောက်ထွင်းဝင်ရွာ အဲဒီ ပြူတင်းပေါက်က ဝင်လာတာပဲဗျ"

ဟု သူဌေးကြီး ဦးလှမျိုးက ပွင့်လျက်နေသော ပြူတင်းပေါက်ကို လက်ညှိုးထိုး၍ ပြလိုက်လေ၏၊ ထိုအခါ စုံထောက်ကြီး ဦးဘလုတတစ်စုံတရာ ပြောဆိုခြင်းမရှိဘဲ ပြူတင်းပေါက် ပေါင်ပေါ်ကို တက်လိုက်ပြီးနောက် အပြင်သို့ ခုန်ချလိုက်လေ၏။

အပြင်သို့ရောက်သွားသည်နှင့် စုံထောက်ကြီး ဦးဘလုသည် တစ်စုံတစ်ခုကို တောက်လိုက်ပြီးနောက် ၎င်း၏အိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ခြံစည်းရိုးတိုင်များကို သေချာ ကြည့်ရှုပြန်၏။ စုံထောက်ကြီး ဦးဘလုသည် ဟိုကြည့်ဒီကြည့် ကြည့်နေရင်းက ဘယ်ကဘယ်လိုရောက်လာမှန်း မသိသော ခွေးတစ်ကောင်က စုံထောက်ကြီး ဦးဘလုအား -

"ဝုတ် . . ဝုတ် . . ဝုတ်"

ဟု ဟောင်လိုက်သဖြင့် စုံထောက်ကြီး ဦးဘလုက ၎င်း၏





အိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်ကာ -

"အို့ . . အို့ . . အို့"

ဟု ဆိုကာ ပစ်ကျွေးလိုက်သဖြင့် စုံထောက်ကြီး ဦးဘလုကို ဟောင်နေသောခွေးမှာ အမြီးလေးနှံ့ကာ ကောက်စားလိုက်လေ၏။

"ဗျို့ . . ဦးလှမျိုးရေ . . ထန်းလျက်ခဲတွေရှိရင် လေး၊ ငါးလုံးလောက် ပေးစမ်းပါဗျာ . . ဒီခွေးလေးကို ကျွေးချင်လို့ပါ။ သူ့ခမျာ သနားပါတယ်"

ဟု စုံထောက်ကြီး ဦးဘလုကပြောလိုက်ရာ သူဌေးကြီး ဦးလှမျိုးလည်း အိမ်ဖော်တစ်ဦးအား ထန်းလျက်ခဲများတောင်း လိုက်ပြီးနောက် စုံထောက်ကြီး ဦးဘလုအား ပေးလိုက်လေ၏။ စုံထောက်ကြီး ဦးဘလုသည် ခွေးလေး၊ ခွေးလွှင့်တစ်ကောင်ကို ထန်းလျက်ခဲများ ကျွေးနေသဖြင့် သူဌေးကြီး ဦးလှမျိုးက -

"ခင်ဗျားတို့ စုံထောက်ကြီးကလည်း ဘယ်လိုလဲဗျ၊ အမှုစုံစမ်းရအောင် လာတာလား၊ ခွေးဝဲစားကို ထန်းလျက်ခဲကျွေးဖို့ လာတာလားဗျ"

ဟုဆိုကာ အားနာမှုကင်းစွာနှင့် ပြောလိုက်ပြီးနောက် အိမ်ရှေ့သို့ ထွက်သွားလေတော့၏။ ထို့နောက် စုံထောက်အင်စပက်တော် ကိုသက်ပြင်းလည်း ခေါင်းကို အသံမြည်အောင်ကုတ်ကာ သူဌေးကြီး ဦးလှမျိုးနောက်သို့ လိုက်သွားတော့၏။

ကျွန်ုပ်လည်း ၎င်းတို့ထွက်သွားကြသည့်အခါ စုံထောက်ကြီး ဦးဘလုအား လှမ်းကြည့်လိုက်ရာ စုံထောက်ကြီးဦးဘလုမှာ ခွေးလေး၊ ခွေးလွှင့်တစ်ကောင်ကို ပွတ်သပ်ကာ ထန်းလျက်ခဲတွေကို ကျွေးနေလေ၏။

ကျွန်ုပ်လည်း စိတ်ပျက်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့တော့၏။

❖

"ကဲ . . ဦးဘအေးနဲ့ ကိုသက်ပြင်းတို့ သွားကြရအောင်"

ဟု ဆိုကာ စုံထောက်ကြီး ဦးဘလုသည် ခွေးလေး၊ ခွေးလွှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကိုပွေ့ကာ ကားမောင်း၍ ထွက်လာခဲ့ကြလေတော့၏။ ကျွန်ုပ်တို့၏ နောက်မှ သူဌေးကြီး ဦးလှမျိုးသည် လွန်စွာမှ မကျေမနပ်ဖြစ်ကာ ဆဲဆို၍ ကျန်ရစ်ခဲ့လေတော့၏။

စုံထောက်အင်စပက်တော် ကိုသက်ပြင်းသည် ကားကို မောင်းထွက်လာသော်လည်း မည်သည့်နေရာကို မောင်းရမည်ကို မသိသဖြင့်-

"ဗျို့ . . စုံထောက်ကြီး ဦးဘလု ကျုပ်က ဘယ်ကို မောင်းရမှာလဲဗျ"

ဟု ဒေါသအသံနှင့် ပြောလိုက်ရာ -

"ကျောက်မြောင်း ကျားကွက်သစ်ကို မောင်းဗျာ"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်လေ၏။ စုံထောက်ကြီး ဦးဘလုသည် ကား၏နောက်ခန်း၌ ခွေးလေး၊ ခွေးလွှင့်ကို ချော့မြူနေသဖြင့် ကျွန်ုပ်က -

"ဦးဘလု ခင်ဗျားဟာ ဘယ်လိုလဲဗျ။ ခွေးမွေးမယ်ဆိုလည်း ကောင်းကောင်းမွန်မွန် ခွေးကို မွေးမှပေါ့ဗျာ"

ဟု ပြောလိုက်သော်လည်း စုံထောက်ကြီး ဦးဘလုမှာ ကျွန်ုပ်၏ စကားကို ဂရုမထားဘဲ ၎င်း၏ ခွေးမျိုး၊ခွေးသန့်ကို ပွတ်သပ်ပေးလို့နေလေ၏။ ကျောက်မြောင်း ကျားကွက်သစ်သို့ ရောက်သည့်အခါ စုံထောက်ကြီး ဦးဘလုက -

"ဗျို့ . . ကိုသက်ပြင်း ဟိုး . . ရှေ့က ဆေးအပြာရောင် သုတ်ထားတဲ့ အိမ်ရှေ့မှာ ရပ်လိုက်ပါဗျာ"

ဟု ပြောလိုက်လေ၏။ စုံထောက်အင်စပက်တော် ကိုသက်ပြင်းမှာ စုံထောက်ကြီး ဦးဘလုပြောသည့်အတိုင်း ဆေးအပြာရောင်သုတ်ထားတဲ့ အိမ်ရှေ့မှာ မော်တော်ကားကို ရပ်လိုက်လေ၏။

ဆေးအပြာရောင် သုတ်ထားသည့် အိမ်ထဲမှ လူငယ်တစ်ဦး ထွက်လာရာ စုံထောက်ကြီး ဦးဘလုက မော်တော်ကားတံခါး ဖွင့်လိုက်ပြီး ခွေးလေး၊ ခွေးလွှင့်ကို မော်တော်ကားပေါ်မှ တွန်းချလိုက်လေ၏။ ထိုအခါ ခွေးလေး၊ ခွေးလွှင့်သည် ဘယ်သွားလို့၊ ဘယ်လာရမှန်း မသိအောင် ဖြစ်နေပြီးနောက် ဆေးအပြာရောင် သုတ်ထားသည့် အိမ်ထဲမှ







ထွက်လာသော လူငယ်ကို မြင်သည်နှင့် တအီအီမြည်ကာ ခွေးလေး၊ ခွေးလွှင့်သည် လူငယ်အား ပြေး၍ ပွတ်သပ်လေတော့၏။

"ဟဲ့ ခွေး . . ဟဲ့ ခွေး . . ဟဲ့ ခွေး" ဟု ဆိုကာ လူငယ်က မောင်းထုတ်လိုက်လေ၏။

"မောင်းမထုတ်ပါနဲ့ . . စိုးကြီးရာ . . မင်း သူ့ကို ထန်းလျက်ခဲ ကျွေးထားတဲ့အတွက် သူက မင်းကို ခင်နေတာပါ"

ဟု စုံထောက်ကြီး ဦးဘလုက မော်တော်ကားပေါ်မှ ဆင်းကာ ပြောလိုက်လေ၏။

"ဘယ်က ခွေးလဲ၊ ကျုပ်မသိဘူး . . ကျုပ်မသိဘူး"

ဟု ဆိုကာ ခွေးလေး၊ ခွေးလွှင့်ကို ကန်ထုတ်လိုက်လေတော့၏။

"မလုပ်ပါနဲ့ကွာ သနားပါတယ်၊ သူ့ကို ထန်းလျက်ခဲကျွေးပြီး မင်း မချစ်လမ်းက သူဌေးကြီး ဦးလှမျိုးအိမ်မှာ ဖောက်ထွင်းပြီး ယူခဲ့တဲ့ ပစ္စည်းတွေ ဘယ်မှာလဲကွ"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ "စိုးကြီး" ဆိုသော လူငယ်မှာ ပါးစပ်အဟောင်းသားနှင့်။

"ဟာ ဗျာ . ."

ဟုဆိုကာ ဖြစ်သွားလေတော့၏။

"ကဲ . . ကိုသက်ပြင်းရေ . . စိုးကြီးကို လက်ထိပ်ခတ်လိုက်ပါဗျာ၊ ဒီကောင် ဦးလှမျိုးအိမ်က ပစ္စည်းတွေ ဖောက်ထွင်းခိုးတာပဲဗျ"

ဟု ပြောလိုက်သည်နှင့် စုံထောက်အင်စတော် ကိုသက်ပြင်းမှာ အမှုတစ်ခုကို မှန်အောင် ဖော်ထုတ်နိုင်စွမ်းမရှိပေမယ့် ဖော်ပြီးသားတရားခံကိုတော့ လျှင်မြန်စွာ လက်ထိပ်ခတ်နိုင်စွမ်းရှိသည့်အလား



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီး ကို လက်ထိပ်ခတ်လိုက်လေတော့၏။

သူဌေးကြီး ဦးလှမျိုးသည် စုံထောက်ကြီး ဦးဘလုအား ၎င်းပြောမှား ဆိုမှားပြောဆိုမိသည့်အတွက် တောင်းပန်ရင်း ၎င်း၏နေအိမ်၌ ကျွန်ုပ်အပါအဝင် စုံထောက်ကြီးဦးဘလုနှင့် စုံထောက် အင်စပက်တော် ကိုသက်ပြင်းတို့အား ညစာတည်ခင်း၍ ကျေးဇူးတင်စကား ဆိုလေတော့၏။

❖

ညစာ စားသောက်ပြီးသောအခါ အိမ်ရှေ့ဧည့်ခန်းတွင် အချိုရည်တည်းကြရင်း စုံထောက်အင်စပတော် ကိုသက်ပြင်းက –

"စုံထောက်ကြီး ဦးဘလုရေ . . တရားခံ ဖော်ထုတ်ပုံလေး ရှင်းပြပါဦးဗျာ"

ဟု ပြောလိုက်လေတော့၏။ ကျွန်ုပ်နှင့် သူဌေးကြီး ဦးလှမျိုးကလည်း လွန်စွာမှ သိချင်ကြသဖြင့် တောင်းဆိုကြရာ စုံထောက်ကြီး ဦးဘလုက –

"ကျွန်တော်တို့ . . ဦးလှမျိုးအိမ်ကိုရောက်တော့ ကျွန်တော် ဦးလှမျိုးတို့ စိုက်ပျိုးထားတဲ့ ပန်းပင်တွေကို လျှောက်ကြည့်တာ မှတ်မိမှာပေါ့"

ဟုပြောလိုက်ရာ –

"မှတ်မိပါတယ်။ ကျုပ်တောင် စုံထောက်ကြီးက ပန်းစိုက်တာ ဝါသနာပါတယ်လို့တောင် ထင်လိုက်မိတယ်။ ဝါသနာပါလို့လား"

ဟု သူဌေးကြီး ဦးလှမျိုးက ပြောလိုက်လေ၏။

"ပန်းစိုက်တာ ဝါသနာပါလို့ မဟုတ်ဘူးဗျ။ ခင်များရဲ့ခြံတအပြင်မျက်နှာစာကသာ အုတ်ရိုးကာထားပြီး ဘေးက ကာရံထားတာတွေက အရှိုနေရာတွေမှာ ပေါက်ပြဲနေတာ တွေ့ရတယ်။ ဒါကလည်း သူခိုးကို ဖိတ်ခေါ်နေသလိုပဲဗျ"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ သူဌေးကြီး ဦးလှမျိုးက –





။

"တိရိစ္ဆာန်တွေမှာ မှတ်ဉာဏ်နဲ့ ထူးခြားတဲ့ စိတ်စွမ်းအင်တွေ ရှိတယ်ဗျ . . ပြီးတော့ စိတ်တန်ခိုး လို့ဆိုတဲ့ အာရုံ၊ ဆဋ္ဌမအာရုံပေါ့ဗျာ"

---

"ဟုတ်ပါတယ် စုံထောက်ကြီးရာ . . ကျုပ်လည်း ပေါက်ပြဲနေတာကို လုပ်မလို့ပါဘဲ၊ ဒါပေမယ့် အလုပ်တွေကများနေလို့ မလုပ်ဖြစ်တာပါ"

ဟု ပြောလိုက်လေ၏။

"အဲဒါတွေ ထားလိုက်ပါတော့ . . ဦးလှမျိုးက နောက်ဖေး ခြံထင်းပေါက်က ဖောက်ထွင်းဝိဇ္ဇာက ဝင်လာတယ်ပြောပြီး ခင်များက ခြံထင်းပေါက်ပေါ် တက်ပြီး အပြင်ကိုရောက်တဲ့အခါ ခင်များ ဘာကောက်ပြီး အိတ်ထဲ ထည့်လိုက်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ –

"ကျုပ် အိတ်ထဲ ကောက်ထည့်လိုက်တာ . . တခြားတော့ မဟုတ်ပါဘူးဗျာ၊ ထန်းလျက်ခဲ တစ်လုံးပါ"

ဟု ပြောလိုက်ရာ စုံထောက်အင်စပက်တော် ကိုသက်ပြင်းက –

"အော် . . ဒါကြောင့် ခွေးလေ၊ ခွေးလွှင့်က ဟောင်တော့ စုံထောက်ကြီး ပစ်ကျွေးလိုက်တာကိုး"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် ဦးလှမျိုးဆီမှာ ထန်းလျက်ခဲတွေ ထပ်တောင်းပြီး ခွေးလေ၊ ခွေးလွှင့်ကို စည်းရုံးလိုက်တာပါ"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ သူဌေးကြီး ဦးလှမျိုးက –

"ဒီခွေးက ဘယ်ကဘယ်လို ရောက်လာမှန်းမသိဘူး"

ဟု ပြောလိုက်လေ၏။

"ဒါက ခင်များတို့အိမ်ကလူတွေက ထမင်းကျန်၊ ဟင်းကျန်



www.burmeseclassic.com

www.burmeseclassic.com



တွေကို စွန့်ပစ်ရင်းကနေ အဲဒီခွေးက ပေါက်ပြနေတဲ့ မြံစည်းရိုးကနေ ဝင်ပြီး ဝင်စားတာ။ ဒါလည်း သူခိုး လမ်းပြသလိုပဲ၊ ပြီးတော့ ဖောက်ထွင်းဝင်မယ့် စိုးကြီးက ပေါက်ပြနေတဲ့ ခြံစည်းရိုးက ဝင်ပြီး ခြံထဲအရောက်မှာ ခင်ဗျားတို့ အိမ်က ထမင်းကျန်၊ ဟင်းကျန်တွေကို စားနေရတဲ့ ခွေးလေး၊ ခွေးလွှင့်က ဘယ်မှမသွားတော့ဘဲ အိမ်ရဲ့တစ်နေရာမှာ နေတာ။ သူခိုးကိုမြင်တော့ ဟောင်မယ်"

"ဒါကို သိနေတဲ့ သူခိုးက ခွေးဟောင်တော့ ထန်းလျက်ခဲကျွေးမယ်၊ ခွေးဆိုတာ ထန်းလျက်ခဲ အလွန်ကြိုက်တာ။ ခွေးကို ထန်းလျက်ခဲကျွေးလို့ကတော့ အဲဒီလူကို ပိုပြီးခင်တာ၊ ကြည့်ပါလား။ ကျုပ်ထန်းလျက်ခဲပြပြီး ကားပေါ်ခေါ် သွားတာ ငြိမ်လို့"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ ကျွန်ုပ်က -

"စိုးကြီး ..ဦးလုမျိုး အိမ်ဖောက်ထွင်းတယ်ဆိုတာ ဦးဘလု ဘယ်လိုသိတာလဲဗျ" ဟု မေးလိုက်လေ၏။

"ဒါကလည်း ဒီလိုပါ။ ကိုသက်ပြင်းက ဦးလုမျိုးအိမ် အဖောက်ခံရတာနဲ့ ပတ်သက်ပြီး တာမွေက ဖောက်ထွင်းဝိဇ္ဇာတွေ ဖမ်းထားတယ်လို့ ပြောတယ်။ သူတို့ပြောတဲ့အထဲမှာ စိုးကြီးဆိုတဲ့ ဖောက်ထွင်းဝိဇ္ဇာတစ်ယောက် ကျန်နေတာကို သိလိုက်ရတယ်။ တကယ်တော့ ကိုသက်ပြင်း ဖမ်းထားတဲ့ ဖောက်ထွင်းဝိဇ္ဇာ(၃)ယောက်အပြင် စိုးကြီးဆိုတာရှိတာကို မေ့နေလို့ စိုးကြီးကို မဖမ်းတာ၊ ဒါမှမဟုတ် စိုးကြီးကို အထင်သေးလို့နေမှာပါ" ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ စုံထောက်အင်စပက်တော် ကိုသက်ပြင်းက -

"ဟုတ်ပါတယ်ဗျာ ..စိုးကြီးဟာ ဟိုတစ်ခါ ဖောက်ထွင်းမှု ဖြစ်ပြီးကတည်းက အတော်အတန် ငြိမ်သွားတာ၊ ဒါကြောင့် သူ့ကို မဖမ်းဘဲလွှတ်ထားခဲ့တာဗျ" ဟု ဝန်ခံစကားပြောလိုက်လေ၏။

"ဦးဘလုပြောသလို ကျုပ်က စိုးကြီး၊ ဦးလုမျိုးအိမ်ကို ဖောက်ထွင်းမယ်ဆိုတာ ကြိုတင်တော့ မသိထားပါဘူး။ ဒါလည်း ဟို(၃)ကောင်ကတော့ ဖမ်းထားတယ်၊ ဘယ်အချိန် တွေ့တွေ့ တွေ့လို့ရတယ်။ အပြင်မှာ ရှိနေတဲ့ စိုးကြီးကို အရင်တွေ့မယ်လို့ ဆိုပြီး စိုးကြီးရှိတဲ့နေရာကို သွားပြီး ခွေးလေး၊ ခွေးလွှင့်ကို ကားပေါ်က တွန်းချလိုက်တာ၊ အဲဒီခွေးက စိုးကြီးကို မြင်ပြီး အနံ့ခံကာ သူ့ကို ထန်းလျက်ခဲ ကျွေးတဲ့သူပဲ ဆိုပြီး ဖွတ်သဝ်ပါလေရော"





ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ ကျွန်ုပ်တို့ က ၎င်းစုံထောက်ပုံကို လွန်စွာမှ သဘောကျကြလေတော့၏။

"စိုးကြီးက ထွက်ပြေးရင်ရရဲ့သားနဲ့၊ ဘာကြောင့် ထွက်မပြေးတာလဲ" ဟု သူဌေးကြီး ဦးလုမျိုးက မေးလိုက်ရာ -

"ဒါက ဒီလိုပါ ..တာမွေအပိုင်မှာ ဖောက်ထွင်းမှုဖြစ်တော့ တာမွေက ဖောက်ထွင်းသမားတွေကို ဖမ်းမှာပဲ။ ဒါ့ကြောင့် စိုးကြီးက သူ မသိသလို၊ သူ မလုပ်သလိုမျိုးနဲ့ ဘယ်မှမသွားဘဲ အိမ်မှာနေတာဗျ"

ဟု စုံထောက်ကြီး ဦးဘလုကပြောလိုက်ရာ စုံထောက်အင်စပက်တော် ကိုသက်ပြင်းက -

"အေးဗျာ ခွေးလေး၊ ခွေးလွှင့်သာ မကယ်ရင် အခု ဖောက်ထွင်းမှုကို ဘယ်လို စုံစမ်းရမှန်းတောင် သိမှာ မဟုတ်ဘူး" ဟု ပြောလိုက်လေ၏။

"ခွေးဆိုတဲ့ တိရိစ္ဆာန်တွေဟာ အနံ့ခံကောင်းပြီး မှတ်ဉာဏ်လည်း သိပ်ကောင်းတယ်ဗျ" ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်ရာ သူဌေးကြီး ဦးလုမျိုးက -

"ဟုတ်လားဗျ .. ကျုပ်တို့ကို ဗဟုသုတလေးအဖြစ် ပြောပြပါလား" ဟု တောင်းဆိုလိုက်လေ၏။

"တိရိစ္ဆာန်တွေမှာ မှတ်ဉာဏ်နဲ့ ထူးခြားတဲ့ စိတ်စွမ်းအင်တွေရှိတယ်ဗျ .. ပြီးတော့ စိတ်တန်ခိုးလို့ဆိုတဲ့ အာရုံ၊ ဆဋ္ဌမအာရုံပေါ့ဗျာ"

ဟုပြောလိုက်ပြီးနောက် ကျွန်ုပ်တို့သည် သူဌေးကြီး ဦးလုမျိုးအား နှုတ်ဆက်ကာ ပြန်လာခဲ့ကြလေတော့သတည်း။

လုံ့လုံ့များစွာ သတ္တဝါ

ချမ်းသာကိုယ်စိတ် မြဲပါစေသော် ..

ဘညိုကြီး



www.burmeseclassic.com

www.burmeseclassic.com



## လူကိုစောင့်ရှောက်တဲ့ ကိုယ်စောင့်နတ်များ



ရာဇဝင်တော်၊ ဇာတ်တော်များမှာ လူတို့၌ ကိုယ်စောင့်နတ်များ ရှိကြောင်း ဖော်ပြထားကြပါတယ်။ လောကပညတ္တိကျမ်းမှာ လူကိုစောင့် ရှောက်တဲ့ ကိုယ်စောင့်နတ် (၁၄)ပါးရှိကြောင်း ဖော်ပြထားပါတယ်။

ပထမ (၃)ပါးက ကိုယ့်ရဲ့ Human Body ကို စောင့်ရှောက်ပြီး ကျန်တဲ့ (၁၁)ပါးကတော့ ကိုယ့်ရဲ့ ပြုမူနေထိုင်မှုတွေကို မှတ်သား ပေးစွမ်း စောင့်ရှောက်တဲ့ နတ်များလို့ ဆိုထားပါတယ်။

### ၁) ဦးခေါင်းကိုစောင့်တဲ့ နတ်

နံနက်ရှိန်ခါမှာ ကြည့်ရှုမစ တတ်ပါတယ်။ နံနက်မှာ ဦးခေါင်း... စင်ကြယ်သန့်ရှင်းအောင် ပြုလေ့ရှိသူကို ပိုမို စောင့်ရှောက်ပါတယ်။ ... ကိုယ်စောင့်နတ်ဟာ ကြိုးတန်း၊ ကြိမ်တန်း၊ လှေကား၊ တံတား၊ ပုဆိုး ထမိန်တန်းအောက်ကို ဝင်ခြင်းများကို အလိုမရှိပါ။ ဒီလိုလုပ်မိရင် သင့်မှာ ဘုန်းကံနိမ့်ပါးသွားကာ စုန်းကဝေ၊ သရဲသဘက်များ ဝင်စီးခြင်းနဲ့ ... အမျိုးမျိုး ရောက်ရလေ့ရှိပါတယ်။ ပုဆိုး ထမိန်တို့ကို ဦးခေါင်းထက်တ... စွပ်ချဝတ်ဆင်ခြင်းကို လုံးဝ မနှစ်သက်ပါဘူး။





### ၂) ကိုယ်ကိုစောင့်တဲ့ နတ်

လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို စောင့်ရှောက်တဲ့ ကိုယ်စောင့် နတ် ဖြစ်ပါတယ်။ အခု ကိုယ်စောင့်နတ်က ဝတ်ပြီးသား အဝတ်ကို နှစ်ခါ ပြန်ဝတ်ခြင်းမျိုးကို မနှစ်သက်သလို၊ ခန္ဓာကိုယ်ကို ရေမချိုးခြင်း၊ တစ် ကိုယ်ရည် သန့်ရှင်းစင်ကြယ်မှု မရှိသူများကိုလည်း မစောင့်ရှောက်တတ် ပါဘူး။

### ၃) ခြေကိုစောင့်တဲ့ နတ်

အခုနတ်ကတော့ ညဥ့်အခါ ကိုယ်ကိုဆေးကြောပြီး အိပ်ရာဝင် သူကို စောင့်ရှောက်တဲ့ နတ်လို့ သိရပါတယ်။ ခြေမဆေးဘဲ ခြေမသန့်ဘဲ အိပ်ရာဝင်သူများကို မနှစ်သက်သောနတ် ဖြစ်ပါတယ်။ ယခု ကိုယ်စောင့် နတ်(၃)ပါးကို ရည်ရွယ်ပြီး မင်းရာဇာလျှောက်ထုံးမှာ ကြိုးတန်း၊ ကြိမ်တန်း အောက် မသွားရာ၊ ခါးဝတ်ပုဆိုးကို အထက်အောက် ပြန်လှန် မဝတ်ရာ၊ ခြေမဆေးဘဲ အိပ်ရာမဝင်ရာလို့ ဆိုထားပါတယ်။

တစ်ဖန် ထပ်မံကျန်ရှိတဲ့ ကိုယ်စောင့်နတ် (၁၁)ပါးကတော့ ..

၁) သဗ္ဗဘာဂနတ် - နဖူးစာကို ရေးမှတ်ပေးသော နတ်
၂) သုရသသတီနတ် - ဉာဏ်ပညာကို ပွားစေသော နတ်
၃) သကျနတ် - စည်းစိမ်ဥစ္စာကို ပေးသောနတ်
၄) ဝတီရာဇနတ် - အိပ်မက်ကို ပေးသော နတ်
၅) ဓါမသုရနတ် - အိပ်မက်ကိုပြသော နတ်
၆) ဓနသုရနတ် - အလှူပေးသည်ကို မှတ်သားသောနတ်
၇) ကာမစရနတ် - ကာမသုခကို ပေးသောနတ်
၈) ယောတကနတ် - သွားလေရာ စောင့်ရှောက်သော နတ်
၉) ကလျာဏမိတ္တနတ် - ကောင်းသောစကားဆိုမှုကို မှတ်သော နတ်
၁၀) စန္ဒဒေဝီနတ် - ကျက်သရေကို စောင့်သောနတ်
၁၁) နရိန္ဒာဒေဝီနတ် - အိပ်တဲ့အခါ ခေါင်းရင်းမှစောင့်သောနတ်

တို့ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




# အလောင်းအစား

ရေနံမြေခရေ

www.burmeseclassic.com

www.burmeseclassic.com




။

ကိုကျော်ဝင်းလည်း မြေပုံ တစ်ခု၊ နှစ်ခုကို လက်မြင့် ပုတ်၍- 'ဟေ့ကောင်တွေ.. မင်းတို့ ငါ့ နောက်လိုက်ခဲ့ကြ' ဟု ပြောလိုက်သည်။

ကိုကျော်ဝင်းမှာ စက်ရုံတစ်ရုံမှ အလုပ်သမားတစ်ဦး ဖြစ်သည်။ ညနေရုံးဆင်းတာနဲ့ သူငယ်ချင်းများနှင့် အရက်သောက်လေ့ရှိသည်။ အလောင်းအစားလုပ်သော ဝါသနာလည်း ပါသည်။ ဒီနေ့ သူငယ်ချင်းတွေနှင့် အရက်သောက်ရန် ညနေ(၆)နာရီ ချိန်းထားသည်။ ကိုကျော်ဝင်း အလုပ် မြန်မြန်လုပ်ပြီး ရုံးမှထွက်လာခဲ့သည်။

"ကိုကျော်ဝင်း.. လာလေ၊ ခင်ဗျားကို စောင့်နေကြတာ"

"အေးဗျာ.. ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

ကိုကျော်ဝင်းတို့လူသိုက် အရက်သောက်ရင်း စကားပြောနေသည်မှာ ည(၁၀)နာရီ အချိန်ရောက်သည်ကို သူတို့မသိ၊ အရက်ရှိန်ကြောင့် အိမ်ပြန်နောက်ကျနေသည်ကို မေ့နေကြသည်။

ဒီကြားထဲ အလောင်းအစား ဝါသနာကြီးသော ကိုကျော်ဝင်း တစ်ယောက် ဘယ်လိုအလောင်းအစား လုပ်ရင် ကောင်းမလဲဟု တွေးနေသည်။ နောက်ဆုံး သရဲ၊ တစ္ဆေအကြောင်း အလောင်းအစားလုပ်ရန် စိတ်ကူးရလိုက်သည်။

ထို့ကြောင့် -

"ကျွန်တော်တို့ ဒီအတိုင်း.. အရက်သောက်နေရတာ ပျင်း





ဗျာ ကောင်းတယ်"

"ပျင်းစရာကောင်းရင် ခင်ဗျားက ကပြမလို့လား"

"မဟုတ်ပါဘူး.. အလောင်းအစား တစ်ခုခုလုပ်ရင် ကောင်းမလားလို့"

"ခင်ဗျားက ဘယ်လို အလောင်းအစားလုပ်ချင်လို့လဲ"

"ကျွန်တော်က သရဲ၊ တစ္ဆေတွေ အလောင်းအစားလုပ်မလို့"

"ဗျာ.. သရဲ၊ တစ္ဆေတွေ အလောင်းအစား လုပ်မယ်၊ ခင်ဗျားတော့ ကြံကြံဖန်ဖန် ပြောတော့မယ်၊ ခင်ဗျားပြောတာနဲ့ အရက်ရှိန်တောင် ပျက်သွားပြီ"

"ခင်ဗျားက သရဲ၊ တစ္ဆေတွေကို ဘယ်လို အလောင်းအစား လုပ်မှာလဲ"

"ကိုကျော်ဝင်း.. ခင်ဗျား သရဲ၊ တစ္ဆေတွေရှိတယ်ဆိုတာ ယုံလား"

"ကျွန်တော်တော့ မယုံဘူး"

"ခင်ဗျားက ဘာဖြစ်လို့ မယုံတာလဲ"

"ကျွန်တော်မှ မမြင်ဘူးတာ"

"ခင်ဗျား.. မယုံမရှိနဲ့၊ သရဲ တကယ်ရှိတာ"

"ဟုတ်တယ်.. ကျွန်တော်လည်း ယုံတယ်"

"ခင်ဗျားတို့ မြင်ဖူးလို့လား"

"မြင်လည်း မြင်ဖူးတယ်၊ ကြားလည်း ကြားဖူးတယ်"

"ဒါဆို.. ခင်ဗျားတို့ သုံးယောက်နဲ့ ကျွန်တော် အလောင်းအစား လုပ်မလား"

"စိမ်လိုက်လေ၊ ဒါနဲ့ ဘယ်လို အလောင်းအစားလုပ်မှာလဲ"

"ကျွန်တော် အခု သင်္ချိုင်းကုန်းသွားပြီး သရဲတွေ ခေါ်ခဲ့မယ်၊ ကျွန်တော့်နောက်က သရဲတွေပါလာရင် ကျွန်တော်ရှုံးပြီ၊ ကျွန်တော့်နောက်က သရဲတွေ မပါလာရင် ခင်ဗျားတို့ ရှုံးပြီ၊ အဲဒီတော့ ရှုံးတဲ့သူက အရက်တိုက်ကြေး၊ ဘယ်လိုလဲ.. လောင်းမှာလား"

"နေပါဦး.. ခင်ဗျားက သရဲသွားခေါ်မယ်ဆိုတော့ သင်္ချိုင်းကုန်း

www.burmeseclassic.com

www.burmeseclassic.com



တို သွားရဲလို့လား။ သချိုင်းကုန်းမသွားဘဲ လမ်းတစ်ဝက်ကနေ ပြန်လာပြီး သရဲ မပါလာရင် ကျုပ်တို့ရှုံးမှာပေါ့"

"ခင်ဗျားတို့ကလည်း ကျွန်တော့်ကိုတောင် မယုံကြည်ကြတော့ဘူး။ ကျွန်တော့်အကြောင်းလည်း သိသားနဲ့၊ ကျွန်တော်က ပြောပြီးရင် ပြောပြီးတဲ့အတိုင်း လုပ်တဲ့သူ၊ ခင်ဗျားတို့ မပူစမ်းပါနဲ့ .. သချိုင်းကုန်းကို ကျွန်တော် တကယ်သွားမှာပါ"

"မင်းသွားမယ်ဆိုရင် ငါတို့ထဲက တစ်ယောက်ယောက်ကို ခေါ်သွားပါလား"

"နေပါစေ .. ကျွန်တော်တစ်ယောက်တည်း သွားရဲပါတယ်"

ကိုကျော်ဝင်းသည် သတ္တိကောင်းသူ တစ်ယောက်ဖြစ်သည်။ ယခု အရက်ပါသောက်ထားသဖြင့် ပို၍ သတ္တိကောင်းနေသည်။ ကိုကျော်ဝင်း ည (၁)နာရီထိုးသောအခါ သူ့ကတိအတိုင်း သချိုင်းကုန်းကို ထွက်ခဲ့သည်။ တစ်လမ်းလုံး ခွေးတွေ မနားမနေ ဟောင်နေကြသော်လည်း ကိုကျော်ဝင်း ကြောက်ရွံ့ခြင်း မရှိပါ။

ကိုကျော်ဝင်းတို့ အရက်သောက်သော နေရာနှင့် သချိုင်းကုန်းမှာ မဝေးလှပါ။ သချိုင်းကုန်းရောက်သောအခါ လရောင်အောက်တွင် မြေပုံတွေကို အထင်းသား မြင်နေရသည်။ ကိုကျော်ဝင်းလည်း မြေပုံတစ်ခု၊ နှစ်ခုကို လက်ဖြင့်ပုတ်၍ -

"ဟေ့ကောင်တွေ .. မင်းတို့ .. ငါ့ နောက်လိုက်ခဲ့ကြ"

ကိုကျော်ဝင်းပြောပြီး စဏမှာပင် .. အပုပ်နံ့ကြီး မခံနိုင်အောင် နံလာသည်။ ကိုကျော်ဝင်း ကြက်သီးထသွားသည်။ ကိုကျော်ဝင်း သချိုင်းကုန်း က ထွက်လာခဲ့သည်။ ကိုကျော်ဝင်းနှင့်အတူ အပုပ်နံ့က ပါလာသည်။ အပုပ်နံ့ရသော်လည်း အကောင်အထည်တော့ မမြင်ပါ။ ကိုကျော်ဝင်း သူ့အပေါင်းအသင်းတွေဆီ ရောက်သောအခါ -

"ကဲ .. ဘယ်မှာလည်း မင်းတို့ပြောတဲ့ သရဲ၊ ငါ့နောက်မှာ တစ်ကောင်မှလည်း မပါဘူး"

"ဟာ ! .. ကိုကျော်ဝင်း ခင်ဗျားဆီက အပုပ်နံ့ ရသလိုပဲ"

"ကြဲကြဲဖန်ဖန် .. ငါ့ကိုယ်က ဘာဖြစ်လို့ အပုပ်နံ့ ရမှာလဲ"







"ဒါဆို ဘယ်ကနံတာလဲ"

"ငါလည်း မသိဘူး"

ကိုကျော်ဝင်း မသိချင်ယောင်ဆောင်၍ ပြောလိုက်သည်။

"မဟုတ်မှလွဲရော .. မင်းနောက်က သရဲတွေပါလာလို့ အပုပ်နံ့ နံတာ ဖြစ်ရမယ်၊ မင်း .. ငါတို့ကို မလိမ်နဲ့နော်"

ကိုကျော်ဝင်းလည်း နောက်ဆုံး မငြင်းသာတော့ဘဲ ဆူ ရှုံးသဖြင့် အရက်တိုက်လိုက်ရသည်။ ကိုကျော်ဝင်းတို့အဖွဲ့ မနက်(၄)နာရီမှ အိမ်ပြန်ကြသည်၊ ကိုကျော်ဝင်း အိမ်ပြန်ရောက်သည်နှင့် ရေချိုးပြီး အိပ်ရာထဲ ဝင်အိပ်လိုက်သည်။

❖

"ကိုကျော်ဝင်း .. ရှင့်ကိုယ်က နံလှချည်လား"

"ဟာ .. မဟုတ်ပါဘူး၊ ငါအခုပဲ ရေချိုးပြီးမှ အိပ်ရာဝင်တာပါ"

"ဒါဆို .. ဘယ်က နံတာလဲ"

"ငါ .. ဘယ်သိမှာလဲ"

ကိုကျော်ဝင်း၏မိန်းမ မမြွေ၊ ဘာမှဆက်မပြောဘဲ ဝင်အိပ်လိုက်သည်။

ကိုကျော်ဝင်း ရုံးသွားရန် ပြင်ဆင်နေရင်း မမြွေကို မှာနေသည်။

"မိန်းမ .. ငါ ညနေ အိမ်ပြန်နောက်ကျမယ်၊ အောင်မြင့်တို့နဲ့ ချိန်းထားလို့"

"သိပ်ပြီး .. မိုးချုပ်အောင် မနေနဲ့ဦး"

"အေးပါ .. သိပ် မိုးချုပ်အောင် မနေပါဘူး"

ကိုကျော်ဝင်း သူ့မိန်းမကိုမှာပြီး ရုံးကို ထွက်သွားသည်။ မမြွေမှာ ကလေးတွေကို ညစာကျွေးပြီး၊ သူက မစားသေးဘဲ ကိုကျော်ဝင်းကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသည်။ ည (၈)နာရီထိုးတော့ ကလေးတွေ အိပ်သွားသည်အထိ ကိုကျော်ဝင်း ပြန်မလာသေးပါ။

မရွှေ ပြူတင်းပေါက်တံခါး ပိတ်ရန်သွားစဉ် ပြူတင်းပေါက်အပြင်ဘက်တွင် ဆံပင်ဖားလျားနှင့်မိန်းမတစ်ယောက်ကို တွေ့လိုက်ရသဖြင့် မရွှေ လန့်အော်လိုက်သည်။

"အမလေး . . လုပ်ကြပါဦး သရဲ သရဲ"

မရွှေ အော်ပြီး အိမ်ရှေ့ခန်းကို ပြေးထွက်လာသည်။ မရွှေမှာ ကုလားထိုင်ပေါ် ထိုင်နေရင်း တုန်နေသည်။ ထိုစဉ်မှာပင် အိမ်ရှေ့တံခါးခေါက်သံ ကြားသဖြင့် မရွှေ ဝမ်းသာသွားသည်။ ကိုကျော်ဝင်း လာပြီထင်၍ တံခါးသွားဖွင့်လိုက်သည်။ အပြင်မှာ ကိုကျော်ဝင်းကို မတွေ့ရသဖြင့် တံခါး ပြန်ပိတ်လိုက်ပြီး ကုလားထိုင်ပေါ် ထိုင်ကာ ရှိသေးသည်။

"ဒေါက် . . ဒေါက် . . ဒေါက်"

တံခါးခေါက်သံ ကြားလာပြန်သည်။ မရွှေ သွားဖွင့်လိုက်သည်။ ဒါပေမယ့် အပြင်မှာ ဘယ်သူမှမရှိ။ မရွှေ စိတ်တိုသွားသည်။

"ဘယ်သူလာပြီး နောက်နေတာလဲ၊ ဒီတစ်ခါ နောက်ရင် ငါ့အကြောင်း သိမယ်"

မရွှေ ကြိမ်းဝါးရင်း တံခါးပိတ်နေစဉ် သူ့နောက်မှာ ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက် ရောက်နေသည်ကို သူမသိ။ မရွှေ တံခါးပိတ်ပြီး နောက်လှည့်ကြည့်လိုက်တော့ စောစောကမိန်းမ ပျောက်သွားသည်။

သူ ကြောက်ကြောက်နှင့် ကုလားထိုင်ပေါ် ပြန်ထိုင်ပြီး ကိုကျော်ဝင်းကို ပြန်စောင့်နေသည်။ ခဏကြာတော့ တံခါးခေါက်သံ ကြားရပြန်သည်။ သည်တစ်ခါတော့ မရွှေ သွားမဖွင့်ရဲ။ ဒီအတိုင်း ထိုင်နေသည်။

"မရွှေ . . အိပ်ပြီလား၊ တံခါးဖွင့်ပါဦး . . ငါ ကျော်ဝင်းပါ"

ကိုကျော်ဝင်း အသံကြားမှ မရွှေ တံခါး သွားဖွင့်ပေးလိုက်သည်။

"ငါ တံခါးခေါက်နေတာ ကြာပြီ၊ မင်း မကြားဘူးလား"





မရွှေ စောစောက သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြောပြလိုက်သည်။ ကိုကျော်ဝင်းမှာ သရဲ၊ တစ္ဆေတွေ ယုံသူ မဟုတ်သဖြင့် မရွှေပြောတာကို မယုံ။

"မင်း စိတ်ထင်တာဖြစ်မှာပါ"

မရွှေ ဘယ်လိုပြောပြော ကိုကျော်ဝင်း မယုံ။ ကိုကျော်ဝင်းတို့ လင်မယားနှစ်ယောက် ထမင်းစားပြီး အိပ်ရာထဲဝင်သွားကြသည်။ ည (၂)နာရီလောက် မရွှေ အိပ်ရာက နိုးလာသည်။ သူထပြီး အပြင်ထွက်မည် လုပ်စဉ် အခန်းဝတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ မရွှေ "ဟုတ်မှ ဟုတ်ပါ့မလား"ဟု မျက်လုံးပွတ်ကြည့်သည်။ တကယ်ပဲ အခန်းဝမှာ ရပ်နေသည်ကို တွေ့ရသည်။

"ကိုကျော်ဝင်း . . ထပါဦး၊ အခန်းဝမှာ ဘယ်သူလဲ မသိဘူး . . ရပ်နေတယ်"

"ဘယ်မှာလဲ"

"ဟိုမှာ . . ရပ်နေတယ်"

ကိုကျော်ဝင်း ကြည့်လိုက်တော့ ဘာမှမတွေ့၊ အခန်းဝက လူ ပျောက်သွားသည်။

"မင်း ပြောတဲ့သူ ဘယ်မှာလဲ . . ထင်ယောင်ထင်မှားနဲ့ လျှောက်ပြောနေတယ်၊ အိပ်ရေးပျက်တယ်"

နေ့တိုင်း မရွှေ အမျိုးမျိုး အခြောက်ခံရသည်။ အခြောက်ခံရတိုင်း ကိုကျော်ဝင်းကို ပြောပြသော်လည်း မယုံ၊ မရွှေသာ အဖြစ်တင်ခံရသည်။ မရွှေတို့ သားအမိ အိမ်မှာ မနေရဲအောင် ဖြစ်နေသည်။ ထူးဆန်းသည်မှာ မရွှေတို့သားအမိကိုသာ ခြောက်သည်၊ ကိုကျော်ဝင်းကိုတော့ မခြောက်၊ မရွှေ စဉ်းစားရ ခက်နေသည်။

❖

ကိုကျော်ဝင်း ခြံထဲတွင် ကြက်တွေ မွေးထားသည်။ ကြက်တွေမှာ အကောင်ပေါက်တာ မြန်သည်။ တစ်ခါ၊ တစ်ခါရောင်းရင်းနည်းဝင်ငွေကောင်းသည်။ ဒါပေမဲ့ အခု ကြက်တွေ တဖြည်းဖြည်း နည်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ကိုကျော်ဝင်း သတိထားမိသည်။

"မချွေ အခု ကြက်တွေ ပျောက် ပျောက်နေတယ်၊ သူခိုးများ ဝင်မိုးနေလား မသိဘူး"

"မနက်ပိုင်းတော့ ခြံထဲကို ဘယ်သူမှမဝင်ပါဘူး။ ညတော့ မပြောတတ်ဘူး"

"ငါတို့.. ညဘက် သတိထားကြည့်ရင် ကောင်းမယ်"

❖

ဒီနေ့ည လမိုက်ညဖြစ်၍ တစ်ခြံလုံးမှောင်နေသည်။ ဒီနေ့ ကိုကျော်ဝင်း အိမ်ကို အစောကြီး ပြန်လာသည်။ ညစာစားပြီး စာဖတ်နေသည်။ ကလေးတွေ အစောကြီး အိပ်ကုန်ကြသည်။ မချွေလည်း မအိပ်သေးဘဲ တီဗွီထိုင်ကြည့်နေသည်။ ထိုစဉ်မှာပင် ကြက်ခြံထဲက ကြက်တွေ အော်သံကြားရသဖြင့် ကိုကျော်ဝင်းတို့ နစ်ယောက် နားစွင့်နေကြသည်။ ကြက်တွေအော်သံ နောက်ထပ် ကြားရပြန်သည်။

"မချွေ လက်နှိပ်ဓာတ်မီး ယူလာခဲ့.. ငါတို့ သွားကြည့်ရအောင်"

ကိုကျော်ဝင်းနှင့် မချွေတို့ လက်နှိပ်ဓာတ်မီးယူ၍ ကြည့်လိုက်သည်။ ကြက်ခြံထဲတွင် လူတစ်ယောက် ကြက်တွေကို အစိမ်းလိုက် စားနေသည်ကို တွေ့ရသည်။ သွေးပတ်ပတ်လည်တွင် စားပြီးသား ကြက်အမွေးတွေ ပြန့်ကျဲနေသည်။ ကြက်ခြံထဲက မြင်ကွင်းကြောင့် မချွေ လန့်ဖြန့်ပြီး အော်လိုက်သည်။

"အမလေး !.. သရဲ.. သရဲ"

မချွေ အော်သံကြောင့် သရဲပျောက်သွားသည်။ ကိုကျော်ဝင်း အံ့ဩနေသည်။ သူ့မိန်းမ ပြောစဉ်က သူ မယုံ။ အခု ကိုယ်တိုင်တွေ့မှ ယုံသွားသည်။ ကိုကျော်ဝင်း ဘယ်လိုလုပ်ရင်ကောင်းမလဲဟု စဉ်းစား နေ သည်။

စဉ်းစားရင်း သူ ကိုးကွယ်သော ဆရာတော်ကို သတိရလိုက် သည်။ ကိုကျော်ဝင်း မနက်မိုးလင်းတော့ ဆရာတော်ဆီသွားပြီး အကျိုး အကြောင်း ပြောပြသည်။ ဆရာတော်က –





"ယခင်က တကာတို့အိမ်မှာ သရဲမရှိပါဘူး။ အခုမှ ဘယ်လို ရောက်လာတာလဲ။ တကာကြီး .. တစ်ခုခု အမှားလုပ်မိသေးလား"

ကိုကျော်ဝင်း စဉ်းစားနေရင်းမှ သူတို့ အလောင်းအစားလုပ်ခဲ့ မိသည်များကို သတိရလိုက်မိသည်။ ကိုကျော်ဝင်း ဆရာတော်ကို သူတို့ အလောင်းအစား လုပ်ခဲ့မိသည်ကို ပြောပြလိုက်သည်။

"တကာကြီး .. တော်တော်မိုက်တာပဲ၊ မလောင်းသင့်တာ ကို အလောင်းအစား လုပ်တယ်။ စောစောသိရလို့ တော်သေးတယ်။ နောက်ကျရင် တကာတို့အသက်ပါ စိုးရိမ်ရတယ်"

"ဒါဆို .. တပည့်တော် ဘာလုပ်ရမလဲ ဘုရား"

"သူတို့ကို ခေါ်လာတဲ့နေရာ ပြန်ပို့လိုက်ပေါ့"

"တပည့်တော်က ဘယ်ကို ပြန်ပို့ရမှာလဲ ဘုရား"

"တကာကြီး ခေါ်လာတဲ့ သချိုင်းကုန်းကို ပြန်ပို့လိုက်ပေါ့"

"ဗျာ .."

"တကာကြီး .. အခုမှ ဗျာ လုပ်မနေနဲ့။ အစက ဒီလို လောင်း ကြေး၊ စားကြေး လုပ်သင့်လား .. မလုပ်သင့်ဘူးလား၊ မစဉ်းစားမိဘူး လား။ အခုတော့ တကာကြီးအိမ်က မိသားစုတွေ ဒုက္ခရောက်တော့မယ်။ အဲဒီတော့ မြန်မြန်သာ သွားပြန်ပို့လိုက်ပါ။ ကြာရင် မကောင်းဘူး"

ကိုကျော်ဝင်း အိမ်ကို အမြန်ပြန်လာပြီး သူခေါ်လာသော မကောင်းဆိုးဝါးများကို ဆရာတော်ပြောသည့်အတိုင်း သချိုင်းကုန်းကို ပြန်ပို့လိုက်သည်။ ကိုကျော်ဝင်း မကောင်းဆိုးဝါးများကို ပြန်ပို့လိုက် သည့် အချိန်မှစ၍ သရဲ၊ တစ္ဆေတွေကို မတွေ့ရတော့ပါ။

အရက်မူးပြီး အပျော်သဘောဖြင့် အလောင်းအစား လုပ်မိ သော အမှားကြောင့် သူတို့မိသားစု ဒုက္ခရောက်ရန် အနည်းငယ်သာ လိုတော့သည်။ ကိုကျော်ဝင်း တစ်ယောက် ထိုနေ့မှစ၍ အလောင်း အစားလုပ်သော အကျင့် ပျောက်သွားပါတော့သည်။

ရေနံမြေ ခရေ



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့လောကီပညာနှင့် ဓာတ်သဘော



မြန်မာတို့၏ လောကီပညာ၊ ဆေးပညာရပ်တို့တွင် ဓာတ်ပညာ ဓာတ်စကား ဆိုသည်များ ရှိပါသည်။ ထိုအချက်များကို သိရှိထားရန် လို အပ်ပြီး အခြေခံ အချက်များကို ဖော်ပြပါမည်။

"အပ်ပျောက်လျှင် ဆင်နှင့် ရှာ၊ ဆင်ပျောက်လျှင် ဆန်ကောနှင့် ရှာ" ဟု ရှေးရှေး ဆရာကြီးများ၏ အဆိုအမိန့် ရှိခဲ့ပါသည်။ လျှို့ဝှက်ချက် များဖြင့် သိမှတ်သင့်သည်များကို ထားခဲ့ခြင်း ဖြစ်ပါသည်။ ထိုစကား၏ အဓိပ္ပါယ်အမှန်မှာကား ..

အပ် မအပ် ဆင်ခြင်ပြီး၊ ထိုသို့ ဆင်ခြင်ရုံနှင့် မပြီးသေးပါ၊ ဆန် ကောနှင့် ဆန်ပြာထုတ်သလို ထပ်မံ၍ ကောင်းသထက် ကောင်းအောင် စဉ်းစားရန်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ အဓိပ္ပါယ်ကောက် မလွဲရန်တော့ အထူးပင် လိုအပ်ပါသည်။

၎င်းအချက်မှာ သုတအနေဖြင့် ပြောခြင်းဖြစ်ပြီး ဓာတ်သဘော အကြောင်း နားလည်သဘောပေါက်ရန် အကျဉ်းမျှ ဖော်ပြပါမည်။

၁) အုန်းပင်ကို ထုံးသုတ်လျှင် အုန်းပင် သေ၏ ။

အုန်းပင်ကို သောမ၊ ပါပ ခွဲသော် အုန်းပင်သည် ပါပဖြစ်ကြောင်း







တွေ့ရသည်။ ရှင်သန် စေရန်နှင့် ပျက်စီးရန် စဉ်းစားသော် နာမ်ဆေး ပါပကို ရုပ်ဆေးလုပ်၍ ပါပ (ပင်စည်)မှ သုတ်လိမ်းပေးသော် အုန်းပင် သေသတာကို တွေ့ရမည် ဖြစ်သည်။

၂) စံပယ်ကို ဝါး ထောက်၊ ဝါးညှပ်လျှင် သေ၏။

စံပယ်သည် သက်မဲ့အများအရ သောမ နံ့ ဝါးညှပ်က နာမ်ဆေး ဖြစ်၍ ဝါးနှင့် ဝါးထောက်ပေးလျှင် စံပယ်ပင် သေပါသည်။

၃) ပိန္နဲပင်ကို အင်သားနှင့်ထောက်လျှင် အသီးများ ကြွေသည်၊

၄) မာလကာပင်ပေါ် လူတက်လျှင် အသီးနည်း၏ ။

၅) ဘဲအော်လျှင် ပြာနှင့်ပက်က ဘဲအော်သံ မထွက်တော့ပါ။

၆) အုတ်ဖုတ်ရာတွင် ဇီး(ဆီး)ဖြူသား ထင်းကိုင်းပါလျှင် အုတ် ကျက်တော့ပါ။

၇) ကြွေကို သံပုရာရည်နှင့် စိမ်လျှင် အရည်ပျော်၏ ။

၈) ဇီး(ဆီး)သီးပင်အောက်မှ မီးမြိုက်(မီးဖို)လျှင် ဇီး(သီး)များ ချို၏ ။

၉) နှင်းဆီပန်းပင်ကို ဝါးညှပ်ထောင်ပေးလျှင် ပို၍ ရှင်သန်သည်၊

၁၀) ရေမ်းသီးပင် ရှင်သန်ကြီးထွားရန် အုတ်ခဲကျိုး ပုံပေးရမည်၊

၁၁) ဟင်းနုနွယ် သတ္တုရည်သည် မှန်ကို ကြေညက် အရည်ပျော် စေသည်။ ထိုအချက်များကို လက်တွေ့ စမ်းသပ်ကြည့်ပါက ရုပ်ဆေး၊ နာမ် ဆေးကို အတည့်စမ်းခြင်း၊ ပြောင်းပြန်စမ်းခြင်းဖြင့် ရှင်သန်ခြင်း၊ သေကြေ ပျက်စီးခြင်းတို့ကို ဉာဏ်နှင့်ယှဉ်၍ လုပ်ဆောင်ကြည့်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# မပန်းချစ်ကို ချစ်မိသူ

မောင်မောင်မိုးအောင်

ရှုံးပိတ်ရက်ဖြစ်၍ အေးအေးဆေးဆေး အနားယူမည် ကြံနေစဉ် အိမ်ရှေ့ဘက်မှ ကားရပ်သံကြားလိုက်ရပြီး မမျှော်လင့်သော ဧည့်သည်တစ်ဦး ကျွန်တော် အိမ်သို့ ရောက်လာသည်။ လက်ထဲတွင် အထုတ်အပိုးများ ဆွဲပြီး ဧည့်သည်က အိမ်ပေါ်သို့ တက်လာသည်။

"ထောင်မှူးဦးတင့်ဝေဆိုတာ ဆရာပဲနော်"

"ဟုတ်ပါတယ် .. ထိုင်ပါ။ ဘာကိစ္စများ ရှိလို့ပါလဲ"





www.burmeseclassic.com

www.burmeseclassic.com





။

မပန်းချစ်ဟာ
နှင်းဆီပန်း
သိပ်ကြိုက်တာတဲ့၊
နှင်းဆီရနံ့ပါတဲ့ ရေမွှေးကိုလည်း
အမြဲသုံးတတ်တယ်တဲ့၊ သူ့သွားလေရာ
ရေမွှေးနံ့က ရနေတော့တာပဲ၊

"ကျွန်တော့် သားကိစ္စနဲ့ ဆရာ့ဆီ လာခဲ့တာပါ"

"ဟုတ်ကဲ့ . . ကူညီနိုင်တဲ့ကိစ္စဆို ကူညီပါ့မယ်။ သားက ဘယ်မှာလဲ ။ ဘာအမှုနဲ့ ရောက်လာတာလဲ။ သူ့ နာမည်ကရော ဘယ်လိုခေါ်လဲ"

"ဆရာ့လက်အောက်က အဆောင်မှာ ရှိနေတာ . . ဆေးမှုနဲ့ ရောက်နေတဲ့ အေးမြတ်ပါ ဆရာ"

"ဪ . . သိပြီ . . သိပြီ၊ သူ လွတ်ဖို့ (၃)လလောက်ပဲ လိုတော့တာ။ လွတ်ဖို့ ရက်နီးနေပြီ။ ဘာလို့ ခုမှ ကျွန်တော့်ဆီလာရတာလဲ"

"ထောင်ဝင်စာတွေ့တော့ ကျွန်တော့်သားရဲ့ ပုံစံက မှုမှန် မဟုတ်ဘူးထင်လို့ပါ။ ဆေးမသုံးရတော့ စိတ်တွေ မှုမှန် ရှိပုံမရတော့ဘူး။ မျက်ကွင်းတွေလည်း ကျပြီး လူလည်း ပိန်ကျသွားလိုက်တာ"

"ဒီတော့ ကျွန်တော် ဘာကူညီပေးရမလဲ . . ပြောပါ"

"ကျွန်တော်တို့မှာ ဒီ သားလေး တစ်ယောက်တည်း ရှိတာ . .။ ကျွန်တော်ကလည်း အရောင်းအဝယ်ကိစ္စနဲ့ ခရီးသွားနေရတော့ သားကို ဂရုမစိုက်နိုင်ခဲ့ဘူး။ မအေကို ကြောက်တာမဟုတ်ဘူး။ ခုတလော





သားပုံစံတွေ့ပြီး တစ်ခုခုဖြစ်သွားမှာ စိုးမိတယ်။ ဆေးကြောင်နေတဲ့ ပုံစံဖြစ်နေတယ်။ အဲဒါ ဆရာ နည်းနည်းလောက် ဂရုစိုက် ကြည့်ရှု စောင့်ရှောက်ပေးပါလို့"

"ဒီ အတွက်တော့ စိတ်ချပါ၊ နေ့စဉ်လိုလို ကျွန်တော် စစ်ဆေးနေပါတယ်။ သိပ်ပြီး စိတ်မပူပါနဲ့"

"သား . . ထောင်က လွတ်တာနဲ့ ဆေးရုံတက်ပြီး ဆေးဖြတ်ဖို့ စီစဉ် ထားပြီးပါပြီ။ ဒီမှာ သားအတွက် မုန့်တွေနဲ့ အားဆေးတွေပါ ဆရာ။ ကျေးဇူးပြုပြီး သားကို ပေး,ပေးပါ ဆရာ။ ဒီမုန့်ပုံးက ဆရာ့ကလေးတွေအတွက်ပါ"

"မလုပ်ပါနဲ့ . . မုန့်ပုံး ပြန်ယူသွားပါ၊ အေးမြတ်ကို ဂရုစိုက် ကြည့်ပါ့မယ်"

"မလုပ်ပါနဲ့ ဆရာရယ် . . ထားခဲ့ပါရစေ၊ ခုလိုလာပြီး အနှောင့်အယှက်ပေးရတာ ခွင့်လွှတ်ပါ။ သွားခွင့်ပြုပါဦး ဆရာ"

ဧည့်သည်က အထုတ်အပိုးများ ထားပြီး ထွက်သွားသည်။ အိမ်ရှေ့အထိ ကျွန်တော် လိုက်ပို့ပေးလိုက်သည်။ သူ ကားမောင်းထွက်မှ ကျွန်တော် အိမ်ပေါ် ပြန်တက်လာခဲ့သည်။ အေးမြတ်တို့ မိသားစုမှာ ငွေကြေး ကြွယ်ဝပြည့်စုံသူဖြစ်ကြောင်း အေးမြတ် ထောင်ထဲရောက်စကတည်းက ကျွန်တော် ခန့်မှန်းမိသည်။

အေးမြတ် ကိုယ်တိုင်ကလည်း သူ့မိဘအကြောင်း ကျွန်တော့်ကို ပြောပြထားပြီး ဖြစ်သည်။ ငွေကို ထင်သလို သုံးဖြုန်းနိုင်၍ အပေါင်းအသင်းများက ဆေးစွဲခဲ့ရသည်။ နောက်ဆုံး မူးယစ်ဆေး သုံးစွဲမှုဖြင့် ထောင်ကျခဲ့ရသည်။

အေးမြတ်မှာ ကျွန်တော် တာဝန်ကျသည့် အဆောင်တွင် ဖြစ်အက် ကျခံနေရသူ ဖြစ်သည်။ သူနှင့်အတူ ကားပစ္စည်းခိုးမှုဖြင့် မကြာခင က ထောင်ထဲရောက်လာသော ကုလားမှုတ္တူး ဆိုသူလည်း ရှိနေသည်။ အေးမြတ်နှင့်မှုတ္တူး တစ်ခန်းတည်း အတူတူပင်ဖြစ်သည်။

အေးမြတ်ဖခင် ပြန်သွားပြီး ကျွန်တော် စဉ်းစားနေသည်။ သခုတလော အေးမြတ် အမူအယာ ထူးခြားနေသည်မှာ အမှန်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အေးမြတ်ကို သတိထားစောင့်ကြည့်ရန် မှူတူးကို ကျွန်တော်မှာ ကြားထားပြီး ဖြစ်သည်။ ကျွန်တော့်အဆောင်ကို တာဝန်ယူရသည့် တန်းစီး မောင်ထွန်းကိုလည်း အေးမြတ်ကို သတိထား စောင့်ကြည့်ရန် မှာကြားထားပြီး ဖြစ်သည်။

❖

ထောင်မှူး မှာထား၍ ကျွန်တော် အေးမြတ်ကို သတိထား စောင့်ကြည့်နေခဲ့သည်။ ကျွန်တော် အိပ်ရာဝင်သည်အထိ အေးမြတ် မအိပ်သေးဘဲပြူတင်းပေါက်သံတိုင်များကြားမှ အပြင်ဘက်သို့ ငေး ကြည့်နေသည်ကို သတိထားမိသည်။ အခုတလော အေးမြတ် အအိပ် အနေ နည်းလာသည်ကို သတိပြုမိသည်။

ဆေးသမား ဆေးမသုံးရ၍ ဆေးကြောင်နေသည်လား မပြော တတ်တော့ပေ။ နောက်ဆုံး အေးမြတ်ကို သတိမထားနိုင်တော့ဘဲ ကျွန် တော် အိပ်ပျော်သွားခဲ့သည်။ ကျွန်တော် တစ်ရေးနိုး၍ ကြည့်လိုက်ရာ အေးမြတ် ပြူတင်းပေါက်အနီးတွင် မတ်တပ်ရပ်နေဆဲဖြစ်သည်ကို တွေ့ လိုက်ရသည်။

"ဟေ့ကောင် .. အေးမြတ် ဘယ်အချိန်ရှိပြီလဲ၊ အိပ်တော့ကွာ"

"ဩော် .. မှူတူး မင်းနိုးနေလား။ ငါ မင်းကို ပြောစရာရှိတာနဲ့ အတော်ပဲ"

"ဘာပြောမလို့လဲ၊ ပြောစရာရှိတာ မြန်မြန်ပြော .. ငါ အိပ်ချင် တယ်"

"ခအေးပါကွာ .. ခဏလေးပဲ နားထောင်ပေးပါ။ ငါ ပြူတင်း ပေါက်ကနေ ငေးကြည့်နေတုန်း ရုတ်တရက် နှင်းဆီပန်းနံ့ ရလိုက်တယ်။ ငါ သတိထားပြီး ကြည့်နေတုန်း အမျိုးသမီးတစ်ဦး ဖြတ်လျှောက်သွား တာ တွေ့လိုက်ရတယ်"

"အင်း .. ဆက်ပြောပါဦး"

"ငါ သဲသဲကွဲကွဲ မတွေ့ရပေမယ့် အဲဒီအမျိုးသမီးက ကိုယ်လုံး ပြည့်ပြည့်နဲ့ ချောမောတဲ့ပုံစံပဲ လို့ထင်တယ်။ ဆံပင်ရှည်ရှည်ကို ဖား





လျား ချထားတာတွေ့ရတယ်"

"အေးမြတ်ရယ် .. မင်းဆေးကြောင်ပြီး ထင်ရာ မြင်ရာတွေ့ တာ ဖြစ်မယ်။ မင်းအိပ်တော့ .. ငါလည်း အိပ်တော့မယ်"

"ငါ အိပ်လို့ မရတော့ဘူး .. ဒီအမျိုးသမီး ပြန်လာဦးမယ် ထင် တယ်။ ငါ စောင့်ကြည့်လိုက်ဦးမယ်။ မင်း အိပ်ချင်အိပ်တော့ မှူတူး"

အေးမြတ် ဆေးကြောင်နေသည်မှာ အမှန်ဟု ကျွန်တော် ထင် လိုက်သည်။ အေးမြတ် မိသားစုမှာ ကြွယ်ဝသူများ ဖြစ်ကြောင်း သိရ သည်။ အေးမြတ်အတွက် ရောက်လာသောစားသောက်ဖွယ်ရာများမှာ တန်ဖိုးကြီးများသာ ဖြစ်သည်။ အေးမြတ်ကလည်း သူစားတိုင်း ကျွန် တော့်ကို ခွဲဝေပေးနေကြဖြစ်သည်။

ယနေ့ည အေးမြတ်မှအိပ်ဘဲ နှင်းဆီပန်းရနံ့ ပေးသွားသည့် အမျိုးသမီးကို စောင့်ကြည့်နေသည့်အကြောင်း ထောင်မှူး ဦးတင့်ဝေ လာလျှင်ပြောပြရပါဦးမည်။

❖

"မင်းပြောတာ အမှန်ပဲလား .. မှူတူး"

"ညဦးသန်းခေါင် အချိန်လောက်မှာ အေးမြတ် ကျွန်တော့်ကို ပြောပြခဲ့တဲ့အတိုင်း ဆရာ့ကို ကျွန်တော် ပြန်ပြောပြခဲ့တာပဲ"

"အေးမြတ်ပြောတဲ့ အမျိုးသမီးကို မင်းရော .. တွေ့ ခဲ့လား"

"ကြုံကြုံဖန်ဖန် .. ဆရာရယ်။ အေးမြတ် ဆေးကြောင်ပြီး ထင် ရာ မြင်ရာပြောသွားတာပါ။ ကျွန်တော် မတွေ့ မိပါဘူး"

"ကောင်းပြီ .. မှူတူး အေးမြတ်ကို ဆက်ကြည့်ထားပါဦး။ ထူး ခြားတာတွေ့ရင် ငါ့ကို .. ပြန်ပြော"

"ဟုတ်ကဲ့ ဆရာ .. ကျွန်တော် ဆက်ကြည့်ထားပါ့မယ်"

ကျွန်တော် မှာထားသဖြင့် မှူတူးက အေးမြတ်ကို စောင့်ကြည့် နေပြီး မနေ့ညက အဖြစ်အပျက် ကျွန်တော့်ကို ပြန်ပြောပြနေခြင်း ဖြစ် သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးက အေးမြတ်ကို စောင့်ကြည့်ရန် မှာထားသဖြင့် စောင့်ကြည့်နေစဉ် ကျွန်တော် အိပ်ပျော်သွားခဲ့သည်။ ဝေလီဝေလင်း အချိန်မှ ကျွန်တော် တစ်ရေးနိုး လာခဲ့သည်။

ကျွန်တော် နိုးနိုးချင်း အေးမြတ်ကို လှမ်းကြည့်လိုက်မိသည်။

"မင်း . . နိုးလာပြီလား မှတ္တူး . . ပြန် အိပ်ဦးမလို့လား"

"အေးလေ . . မိုးမှ မလင်းသေးတာ ပြန် အိပ်လိုက်ဦးမယ်"

"မအိပ်ပါနဲ့ဦးကွာ . . ငါ ပြောတာ နားထောင်ပါဦး"

"ဘာလဲ . . နင်းဆီပန်းအနံ့ရပြီး အမျိုးသမီးတစ်ယောက် ဖြတ်သွားတာ တွေ့လိုက်တဲ့အကြောင်း ပြောမလို့လား"

"အေး . . ဟုတ်တယ်၊ အဲဒီအကြောင်းပဲ။ ဒါပေမယ့် . . ညက နည်းနည်း ထူးတယ်"

"ဘယ်လို ထူးတာလဲ"

"ငါ ကြည့်နေတုန်း . . နင်းဆီပန်းအနံ့နဲ့အတူ သူ ဖြတ်လျှောက် လာတယ်"

"အေးလေ . . မနေ့ညကလည်း မင်း ဒီလိုပဲ တွေ့ခဲ့တာ မဟုတ် လား"

"မဟုတ်ဘူး . . ဒီညတော့ . . ဒီမှာ . . ဒီမှာလို့ ငါ အသံပြုလိုက် တယ်"

"ဟုတ်လား . . မင်း အသံပြုလိုက်တာ သူ . . ကြားရဲ့လား"

"ကြားသွားတယ် ထင်တယ်။ ငါ့ကိုတောင် လှည့်ကြည့်သွား တယ်။ သူ့ မျက်နှာ ငါ မြင်လိုက်ရတယ်။ တော်တော် . . ချောတာပဲ။ ချစ်စို့ ကောင်းလိုက်တာ"

"အဲဒီ . . အမျိုးသမီး မင်းကို လှည့်ကြည့်ပြီး ဘာပြောသွား သေးလဲ"

"ဘာမှတော့ . . ပြောမသွားဘူး။ ငါ့ကို ပြုံးပြသွားတယ်။ ငါ သူ့ ကို စောင့်ကြည့်နေတာ သူ သိသွားတဲ့ပုံပဲကွ"

"မင်းတော့ . . ဒုက္ခတွေ့တော့မယ် ထင်တယ်။ မင်း ဖြစ်ချင်တာ တွေ တွေးပြီး . . မြင်နေတာ မဟုတ်လား"





။

"အနံ့တင် မဟုတ်ဘူးဆရာ . . မနေ့ညက လူကိုတောင် တွေ့လိုက်တာတဲ့၊ သူ့ကိုတောင် ပြန်ပြီး ပြုံးပြသွားတယ်လို့ ပြောတယ် ဆရာ"

---

ကျွန်တော် ပြောသည်ကို အေးမြတ်က မည်သို့မျှ ဂရုမစိုက်ဘဲ သူ ပြောချင်ရာ သူ ဆက်ပြောနေသည်။

"ငါတော့ . . သူ့ကို ချစ်မိနေပြီ မှတ္တူးရာ။ နောက် ညတွေလာရင် ရင်းနှီးအောင် လုပ်ရမယ်။ သူလာရင် စကားပြောဖို့ ကြိုးစားမယ်"

"အင်း . . အေးမြတ် . . အေးမြတ် . . မင်းတော့ . . ရူးတော့မယ် ထင်တယ်"

"ငါ လွတ်ဖို့ (၂)လလောက်ပဲ လိုတော့တယ်။ ငါ . . ချစ်ကြောင်း သူ့ ကို ဖွင့်ပြောရမယ်။ လက်ခံတာ . . လက်မခံတာ သူ့ အပိုင်းပေါ့ကွာ"

"ဒါတွေ . . နောက်မှ စဉ်းစား။ မင်း ထောင်ကလွတ်တာနဲ့ ဆေးရုံ တက်ပြီး ဆေးဖြတ်ဖို့ လုပ်မယ်ဆို"

"ဟုတ်တယ် . . ငါ့ အဖေက အဲဒီလိုလုပ်ဖို့ ပြောထားတယ်"

"အင်း . . မင်းတို့ကချမ်းသာတာပဲ။ ဆေးဖြတ်ဖို့ ဆေးရုံတက် လိုက်ပါ။ ငါလည်း ဒီတစ်ခါ လွတ်ရင် ကားပစ္စည်းတွေလိုက်ခိုးတဲ့ အလုပ် မလုပ်တော့ဘူးလို့ . . ဆုံးဖြတ်ထားတယ်"

"အင်း . . ဒါဆိုလည်း ကောင်းတာပေါ့"

ညက အေးမြတ်ပြောသော စကားများကို ထောင်မှူးကို ကျွန်တော် မပြောဖြစ်ခဲ့ပါ။ ထိုနေ့က ထောင်မှူးဦးတင့်ဝေ အစည်းအဝေး တစ်ခုရှိ၍ ကျွန်တော်တို့အဆောင်သို့ မလာဖြစ်ခဲ့ပါ။ တန်းစီးကသာ လာရောက် ကြည့်သွားခဲ့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



မနေ့က အစည်းအဝေးတစ်ခုရှိနေ၍ ကျွန်တော် တာဝန်ကျရာ အဆောင်သို့မသွားနိုင်ပါ။ ယခုမှ ရောက်လာခဲ့သည်။ ရောက်ရောက်ချင်း ဗင်မှုတူးကို ကျွန်တော် မေးလိုက်သည်။

"မနေ့က ငါမလာနိုင်ဘူး မှုတူး.. အေးမြတ် အခြေအနေ ဘယ်လိုလဲ"

"ထမင်းလည်း ဟုတ်တိပတ်တိ မစားဘူး။ ညဘက်လည်း မအိပ်ဘူး ဆရာ.. ဆရာကြည့်ပါလား ဒီကောင် တော်တော်ပိန်သွားတယ်"

"ထမင်းစားအောင် မင်း.. ပိုင်းပြောလေ။ ထမင်းမစားဘဲ မုန့်တွေပဲ စားနေလား"

"သူ့ မုန့်တွေလည်း ကျွန်တော့်ကို ကျွေးသေးတယ်"

"ဒီကောင်.. ညဘက် ဘာလို့ မအိပ်တာလဲ"

"အေးမြတ်ဆိုတဲ့ အကောင်က ပြူတင်းပေါက်က အပြင်ကို ငေးကြည့်နေခဲ့တာ"

"ဘာလဲ.. နှင်းဆီပန်းအနံ့ကို စောင့်နေတာလား"

"အနံ့တင် မဟုတ်ဘူးဆရာ.. မနေ့ညက လူကိုတောင် တွေ့လိုက်တာတဲ့၊ သူ့ကိုတောင် ပြန်ပြီး ပြုံးပြသွားတယ်လို့ ပြောတယ် ဆရာ။ မိန်းကလေးမျက်နှာက ချစ်ဖို့ကောင်းတယ်တဲ့.. ဆရာ။ အေးမြတ် အဲဒီ မိန်းကလေးကို ချစ်နေပြီတဲ့.. နောက်တစ်ခါ တွေ့ရင် ချစ်ခွင့်တောင်း မယ်တဲ့"

"ဒီကောင့်ရောဂါက မသေးပါလား။ ငါမေးတာတော့ ဘာမှ မပြောဘူး။ မင်းကိုတော့ ပြောတယ်။ အိပ်ရေးပျက်တာများတော့ ပိုပြီး ကြောင်တောင်တောင် ဖြစ်နေတာထင်တယ်"

မှုတူးကိုမေးပြီး အေးမြတ်ကို ကျွန်တော် ကြည့်လိုက်သည်။ သိသိသာသာ ပိန်ကျသွားသည်ကို တွေ့လိုက်ရသည်။

"အေးမြတ်.. မင်း.. ထမင်း ကောင်းကောင်းမစားဘူးဆို.. မုန့်တွေလည်း မှုတူးကို ကျွေးလိုက်တယ် မဟုတ်လား။ ပြီးတော့.. ညဘက် မအိပ်ဘူးလား။ မင်းတော့.. လုံးပါးပါးတော့မယ် ထင်တယ်"





"ကျွန်တော်.. ဘာမှမဖြစ်ပါဘူး ဆရာ"

"မင်း.. လွတ်ဖို့ရက် နီးလာပြီ၊ ဘာမှတွေးမနေနဲ့တော့.. ကျန်းမာရေး ဂရုစိုက်ကွာ"

အေးမြတ်တို့ အခန်းမှ ပြန်အထွက်တွင် အေးမြတ်ကို သတိထား စောင့်ကြည့်ရန် မှုတူးကို တိုးတိုးတိတ်တိတ် မှာခဲ့ရသည်။

ကျွန်တော် အေးမြတ်တို့အဆောင်ရောက်တိုင်း မှုတူးကသာ အေးမြတ်အကြောင်း ပြောပြခဲ့သည်။ အေးမြတ်ကိုမေးလျှင် လုံးဝ မပြောပါ။ မှုတူးပြောမှ အေးမြတ်အကြောင်း သိရသည်။

အေးမြတ်က ညဦးပိုင်းတွေသာ ခေတ္တအိပ်ပြီး သန်းခေါင်နီးသည်နှင့် မအိပ်တော့ဘဲ ပြူတင်းပေါက်အနီး သွားရပ်နေပြီး အပြင်သို့ငေး ကြည့်နေကြောင်း သိခဲ့ရသည်။

အေးမြတ်ကို မည်သို့မျှပြော၍ မရသဖြင့် ကျွန်တော် လက်လျှော့ ထားလိုက်သည်။ ဤသို့ဖြင့် အေးမြတ် ထောင်မှလွတ်ရန် နှစ်ပတ်သာ လိုတော့သည့်အချိန် ရောက်လာသည်။

❖

ညဉ့်နက်သန်းခေါင်အချိန် အေးမြတ် စကားသံကြောင့် အိပ်ပျော်နေရာမှ နိုးလာခဲ့သည်။ ထောင်မှူး အဆောင်ကို လာစစ်ဆေး စဉ် အေးမြတ်ကို ဂရုတစိုက်ကြည့်ရန် မှာသွားသေးသည်။ ယခု အေးမြတ် စကားပြောသံ ကြားနေရသည်။ မည်သူနှင့် စကားပြောနေသည်ကို သိချင်၍ အသံမပြုဘဲ ကျွန်တော် ငြိမ်နေလိုက်သည်။

"ဒီမှာ.. ဒီမှာ ညီမ ညတိုင်းလိုလို ဒီကဖြတ်သွားတာ တွေ့ရတယ်။ ညီမဟာ.. ဒီထောင်က ဝန်ထမ်းလား"

"× × × ×"

"ဩော်.. ဒါကြောင့် ဖြတ်သွားဖြတ်လာ တွေ့ရတာကိုး"

"× × × ×"

"အိပ်ရေး အပျက်ခံပြီး ညတိုင်းလိုလို ညီမကို စောင့်နေတာ"

"× × × ×"



www.burmeseclassic.com

www.burmeseclassic.com



"ညီမကို တွေ့ချင်လို့ပေါ့"

အေးမြတ် တစ်စုံတစ်ယောက်နှင့် စကားပြောနေသည်မှာ သေချာသည်။ ကျွန်တော် မလှုပ်ရှားသေးဘဲ အေးမြတ်ကြည့်ရာ ပြူတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ မည်သူ့ကိုမျှ မတွေ့ရပါ။ အေးမြတ် တစ်ဦးတည်း အသံကိုသာ ကြားနေရသော်လည်း တစ်ဘက်က ပြန် ပြောသည့် အမျိုးသမီးအသံကို မကြားရပါ။ ကျွန်တော် ဆက်ပြီး နားထောင်နေလိုက်သည်။

"သွားတော့မလို့လား၊ အစ်ကိုလွတ်ဖို့ နှစ်ပတ်သာသာပဲ လိုတော့တယ်၊ နောက်ကိုတွေ့ကြဖို့ မလွယ်တော့ဘူးလေ"

"× × × ×"

"အစ်ကို ခင်မင်သလို ခင်မင်တယ်ဟုတ်လား၊ ပမ်းသာလိုက်တာ ညီမရယ်၊ ဒါနဲ့ ညီမနာမည်လေး ပြောခဲ့ပါလား"

"× × × ×"

"ဟုတ်လား၊ နာမည်နဲ့ လိုက်ပါတယ်၊ ဒါကြောင့် ညီမလာတိုင်း နှင်းဆီပန်းနံ့ရ ရနေတာကိုး၊ စိတ်ချပါ၊ ဘယ်သူ့မှ မပြောပါဘူး"

"× × × ×"

"တားလို့မရလည်း သွားတော့လေ၊ နောက် ညတွေမှာ အစ်ကို စောင့်နေမယ်နော်"

"× × × ×"

"စိတ်ချ .. အစ်ကိုက တွေ့ချင်နေတဲ့သူဆိုတော့ စောင့်ရမှာပေါ့၊ ပြီးတော့ ညီမကို ပြောစရာရှိလို့ပါ"

အေးမြတ် စကားသံ တိတ်သွားသည်။ အပြင်ဘက်မှ လင်းလျှောက်သံလိုလို၊ ကြွက်ပြေးသံလိုလို တရုပ်ရုပ် အသံကြားလိုက်ရသည်။

"ပျော်လိုက်တာ" ဟု ဆိုကာ အေးမြတ် သူ့အိပ်ရာပေါ် တက်သွားသည်ကို တွေ့လိုက်ရသည်။ အေးမြတ် အိပ်ပျော်မည် မထင်ပါ။ တစ်ခုခု တွေးနေမည်မှာ သေချာသည်။ အေးမြတ်ကိုကြည့်ရင်း ကျွန်တော် မှေးကနဲ အိပ်ပျော်သွားသည်။





မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိတော့ပါ။ လှုပ်နှိုးခြင်း ခံလိုက်ရသဖြင့် ကျွန်တော်အိပ်ရာမှ နိုးလာခဲ့သည်။ ကျွန်တော့် အနီးတွင် အေးမြတ်ကို တွေ့လိုက်ရသည်။

"ထစမ်းပါဦး .. မွတ္တူး"

"ငါ မင်းကို ပြောစရာရှိတယ်"

"အိပ်ပါဦးလား .. အေးမြတ်၊ ဘာအရေးတကြီး ပြောစရာရှိလို့လဲ"

"ညက ငါသူနဲ့ တွေ့တယ်၊ သူငါ့ကို စကားပြန်ပြောတယ်၊ သိပ်ချစ်ဖို့ ကောင်းတယ်"

ကျွန်တော် မသိချင်ယောင်ဆောင်၍ အေးမြတ်ကို မေးလိုက်သည်။

"မင်းက ဘာတွေပြောပြီး သူက ဘာတွေ ပြန်ပြောတာလဲ"

"ငါမေးတာ သူပြန်ပြောတယ်၊ သူက ဒီထောင်က ဝန်ထမ်းတဲ့၊ ပြီးတော့ သူလာတိုင်း နှင်းဆီပန်းနံ့ရနေတာက သူအမြဲတမ်း နှင်းဆီပန်းပန်ထားလို့တဲ့၊ ပြီးတော့ သူ့နာမည်လည်း ငါသိရပြီ"

"ဟုတ်လား .. သူ့နာမည်က ဘယ်လိုခေါ်လဲ"

"သူက နှင်းဆီပန်း သိပ်ကြိုက်တာတဲ့၊ သူ့နာမည်က မပန်းချစ်တဲ့၊ ဒါပေမဲ့ သူ့နာမည် ဘယ်သူ့ကိုမှ မပြောပါနဲ့တဲ့၊ မင်းကိုတော့ ခင်မင်နေလို့ ပြောပြတာ၊ ထောင်မှူးဦးတင့်ဝေကိုလည်း မပြောနဲ့နော်"

အေးမြတ် ..မင်း တော်တော်ကြောင်နေပါလား၊ ထောင်တလွတ်ရင် ဆေးဖြတ်ဖို့လုပ်တော့၊ မင်းပုံက ယဲ့ယဲ့ပဲ ကျန်တော့တယ်၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ အိပ်ရေးပျက်ခံပြီး ညည ပြူတင်းပေါက်နား သွား မရပ်နဲ့ကွာ"

"ငါ သူ့ကို ချစ်နေပြီ၊ နောက်တစ်ခါ သူနဲ့တွေ့ရင် ငါ သူ့ကို ချစ်နေတဲ့အကြောင်း ပြောပြလိုက်မယ်၊ သူ ငါ့ကိုပြန်ချစ်ရင် လက်ထပ်ယူမယ်ကွာ"

"ကဲ .. မင်းရဲ့ မပန်းချစ်အကြောင်း တော်ပါတော့၊ မင်းကြောင့် ငါ အိပ်ရေးပျက်တာ များနေပြီ၊ အိပ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ထောင်မှူးဦးတင့်ဝေ ရောက်မလာပါ။ အေးမြတ်အကြောင်း ပြောပြမည် စိတ်ကူးထားသော်လည်း မပြောလိုက်ရပါ။ ပြောပြလျှင်လည်း ယုံမည်မဟုတ်ပေ။ အေးမြတ် ရူးကြောင်ကြောင် ဖြစ်နေသည်မှာ သေချာသလောက်ဖြစ်နေပြီ။ သို့သော် ထောင်မှူးက မှာထားသဖြင့် ကျွန်တော်အေးမြတ်ကို သတိထား စောင့်ကြည့်နေခဲ့ရပြန်သည်။

တစ်ည ကျွန်တော်တစ်ရေးနိုးချိန် အေးမြတ် ပြူတင်းပေါက်သံတိုင်ကိုင်ကာ စကားပြောနေသည်ကို တွေ့လိုက်ရသည်။ အေးမြတ်အသံကိုသာ ကြားနေရသည်။

"ဒီည မပန်းချစ်လာတာ စောသားပဲ"

"× × × ×"

"ပြောစရာရှိတယ်ဆိုတာ ကျွန်တော် မပန်းချစ်ကို ချစ်နေမိတာ ဖွင့်ပြောမလို့ပါ"

"× × × ×"

"စောနေမှန်းသိရက်နဲ့ နောက်ကျမှာစိုးလို့ ဖွင့်ပြောလိုက်ရတာ"

"× × × ×"

"နောက်နှစ်ရက်ဆိုရင် ကျွန်တော်လွတ်တော့မှာ"

"× × × ×"

"ဘာပြောတယ်..ကျွန်တော် လွတ်မယ့်ရက် မပန်းချစ်သိနေတယ်ဟုတ်လား၊ အေးပေါ့လေ..မပန်းချစ်ဟာ ဒီက ဝန်ထမ်းဆိုတော့ သိတာ မဆန်းပါဘူး"

"× × × ×"

"ဟာ!..ဝမ်းသာလိုက်တာ မပန်းချစ်၊ ကျွန်တော့်အချစ်ကို လက်ခံတယ်ပေါ့၊ ကျွန်တော့်ကို တကယ် လက်ထပ်မှာနော်၊ ဟုတ်လား"

"× × × ×"

"စိတ်ချ..မပန်းချစ်နဲ့အတူ လာနေမယ်၊ မပန်းချစ်ရှိတဲ့နေရာ ကျွန်တော်လိုက်နေမှာပေါ့"







"× × × ×"

"ကတိပေးပါတယ်..မပန်းချစ်တောင်းတဲ့ ကတိပေးတယ်"

"× × × ×"

"ဟာ!..ကျွန်တော့်လောက် ပျော်တဲ့သူရှိမယ် မထင်တော့ဘူး"

"× × × ×"

"ကတိ ပေးပြီးပြီလေ..ထောင်ကလွတ်တာနဲ့ ကျွန်တော့်မိဘတွေကို ဖွင့်ပြောပြလိုက်တော့မယ်"

တိတ်ဆိတ်နေသောညတွင် အေးမြတ်အသံက ကျယ်လွန်းသည်ဟု ထင်မိသည်။ ကျွန်တော် အေးမြတ်ကို လှမ်းကြည့်လိုက်သည်။ အေးမြတ် လက်နှစ်ဖက်အပြင်ထုတ်ပြီး တစ်ခုခု ပွေ့ဖက်ထားသည့်ပုံစံလုပ်နေသည်ကို တွေ့ရသည်။

"သိပ်ချစ်တယ်..မပန်းချစ်ရယ်"

"× × × ×"

"သွားတော့မလို့လား၊ နေပါဦးလား..မပန်းချစ်ရယ်"

"× × × ×"

"စိတ်ချ..ကတိ တည်စေရမယ်၊ မပန်းချစ်ရှိတဲ့နေရာ ကတိအတိုင်း လာခဲ့မယ်"

ကျွန်တော်ဆက်ပြီး ကြည့်မနေနိုင်တော့ပါ။ ပြောလည်း နားလည်မည်မဟုတ်သဖြင့် အေးမြတ်ကို ကျွန်တော်မပြောတော့ပါ။ အိပ်ရေး

www.burmeseclassic.com

www.burmeseclassic.com





ပျက် မခံလိုတော့သဖြင့် ကျွန်တော် ဆက်အိပ်လိုက်သည်။ ကျွန်တော် ဆက်အိပ်စဉ် အေးမြတ်ထံမှ မသဲမကွဲ စကားပြောသံကြားနေရဆဲ ဖြစ်သည်။ ဂရု မစိုက်နိုင်တော့ပါ။

ကျွန်တော် မေးကာနဲ့ အိပ်ပျော်သွားတော့သည်။ ထုံးစံအတိုင်း ပင် မနက်စောစော အိပ်ရာမှ နိုးနိုးချင်း အေးမြတ် ကျွန်တော့်ကို ပြောပြပါ သည်။

"သိပ်ပျော်တယ် . . မှုတ္ထး ရယ်၊ မပန်းချစ်က ငါ့ကို အဖြေပေး လိုက်ပြီကွ"

"ဟုတ်လား . . ဘယ်လို အဖြေပေးခဲ့တာလဲ"

"သူ ငါ့ကို ချစ်ပါတယ်တဲ့၊ ငါ လက်ထပ်ခွင့်တောင်းတော့ သူ လက်ခံလိုက်ပြီ၊ ဒါပေမယ့် "

"ဆက်ပြောလေ၊ ဒါပေမယ့် ဘာဖြစ်လဲ"

"သူနဲ့အတူ လိုက်နေနိုင်မှ လက်ထပ်မယ်တဲ့၊ သူနဲ့ လိုက်နေ ဖို့ ကတိတောင်းတယ်"

"အဲဒီတော့ မင်းက ဘယ်လိုပြန်ဖြေလိုက်လဲ"

"ငါက မပန်းချစ်ကို ချစ်တာကိုး . . သူတောင်းတဲ့ကတိ ပေး လိုက်တာပေါ့"

အေးမြတ်ပုံစံက တက်ကြွ၊ ပျော်ရွှင်နေသော်လည်း လူက ပိန်ချုံးနေသည်။ အအိပ်ပျက်၊ အစားပျက်ဖြင့် ကျန်းမာရေးချို့ နေသည်မှာ သိသာလှသည်။ သို့သော် သူ့စိတ်က တစ်စုံတစ်ခုသော မျှော်လင့်ချက်ကြောင့် ပျော်ရွှင်နေသည်။ အေးမြတ် အခြေအနေ မကောင်းတော့ကြောင်း ထောင်မှူးလာလျှင် ပြောပြရပါမည်။

❖





အခန်းထဲ ကျွန်တော်ဝင်လိုက်သည်နှင့် ရှိသေမှုဖြင့် မှုတ္ထးက မတ်တပ် ထရပ်လိုက်သော်လည်း အေးမြတ်က အိပ်ရာမှမထဘဲ လဲလျောင်းနေသည်ကို တွေ့လိုက်ရသည်။ အေးမြတ် မျက်ကွင်းများ ချိုင့်ဝင်နေပြီး လူမှာလည်း သိသိသာသာ ပိန်ကျသွားသည်။

"အေးမြတ် . . ညဘက် မအိပ်ဘူးလား၊ မင်းပုံစံကြည့်ရတာ အခြေအနေမကောင်းမှန်း သိသာတယ်၊ ဆရာဝန်နဲ့ပြမှ ဖြစ်တော့မယ်"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာ ပြောတယ်၊ မင်းပုံစံက လူနာပုံပေါက်နေ ပြီ သန်ဘက်ခါ မင်းလွတ်တော့မယ်၊ မပျော်ဘူးလား"

"သိပ်ပျော်တာပေါ့ . . ဆရာ၊ ဆရာပြောတာထက် ပျော်စရာ ကောင်းတာ ရှိသေးတယ်"

"ဘာအတွက် ပျော်စရာလဲ . . ပြောပါဦး"

"ဟာ ! . . မေ့သွားလို့ ပြောလို့မဖြစ်ဘူး၊ မပန်းချစ်က ဘယ်သူ့ မှ မပြောနဲ့လို့ မှာထားတယ်၊ ကျွန်တော် သူ့ကို ကတိပေးထားတယ်"

"ဘယ်က မပန်းချစ်လဲ . . ဘာ ကတိပေးထားတာလဲ"

"ပြောလို့ မဖြစ်ပါဘူး . . ဆရာ၊ ကျွန်တော် မပြောပါရစေနဲ့"

ကျွန်တော် မည်သို့မေးမေး အေးမြတ်မပြောပါ။ မနေသာ တော့ဘဲ နောက်ဆုံး မှုတ္ထးကိုသာ မေးရတော့သည်။ မှုတ္ထးက သူသိသမျှ ကြားသမျှ၊ မြင်သမျှ ကျွန်တော့်ကို အသေးစိတ်ပြောပြသည်။

"အေးမြတ် . . လုံးဝ မအိပ်ဘူး ဟုတ်လား၊ အစားလည်း ကောင်းကောင်း မစားဘူးဆိုတော့ ခုလိုဖြစ်နေတော့တာပေါ့"

"ခုလိုဖြစ်ရတာ အေးမြတ်ပြောပြောနေတဲ့ မပန်းချစ်ကြောင့် လို့ ကျွန်တော်ထင်တယ်၊ ညတိုင်း မပန်းချစ်ဆိုပြီး တစ်ယောက်တည်း စကားတွေပြော ပြောနေတယ်၊ ပြီးတော့ . . အဲဒီမပန်းချစ်နဲ့ အတူနေဖို့ ကတိပေးထားပြီလို့လည်း ပြောနေတယ် ဆရာ"

"အင်း . . အေးမြတ်စိတ်က ပုံမှန်မဟုတ်တော့ဘူး၊ မကြာခင်တော့ စိတ်ရောဂါ ထောင်ပိုင်ကြီးဆီ သတင်းပို့မှဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အေးမြတ် အခြေအနေ မကောင်းတော့သည်ကို ကျွန်တော် ခန့်မှန်းမိသည်။ အေးမြတ် စိတ်ဖောက်နေသည်ဟု ထင်သည်။ နောက် ဆုံး ထောင်ပိုင်ကြီးထံ သွားရောက်တွေ့ဆုံပြီး သတင်းပို့လိုက်သည်။

"ဆရာတင့်ဝေ တာဝန်ကျတဲ့အဆောင်ပဲ၊ ဂရုစိုက်ပါ..အဲ့ အေးမြတ်ဆိုတဲ့ ကောင်လေးက မနက်ဖြန်လွတ်တော့မယ် မဟုတ် လား၊ ဒါနဲ့ သူ ဘာကြောင့် ခုလောက် သိသိသာသာ ကျန်းမာရေးချို့ သွားရတာလဲ"

ကုလားမှုတ္တူး ပြောတဲ့အတိုင်း အေးမြတ်အဖြစ် အပြည့်အစုံ ကို ထောင်ပိုင်ကြီးထံ တင်ပြ အစီအရင်ခံလိုက်သည်။

"ကျွန်တော်ကတော့ အေးမြတ်ဆေးကြောင်ပြီး ထင်ရာမြင်ရာ စိတ်ထဲစွဲတာကို ပြောနေတာလို့ ထင်ပါတယ်၊ ညဘက်တွေမှာ နှင်း ပန်းနံ့ရပြီး မိန်းမလှလေးတစ်ယောက်နဲ့ စကားပြောနေတဲ့ပုံပါပဲ၊ အဲ့ ကောင်မလေးနဲ့ အေးမြတ် တဖြည်းဖြည်း ရင်းနှီးလာပြီး လက်ထပ်ဖို့ တောင် သဘောတူထားပြီတဲ့၊ သူက ထောင်ကလွတ်ပြီး မကြာခင် အဲ့ မိန်းကလေးနဲ့ လက်ထပ်မယ်လို့လည်း ပြောတာတဲ့"

"နေပါဦး..ညတိုင်းလိုလိုလည်း ဖြတ် ဖြတ်သွားတယ်၊ အဲ့ မိန်းကလေးက သူဟာ ထောင်ထဲက ဝန်ထမ်းလို့လည်း ပြောတယ် ဟုတ်လား"

"ဟုတ်ပါတယ်..ထောင်ပိုင်ကြီး ကာယကံရှင်ကိုတော့ ဘာမှ မေးလို့ မရဘူး၊ ပြောလည်း မပြောဘူး၊ ကျွန်တော် စောင့်ကြည့်ခိုင်းထား တဲ့ ကုလားမှုတ္တူးက အသေးစိတ်ပြန်ပြောပြခဲ့တာ၊ အေးမြတ်က ဘာမှ မပြောပေမယ့် အခန်းဖော်မှုတ္တူးကိုတော့ အားလုံး ပြောပြပါတယ်"

"အဲ့ဒီကောင်မလေးပုံစံက ဘယ်လိုပုံစံမျိုးလဲ"

"ရုပ်ချောချော၊ ဆံပင်ရှည်ရှည်နဲ့လို့ ပြောတယ်"

"ဟင်!..ဟုတ်လား၊ နာမည်ရော ဘယ်လိုလဲ"

"အဲ့ဒီ ကောင်မလေးနာမည်က မပန်းချစ်တဲ့ ဆရာ"

"ဘာ ..မပန်းချစ် ဟုတ်လား"

ထောင်ပိုင်ကြီးမျက်နှာ ချက်ချင်း ပြောင်းသွားသည်။ အံ့ဩ







ထိတ်လန့်သည့် ပုံစံဖြစ်သွားသည်ကို ကျွန်တော်တွေ့လိုက်ရသည်။

"ဟာ !..မဖြစ်ဘူး၊ ဆရာတင့်ဝေကိုယ်တိုင် အမြန်သွား ပြီး အေးမြတ်ကို သွားပြော၊ အဲဒီ မပန်းချစ် ဆိုတဲ့ မိန်းကလေး ဘာ ကတိ တောင်း တောင်း မပေးပါနဲ့လို့. .နောက်ကျသွားလို့ မဖြစ်ဘူး၊ အမြန် သွားပြောပေးပါ"

ထောင်ပိုင်ကြီးပုံစံက တစ်ခုခုကို ကြောက်ရွံ့ထိတ်လန့် နေသည်ဟု ထင်ရသည်။

"ဆေးသမားတစ်ယောက် ဆေးကြောင်ပြီး ထင်ရာမြင်ရာ လျှောက် ပြောနေတာကို ဆရာဘာလို့ အထိတ်တလန့် ဖြစ်နေရတာလဲ"

"ကျုပ်ပြောတဲ့အတိုင်းသာ လုပ်ပါ၊ အဲဒီ မပန်းချစ်ကို ဘာကတိ မှ မပေးပါနဲ့လို့"

"အေးမြတ်က အဲဒီမပန်းချစ်နဲ့ အတူလိုက်နေဖို့ ကတိပေး လိုက်ပြီတဲ့"

"ဘယ်လို ကတိပေးလိုက်တာလဲ"

"အေးမြတ်က မပန်းချစ်ကို လက်ထပ်ချင်တော့ မပန်းချစ်က သူနဲ့ အတူလိုက်နေဖို့ ကတိတောင်းတာတဲ့၊ အေးမြတ်က မပန်းချစ် တောင်းတဲ့ ကတိပေးလိုက်ပြီ ဆရာ"

"ဟင်!..ကတိပေးလိုက်ပြီလား၊ ကျုပ်ပြောတာ နောက်ကျ သွားပြီ ထင်ပါရဲ့"

ထောင်ပိုင်ကြီးအဖြစ်ကို ကျွန်တော် မည်သို့မျှ နားမလည်နိုင် တော့ပါ။ အဘယ်ကြောင့် မပန်းချစ်တောင်းသည့် ကတိမပေးဖို့ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ကြီး ပြောရပါသနည်း။

“သိပ်ပြီး စိတ်မပူပါနဲ့ ဆရာ . . မနက်ဖြန် အေးမြတ်လွတ်ရက်ပဲ၊ ပြဿနာတော့ရှိမယ် မထင်တော့ပါဘူး၊ ထောင်ကလွတ်တာနဲ့ ဆေးရုံတက်ပြီး ဆေးဖြတ်မယ်လို့ အေးမြတ်အဖေ ကျွန်တော့်ကိုပြောထားသေးတယ်၊ အဲဒီ မပန်းချစ်ကို ကတိပေးလိုက်တဲ့အဖြစ် ဆရာ ဘာလို့ ဒီလောက် စိတ်ပူနေရတာလဲ”

“ထားပါတော့လေ . . ကျုပ် ထင်ထားတာတွေ မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မယ်၊ မနက်စောစော ကျုပ်လာခဲ့မယ်၊ အေးမြတ်ကို ဂရုစိုက်ကြည့်ဦး”

ပဟေဠိဆန်စွာပင် ထောင်ပိုင်ကြီးအခန်းမှ ကျွန်တော် ပြန်လာခဲ့သည်။ မနက်ဖြန် အေးမြတ် လွတ်ရက်ဖြစ်၍ ကျွန်တော့်စိတ်ထဲ အပူအပင် မထားတော့ပါ။ အေးမြတ်က သူ ဆေးကြောင်ပြီး တွေ့ခဲ့သည့် မပန်းချစ်ဆိုသူကို ကတိပေးပြီးသားဖြစ်၍ ကျွန်တော်ပြောလည်း ထူးမည် မဟုတ်တော့ပေ။

ဆေးသမားတစ်ယောက် ဆေးကြောင်ပြီး စိတ်ထဲ ထင်ရာမြင်ရာပြောခဲ့သည်ကို ထောင်ပိုင်ကြီး ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည့်အဖြစ် ကျွန်တော်နားမလည်နိုင်တော့ပါ။

❖

“ငါ သိပ်ပျော်တယ် . . မှတ္တူး၊ မနက်ဖြန် ငါထောင်ကလွတ်ပြီ”

“မင်းက ဒီက ထွက်သွားတော့ မင်းကောင်မလေးနဲ့ တွေ့ရ ပေါ့”

“ဘယ်ဝေးပါ့မလဲကွာ . . ငါလွတ်တာနဲ့ ငါ့အဖေက ဆေးရုံတက်ပြီး ဆေးဖြတ်ပေးမယ်တဲ့၊ ပြီးတော့ မပန်းချစ်နဲ့ လက်ထပ်မယ်ကွာ”

“ဒီည သူ့ကို စောင့်နေဦးမှာလား”

“မစောင့်တော့ပါဘူး၊ သူနဲ့လိုက်နေဖို့ ကတိပေးပြီးပြီပဲ၊ သူ မလာတော့ဘူး၊ ဒီညတော့ စောစောအိပ်ရမယ်၊ ငါ ဘယ်လိုပျော်မှန်း





မသိဘူး . . မှတ္တူးရာ”

ပါးစပ်ကသာ သူပျော်ကြောင်းပြောနေသော်လည်း အေးမြတ် အိပ်ရာပေါ်မှ မထနိုင်တော့ပါ။ အေးမြတ် အားအင်ကုန်ခမ်းပြီး လှဲနေကြောင်း ကျွန်တော်သိသည်။ သူ့မျက်နှာ လူနာရုပ်ဖြစ်နေပြီ။ အေးမြတ် အိပ်ရာဝင်သွားသဖြင့် စောင့်ကြည့်ရန် မလိုတော့ဘဲ ကျွန်တော်လည်း စောစီးစွာပင် အိပ်ရာဝင်ခဲ့သည်။

ကျွန်တော် တစ်ရေးနိုးချိန် အေးမြတ်ထံမှ ငြီးသံကြားရသည်။ သို့သော် အေးမြတ် တုတ်တုတ်မျှမလှုပ်ဘဲ အိပ်နေသည်ကို တွေ့ရသည်။ မပန်းချစ် မလာတော့ဘူးဆို၍ အေးမြတ် စိတ်ချလက်ချ အိပ်ရာဝင်သွားခဲ့သည် ထင်သည်။

မနက်ဖြန် ထောင်မှူးဦးတင့်ဝေ လာသည့်အခါ ယနေ့ည အေးမြတ် စောစော အိပ်ရာဝင်သွားကြောင်း၊ မပန်းချစ်ကို စောင့်မနေတော့ကြောင်း ပြောပြရပါမည်။

❖

ယနေ့ အေးမြတ်လွတ်ရက် ဖြစ်သည်။ ထောင်ပိုင်နှင့် ကျွန်တော် အေးမြတ်တို့ အဆောင်ဘက်သို့ ခပ်စောစောပင် သွားခဲ့ကြသည်။ အေးမြတ်တို့ အခန်းရှေ့အရောက်တွင် တန်းစီးတစ်ဦးနှင့် မှတ္တူးတို့ မျက်စိ မျက်နှာပျက်လျက် ပြာယာခတ်နေကြသည်ကို တွေ့လိုက်ရသည်။

“မှတ္တူး . . ဘာဖြစ်တာလဲ”

“အေးမြတ် . . ဆရာ . . အေးမြတ်လေ”

မှတ္တူးက စကားရှေ့ဆက်မပြောနိုင်ဘဲ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။ အေးမြတ် အိပ်နေဆဲဖြစ်သည်။

“ဟဲ . . မှတ္တူး၊ အေးမြတ်အကြောင်း မင်း ဘာပြောချင်လို့လဲ”

“မနေ့ညက အေးမြတ် အစောကြီး အိပ်ရာဝင်သွားတယ်၊ ညနက်သန်းခေါင်အထိ တစ်ခါမှမအိပ်တဲ့ အေးမြတ်၊ ဒီညတော့ တုတ်တုတ်မှ မလှုပ်နိုင်အောင် အိပ်ခဲ့တာ၊ ညကငြီးသံတော့ ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးတယ်၊ အိပ်ရာဝင်စက ပျော်ပျော်ရွှင်ရွှင်နဲ့ အိပ်ရာဝင်ခဲ့တာ”

“အေးလေ ..ဟုတ်ပါပြီ၊ ထောင်က လွတ်လာတော့မယ်ဆိုတော့ သိပ်ပျော်တာ မဆန်းပါဘူး၊ နေ့လယ် သူလွတ်တော့မှာပဲ၊ အေးမြတ်ကို နှိုးလိုက်တော့”

“ကျွန်တော် နှိုးပြီးပြီ .. ဆရာ၊ အေးမြတ်ကို နှိုးလို့မရတော့ဘူး ဆရာ”

“ဘာ ..အေးမြတ်ကို နှိုးလို့မရဘူး ဟုတ်လား”

“ဟုတ်ပါတယ် ..ဆရာ၊ အေးမြတ် တစ်ကိုယ်လုံး အေးစက်ပြီး တောင့်တင်းနေပြီ ဆရာ”

ကျွန်တော်နှင့် ထောင်ပိုင်ကြီးတို့ တပြိုင်တည်းလိုပင် အေးမြတ် အိပ်ရာအနီးသို့ အတူရောက်သွားကြသည်။ ထောင်ပိုင်ကြီးက အေးမြတ်ကို ငုံ့ကြည့်လိုက်ပြီး လက်ကောက်ဝတ်ကို စမ်းသပ်လိုက်သည်။

“ဟင်!..”

ဆိုပြီး ထောင်ပိုင်ကြီးက ..

“ထောင်မှူးကိုတင့်ဝေ တာဝန်ကျ ဆရာဝန်ခေါ်ပါ၊ အေးမြတ် အသက်မရှိတော့ဘူး ထင်တယ်”

ကျွန်တော်တို့အားလုံး အလုပ်ရှုပ်ရပါတော့သည်။

❖

ထောင်ပိုင်ကြီးက တွေ့ချင်သည်ဆို၍ ကျွန်တော် ထောင်ပိုင်ကြီး ရုံးခန်းသို့ သွားရောက် သတင်းပို့လိုက်သည်။ ရောက်ရောက်ချင်း ထိုင်ဟုဆိုကာ ထောင်ပိုင်ကြီးက နေရာပေးသည်။

“အေးမြတ် သေသွားတော့ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ရတော့ ခပ်များလည်း တော်တော်ပင်ပန်းသွားမယ် ထင်တယ်၊ လွတ်မယ့်ရက်မှ ခုလိုဖြစ်ရတာ ကျုပ်လည်း စိတ်မကောင်းပါဘူး၊ အေးမြတ် သေဆုံးရတာ ဆရာတင့်ဝေ ဘယ်လိုထင်မိလဲ”

“ညဘက် အိပ်လည်း မအိပ်၊ အစာလည်း မှန်မှန်မစားတော့







အားနည်းပြီး အပြင်က ရောဂါဝင်ပြီး သေရတာပဲ၊ ဆေးမှူး မှတ်ချက်လည်း ဆရာတွေ့သားပဲ မဟုတ်လား”

“ဆရာတင့်ဝေ ထင်တာလည်း မမှားပါဘူး .. ဒါပေမယ့် အေးမြတ်ပြောပြောနေတဲ့ မပန်းချစ် အကြောင်း ကျုပ်ပြောပြမယ်၊ ဆရာတင့်ဝေက ဒီထောင်ပြောင်းလာတာ မကြာသေးတော့ အရင်အကြောင်းတွေ ဘယ်သိပါဦးမလဲ”

“အေးမြတ် သေတာ အဲဒီ မပန်းချစ်နဲ့ ပတ်သက်နေလို့လား၊ အဲဒီ မပန်းချစ် ဆိုတာလည်း အေးမြတ် ဆေးကြောင်ပြီး ထင်ရာမြင်ရာ ပြောခဲ့တာ မဟုတ်လား ဆရာ”

“အေးမြတ်ပြောနေတဲ့ အဲဒီ မပန်းချစ်ဆိုတာ ဒီထောင်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အမျိုးသမီး ဝန်ထမ်းတစ်ယောက်ပါ၊ တကယ်ရှိခဲ့တာ”

“ဗျာ !..မပန်းချစ်ဆိုတာ တကယ်ရှိခဲ့တာလား”

“အေးမြတ် တွေ့ခဲ့တဲ့အတိုင်း ဆံပင် ရှည်ရှည်၊ ရုပ်ချောချော နှင်းဆီပန်း သိပ်ကြိုက်တဲ့ ထောင်ဝန်ထမ်းတစ်ယောက်ပေါ့၊ သူ့နာမည်က မပန်းချစ်တဲ့”

“ဆရာပြောတာ ကျွန်တော် ခုမှသိရတယ်၊ စိတ်ဝင်စားဖို့ကောင်းလိုက်တာ၊ ဆက်ပြောပါဦး ဆရာ”

“ကျုပ်ကိုယ်တွေ့တော့ မဟုတ်ဘူး .. ကျုပ် ဒီထောင်ကို စပြောင်းလာစကတည်းက ကျုပ်ကို Handoverလုပ်ခဲ့တဲ့ ထောင်ပိုင်ကြီးပြောခဲ့တာ၊ ကျုပ် မေ့သလောက်ဖြစ်နေမှ ခု အေးမြတ်ကိစ္စပေါ်လာတာ၊ တိုက်ဆိုင်လွန်းလို့ ကျုပ်အံ့ဩခဲ့ရတာ၊ ကျုပ် ဒီထောင်မှာ တာဝန်ကျတာ နှစ်တွေ မနည်းတော့ဘူး၊ ကျုပ် ပင်စင်မသွားခင် ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့မယ်၊ နောက်လူတွေ ကြုံခဲ့ရင်လည်း ဆက်ပြီးပြောပြခဲ့ပေါ့"

"ဟုတ်ကဲ့ .. မပန်းချစ်အကြောင်းသာ ဆက်ပြောပါဦး ဆရာ"

သိချင်စိတ်ကြောင့် ဆက်ပြောရန် ထောင်ပိုင်ကြီးကို ကျွန်တော် ပြောလိုက်သည်။

"ကျုပ်ကို Handover ထောင်ပိုင်ကြီး ပြောပြခဲ့တာကတော့ ဝန်ထမ်း မပန်းချစ်ဟာ နင်းဆီပန်း သိပ်ကြိုက်တာတဲ့၊ နင်းဆီရနံ့ပါတဲ့ ရေမွှေးကိုလည်း အမြဲသုံးတတ်တယ်တဲ့၊ သူသွားလေရာ ရေမွှေးနံ့က ရနေတော့တာပဲ၊ တာဝန်ကို သိပ်လေးစားတဲ့ ဝန်ထမ်းတဲ့"

"နေ့နေ့ညည အချိန်မရွေး မပြီးမပြီ အထက်ကနိုင်းသမျှ တာဝန်ကျေခဲ့တာ၊ လုပ်ငန်းကိုလည်း သံယောဇဉ်ကြီးတဲ့ မိန်းကလေး ဖြစ်တယ်၊ အဲဒီ မပန်းချစ်ဟာ တာဝန်ထမ်းဆောင်ရင်း သွေးတိုးရောဂါနဲ့ ရုတ်တရက် ဦးနောက် သွေးကြောပြတ်ပြီး သေခဲ့ရတာ၊ မပန်းချစ် ရုတ်တရက် လဲကျပြီး သေခဲ့ရတာပါ"

"တိုက်တိုက်ဆိုင်ဆိုင် .. ဆရာရယ်၊ ဆက်ပြောပါဦး"

"မပန်းချစ်သေပြီးနောက် မကျွတ်မလွတ်ဘဲ သူ့ဝိညာဉ်ဟာ သူ တာဝန်ထမ်းဆောင်ခဲ့တဲ့ နေရာပတ်ဝန်းကျင်မှာ ရှိနေခဲ့တာတဲ့"

"သူ့အလုပ်ကို သူစွဲပြီး သေသွားလို့များလား ဆရာ"

"ညဘက်တွေမှာ ဆံပင်ရှည်ရှည်၊ ရုပ်ချောချောနဲ့ ဝန်ထမ်း တစ်ယောက် သွားလာလှုပ်ရှားနေတာ တွေ့ခဲ့တဲ့သူက တွေ့ခဲ့တာတဲ့ တော်တော် လူပြော၊ သူပြော များခဲ့တာ၊ ပြီးတော့ ခု အေးမြတ်အဖြစ်လို ဖြစ်ခဲ့လို့ တစ်ယောက်သေခဲ့ဖူးတာ"

"ဘယ်လိုဖြစ်ခဲ့တာလဲ ဆရာ"

"ခိုးမှုနဲ့ ထောင်ကျသူ တစ်ယောက်ပါ၊ အေးမြတ်လိုပဲ နင်းဆီ ပန်းအနံ့ရပြီး မပန်းချစ်နဲ့ တွေ့တယ်၊ ခဏ ခဏတွေ့ ပြီး ချစ်ကြိုက် သွားလို့ မပန်းချစ်ကို လက်ထပ်ခွင့်တောင်းခဲ့တယ်၊ မပန်းချစ်က သူ့ အတူလာနေဖို့ ကတိတောင်းတယ်၊ လက်ထပ်ချင်တော့ အေးမြတ်လို မပန်းချစ်ကို ကတိပေးလိုက်တယ်၊ နောက်ပိုင်း အဲဒီ ထောင်ကျသူ သေခဲ့တယ်"





"ဒီအခန်းထဲမှာပဲ သေခဲ့တာလား .. ဆရာ"

"မဟုတ်ဘူး၊ ထောင်ကလွတ်ပြီး (၁)လလောက်ကြာမှ သူ့ အိမ်မှာ သေခဲ့တာ၊ ထောင်ထဲမှာ မပန်းချစ်နဲ့ တွေ့ခဲ့တဲ့အကြောင်း၊ လက်ထပ်ဖို့အကြောင်း၊ သူ့မိဘတွေကို ပြောထားခဲ့တာ။ သူတို့သား သေပြီး မပန်းချစ်အကြောင်း ထောင်ပိုင်ကြီးကို လာမေးတော့မှ ထောင်ပိုင်ကြီး အကြောင်းစုံ သိခဲ့ရတာ၊ မပန်းချစ်နဲ့ လိုက်နေဖို့ သူတို့သား မပန်းချစ်ကို ကတိပေးခဲ့တာတဲ့၊ အဲဒီအကြောင်းတွေ ထောင်ပိုင်ကြီးက ကျုပ် ကို အသေးစိတ် ပြောပြထားခဲ့တာ"

"ဒါကြောင့် အေးမြတ်က မပန်းချစ်ကို သူနဲ့လိုက်နေဖို့ ကတိ ပေးခဲ့လို့ အရင်လူလိုပဲ သေခဲ့ရတာများလားလို့ ကျုပ်သံသယဝင်နေ တယ်၊ ဆရာတင့်ဝေရော ဘယ်လိုထင်လဲ၊ ဒါတွေ ယုံကြည်မှုရှိရဲ့လား"

"ယုံနိုင်စရာတော့ မရှိပါဘူး၊ တိုက်ဆိုင်မှုလို့ပဲ ထင်တယ်"

"ယုံတာ၊ မယုံတာ အပထားပေါ့ဗျာ .. ဆရာတင့်ဝေက ဒီထောင်မှာဆက်ပြီး တာဝန်ထမ်းဆောင်ဦးမှာဆိုတော့ သတိတော့ လွှတ်ကြစေနဲ့ဗျာ၊ သွားနိုင်ပါပြီ"

ထောင်ပိုင်ကြီးကို တိုက်ဆိုင်မှုဟု ကျွန်တော်ပြောခဲ့သည်။ သို့သော် ကျွန်တော့်ရင်ထဲတွင်မူ အေးမြတ်သေဆုံးခဲ့ရခြင်းသည် ..။

မောင်မောင်မိုးအောင်

❑



www.burmeseclassic.com

www.burmeseclassic.com



## စွန့်ပစ်လိမ္မော်ခွံနှင့် ဆေးစွမ်းကောင်း



"နွယ်မြက်သစ်ပင် ဆေးဘက်ဝင်" လို့ ဆိုပါတယ်။ အပင်တိုင်း အရွက်တိုင်း၊ အသီးအနှံတွေဟာ ကောင်းခြင်း၊ ဆိုးခြင်းတွေ အသီးသီး ရှိသလို ဘယ်လိုအသုံးချမလဲဆိုတာ သိဖို့ လိုအပ်ပါတယ်။

လိမ္မော်သီးများဟာ ဆောင်းရာသီရဲ့ သီးနှံတစ်မျိုးဖြစ်ပါတယ်။ လူကြိုက်များပြီး ဈေးကွက်ကျယ်ပြန့်တဲ့ စိုက်ပျိုးပင်ဖြစ်တာကြောင့် စီးပွား ဖြစ် စိုက်ပျိုးကြပါတယ်။ လိမ္မော်သီးကို အသီးအမှည့်အတိုင်း စားသုံးကြ သလို၊ အရည်ညှစ်ပြီး လိမ္မော်ရည်အဖြစ် လည်းကောင်း၊ ယိုထိုးပြီး သ ရေစာ၊ ညှော်ခံစာအဖြစ် စားသုံးကြသူများလည်း ရှိပါတယ်။

ဒါပေမယ့် လိမ္မော်သီးကို စားသုံး၊ အသုံးပြုပြီးရင် လိမ္မော်ခွံကို တော့ စွန့်ပစ်ကြတာ များပါတယ်။ ဒီလိုစွန့်ပစ်တဲ့ လိမ္မော်ခွံမှာ Limone လို့ခေါ်တဲ့ အနံ့သင်းပျံ့ဆီ ပါဝင်ပါတယ်။ ဒါ့အပြင် တာပင်တိုင် ကလူကို ဆိုဒ်တင်နင်ဓာတ်နဲ့ ပြာဓာတ်များလည်း ပါဝင်ပါတယ်။ ဒါ့ကြောင့် သင်ဟာ လိမ္မော်ခွံကို ဆေးအဖြစ် ကောင်းစွာ သုံးစွဲနိုင်ပါတယ်။

လိမ္မော်ခွံခြောက်ကို အစာကြေဆေး၊ ခံတွင်းအနံ့ကောင်းဆေး (အပုတ်နံ့ပျောက်ဆေး)၊ လေဆေး၊ ဝမ်းပိတ်ဆေး(ဝမ်းတားဆေး)များ ဖော်စပ်ရာမှာ အသုံးပြု ဖော်စပ်ကြပါတယ်။ လိမ္မော်ခွံမှရသော အဆီကို







အားဆေးမှာလည်း သုံးကြပါတယ်။ လိမ္မော်ခွံခြောက်ကို အမှုန့်ထောင်း ပြီး အော့အန်ခြင်း ပျောက်ကင်း ဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။

လိမ္မော်ခွံခြောက်ကို အမှုန့်ထောင်းပြီး အမှုန့်ကို နေ့စဉ် အချိန် မှန်မှန် စားသုံးပေး ပါက သန်ထိုးခြင်း၊ တုတ်ထိုး ခြင်း ရောဂါများကို ပျောက်ကင်း နိုင်လို့ ကလေးများကို ကျွေးသင့်ပါ တယ်။

ယမကာရည်(အရက်)နှင့် လိမ္မော်သီးကို လေးစိပ်စိပ်(အခွံပါ) စိမ်၍ အရည်ကို နေ့စဉ် တစ်နေ့ကို ဟင်းစပ်ဇွန်းသောက်လျှင် လေဆန် အား လေချုပ်ရောဂါများကို ပျောက်ကင်းပြီး နှတ်မြိန်ခြင်း (စားကောင်း) ဖြစ်စေပါတယ်။

လိမ္မော်ခွံကို သကြား(ထန်းလျက်)တို့နှင့် ယိုထိုးပြီးစားပေးပါက အစာကြေခြင်း၊ လိမ္မော်ခွံနဲ့ မျက်နှာကို ပွတ်ပေးပါက ညှင်း၊ ဝက်မြူ နင်းရှု မှဲ့တို့အပါအဝင် အဖုအပိန့်အကွက်များ ပျောက်ကင်းနိုင်ပါတယ်။

နောက်တစ်နည်းကတော့ လိမ္မော်ခွံကို နေနှင့် ခြောက်သွေ့ အောင်လှမ်းပြီး အမှုန့်ထောင်းပါ။ အဲဒီအမှုန့်ကို သနပ်ခါးရည်ကျဲနှင့် ဖျော် ပြီး လက်၊ ခြေ၊ လည်ပင်း၊ ရင်ဘတ်နှင့် အခြားနေရာများမှာ ဖြစ်ပေါ်နေတဲ့ အညိုကွက်၊ အနီကွက်၊ အဖြူကွက် အစက်အပြောက်များပေါ်မှာ လိမ်း ပေးပါက ပျောက်ကင်းပါတယ်။

ဒါကြောင့် လိမ္မော်ခွံမှာ ဆေးဘက်အသုံးဝင်ပုံများ များစွာရှိတာ ကြောင့် လိမ္မော်သီးစားပြီး အခွံများကို စွန့်ပစ်မဲ့အစား သင့်သလို အသုံးပြု နိုင်စေဖို့ ရည်ရွယ်ပြီး ဖော်ပြလိုက်ရပါတယ်။

စိုးဝေဦးထွန်း

www.burmeseclassic.com

www.burmeseclassic.com



# သူငယ်ချင်း တာဝန်ကျေပါတယ်

မောင်မြင့်မား (ဒိုယ်ကလေး)

ကျွန်တော် (၁၀)နှစ်သားလောက်က ကျွန်တော်တို့အိမ်ကို အစ်ကိုဝမ်းကွဲ ကိုသိန်းအောင်က တစ်ပတ် တစ်ခါ၊ နှစ်ခါလောက် ဘိုကလေးမြို့ပေါ်ရှိသော ကျွန်တော်တို့အိမ်သို့ လာတတ်သည်။ သူ လာလျှင် မုန့်စိုးရသည်၊ ရုပ်ရှင် ကြည့်ရသည်၊ ဒါကြောင့်မို့ သူလာလျှင် ကျွန်တော် အရမ်းပျော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





။

"သူငယ်ချင်း . .
မင်း တာဝန်ကျေပါတယ်။
ငါ့ကို ထားခဲ့တော့၊
မင်း အသက်သာ
လွတ်အောင်ပြေးတဲ့၊ ကျုပ်သေ
စိတ်မကောင်းလိုက်တာ။
အမှန်က စောဒီဆိုးက
အသက်မရှိတော့ဘူး"

သူနေသည့် ဘိုကလေးမြို့ အောက်ဘက် စက်ဆန်း(စက်စု) ဆိုတဲ့ ရွာကနေ တစ်ပတ်တစ်ခါ၊ နှစ်ခါလာရသည့် အကြောင်းက သူ့ အိမ်က ကုန်စုံဆိုင်အတွက် ရောင်းချစရာပစ္စည်းတွေ လာ,လာဝယ်တာပါ။

သူ လာရင် ကျွန်တော် အရမ်းပျော်သည်။ တစ်နေ့လုံးမှ မုန့်ဖိုး တစ်မတ်ရတဲ့ ကျွန်တော်ဟာ ရုပ်ရှင်လည်း ပြား (၅၀)တန်းက ကြည့်ရ သည်။ မုန့်ဖိုးလည်း လေး၊ ငါးကျပ် အမြဲရနေကြမို့ကျွန်တော် ပျော်တာပါ။ ဒါကြောင့်မို့ သူ့ကိုပဲ ကျွန်တော် မျှော်နေတတ်သည်။

တစ်ရက် သူ ရောက်လာရင်း ကျောင်းပိတ်ရက်နှင့် ကြုံတော့-

"မောင်တင်ဝင်း . . ရွာကို အလည်လိုက်ခဲ့ပါလားကွ"

"လိုက်တော့ . . လိုက်ချင်တယ်။ အဖေနဲ့အမေက ထည့်ပါ့ မလား"

"ငါ . . ပြောပေးပါ့မယ်ကွာ"

အဖေနဲ့အမေကလည်း ကိုသိန်းအောင်က ကျွန်တော့်ကို ညီ အစ်ကို အရင်းလို ချစ်မှန်းသိတော့ နှစ်ခါ မပြောရပါဘူး။ ကျွန်တော့်ကို စက်ဆန်း (စက်စု)ရွာကို အလည် ထည့်လိုက်တယ်။ ဒီလိုနဲ့ ရွာရောက်





တော့ အတွေ့ အကြုံ မရှိတဲ့ ကျွန်တော်ဟာ ချောင်းထဲ ရေဆင်းကူး လိုက်၊ လှေစီးလိုက်၊ ပုစွန်ဖောင်တွေပေါ် တက်ဆော့လိုက်နဲ့ ပျော်နေ ပါသည်။

ကျွန်တော့် အစ်ကိုက ကုန်စုံဆိုင်ရောင်းသည့်အပြင် ပျားရည် လည်း အရောင်းအဝယ် လုပ်ပါသည်။ စက်ဆန်းရွာ မရောက်မီ မိန်းမလှ ကျွန်းဆိုတာ ရှိပါသည်။ အလွန်နက်သော တောကြီး(ယခင်က) ဖြစ် ပါသည်။ ရေငုံပိုင်ဦးရှင်ကြီး ရုပ်ထုရှိသော တောကြီးဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်ငယ်ကတော့ ထိုမိန်းမလှကျွန်းကြီးကို အဝေးကကြည့်လိုက်လျှင် လမု၊ မဒမ၊ ကနစိုတောကြီးဟာ ကော်ဇော အခင်းကြီး ခင်းထားသလို တညီတညာတည်း ဖြစ်ပါသည်။ အခုတော့ သစ်ပင်များ ကျိုးတို့ကျဲတဲ၊ ကွက်တိကွက်ကျား၊ ထင်းခုတ်သူတွေ၊ မီး သွေးဖုတ်သူတွေ များသောကြောင့် သစ်တောလည်း ဒဏ်မခံနိုင်တော့ တာန်တူပါသည်။

အဲဒီတောထဲက မဒမပင်တွေမှာ ပျားအုံတွေ အများအပြား စွဲ ပါသည်။ ဒန်အိုးဖုံး အရွယ်လောက်ကနေ ထမင်းစားပွဲ အရွယ်လောက် အထိ ပျားအုံများ ရှိတတ်ပါသည်။ ထိုပျားအုံများကို ပျားဖွတ်သမားများ က ဖွတ်ကာ ပျားရည်များကို ကျွန်တော့်အစ်ကို ကိုသိန်းအောင်က ဝယ်ယူ၍ မြို့ပေါ်တွင် တဆင့်ပြန်ရောင်းခြင်း ဖြစ်ပါသည်။

အဲဒီအခါက ပျားရည်တစ်ပုံးမှ (၄)ကျပ်သာ ပေးရသည်။ ကျွန်တော့် အစ်ကိုအိမ်တွင် ပျားဖွတ်သမားများက ပျားရည်လာသွင်း သောအခါ ကျွန်တော့်ကို ထိပ်ပုတ်၊ ခေါင်းပုတ်နှင့် စကြ၊ နောက်ကြ သည်။ ပျားဖွတ်သမားများသည် များသောအားဖြင့် ကရင်လူမျိုးများ သာ များသည်။

ထို ပျားဖွတ်သမားများထဲတွင် ကရင်အဘိုးကြီး စောရိုမ်းတာ ကျွန်တော့်ကို အင်မတန်ခင်သည်။ သူ ပျားရည်လာသွင်းလျှင် ဆတ်သား ခြောက်များ၊ လိပ်ဥများ ကျွန်တော့်ကို လက်ဆောင်ပေးတတ်သည်။ သူ တစ်ကြိမ် ပျားရည်လာသွင်းလျှင် လေးထောင့်ပုံး (၂၊ ၃)ပုံးခန့် ပါလာ တတ်သည်။ သူ ပျားရည်ဖိုးရလျှင် ကျွန်တော့်ကို ခေါ်ကာ ရွာလယ်တ



www.burmeseclassic.com

www.burmeseclassic.com



အကြော်ဆိုင်တွင် အကြော်ဝယ်ကျွေးတတ်သေးသည်။

တစ်ခါတစ်လေလည်း ကိုသိန်းအောင်နှင့်ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း လေကန်နေတတ်သည်။ ထိုသို့လေကန်ရင်း ကိုသိန်းအောင်အား စောကျိမ်းပြောပြနေသော အကြောင်းများသည် ကျွန်တော် ဘေးမှထိုင်နားထောင်နေရင်း ကျွန်တော့်အတွက် ထူးဆန်းအံ့ဩဖွယ်ရာများ ဖြစ်နေသောကြောင့် ကျွန်တော် စာရေးတတ်သည့်အရှိန်ထိ မမေ့နိုင်သော အဖြစ်အပျက်များဖြစ်၍ လွန်ခဲ့သော နှစ်(၅၀)ကျော်က အဖြစ်အပျက်များကို ပြန်လည်ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

❖

"ကျုပ်တို့ . . ပျားဖွတ်တဲ့လူတွေမှာ ပျားဖွတ်တဲ့ဓလေ့ တစ်ခုရှိတယ်ဗျ။ မိန်းမလှကျွန်းဆိုတဲ့ တောက . . အကျယ်ကြီးဆိုတော့ ကနစိုပင်၊ မဒမပင်တွေမှာ အုံဖွဲ့လေ့ရှိတဲ့ ပျားအုံတွေက တောထဲမှာ အများကြီးပေါ့ဗျာ။ ကျုပ်တို့ . . ပျားဖွတ်သမားတွေက ဖွတ်တဲ့ရာသီမရောက်ခင် ကြိုပြီးတော့ ဘယ်နေရာ၊ ဘယ်အပင်တွေမှာ အုံဖွဲ့တယ်ဆိုတာ အရင်လေ့လာရတယ်"

"သူ့ အုပ်စုနဲ့သူ တောထဲမှာ ပျားအုံရှာကြရင်း . . ကိုယ်တွေ့တဲ့ အပင်ကို ဓားနဲ့ထစ်ပြီး အမှတ်အသား လုပ်ထားရတယ်။ ဆိုလိုတာက ဒီအပင်ကို ငါတွေ့ပြီးပြီ . . တခြားလူ လာမဖွတ်နဲ့တော့လို့ . . ပြောတာနဲ့ အတူတူပဲ။ ဒါဆိုရင် နောက်မှလာတဲ့လူက အဲဒီ အမှတ်အသားကို တွေ့ရင် လာမဖွတ်တော့ဘူး . . အဲဒီ ဓလေ့တစ်ခုတော့ ရှိတယ်"

"မသိအောင် ခိုးပြီးဖွတ်တာတို့ . . ဘာတို့လည်း မရှိဘူး။ သစ္စာလည်း ရှိကြတယ်။ အဲဒီလိုပဲ ပျားဖွတ်ထွက်ကြရင်လည်း တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိကြတဲ့ အဖော်တွေနဲ့ တွဲလေ့တွဲထရှိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျားရည်ဟာ အရသာ ရှိသလောက် ပျားဖွတ်ရတာ အင်မတန် အန္တရာယ်များလို့ပါပဲ"

"ကျုပ်တို့ . . လုပ်ဖော်ကိုင်ဖက်တွေ တော်တော်များများ







အသက်ဆုံးပါးခဲ့ရတယ်။ တချို့ဆိုလျှင် ကျားဆွဲခံရလို့၊ ဝံကုတ်ခံရလို့၊ ပျားဖွတ်ရင်း အပင်ပေါ်က လိမ့်ကျပြီး သေကြရတယ်။ ကျုပ်နဲ့ အင်မတန် ရင်းနှီးတဲ့ အမာရွာက စောလယ်ရှူး ဆိုရင် ပျားဖွတ်သွားမယ်ဆိုပြီး ထွက်သွားလိုက်တာ သုံး၊ လေးရက်လည်း ပေါ်မလာ၊ တစ်ပတ်ကြာလည်း ပေါ်မလာ၊ ဆယ့်လေးငါးရက်လောက်ကြာတော့ လူစုပြီး လိုက်ရှာတော့ စောလယ်ရှူးရဲ့ မြင်မကောင်းအောင် ပုပ်ပွနေတဲ့အလောင်းပဲ ပြန်ရတော့တယ်"

"စောလယ်ရှူးက အပင်ပေါ်တက် ပျားဖွတ်ရင်း အပင်ပေါ်က အောက်ကို ပြုတ်ကျပြီး သေနေတာ။ ပြုတ်ကျပြီးအောက်က မဒမငုတ်ကလည်း ထိုးထားသေးတယ်။ ဒီလို အန္တရာယ်များတော့ ပျားဖွတ်ကြရင် သစ္စာအရှိဆုံးမိတ်ဆွေနဲ့ အဖော်လုပ်ပြီး သွားကြရတယ်။ တစ်ယောက်ယောက်၊ တစ်ခုခု ဖြစ်ရင်ပါလာတဲ့ အဖော်က အိမ်အရောက် ပြန်ပို့၊ သူ့မိသားစုလက်ထဲကို အပ်ရတာ အစဉ်အလာ တစ်ခုပဲ"

"ကျုပ် အတွေ့အကြုံအရ လွန်ခဲ့တဲ့ (၃)နှစ်လောက်က မမေ့နိုင်တဲ့ အတွေ့အကြုံတစ်ခု ကြုံခဲ့ရတယ်။ အဖြစ်က ဒီလိုပါ။ ပျားဖွတ်ရာသီရောက်တော့ ကျုပ်ရယ်၊ ကျုပ်ရဲ့ သစ္စာအရှိဆုံးမိတ်ဆွေ စောဒိုဆိုးတို့နှစ်ယောက် မိန်းမလှကျွန်းတောကြီးထဲကို ကရိယာ အစုံအလင်၊ ရိက္ခာအစုံအလင်နဲ့ ထွက်ခဲ့ကြတယ်"

"ကျုပ်တို့ မှတ်ထားတဲ့အပင်တွေကိုရှာရင်း မိုးချုပ်သွားကြလို့ တောသရက်ပင်ကြီး တစ်ပင်ပေါ်မှာ လင့်ထိုးပြီး အိပ်ကြမယ်ဆိုတဲ့ စိတ်ကူးနဲ့ သစ်ပင်၊ ဝါးပင်တွေခုတ်ပြီး လင့်ထိုးကြတယ်။ လင့်ထိုးနေရင်း အောက်ကနေ ဟင်းမျိုး ကျားတစ်ကောင်က တဝေါင်းဝေါင်းနဲ့ လာဟိန်းနေတယ်။ လင့်က မြင့်လို့ တော်သေးတာပေါ့ . .



www.burmeseclassic.com

www.burmeseclassic.com





"နို့မို့ရင် လင့်ကို ခုန်ပြီး ဆွဲတတ်ကြတယ်။ တစ်ညလုံးလည်း ကောင်းကောင်း မအိပ်ရပါဘူး။ ကျားက တစ်ညလုံး အောက်ကနေ လာချောင်းနေတယ်။ မိုးလင်းတော့ ကျားအရိပ်အခြေ မတွေ့တာနဲ့ ကျုပ်တို့ နှစ်ယောက် လင့်အောက်ကို ဆင်းလာကြတယ်။ မှတ်ထားတဲ့ အပင်တွေလိုက်ရှာကြရင်း တစ်နေရာရောက်တော့ ဆန်ကောပိုင်းလောက်ရှိတဲ့ ပျားအုံကြီးစွဲနေတဲ့ အပင်တစ်ပင် တွေ့တယ်"

"အဲဒီအပင်က ကျုပ်တို့လည်း မမှတ်ရသေးဘူး။ ဘယ်သူမှလည်း မတွေ့ရသေးတဲ့ အပင်ဖြစ်နေတယ်။ အဲဒါနဲ့ ကျုပ်တို့လည်း ဖွတ်ကြဖို့ပြင်ဆင်ကြတာပေါ့။ ကျုပ်က အရင် အပင်ပေါ်တက်နေတဲ့ အချိန်မှာ အောက်က တက်လိုက်ဖို့ စောဒိုဆိုးက ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာ ဘယ်အချိန်က ချောင်းနေမှန်းမသိတဲ့ ကျားက စောဒိုဆိုးကို ဝင်ဆွဲပါလေရော"

"ကျုပ်က အောက်က အဖြစ်အပျက်ကို အပင်ပေါ်ကနေ အတိုင်းသား မြင်နေရတယ်။ ကျားက လက်ဦးသွားလို့ စောဒိုဆိုး လည်ပင်းခဲနေတုန်း ကျုပ်ဟာ .. ကျုပ် သူငယ်ချင်းကိုကယ်ဖို့ အပင်ပေါ်ကနေ အော်လည်း အော်ရင်း .. ကမန်းကတန်း ဆင်းလာခဲ့တယ်"

"သွေးနံ့ရပြီးတဲ့ ကျားဟာ ကျုပ်ကို လှည့်မကြည့်ဘူး။ စောဒိုဆိုးကိုပဲ မလွှတ်တမ်း ခဲထားတယ်။ ကျုပ်က အသွားရှည်လှံနဲ့ ကျားကို ထိုးတာတောင် ကျားက စောဒိုဆိုးကို မလွှတ်ဘူး။ လှံက ကျားဆီမှာ စိုက်နေတော့ ထင်းခုတ်ဓားနဲ့ ဝင်ခုတ်ပြီး သူငယ်ချင်းကို ဝင်လုရတယ်။ ကျားက ဒဏ်ရာရလို့ .. လှံတန်းလန်းနဲ့ တောထဲဝင်ပြေးမှပဲ စောဒိုဆိုးကို ရတော့တယ်"







"ဒါပေမယ့် စောဒိုဆိုးက တံဆိုးသွားရှာတယ်။ လည်ပင်းကလည်း ပေါင်းလောင်းပေါက်ကြီး၊ ဗိုက်ကလည်း ကျားကုတ်ထားလို့ ပွင့်နေပြီး အူတွေထွက်နေတယ်။ ဒဏ်ရာတွေကသွေးတွေဒလဟော၊ ကျုပ်တပါလာတဲ့လုံချည်ဟောင်းတွေနဲ့ ဒဏ်ရာတွေကိုပတ်ပြီး စောဒိုဆိုးကို ထမ်းလာခဲ့တယ်။ တောထဲက မဒမငုတ်၊ လမုငုတ်တွေကို မကြည့်အားဘူး။ ကျုပ် ခြေထောက်တွေလည်း ပေါက်ပြဲ၊ စုတ်ပြတ်လို့။ ကျုပ်ဟာ စောဒိုဆိုးကိုထမ်းပြီး လှေဆိပ်ကို ထွက်ပြေးလာခဲ့တယ်"

"ဘာပဲဖြစ်ဖြစ် အန္တရာယ်နဲ့ကြုံရင် လူကိုတော့ အရယူပြီး သူ့ မိသားစုရှိရာကို ပို့ပေးရမှာက .. ကျုပ်တို့ရဲ့ သစ္စာရှိမှုပဲ။ ဒါပေမယ့် ကျုပ် သိတယ်။ ဒဏ်ရာရနေတဲ့ (ဟင်းမျိုး)ကျားဟာ ကျုပ်တို့နောက်ကို နာကျည်းချက်နဲ့ လိုက်နေဦးမယ်ဆိုတာ ကျုပ် သဘောပေါက်ပြီးသား။ ထင်တဲ့အတိုင်းပဲ (ဟင်းမျိုး)ကျားက ကျုပ်တို့နောက်ကနေ လိုက်လာနေတယ်"

"လွတ်လမ်း တစ်နေရာရှိတယ်ဆိုတာ ကျုပ် တွေးမိတယ်။ လမ်းမှာ ချောင်းကလေးတစ်ခုကို ဖြတ်ရမယ်။ ချောင်းက ဝါးပိုးဝါး တစ်လုံးကို အောက်ကနေ တိုင်တွေထောက်ထားပြီး တစ်ဘက်ကို ကူးရတဲ့ ဝါးတံတားလေး။ ဒါပေမယ့် လူဖြတ်သလို (ဟင်းမျိုး)ကျားကလည်း လိုက်ဖြတ်နိုင်တယ်။ ဒါကြောင့်မို့ တံတားထိပ်ကို ရောက်တာနဲ့ စောဒိုဆိုးကို ပုခုံးပေါ်ကချပြီး မီးတုတ်တစ်ခုကို မီးရှို့လိုက်တယ်"

"မီးရှို့ပြီး အနား ပတ်ဝန်းကျင်က သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်တွေကိုပါ ထည့်ပြီး မီးပုံရှို့လိုက်တယ်။ ပြီးတာနဲ့ စောဒိုဆိုးကို ထမ်းပြီး ဝါးတံတားပေါ်က ဖြတ်လျှောက်လာခဲ့တယ်။ စောဒို



www.burmeseclassic.com

www.burmeseclassic.com





ဆိုးဆိုးက ကျတဲ့သေွးတွေကတော့ ကျုပ် တစ်ကိုယ်လုံး ရွှဲနေတာပဲ။ တစ်ဘက်ထိပ်ရောက်တော့ စောဒိုဆိုးကို ချပြီး ဟိုဘက်ကမ်းကို လှမ်းကြည့်လိုက်တဲ့ အချိန်မှာ (ဟင်းမျိုး)ကျားဟာ မီးရှုံကို လက်နဲ့ ပုတ်ပြီး ဖျက်နေတယ်။ တော်တော်တောင် ပျက်နေပြီ"

"အဲဒီအချိန်မှာ အသက်မရှိတော့တဲ့စောဒိုဆိုးဟာ မျက်ဖြူကြီး လန်ပြီး ကျုပ်ကိုစကားပြောတယ်။ သူ့ အသံကြားရတာ ကျုပ်ကြက်သီး တဖြန်းဖြန်း ထသွားတယ်။ သူက ဘာပြောသလဲဆိုတော့ -

"သူငယ်ချင်း . . မင်း တာဝန်ကျေပါတယ်။ ငါ့ကို ထားခဲ့တော့ မင်း အသက်သာ လွတ်အောင်ပြေးတဲ့၊ ကျုပ်လေ စိတ်မကောင်းလိုက်တာ။ အမှန်က စောဒိုဆိုးက အသက်မရှိတော့ဘူး။ ကျုပ်အဖြစ်ကို တွေ့နေရတဲ့ ဝိညာဉ်က သူ့ကိုယ်ထဲကို ဝင်ပူးပြီး ပြောနေတာ၊ ကျုပ်က သတ္တိရှိတယ်။ ကျုပ်လည်း ကျုပ်တို့ရဲ့ အစဉ်အလာကို အပျက်မခံနိုင်ဘူး။ ဂုဏ်သိက္ခာလည်း အကျ မခံနိုင်ဘူး။ ဒါကြောင့်မို့ ကျုပ်က . ."

"သူငယ်ချင်း . . မင်းကို မင်း မိသားစုဆီ အရောက်ပို့ပေးမယ်။ ငါ့မှာ တာဝန်ရှိတယ်၊ ငါ့ သိက္ခာ အကျမခံနိုင်ဘူးကွ"

လို့ ပြန်ပြောလိုက်တယ်။

"ကျုပ် အသိတစ်ခုထဲမှာ လွတ်လမ်းတစ်လမ်း ရှိသေးတယ်ဆိုတာ ကျုပ်တွေးမိထားတော့ အချိန်မဆိုင်းဘဲ ဝါးတံတားကို ဓားနဲ့ ခုတ်ချပစ်လိုက်တယ်။ ဝါးတံတားက ပျက်ပြီး ရေထဲကို ကျသွားချိန်မှာ (ဟင်းမျိုး)ကျားကြီးက မီးပုံကိုဖျက်ပြီး တံတားပေါ်တောင် လှမ်းတက်နေပြီ"





"ကျုပ် အကြံအောင်သွားတယ်။ တံတားပျက်သွားလို့(ဟင်းမျိုး)ကျားက ဒီဘက်ကမ်းကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး တဟိန်းဟိန်း ဟောက်နေတယ်။ ကျုပ်လည်း နောက်ကို လှည့်မကြည့်တော့ဘူး။ ကျုပ် သူငယ်ချင်းကို အရထမ်းပြီး လှေဆိပ်ကို ပြေးခဲ့ရတာပေါ့ဗျာ"

"ကျုပ် တာဝန်ကျေပါတယ် . . စောဒိုဆိုး အလောင်းကို သူ့ မိသားစု လက်ထဲကိုအရောက် ထည့်နိုင်ခဲ့တယ်။ ဒါပေမယ့် စောဒိုဆိုးဟာ မကျွတ်မလွတ်တဲ့ဘဝကို ရောက်နေတယ်နဲ့တူပါတယ်"

"အသုဘ ရက်မလည်ခင်မှာ သူ့ သမီးတစ်ယောက်ကို ဝင်ပူးပြီး ပြောတယ်။ ကျုပ်တာဝန်ကျေတဲ့အကြောင်း . . ကျုပ်လို မိတ်ဆွေကောင်း ရှားပါတယ်ဆိုတဲ့ အကြောင်းနဲ့ ကျန်ရစ်တဲ့ သူ့ မိသားစုကို စောင့်ရှောက်ဖို့ ကျုပ်ကိုအပ်ပါတယ်ဆိုပြီး ငိုပြီးပြောတယ်"

ဖျားဖွတ်သမားကြီး စောဂျိမ်းပြောတဲ့ ကိုယ်တွေ့အဖြစ်အပျက်ကို ကျွန်တော် ဘေးက ထိုင်နားထောင်ခဲ့ရတာ လွန်ခဲ့တဲ့ အနှစ် (၅၀) ကျော်လောက်ကပါ။ ခေါင်းထဲမှာ စွဲနေတဲ့ အကြောင်းကလေးကို အခုလို အရေးတတ်မှ မှတ်မိသရွေ့ စာရေးပြရတာပါ။

မောင်မြင့်မား ( ဗိုလ်ကလေး )

❑

www.burmeseclassic.com

www.burmeseclassic.com





# မျောက်နှင့်တူသောလူ

## (လူမျောက်)

မောင်လေးအောင် (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com





။

ခွေးကလေး အရောင်၊
ဖင်တက် ခေါင်းတက်ဆိုသလို၊
မျောက်ကြီးကို အနေချောင်ချင်လို့
အရောဝင်လာမိသည်နှင့်
မျောက်ကြီးသည်
ကာမ အဆိပ်ဆူး ယစ်မူးပြီး
ဘီလူးသဘက် ပူးသလို၊ ပန်းအရာ
ဖူးဖူးလေးကိုမှ ပက်ပက်စက်စက်..

နွေမ .. ဟုတ်သည်၊ နွေမရယ်ပါ။ ရာသီက နွေ . . နွေရာသီ၏ပူ အိုက်တာ လွန်ပါရော။ အပြင်မှာလည်း ပူသည်။ နွေမရင်ထဲမှာလည်း ပူသည်။ နေပူသည်ထက် ဆထက်ကဲပြီး ဆယ်ဆသာအောင် နွေမရင်ထဲမှာ ပူလောင်နေသည်လေ။

အော် .. နွေမဘဝက အကျည်းတန် အရုပ်ဆိုးလွန်းလှပါသည်။ အဖြစ်က အများနှင့်မတူ၊ တမူထူးပြီး အဖြစ်ဆိုးနှင့် ကြုံခဲ့ရသောကြောင့် အခုတော့ နွေမဘဝ၊ ဘဝဆိုးကြီးနှင့် ဆုံခဲ့ရပြီပေါ့။ ကံမကောင်းလို့ ကံဆိုးလို့ပဲလို့ .. ကံကိုပဲ ပုံချရမလို ဖြစ်နေပါပြီကော။

ရင်ထုမနာ ဖြစ်မိခြင်း၊ နာကျည်းခြင်း၊ ဒေါသဖြင့် ပေါက်ကွဲခြင်း ဝမ်းနည်းကြေကွဲမိခြင်း၊ စက်ဆုပ်ရွံရှာမိခြင်း၊ ပူဆွေးသောက ဗျာပါဒ တောက်လောင်မိခြင်း စသည် စသည် ဝေဒနာတွေကို ရင်မှာ မခံစားနိုင် လောက်အောင် တစ်ပွေ့တစ်ပိုက်ကြီးဖြင့် သေရွာအထိ ယူသွားမည့်သူက နွေမရယ်ပါလေ။

သဘာဝတရားအရ သဘာဝကျကျ နွေမ ဘဝပျက်ခဲ့ရသည် ဆိုပါလျှင် နွေမ ခံနိုင်ရည်စွမ်း ရှိပါသေးသည်။ ခုတော့လေ .. ခုတော့ နွေမ ဘဝက သဘာဝမကျ၊ မလှမပဘဲ ကာမကို ပေးဆပ်လိုက်ရလို့ နွေမ ဘဝ





ပျက်ခဲ့ရတာပါ။

အို .. နွေမ ရူးသွားရင် ကောင်းမယ်၊ သွက်သွက်ခါအောင် ရူးလေ ကောင်းလေပဲပေါ့။ ဘာဆိုဘာမှ မသိရတော့ မခံစားရတော့ဘူးလေ။

ခုတော့လည်း မရူးရုံတမယ် ကျန်ခဲ့တဲ့ နွေမဘဝက ပျက်ရည်ကို အဖော်ပြုပြီး ပူဆွေးသောက ဗျာပါဒတွေ ရင်နှင့်မဆံ့အောင် ခံစားနေရပါ ပြီကော။

အင်း .. သေလိုက်တာကမှ ကောင်းပါသေးတယ်၊ ခုတော့လေ . . အသေခင် နွေမ ခံစားနေရသည့် ခံစားချက်တွေက မီးတောက်၊ မီးလျှံလို ငြိုးနေလေတော့ မခံစားနိုင်အောင်ပါပဲ။ ခံစားချက်ရယ်က ပြင်းလွန်းပါ သီတော့။

တစ်ချိန်တုန်းကတော့ နွေမက မိဘနှစ်ပါးကို လုပ်ကျွေးသူ ဖြစ်ခဲ့တာပေါ့။ ရွာက ဒေအးမ၊ ခွေးလှနဲ့ မိတုတ်၊ မိသေး၊ မိစွာတို့နဲ့အတူ ပဲရူးရိုးမ ဘာထဲဝင်ပြီး ထင်းခွေ၊ ထင်းခုတ်၊ မိုနှုတ်၊ မျှစ်ချိုး၊ ပန်းရှူး စသည့် အလုပ် တွေကို လုပ်ခဲ့တာပေါ့လေ။

ဒါတင် ဘယ်ဟုတ်ပါ့မလဲ။ အိမ်မှုကိစ္စဖြစ်သည့် ချက်ခြင်း၊ ပြုတ် ခြင်း၊ လျှော်ခြင်း၊ ဖွတ်ခြင်း၊ ထင်းခွဲ၊ ရေခပ် စသည့် အလုပ်တွေကို မနား တမ်း ဖယ်ဆက်သလို လုပ်ခဲ့ရသူပါ။ ဒါကြောင့်လည်း တစ်ဦးတည်းသော သမီး၊ သည်ကျေးအလိမ္မာလေး မိနွေကို မြို့မလောက် ချစ်ခဲ့ကြတာပါ။

ခုတော့လည်း နွေမသည် အလုပ်တွေကို မလုပ်နိုင်တော့ဘူး။ ဘာအလုပ်မှလည်း မလုပ်နိုင်တော့ဘူးလေ။ ဘာကြောင့်လဲ သိလား ..၊ နွေမှာ ကိုယ်ဝန် အရင့်အမာကြီးနဲ့မို့ပါ။ အစက နွေမ ကိုယ်ဝန်ရတာကို သိရှင်း ဖျက်ချပါသေးတယ်။ အကြောင်းတရားက ပါလာတော့ ဘယ် လိုဖျက်ဖျက် မပျက်ခဲ့ဘူးပေါ့။

ကိုးလလွယ်လို့ ဆယ်လဖွားရတော့မည့်အချိန်ဖတောင် နီးနေပါ ပြီ။ နွေမကိုယ်ဝန်က ကြားလို့မှမတော်၊ နားနဲ့ မနာသင့်တာကြောင့် ဖေါ် ပြာမှ သင့်မယ့်ကိစ္စပါ။ သဘာဝကျကျ၊ လူနှင့်လူ၊ လှလှပပ ပေါင်းဖက်၍ ရသည့် ကိုယ်ဝန်ဆို မပြောလိုပါဘူး။ ဟစ်တိုင်ကပဲ တက် ဟစ်ဟစ်၊ အကြောင်းလား။

www.burmeseclassic.com



နွေမအဖြစ်က သည်သို့ မဟုတ်ချေ။ မကြားဘူးတာကို ကြား ဖူးအောင် ပြောလိုက်ပါရစေတော့။ မယုံရင်လည်း ပုံပြင်လို့သာ မှတ်လိုက် ပါတော့။ အများက ပုံပြင်ပါလို့ မှတ်ယူခဲ့ရင်တောင် နွေမ ဖြေသာပါသေး တယ်။ အခုတော့ . . အခုတော့ . .

နွေမအဖြစ်က ဆန်းသည်၊ ကြမ်းသည်၊ အဖြစ်ကြမ်းခဲ့လို့လည်း နွေမဘဝ ကြမ်းခဲ့ရတာပေါ့။ အဆန်းတကြယ်မို့ အလွမ်းသယ်ပြီးတော့ ပြောနေတာတော့ မဟုတ်ပါဘူး။ ပုံပြင် မဟုတ်ပါ။ ဒဏ္ဍာရီ မဟုတ်ပါ။ တကယ်ဖြစ်ခဲ့သည့် ဖြစ်ရပ်အမှန်ပါ။ မှတ်တမ်းတင် ကျန်တာမျိုးတော့ နွေမ မလိုလားဘူး။ ဘာကြောင့်လဲဆိုတော့ လူနှင့်လူ မဟုတ်ဘူးလေ။

လူနှင့် တိရစ္ဆာန်၊ ဘယ်အကြောင်းကံက ဖန်လာသည် မသိ တွေ့မှ တွေ့ရ၊ ကြုံမှ ကြုံရ၊ ဆုံမှ ဆုံရတာတတ်ပါတယ်။ ဒါကြောင့်လည်း နွေမ သောကတွေ ပွားခဲ့ရတာပေါ့။ လူလေး မွေးမှာလား၊ တိရစ္ဆာန်ပဲ မွေးမှာလား နဲ့ လားပေါင်းများစွာ ရင်ထဲမှာ သောကပွားပြီးရင်း ပွားရင်းနှင့် နေလာရသူ က နွေမမှ နွေမတစ်ယောက်ထဲရယ်ပါလေ။

❖

ဟိုတစ်ချိန်တုန်းကတော့ သည်ရွာမှာ နွေမက အချောဆုံး အလှဆုံးပေါ့။ အလှူပွဲတွေမှာဆိုရင် နွေမက ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်လေ။ မင်္ဂလာပွဲဆိုပြန်ရင် နွေမက သတို့သမီး အရံ အချောဆုံး၊ အလှဆုံးဖြစ်လို့လည်း ပိုးပန်းကြတဲ့ ကာလသားတွေက များ များ၊ အများကြီးပါပဲ။

သည်အထဲကမှ သဲကိုကို,ကို နွေမ ချစ်ခဲ့မိတယ်လေ . . နှစ်ယောက်သား အချစ်ကြီး ချစ်ခဲ့ကြပါတယ်။ နွေမတို့၊ သဲကိုကိုတို့ နေကြသည့် ရွာသည် ပဲခူးရိုးမတောင်ခြေနှင့် မနီးမဝေးလေးမှာပါ။

ချစ်သူနှစ်ဦး မျက်နှာချင်းဆိုင် အပြုံးခြင်းပြိုင်လို့ စကားတွေ လှိုင်နေအောင် ပြောကြသည့်နေရာသည် သည်တောင်ခြေရင်း၏ အထ အထဲ နည်းနည်းလေးဝင်မိလျှင် တော၏အစပ်၊ သည်နေရာတွင် ထူးထူး ခြားခြား ကျွန်းပင်ကြီးကြီး၊ သစ်ပင်ထီးထီး ရှိ၏ ။





သီးခြား ထီးထီးကြီးရှိနေသော ကျွန်းပင်ကြီးကြီး၏အောက် တွင် နွေမတို့ချစ်သူနှစ်ဦး ချိန်းတွေ့ကြသည့်နေရာလေ။ ညအခါ၊ လ သာသာ ညတွေမှာ ချိန်းတွေ့နေကြပေါ့။ နွေမတို့ နေထိုင်သော ရွာလေး သည် ပဲခူးရိုးမတောင်ခြေနှင့် နီးတာကြောင့် ည,ည ညဉ့်နက်ပိုင်းရောက် လျှင် တောနက်ကြီးအတွင်းမှ ဆင်အော်သံ၊ မျောက်အော်သံ၊ ကျား ဟိန်းသံ စသည် . . စသည် တောရိုင်းတိရစ္ဆာန်တို့၏ အော်မြည်သံတို့ကို အတိုင်းသား ကြားနေရပါပြီကော။

တစ်ခါတရံ ဆယ်ခါရံမှ တစ်ခါရယ်ပါ။ တောနက်ကြီးအတွင်းမှ တောရိုင်းတိရစ္ဆာန် တစ်ကောင်ကောင်သည် တော၏အစပ် တောင်ခြေ ရောက်အောင် ထွက်လာတတ်သည်ကို မြင်ဖူးသူ၊ ကြုံဖူးသူ၊ ဆုံဖူးသူ ရှိ ကြသည်။ ဖြစ်တော့ဖြစ်သည်၊ ဖြစ်ခဲလွန်းသည်။

ခြော် . . နွေမနှင့် သဲကိုကိုတို့ ချစ်သူနှစ်ဦး၏ ချစ်သက်တမ်း သည်ပင် တစ်နှစ်ကြီးများတောင် ကျော်ခဲ့ပြီပဲ။

❖

သည် . . ည။ လပြည့်ညပေါ့။

ဖိုးလမင်းကြီးက ထိန်ထိန်သာနေတယ်လေ။

လမင်းကြီး၏ အလင်းရောင်သည် ကျွန်းပင်ကြီး၏ အောက်တွင် ရှိနေသော နွေမတို့ချစ်သူနှစ်ဦးကို အလင်းဆောင်ပေးနေသလိုပါပဲ။ တစ်နည်းအားဖြင့် မီးမောင်း၊ မီးဆလိုက်ကြီး ထိုးပေးနေသလိုပဲပေါ့။

သည်လပြည့်ညသည် အရင့်အရင် လပြည့်ညများနှင့် မတူ၊ သာမှ ထူးနေသလိုပါပဲ။ အချိန်သည် ကုန်လွယ်သည်ဟု ထင်ရသည်။ ညဉ့် သည် နက်သည်ထက် နက်လာသည်။

ည . . သန်းခေါင်ယံ တိုင်ခဲ့ပြီ။ စကားပြော၍ မဝနိုင်၊ မခွဲနိုင်၊ မခွာ နိုင်ကြသော ချစ်သူနှစ်ဦးသည် လပြည့်ညတိုင်း ချိန်းတွေ့ နေကျ။ ချစ်သူ နှစ်ဦးသည် . . သည်တောင်ခြေ၊ သည်တောစပ်၏ အဝ၊ ကျွန်းပင်ကြီး အောက်သို့ ရောက်ရှိလာပြီဆိုမှဖြင့် နှစ်ဖက်သော မိဘ၊ ညီအစ်ကိုမောင် နှမများ အိပ်မောကျနေပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com





တစ်ရွာလုံးလည်း အိပ်မောကျကုန်ကြပြီပေါ့။ နွေမတို့ ချစ်သူ နှစ်ဦးသာလျှင် မအိပ်နိုင်ကြဘဲ သည်နေရာမှာ အချစ်ဇာတွေနှင့် နှစ်ခြောနေကြသည်။

ခုမှပဲ လူချင်းခွဲပြီး ပြန်ခါနီးဆဲဆဲ၊ နှစ်ဦးသား နှုတ်ဆက်စကား ဆိုနေချိန်မှာ တောနက်ကြီးအတွင်းမှ ဘယ်က ဘယ်လို ရောက်လာမှန်းမသိသော မျောက်ကြီး၊ မျောက်ထီးကြီးသည် နွေမနှင့် သဲကိုကိုတို့ ချစ်သူ နှစ်ဦး၏ အနီးသို့ ရောက်လာသည်။ နွေမနှင့် သဲကိုကိုတို့ နှစ်ယောက်သား၊ အကြောင်သား ဖြစ်သွားကြ၏ ။

အကြောက်ကြီး ကြောက်ပြီး ထိတ်ထိတ်လန့်လန့် ဖြစ်နေကြသည်။ နွေမသည် သဲကိုကို၏ ရင်ခွင်နားသို့ ကပ်နေမိသည်။ သဲကိုကိုကလည်း ချစ်သူနွေမကို တစ်တစ်ရစ်ရစ် ဖက်ထားလိုက်လေ၏ ။ သည်အချိန်တွင် မားမားမတ်မတ်ကြီး ရပ်နေသော မျောက်ကြီးသည် စက္ကန့်ပိုင်းအတွင်းမှာပင် သူ၏ လက်ကြမ်းကြီးဖြင့် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းပင် နွေမ၏လက်ကို ဆွဲဆောင့်လိုက်၏ ။

နွေမ မထင်မှတ်ဘဲ ခံလိုက်ရ၏ ။ မျောက်ကြီး၏ လက်ကြမ်းကြီးဖြင့် ဆောင့်ဆွဲခံရခြင်းကြောင့် နွေမ၏ကိုယ်သည် တစ်ဘက်သို့ ယိုင်၍သွားသည်။ သဲကိုကို၏ ရင်ခွင်မှ ကွာသွားသည်။ နွေမ အကြောက်ကြီးကြောက်နေသည်။ ယခုအချိန်ထိ မျောက်ကြီးသည် နွေမလက်ကို မလွှတ်သေး။ နွေမ၏လက် အတော့်ကို နာနေသည်။ ချစ်သူ သဲကိုကို ့ကိုကြည့်၍ နွေမ အော်လိုက်မိသည်။

"ကိုကိုရယ် . . နွေမကို ကယ်ပါဦး"

ဟု ငိုသံပါကြီးဖြင့် နွေမအော်၍ သဲကိုကို့ကို အကူအညီ တောင်းမိသည်။ အကူအညီ တောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ၊ ကိုယ့်





**နွေမသည် အော်ဟစ် ငိုယိုရင်း၊ ရုန်းကန်ရင်းဖြင့် မျောက်ကြီး ခေါ်ရာနောက်သို့ လိုက်ပါသွားရရှာသည် မြင်ကွင်းသည် လပြည့်ညတွင် အရုပ်ဆိုး၊ အကျည်းတန်လွန်းပါသီ။**

---

ရှေ့မှာပင် ကိုယ့်ချစ်သူကို ရန်မူနေသော ရန်သူမျောက်ကြီးကို အစိမ်းဝါးဝါး ပစ်လိုက်ချင်သည်။

ချက်ချင်းပင် အနီးဝန်းကျင်ကို ကြည့်လိုက်၏ ။ လက်နက်အဖြစ် အသုံးပြုရန် သစ်ကိုင်း၊ သစ်ခက်၊ ဝါးတို၊ ဝါးရှည်များ ရှိလေသလားဟု ဘာဆို ဘာမျှ မတွေ့ရ။ သစ်ရွက်များ ပြန့်ကျဲနေသည်ကလွဲ၍ အခြား ဘာဆို ဘာမျှ မရှိ။

သည်တော့လည်း သဲကိုကို ကိုယ့်အားကိုယ်ကိုးရတော့သည်။ ချက်ချင်းဆိုသလိုပင် မျောက်ကြီးကို ဝင်လုံးသည်။ လက်သီးဖြင့် မျောက်ကြီး၏ မျက်နှာကို အားရှိ ပါးရှိ ဆင့်ခါ၊ ဆင့်ခါ ထိုးသည်။ မျောက်ကြီး၏ အားကို ညာခြေဖြင့် အားကုန် ကန်ပစ်လိုက်၏ ။ မျောက်ကြီး အတော့်ကို နာသွားပုံရသည်။

အခုမှပင် မျောက်ကြီးသည် နွေမ၏လက်ကို လွှတ်လိုက်သည်။ လွှတ်လွှတ်ချင်းပင် နွေမ၊ သဲကိုကို၏ အနားသို့ ပြေး၍ ရပ်လိုက်မိသည်။ မျောက်ကြီးသည် သဲကိုကိုကို နာကျင်ခဲ ခဲပုံရသည်။ သူ၏ ခွန်အားဖြင့် အတင်းဝင်လုံးပြီး ကုတ်သည်၊ ဖွဲ့သည်။

မျောက်ကြီး၏တိုက်ကွက်သည် ကြမ်းလာသည်၊ ရမ်းလာသည်။ သဲကိုကို၏ ထိုးနက်ချက်သည် အားနည်းလာ၏ ။ ပျော့လာ၏ ။ မျောက်ကြီး၏တိုက်ကွက်ကို မထိုးဖောက်နိုင်ချေ။ သဲကိုကို၏ ခန္ဓာကိုယ်တွင် ကုတ်ရာ၊ ခြစ်ရာတို့ဖြင့် မြင်မကောင်း၊ သွေးအလူးလူး ဖြစ်၍ နေချေပြီ။

"ကယ်ကြပါဦး ရှင် .. ကယ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု နွေမ အသံကုန် ဟစ်အော်နေပါသော်လည်း အရှည်းနီးသား မည်သူမျှ မကြားနိုင်ချေ။ နောက်ဆုံးတွင် မျောက်ကြီးသည် သူ၏လက် ကြမ်းကြီးနှစ်ဘက်ဖြင့် အားရှိပါးရှိ သဲကိုကို၏ လည်မျိုကို ညှစ်ချလိုက်ပါ တော့သည်။

သဲကိုကိုသည် မျက်လုံးကြီး ပြူးထွက်ပြီး လျှာတစ်လစ်ဖြင့် ဇက် ကျိုးကျသွားပါတော့သည်။ သဲကိုကို သေပြီ။ မျောက်ကြီး လက်ချက်ဖြင့် သဲကိုကို သေရှာပြီလေ။

နွေမတစ်ယောက် အချစ်ကြီးချစ်ရသူ၊ သဲကိုကို၏အလောင်းကို ကြည့်ပြီး ရှုံးမဲ့ချ ငိုလိုက်မိပါသည်။ ချစ်သူ၏အလောင်းကို ကြည့်လို့မှ အားမရနိုင်သေး၊ ငိုလို့မဝသေးခင် ခဏလေးအတွင်းမှာပင် မျောက်ကြီး သည် သူ၏လက်ကြမ်းကြီးဖြင့် နွေမ၏လက်ကို ဆောင့်ဓါ ဆောင့်ဓါဆွဲပြီး မပါပါအောင် တောနက်ကြီးအတွင်းသို့ခေါ်ဆောင်သွားပါသည်။

နွေမသည် အော်ဟစ် ငိုယိုရင်း၊ ရုန်းကန်ရင်းဖြင့် မျောက်ကြီး ခေါ်ရာနောက်သို့ လိုက်ပါသွားရရှာသည့် မြင်ကွင်းသည် လပြည့်ညတွင် အရုပ်ဆိုး၊ အကျည်းတန်လွန်းပါဘိ။

❖

တောနက်ကြီး၏ အလယ်၊ အစွန်ဆုံးတစ်နေရာ၌ လူတစ်ဖက် တမျှ ရှိသော လွန်စွာမှကြီးမားသည့် ကျွန်းပင်ကြီး ကိုးပင် ဆယ်ပင်မျှသည် ပူးပူးကပ်ကပ် ရှိနေ၏ ။ ထို ကျွန်းပင်ကြီး၏အလယ်တွင်ရှိသော အမြင့် ဆုံးဟုထင်ရသော ကျွန်းပင်၏အလယ်လောက်တွင် (လင့်စင်) တစ်နည်း အားဖြင့် သစ်ခက်တဲကြီးကို ထိုးပြီး နွေမကို ထားသည်။

နွေမသည် မျောက်ကြီး၏ အခေါ် ခေါ်ဆောင်မှုကြောင့် ဤနေရာ အရောက်တွင် မျောက်ကြီးမှ . .

"ဂူး . . ဂူး . . ဂူး"

ဟု အသံကုန်အော်ပြီး အချက်ပေးလိုက်ဟန် တူပါသည်။ မျောက် ငယ်ငယ်၊ မျောက်ကြီးကြီး၊ မျောက်သေးသေး၊ အားလုံးသည် အကောင် အစိတ်သုံးဆယ်မျှ ရှိမည် ထင်၏ ။ တစ်စုတစ်ဝေးတည်း ရောက်ရှိလာကြ





သည်။

ဤမျောက်ကြီးသည် . . မျောက်ဘုရင်လား၊ မျောက်အုပ်စုမှ မျောက်ခေါင်းဆောင်လား ဆိုတာတော့ နွေမ မသိ။ သိစရာလည်း လိုမည် မထင်။ မျောက်ကြီးသည် အသံပြုပြီး ခြေဟန်၊ လက်ဟန်ပြလိုက်သည်နှင့် တောနက်ကြီးအတွင်းသို့ ဝင်သွားကြလေ၏ ။ မကြာသောအချိန်မှာပင် မျောက်အုပ်စု ပြန်ထွက်လာကြသည်။

ကြီးမား တုတ်ခိုင်သော သစ်ခက်ကြီးများကို မျောက်ကြီးကြီး များက ထမ်းပြီး ယူလာ၏ ။ အတန်အသင့်ရှိသော သစ်လက်များကို မျောက်ငယ်များက သယ်ဆောင်လာကြသည်။ သစ်ရွက်ကြီးကြီးများကို မျောက်သေးသေးလေးများ ယူလာကြခြင်း ဖြစ်သည်။

အနား မယူနိုင်၊ ချက်ချင်းဆိုသလိုပင် သည်မျောက်အုပ်စုက ပင် နွေမနေနိုင်ရန် သစ်ခက်တဲကြီးကို ထိုးပေးခဲ့ခြင်း ဖြစ်သည်။ ၎င်း သစ်ခက်တဲကြီးသည် ခိုင်ခံ့၏ ။ စေ့စေ့စပ်စပ် ပြုလုပ်ထားသောကြောင့် နေပျောက် မထိုးနိုင်အောင် လုံခြုံပါပေ၏ ။

နေဖို့တင် မဟုတ်သေး။ နွေမ စားဖို့အတွက် ချက်ချင်း မျောက် အုပ်စုကပင် သစ်သီး၊ သစ်ဥ၊ သစ်ဖုများကို ရှာဖွေပြီး ယူလာကြလေ၏ ။ ဓါးကျည်တောက်တွင် ပျားရည်ထည့်ပြီး နွေမ ရှေ့မှောက်သို့ အရောက်ပို့ ပေး၏ ။ ကျည်တောက်ကြီးကြီးဖြင့် ရေထည့်ပြီး ယူလာပေး၏ ။

နွေမသည် သူ၏ချစ်ဦးသူ သဲကိုကို့ကို ရက်ရက်စက်စက် သတ် ခဲ့သော မျောက်ကြီးကို မုန်းတီး၏ ။ စက်ဆုပ်၊ ရွံရှာ၏ ။ နာကျည်းမိသည်။ ယခု သူ့ကိုပါ အတင်းအဓမ္မ ဆွဲခေါ်ခဲ့၍ တောနက်ကြီးအတွင်းသို့ရောက် ခဲ့ရှာသည်။

တတ်နိုင်လျှင် မျောက်ကြီးကို အစိမ်းလိုက် ဝါးစားပစ်လိုက်ချင် ၏ ။ စိစိညက်အောင် ချေလိုက်ချင်၏ ။ သို့သော် မည်သို့မျှမဖြစ်နိုင်၊ မတတ် နိုင်။ တကယ်တတ်နိုင်သူက မျောက်ကြီး . . မျောက်ကြီးကသာလျှင် နွေမ ကို မင်းမူလို့ အနိုင်ယူနေပြီကော။

ယခုအဖြစ်က တောနက်ကြီးအတွင်းရောက်နေသော နွေမ ရှေ့ ရေးအတွက် နွေမ ဘယ်လိုမှ မတွေးရဲ။ နွေမ ရန်သူဖြစ်သော မျောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်စိမ်းစိမ်းပင် နေခဲ့သည်။ ထားရာမှာ နေသည်၊ ကျွေးတာကိုလည်း မစား၊ စားချင်စိတ်လည်း မရှိ။

အဟာရပြတ်လျှင် အားအင်ရှိန်သွားမည်ကို နွေမ တွေးမိသည်။

"ငါ .. အားရှိမှ ဖြစ်မှာ၊ အားမွေးထားမှ သည်အတိုင်း နေလို့တော့ မဖြစ်ဘူး။ ငါ အနေချောင်ဖို့ အရေးကြီးတယ်။ အနေချောင်မှ လွတ်လမ်းကို မြင်မှာ .. ထွက်ပေါက်ကို တွေ့မှာ" ဟု စဉ်းစားမိပါတော့သည်။

ယခင်ကနှင့်မတူ၊ မျောက်ကြီးနှင့် ယဉ်ပါးအောင် နေလိုက်ပါသည်။ ယခင်က အစာမစားခဲ့သော်လည်း ယခု စားလိုက်တော့ ထူးကဲပြီး ရှိမြိန်သော အရသာကို ထိတွေ့ ခံစားရသည်။ မစားဘူးသော သစ်သီး သစ်ဥ၊ သစ်ဖုတွေက များပါသည်။



မျောက်ကြီးက အရင် စားပြသည်။ ပြီးမှ နွေမ စားသည်၊ အဆိပ်မသင့်ဘူးဆိုတော့ .. နွေမ စားပြီပေါ့။

များရည်ကို နွေမ သောက်သည်။ စမ်းချောင်းမှ ခပ်လာသည့် ထင်၏ ။ စမ်းရေ အေးအေးလေးကိုလည်း နွေမ သောက်သည်၊ မျက်နှာသစ်သည် .. သူတို့လို တိရစ္ဆာန် မျောက်ကြီး တို့လို ရေတော့ မချိုး။

သည်ကြောင့်ထင်ပါသည်။ နွေမ အားအင်တွေ ပြည့်ဝလာပြီပဲ။ နွေမ မလွှဲသာလို့သာ တောနက်ကြီးထဲမှာ နေနေရသည်။ ရင်ထဲမှာ သောကတွေကို ကရှေ့ ကရှာရယ် ပါ။ အသက်ထက် ချစ်ရသူ သွားလေသူ၊ သဲကိုကိုကို တစ်ရက်မှ မေ့ မရပါလေ။

ပူဆွေးခြင်းများ ဖြင့် မျက်ရည်ကို အဖော်ပြုပြီး နေခဲ့ရသည့် ရက်တွေက များလှပါပြီကော။ တစ်ခုတော့ ကောင်းသည်၊ နွေမသည် မျောက်ကြီးနှင့် ယဉ်ပါးအောင် နေခဲ့သည့်အတွက် အနေချောင်ခဲ့သည်မှာ အမှန်ပါ။ အဲ .. ဒါပေမယ့် တစ်ဘက်က အကြပ်တွေ့ပြီး ဆိုးဝါးသော အခြေအနေကို ရင်ဆိုင်လိုက်ရပါပြီ။

ခွေးကလေး အရောဝင်၊ ဖင်တက် ခေါင်းတက်ဆိုသလို၊ မျောက်ကြီးကို အနေချောင်ချင်လို့ အရောဝင်လာမိသည်နှင့် မျောက်ကြီးသည် ကာမ အဆိပ်ဆူး ယစ်မူးပြီး ဘီလူးသဘက်ပူးသလို၊ ပန်းအလှ ဖူးဖူးလေး တို့မှ ပက်ပက်စက်စက် အကြမ်းဖက်လို့ နင်းချေလိုက်ပါပြီကော။

ဟော .. ခုတော့လေ၊ ပန်းအလှ အမွှေ အခြွေခံလိုက်ရတာမို့ ကြွေခဲ့ရပါပြီ။ ပန်းအလှလေး နွေမဘဝ၊ မလှမပနဲ့ ဘဝပျက်ခဲ့ရှာပြီလေ။ ကြေကွဲခြင်း၊ ပူဆွေးခြင်း၊ နာကျည်းခြင်း၊ ရင်ထုမနာ ဖြစ်မိခြင်း စသည် .. စသည် သောကဗျာပါဒတွေကို နွေမရင်ထဲမှာ တစ်ပွေ့တစ်ပိုက်ကြီး ခံခဲ့ရပါပြီ။

သည်လိုနှင့် တောနက်ကြီးထဲမှာ မျက်ရည်ကို အဖော်ပြုနေလာခဲ့သည်မှာ ရက်ပေါင်းကိုးဆယ်၊ သုံးလတိတိရှိခဲ့ပြီပဲ။ တကယ်တော့ နွေမ နေထိုင်ရာ တောနက်ကြီး၏အလယ်၊ အစွန်အဖျားကျသော ကျွန်းပင်ကြီး များအနီးသို့ရောက်ရှိလာသူ ရှားပါးသည်။ သားသတ်မုဆိုးပင်လျှင် တောနက်ကြီး၏ တောအလယ်သို့ရောက်ရှိပါသော်လည်း ဤအစွန်အဖျားကျ သောနေရာ၊ ကျွန်းပင်ကြီးများရှိသော နေရာသို့ မလာရောက်ကြချေ။ အရောက်အပေါက် နည်း၏ ။ မရှိသလောက်ပင်။

သည်တော့ နွေမတစ်ယောက်၊ ကူမည့်သူ မျှော်ရင်း .. မျှော်ရင်း မျှော်ရင်းဖြင့် ရက်တွေသာ ကုန်ခဲ့ရလေ၏ ။ ကူမည့်သူနှင့် အဝေးကြီး ဝေး ခဲ့ရပါပြီကော။

❖

သည်နေ့တော့ဖြင့် နွေမအတွက် ပျော်ရက်လေလား မော်ရက် လေလား မသိ။ ရက်စေ့လို့သည်တောနက်ကြီးထဲက ထွက်ရက်လေလား




www.burmeseclassic.com

www.burmeseclassic.com





ဆိုတာ အသေအချာ သိရအောင်တဲ့ ကြမ္မာက မျက်နှာသာ ပေးခဲ့ပြီလေ။ သည်နေ့ သည်ရက်၊ သည်နံနက်ခင်း အချိန်လေးမှာပဲ သားသတ်မုဆိုးတို့သည် တောနက်ကြီးအတွင်းကို ရောက် ခဲ့ကြပြီလေ။

ထူ ထူ ခြားခြားပင် အရောက်အပေါက် နည်းသော နွေမရှိရာ တောနက်ကြီး၏ အစွန် အဖျားကျရာနေရာသို့ ရောက်လာ ခဲ့ကြသည်။

နွေမ ကံကောင်းပြီပေါ့။ သားသတ်မုဆိုးဟု ဆိုသော်လည်း သတ္တဝါများ သေစေနိုင်သော လက်နက် ကိုယ်စီ ကိုင်ဆောင်လာကြသော ခေတ်ပညာတတ်၊ တောကျွမ်းသည့် တော မုဆိုး ငါးဦး ဖြစ်သည်။

သူတို့ငါးဦးသည် သားသတ်လက်နက်များ ကိုယ်စီကိုင်ဆောင် ၍ နွေမရှိရာ ကျွန်းပင်ကြီးအောက်သို့ ရောက်ရှိလာကြသည်။ နွေမ သူတို့ ငါးဦးကို မြင်လိုက်သည်နှင့် ထိပေါက်သလိုကို ဝမ်းသာသွားသည်၊ ဝမ်း သာလိုက်သည့် ဖြစ်ခြင်း။

"အစ်ကို . . အစ်ကိုတို့ရယ်၊ နွေမကို ကယ်ပါ . . နွေမကို ကယ်ပါ"

နွေမသည် အသံကျယ်ကျယ်ဖြင့် အော်၍ အကူအညီတောင်း တော့သည်။ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော လူရွယ်ငါးဦး သည် အံ့ဩသွားကြသည်။ တောနက်ကြီးအတွင်းတွင် မထင်မှတ်ဘဲ(လူ သံ) မိန်းမတစ်ယောက်၏ အသံကိုကြားလိုက်ရတော့ အံ့ဩမှင်သက်သွား သည်မှာ အမှန်။

"လူမှ ဟုတ်ရဲ့လား . . တောရောက်တာများလား"

ဟု လူရွယ်ငါးဦးစလုံး အတွေးဝင်မိကြသည်။ ပြီးတော့ . . ဟိုတို သည်သည် တောင်မြောက်လေးပါး လိုက်ကြည့်နေကြလေ၏ ။





"နွေမက အစ်ကိုတို့ ရပ်နေတဲ့ ဘေးက သစ်ပင်ကြီးပေါ်မှာ ရှိ နေတဲ့ လင့်စင်ပေါ်မှာပါ။ အပေါ်ကို မော့ပြီး ကြည့်လိုက်ပါ အစ်ကိုတို့ရယ်၊ နွေမကို လာကယ်ပါ . . နွေမ ဒုက္ခလှလှရောက်နေတဲ့သူပါ . ."

ဟု ဒုတိယအကြိမ် အသံကုန်ဟစ်၍ အော်ပြောလိုက်ပါသည်။ လူရွယ်ငါးဦးသည် အသံကြားကြားခြင်း အပေါ်သို့ မော့ကြည့်ကြလေ သည်။ လူသားစစ်စစ်ဖြစ်သော နွေမကို မျက်ဝါးထင်ထင် မြင်ကြရသော အခါမှ . .

"ဟုတ်တယ်ဟေ့ . . ဟုတ်တယ် . . လူမှ လူအစစ်၊ မိန်းကလေး . . မိန်းမချောလေး တစ်ယောက်ပဲ၊ သူ့နာမည်ကို တပ်ပြီး အကူအညီ တောင်းနေတာ . . နွေမ တဲ့"

ပြောပြောဆိုဆိုပင် နွေမရှိရာ ကျွန်းပင်ကြီးအပေါ်သို့လူရွယ် ငါး ဦး တက်သွားကြလေ၏ ။ နွေမကိုတဲကြီးအတွင်းမှ ခေါ်ယူ၍ တဆင့်လက်၊ တဆင့်ကမ်းပြီး ချိုပိုး၍ လည်းကောင်း၊ ကျောပိုး၍ လည်းကောင်း၊ ခဲခဲ ယဉ်းယဉ်း အောက်သို့ ဆင်းခဲ့ကြရလေ၏ ။

အောက်သို့ ရောက်ရှိလာသောကြောင့် နွေမ အတိုင်းမသိ ဝမ်း သာပါဘိ။ စကားပြောချိန် မရ။ မျောက်ကြီး အစာထွက်ရှာနေချိန်မို့ အချိန် မပေးနိုင်၊ ချက်ချင်းဆိုသလိုပင် . . လူရွယ်ငါးဦးနှင့်အတူ တောဝသို့ မခြေ မှုံတမယ် ခပ်သုတ်သုတ် လာခဲ့ကြလေ၏ ။

❖

ချစ်ရသူ သဲကိုကို သွေးမြေကျခဲ့ရသောနေရာ၊ ကျွန်းပင်ကြီး အောက်ရောက်တော့ နွေမ ကျွန်းပင်ကြီးကို တစိမ့်စိမ့်ကြည့်ရင်း ငိုချင်လာ မိသည်။ သို့သော် အလွမ်းသယ်နေလို့ မဖြစ်သေး။ အတူပါလာသော လူရွယ်ငါးဦးသည် နွေမကို ဖေးဖေးမမဖြင့် နွေမတို့ နေထိုင်ရာ ရွာ၊ အိမ် အထိ လိုက်ပို့ကြလေ၏ ။

အမှန်ဆိုရလျှင် . . သဲကိုကိုနှင့် နွေမတို့ နှစ်ယောက်စလုံးကို ဆီရွှာန်တစ်ကောင်ကောင်၏ လက်ချက်ဖြင့် သေဆုံးသွားကြပြီဟု ရွာသူ ရွာသားက သေစာရင်းသွင်းထားကြလေ၏ ။



www.burmeseclassic.com

www.burmeseclassic.com



သဲကိုကို၏ အလောင်းကို ရွာသားများ တွေ့ခဲ့ကြသည်။ တော တွင်းအနှံ့ လိုက်ရှာပါသော်လည်း နွေမ၏ အလောင်းကို မတွေ့ရ၊ မမြင်ရ သို့ကြောင့်..နှစ်ယောက်စလုံး သေဆုံးသွားကြပြီဟု တထစ်ချ ယူဆထား သောကြောင့် နှစ်ယောက်လုံးအတွက် ရက်လည်ဆွမ်းသွတ်၍ အမျှ အတန်းပင် ပေးဝေပြီး ဖြစ်နေကြပါပြီကော။

ခုတော့ဖြင့် ခုလို..နွေမကို လူရှုယ်ဝါးဦးမှ အိမ်တိုင်ယာရောက် လိုက်ပို့ကြသောအခါ နွေမ၏ မိဘနှစ်ပါးသည် အံ့ဩခြင်း၊ ဝမ်းသာခြင်း များစွာ . . များစွာ ဖြင့် သမီးဖြစ်သူ နွေမကို ဖက်၍ ငိုကြလေတော့သည်။ နွေမ မသေဘဲ၊ ရွာကို ပြန်ရောက်လာသည့် သတင်းစကားသည် တစ ဟုတ်ချင်း တောမီးပမာ ပျံ့နှံ့သွားလေတော့၏ ။

တဆင့်စကား၊ တဆင့်နားဖြင့် တစ်ရွာလုံး သိကုန်ကြပြီပဲ။

"နွေမ မသေဘူးဟေ့ ..၊ နွေမတစ်ယောက် ရွာပြန်ရောက်နေပြီ တဲ့" ဟု တစ်ရွာလုံး ဟိုးလေးတကျော် ဖြစ်သွားပါတော့သည်။

❖

နွေမတစ်ယောက် တောနက်ကြီးအတွင်းမှ မိမိရွာ၊ မိမိနေထိုင် ရာ၊ မိဘနှစ်ပါးရှိရာ အိမ်သို့ပြန်ရောက်သည်မှာ ကြာပြီဖြစ်သည်။ သည် နေ့သည်ကား၊ နွေမ ကိုးလတိုင်တိုင် လွယ်ထားရသော သန္ဓေသားကို မွေးဖွား သန့်စင်သော နေ့ ဖြစ်သည်။

နွေမအိမ်အတွင်းရှိ အိပ်ခန်းတွင်းဝယ် နွေမကို မွေးဖွားပေးမည် ဖြစ်သော တောအရပ် လက်သည်နှင့် နွေမ၏ မေမေ၊ နွေမ မေမေ၏ ညီမ ဖြစ်သူ တစ်ရွာထဲနေ နွေမ၏အဒေါ်၊ သည်သုံးဦးသာ ရှိသည်။

"နာတယ်..အမေရယ်..သမီး ဗိုက် အတော့်ကို နာတယ်၊ မခံထား နိုင်တော့ဘူး အမေရယ်" ဟု ရှုံ့မဲ့၍ ငြီးငြီးညူညူ ပြောနေရှာသည်။

"ခဏလေး..ကြိတ်မှိတ်ပြီး သည်းခံပါ သမီးရယ်..မကြာခင်မွေး တော့မှာပါ" ဟု အရပ်လက်သည်မှ အားပေးစကား ပြောရှာပါသည်။

"အမလေး..နာတယ်..အမေရေ..နာတယ်" ဟု ထပ်ပြောပြီး ငိုနေပါတော့သည်။







"မွေးဖွား ခါနီး မငိုရဘူး .. သမီးရဲ့၊ တိတ် .. တိတ် မငိုနဲ့၊ စိတ် ကို တင်းထားမှပေါ့ .. မွေးခါနီးပြီ၊ မွေးပါ တော့မယ်ကွယ်"

နွေမ၏ ဒေါ်လေးဖြစ်သူမှ အားပေး စကားထပ်ပြောသည်။ နှစ်သိမ့်သည်။ မေမေနှင့်ဒေါ်လေး နွေမကို ကြည့်ပြီး လုံးဝ စိတ်မကောင်းကြ။

မှန်သည်၊ မိနစ်ပိုင်းအတွင်းမှာပင် အရပ်လက်သည် အဒေါ်ကြီး ပြောခဲ့သလို နွေမ မွေးခဲ့ပြီပေါ့။ မွေးဖွားပေးခဲ့သော အရပ်လက်သည်၏ လက်ဝယ်၌ ရှိနေသော နွေမ၏ရင်သွေးလေးကို နွေမ မေမေနှင့် နွေမ အဒေါ်တို့က စူးစူးစိုက်စိုက် ကြည့်နေကြသည်။

အရပ်လက်သည်သည် သူ့လက်တွင်း၌ ရှိနေသော နွေမ၏ ရင်သွေးငယ်လေးကို စေ့စေ့စပ်စပ်ကြည့်ပြီး ..

"ဟယ်! .. ကလေးလေးက မျောက်ခေါင်းနဲ့မျောက်ရုပ်ကလေး တော့..၊ လူမျောက်ကလေး .. လူမျောက်ကလေး၊ တကယ့် မျောက်ရုပ်၊ မျောက်မျက်နှာပဲ .."

ဟု ပါးစပ်ကို လက်ဝါးလေးအုပ်ပြီး တအံ့တဩဖြင့် တိုးတိုး ပြော လိုက်သော်လည်း မထင်မှတ်ဘဲ အသံထွက်သွား၏ ။

မွေးဖွားပြီးခါစ နွေမသည် သွေးနုသားနုဖြစ်သည်။ အားကုန် ညှစ် ပြီး မွေးဖွားခဲ့ရခြင်းကြောင့် ပင်ပန်း နွမ်းနယ် မောဟိုက်နေသည်၊ အားအင် ကုန်ခမ်းနေ၏ ။ ချွေးစ၊ ချွေးနလေးများသည် မျက်နှာပေါ်တွင် အပြည့် နေရာယူထားသည်။ နွေမ၏ မေမေသည် သမီးဖြစ်သူ၊ နွေမ၏ မျက်နှာမှ ချွေးစများကို အမွှေးနံ့၊ မျက်နှာသုတ်ပုဝါဖြင့် ခပ်ဖွဖွ သုတ်ပေးနေသည်။

အဒေါ် ဖြစ်သူကလည်း အားပေးစကားပြောရင်း ယပ်တောင်

www.burmeseclassic.com



အသေးလေးဖြင့် ခပ်ပါးပါးလေး ခပ်ပေးနေ၏။ နွေမသည် ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ အသက်ကို မှန်မှန်ရှူနေစဉ် အရပ်လက်သည် ပြောလိုက်သောစကားသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရ၏။ နွေမ အကြားအာရုံကောင်းပုံရသည်။

အဆုံးစွန်အထိ စိတ်ဆင်းရဲကြီးစွာ ခံစားနေရရှာသော နွေမသည် သည်အသံ၊ သည်စကားကို ခါးသီးစွာ ကြားလိုက်ရသောအခါ–

"အင်း..ငါ..ငါ..ဒီကလေးနဲ့ ဒီဘဝခရီးကို ဘယ်လိုဆက်ရမှာ ဘယ်လို စခန်းသွားရပါ့မလဲ။ ဒီကလေးကြောင့် ငါသိက္ခာကျတော့မယ်။ လူ့ပုံအလယ်မှာ အရှက်တကွဲ၊ အကျိုးနည်း ဖြစ်ရတော့မယ်။ လူတောထဲကို ဘယ်လိုတိုးရပါ့မလဲ။ ငါ..ငါ..ရှက်တယ်.. ရှက်တယ် .. ရှက်တယ်"

ဟု အတွေးကြီးတွေးပြီး အဆွေးကြီး ဆွေးနေမိသည်။

"ရှက်တယ်..ရှက်တယ်" ဟု ဆိုသည့်နေရာတွင် အတွေးဝင်ရင်းမှ အသံပါ ထွက်သွားသောကြောင့် သုံးယောက်သား အံ့သြကုန်ကြသည်။

နွေမ ငိုပြီ..ရှိုက်ကြီးတငင် ငိုနေပြီ။ နွေမမေမေနှင့် အဒေါ် ဖြစ်သူတို့ ပြာယာခတ်ကုန်ကြ၏။

"သမီး..မငိုနဲ့ .. မငိုနဲ့ .. သမီး ဘာဖြစ်လို့တုန်း၊ သမီး မေမေနဲ့ အဒေါ် အနားမှာ ရှိပါတယ်။ အားတင်းထားစမ်းပါ..သမီးရယ်..အားတင်းထားစမ်းပါ"

နွေမမေမေနှင့် နွေမအဒေါ်တို့ ဘယ်လိုပင် အားပေးစကားတွေနှင့် နှစ်သိမ့်နေပါသော်လည်း..။ နွေမသည် ငိုနေရင်း..ငိုနေရင်းမှ အဆုံးအစွန်ထိ အတွေးကြီးတွေးပြီး အဆွေးကြီးဆွေးကာ မီးတောက်မီးလျှံလိုပူပြင်းစွာ ခံစားနေရရှာသော နွေမသည် မခံမရပ်နိုင်အောင် ခံစားချက်ကြီးမားစွာဖြင့် ခံစားနေရင်းမှ ထပ်ဆင့် ခံစားလိုက်ရသောအခါ..။

နွေမ ငိုနေရင်းမှ အငို ရပ်သွားလေ၏။ အငိုလည်း ရပ်၊ ဇက်လည်း အကျိုး၊ ဆိုးလိုက်သည့် နွေမ ဘဝ။ နွေမ ဆုံးရှာပြီလေ။ နွေမ၏ မိဘနှစ်ပါး ရင်ကျိုးအောင် ခံစားရတော့မည်။ အစ ကြည့်ပါဦး..နွေမ ဖေဖေမေမေနှင့် နွေမ အဒေါ် ငိုလိုက်တာမှ လွန်ပါရောလား။







လက်သည် အဒေါ်ကြီးမှာလည်း နွေမအတွက် စိတ်မကောင်းရှာ။ မျက်နှာမှာ မျက်ရည်တွေ ဝဲလို့ပါပဲ။

အမှန်က..နွေမကိုမွေးဖွားပေးသော အရပ်လက်သည်၏ လက်ဝယ်၌ ရှိနေသော ရင်သွေးငယ်လေးသည် အသေလေး ဖြစ်၏။ အသေလေးကို မွေးဖွားပေးခဲ့ခြင်းသာ ဖြစ်သည်။

"ဟယ်!..ကလေးလေးက အသေလေး တော့" ဟု အရပ် လက်သည်မှ ပြောမိခဲ့ပါလျှင်..။

နွေမ သေချင်မှ သေမည်။ သေသေရေးချ မသေ၊ လူနှင့် လူချင်း၊ သဘာဝတရားအရ သဘာဝကျကျ၊ လုလုပပ မွေးဖွားသန့်စင်သူများ ဆိုလျှင် ဤကဲ့သို့..။

"ဟယ်!..ကလေးလေးက အသေလေးတော့" ဟုပြောသံကြားလိုက်သည်နှင့် မီးနေသည်သည် သွေးနုသားနုနှင့်ဖြစ်သောကြောင့် သွေးတက်ပြီး သေသွားနိုင်၏။

နွေမ ဘဝက သည်သို့မဟုတ်ချေ။ "ကလေး အသေလေး" ဟု ကြားခဲ့၊ သိခဲ့ပါသော်..။

"အင်း..အခုမှပဲ ငါ ဝဋ်ကျွတ်တော့တယ်။ ငါ့ဘဝ တစ်ကာစလို့ ရပြီပေါ့။ စိတ်သစ်၊ လူသစ်နဲ့ ဘဝသစ်ကို ထူထောင်ပြီး တစ်မြို့ တစ်ရွာ ပြောင်းပြီး နေလိုက်ရင် ငါ့ဘဝ သာသာယာယာဖြစ်ပြီလေ။ ငါ့ဘဝမှန်ကို ဘယ်သူတွေ သိတော့မှာလဲ"

ဟု အတွေးဝင်ပြီး ပြင်းပြစွာ ခံစားနေရသော စိတ်ဆင်းရဲခြင်းများစွာ..များစွာတို့သည် ပပျောက်သွားဖွယ်ရာ ရှိ၏။ သည့်ကြောင့်..။



www.burmeseclassic.com

www.burmeseclassic.com



နွမ မသေနိုင်၊ ခုတော့ဖြင့် ..နွမ မွေးဖွားခဲ့သည့် ရင်သွေးကလေးငယ် "မျောက်နှင့်တူသော လူ"၊ "လူမျောက်"ကလေးသည် အသေလေး မွေးခဲ့မှန်း မသိလိုက်ရှာ။ အဖြစ်မှန်ကို မသိလိုက်ရဘဲ သေသွားရှာသော နွမကိုယ်စား၊ ဘယ်သူကို အပြစ်မြင်ရမှာလဲ။ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။

မွေးဖွားပေးခဲ့သော အရပ် လက်သည်ကိုလား ..၊ ကံတရားကိုလား၊ တကယ်တော့ ကံစီရာကို နွမခံလိုက်ရသည်မှာ အမှန်။ အခု နွမ သေပြီလေ။ တကယ်တော့ နွမ အတိတ်ဘဝက တင်ကျန်ရစ်ခဲ့သော ဝဋ်ကြွေးတို့သည် ယခု ပစ္စုပ္ပန်ဘဝတွင် အပြီးအပိုင် အကြွေဆပ်လိုက်ရပါပြီ။ သည့်အတွက်ရယ်ကြောင့် ..၊

သွားလေသူ နွမကိုယ်စား ဆုတောင်းပေးလိုက်ချင်ပါသည်။

"ဒီဘဝမှာတင်မက နောင် .. နောင် .. ဘဝဆက်တိုင်း၊ ဘဝဆက်တိုင်း ဝဋ်ကြွေးရှိခဲ့သော် ကြေပါစေ၊ အတုံ့အလှည့် ရှိခဲ့သော် ပြေပါစေ။ ကြေပါစေ .. ပြေပါစေတော့ရယ်လို့သာပေါ့"

နွမဘဝက အဖြစ်ဆိုးခဲ့ရလို့ ဘဝဆိုးရရှာတာပါ။ ဖြစ်ရပ်က အမှန်မို့ တင်ကျန်စေမည့် မှတ်တမ်းလည်း မတင်စေချင်ပါ၊ ကဗ္ဗည်းလည်း မထိုးစေချင်ပါ၊ အံ့ဩစရာ ကောင်းလွန်းပါဘိ။ ဆန်းကြယ်လွန်းလှပါ၏။ မယုံနိုင်စရာ ဖြစ်လောက်အောင် ဂမ္ဘီရ ဆန်လွန်းလှပါဘိတော့။

ဪ .. ခုတော့လည်း နွမ၊ ပန်းလိုလှသည့် နွမ၊ နွမ ဘဝ ဇာတ်သိမ်း မလှပါတကား။

သုစိအဗ္ဗာန် ပရိဟာရမွှေ
မောင်လေးအောင် (သန်လျင်)



www.burmeseclassic.com